www.burmeseclassic.com

ဒဂုန်ရွှေမျှား

# HIDDEN CITY

T.C.BRIDGES



www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး . . . . . . . . . . . . . ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး . . . ဒို့အရေး

အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး . . . . . ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ
ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

❖ နိုင်ငံတော်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

❖ နိုင်ငံတော် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒဂုန်ရွှေမျှား

# ရွှေမြို့တော်

T. C. Bridges

# Hidden City

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၆၁၀/၉၉(၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၉၀/၉၉(၁၀)

■

**စီစဉ်သူ**
ကိုမြင့်ထွန်း

■

**ပုံနှိပ်ခြင်း**
တတိယအကြိမ် - (၂၀၀၀၊ ဇန်နဝါရီ)
အုပ်ရေ - (၁၀၀၀)

■

မျက်နှာဖုံးပန်းချီ - တင်မောင်မျိုး
ကာလာခွဲ - Alpha
အတွင်းဖလင် - ဇမ္ဗူအေး

■

**မျက်နှာဖုံးပုံနှိပ်**
ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် ၁၆၃၊ ၄၈ လမ်း၊ ဗိုလ်တထောင်။

■

**အတွင်းပုံနှိပ်သူ**
ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် ၁၆၃၊ ၄၈ လမ်း၊ ဗိုလ်တထောင်။

■

**ထုတ်ဝေသူ**
ဦးသန်းဆွေ(၀၁၄၇၃)၊ စစ်သည်တော်စာပေ
၁၁၃၁/က ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း

■

တန်ဖိုး - ၆၀၀ ကျပ်



## စာရေးသူ၏အမှာ

ကျွန်တော်သည် ၁၉၃၄ ခုနှစ်က မြန်မာ့အလင်း နေ့စဉ်သတင်းစာတွင် 'ရွှေမြို့တော်' ဟူသော အမည်ဖြင့် နေ့စဉ် ထည့်သွင်းသွားသော ဝတ္ထုရှည်တစ်ပုဒ်ကို ရေးခဲ့ဖူးရာ ထိုဝတ္ထုမှာ ယခုရေးသည့် 'ရွှေမြို့တော်' နှင့် တစ်စုံတစ်ရာ ပတ်သက်ခြင်း၊ ဆက်သွယ်ခြင်း မရှိကြောင်း စာဖတ်ပရိသတ်များအား သံသယကင်းရှင်းစေရန် ရှေးဦးစွာ ရေးသား ဖော်ပြလိုပါသည်။

ယခု ဝတ္ထုမှာ စစ်ပြီးခေတ် ၁၉၄၉ ခုနှစ်တွင်မှ 'တီ-စီ-ဗရစ်ဂျက်' ဆိုသူ ရေး၍ အင်္ဂလန်တွင် ထုတ်ဝေခဲ့သောဝတ္ထု ဖြစ်ပါသည်။

တိုက်ခိုက်ခန်း၊ စွန့်စားခန်း၊ လျှို့ဝှက်ခန်းများ ပါဝင်သည့် ဝတ္ထုပေါင်းမြောက်မြားစွာကို ကျွန်တော် ရေးသားခဲ့ဖူးရာ ၎င်းဝတ္ထုများမှာ ရှုပ်ထွေးနက်နဲလှသဖြင့် ကျောင်းသားသူငယ်များဖတ်ရန် ခက်ခဲသောဝတ္ထုများသာဖြစ်ကြောင်း တွေ့ရပါသည်။

သို့ဖြစ်၍ ၅ တန်းမှ ၇ တန်းထိ ကျောင်းသားသူငယ်များ အပျင်းပြေဖတ်ရန် ၎င်းတို့အား စွန့်စားလိုသောစိတ်၊ ခရီးသွားလိုသောစိတ်၊ ထူးသုတ ရှာဖွေလိုသောစိတ်၊ ယောက်ျားပီသလိုသောစိတ်၊ ကိုယ်ချင်းစာနာသောစိတ် မှစ၍ သဘောထားကြီးသည့် အရည်အချင်းများကို လှုံ့ဆော်နိုင်သော သတ္တိရှိမည့် ခေတ်ဝတ္ထု တွေ့ရှိက ကျောင်းသားကလေးများအတွက် ဘာသာပြန်ဆိုရန် အခန့်သင့်တွေ့လျှင် ကောင်းလေစွဟု စိတ်ကူးပေါက်ခဲ့မိပါသည်။

ဤစိတ်ကူးမျိုး ပေါက်ခဲ့ပြီးနောက် ၂ နှစ်ကျော်ကျော်ခန့်ကြာ၍ ကျွန်တော်လည်း ထိုအကြောင်းကိုပင် သတိမေ့လျော့လုမတတ်ရှိစဉ်

Quality Publishing House

www.burmeseclassic.com



ကျွန်တော်၏မိတ်ဆွေ စာရေးဆရာကြီး 'မဟာဆွေ'ထံမှ အောက်ပါအတိုင်း စာတစ်စောင်နှင့် စာအုပ်တစ်အုပ်ကို ရရှိပါသည်။ စာအုပ်မှာ အထက်က ဖော်ပြခဲ့သည့်အတိုင်း 'တီ–စီ–ဗရစ်ဂျက်'ဆိုသူ ရေးသားထားသော 'THE HIDDEN CITY' ခေါ် စာအုပ် ဖြစ်ပါသည်။ မြန်မာဘာသာအားဖြင့် တိုက်ရိုက်ပြန်ဆိုရမည်ရှိသော် 'တိမ်မြုပ်၍သွားလေပြီးသော မြို့တော်'ဟု အဓိပ္ပာယ် ရရှိပါသည်။

ထိုစာအုပ်မှာ ဆရာကြီး မဟာဆွေ၏ သမီးအကြီး 'အော်လဂါဘဆွေ' မြန်မာအမည် 'ခင်ဆွေဦး' အား သူတို့ကျောင်းအုပ်ကြီး ဒေါ်ခင်ခင်က ဆုအဖြစ်ပေးသော 'ဆုစာအုပ်' တစ်အုပ် ဖြစ်ပါသည်။ မဟာဆွေ၏ စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးတင်

ယခုပေးလိုက်သော အင်္ဂလိပ်ဝတ္ထုစာအုပ်မှာ သမီးအကြီး ဆယ်တန်းစာမေးပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲ နှစ်ခုစလုံးကို နှစ်ချင်းပေါက် အောင်မြင်သည့်အတွက် ဒိုင်အိုစီဆင် အမျိုးသမီးအထက်တန်း ကျောင်းအုပ်ကြီး ဒေါ်ခင်ခင် (ဘီ–အေ–ဘီအီးဒီ) က ဆုအဖြစ်ပေးလိုက်သော စာအုပ်ဖြစ်ပါသည်။ ဒေါ်ခင်ခင်သည် မဟာဆွေအား လေးစားကြည်ညိုသူ ဖြစ်၏။ သို့အတွက် သူပေးသောစာအုပ်မှာ သာမန်စာအုပ် မဖြစ်တန်ရာဟု တစ်ရွက်ခန့် ဖတ်ကြည့်၏။ နောက် နှစ်ရွက်၊ ဝတ္ထုစာအုပ်က ဆွဲဆောင်သွားသဖြင့် တစ်ထိုင်တည်း ပြီးဆုံးသည်အထိ ဖတ်မိပါသည်။ ဘာသာပြန်ရလျှင် ကောင်းမည်ဟု သဘောရ၍ ပြန်မည့်သူကို စဉ်းစားသောအခါ ဦးတင် အား သတိရ၍ ပေးအပ်ခြင်း ဖြစ်ပါသည်။

မဟာဆွေ

၂၃–၁၂–၅၁





စာအုပ်ကို ဖတ်ကြည့်ပြီးသောအခါ စာအုပ်မှာ အထက်က ဖော်ပြခဲ့သော အချက်အလက်တို့နှင့် ပြည့်စုံသဖြင့် ယခင်လွန်ခဲ့သော ၂ နှစ်လောက်က ကျွန်တော် စိတ်ကူးခဲ့သော စိတ်ကူးသည် ကျွန်တော်၏ ဦးနှောက်ထဲသို့ တစ်ဖန်ပြန်၍ ဝင်လာပြန်ပါသည်။

မြန်မာကျောင်းသား စာဖတ်သွက်စ ကလေးသူငယ်များမှာ ယခုအခါ အချစ်လွန်ကာ စာရိတ္တပျက်ပြားစေမည့် ဝတ္ထုများ၊ မြန်မာစကားလုံးများကို ရိုးရိုးမသုံးဘဲ လူများ နားမလည်နိုင်လောက်အောင် အတွန့်အတက်များကို အသားပေး၍ ရေးထားသည့် ဝတ္ထုများနှင့်သာ အများအားဖြင့် ရင်ဆိုင်တိုးနေရသဖြင့်–

ကျွန်တော်သည် မြန်မာစကား၏ ယဉ်ကျေးသိမ်မွေ့မှု၊ ကာရန်ဝါကျဘို့၏ ပြေပြစ်မှု၊ တော်တိဖြောင့်မှန်သော မြန်မာဝေါဟာရတို့၏ တည်တံ့မှု၊ မြန်မာပီသမှု စသည်တို့ကို ရှေ့ရှုကာ ဤစာအုပ်ကို ကျွန်တော်တတ်စွမ်းနိုင်သည့် အရိုးသားဆုံး၊ အလွယ်ကူဆုံးသောနည်းဖြင့် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို ရေးသားအပ်ပါကြောင်း။

**ဘာသာပြန်ဆိုမှု တည်တံ့ ခိုင်မြဲပါစေ။**

**ဒဂုန်ရွှေမျှား**

၁၁–၄–၅၂



www.burmeseclassic.com

www.burmeseclassic.com

# ရှေ့စကားတော်

တောင်အမေရိကတိုက် အနောက်ပိုင်းရှိ ပီးရူးခေါ် တောင်တန်းဒေသပိုက်တွင် ရှေးအခါက (အင်ကာ) ခေါ် အသားမည်းလူရိုင်းမျိုးတစ်မျိုး နေထိုင်ကြသည်။ သူတို့သည် ရှေးပဝေသဏီက 'ကွီချူးအား–အင်ဒီးယန်း' (Quechua Indians) ခေါ် နေကို ကိုးကွယ်သည့် လူမည်းမျိုးမှ ပေါက်ဖွားဆင်းသက်ခဲ့ရာ သူတို့အထဲတွင် အသင့်လျော်ဆုံးသောသူများကို ထင်းမြောက်ကာ အစဉ်အဆက် နေခဲ့ကြ၏။ သူတို့ဘာသာစကားအရ ထုမ 'ယင်ကာ'ဟု ခေါ်တွင်၍ နောင် ကာလရွေ့လျော၍လာခဲ့သော် 'အင်ကာ' ဖြစ်လာလေသည်။ အဓိပ္ပာယ်မှာ မင်းသားဟု ရရှိ၏။

အသားမည်းလူရိုင်းများပင် ဖြစ်လင့်ကစား 'အင်ကာ'တို့သည် ဉာဏ်ပညာ အမြော်အမြင်နှင့်ပြည့်စုံ၍ အနုပညာများကို လေ့လာတတ်မြောက်ကြ၏။ သိုးမွေးနှင့် ချည်ထည်များကို အမျိုးမျိုး ရက်လုပ်ကြ၏။ ပန်းချီ ပန်းပုတွင် ဝါသနာထုံကြ၏။ ကြေးနီနှင့် သံဖြူ ရောစပ်ကာ အိမ်တွင်းအသုံးအဆောင်များ။ ဓား,လှံ,လက်နက်များ စသည်တို့ကို ပြုလုပ်ကြ၏။ သူတို့သည် ရွှေအမြောက်အများ တူးဖော်ရရှိကြ၍ သူတို့ကိုးကွယ်သော နေဗိမာန် ဘုရားရှိခိုးကျောင်းများကို ရွှေ ငွေတို့ဖြင့် မွမ်းမံထားကြ၏။ ကျောက်ဆစ် အတတ်၌လည်း အလွန် ကျွမ်းကျင်ပြီးလျှင် အဆောက်အဦးများကို ကျောက်ဖြင့်တည်ဆောက်ထားခဲ့ကြရာ သူတို့၏လက်ရာများမှာ ယနေ့တိုင် ကျန်ရစ်ခဲ့လေသည်။

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com

ခရစ်သက္ကရာဇ် ၁၅၃၄ ခုနှစ်တွင် စပိန်စစ်ဗိုလ် 'ပီဇာရို'ဆိုသူ ခေါင်းဆောင်သော စစ်တပ်တစ်တပ်သည် 'အင်ကာ'တို့အား တိုက်ခိုက်အောင်မြင်ပြီးလျှင် သူတို့၏ဘုရင်ကိုပင် ဖမ်းဆီးရမိတော့၏။ သို့ပင် ရမိသော်လည်း နန်းတွင်းသားအချို့နှင့် တိုင်းသူပြည်သားအချို့သည် 'ပီရူး' တောင်တန်းဒေသကိုဖြတ်ကာ အတွင်းကျသော အရှေ့တောင်ဘက် 'ဖော်လီးဗီးယား'နယ်သို့ တိမ်းရှောင် ထွက်ပြေးကြလေသည်။ ဤသို့ တိမ်းရှောင်ထွက်ပြေးရာတွင် သူတို့နှင့်အတူ မြောက်မြားစွာသော ရွှေနှင့် စိန်များကို ယူဆောင်သွားကြ၏။

သူတို့သည် အလွန်နက်သော တော,တောင်,ကန္တာရများကို ဖြတ်ကျော်ကာ 'ဖော်လီးဗီးယား'နယ် အရှေ့ပိုင်းသို့ ရောက်ရှိခဲ့ကြပြီးလျှင် သူတို့နှင့် အတူပါလာသော ရွှေ ငွေ စိန် ကျောက်များကို စပိန်တို့သားရန်မှ လုံခြုံစေရန် အလွန်လျှို့ဝှက်သော နေရာတစ်ခုကို ရွေးချယ်ကာ မြှုပ်နှံထားခဲ့ကြလေသည်။

ထို 'အင်ကာ'တို့သည် တစ်နေ့တခြား တိမ်ကော ပပျောက်၍ လာခဲ့ရာ သူတို့ မြှုပ်နှံထားခဲ့သော ပစ္စည်းများကိုလည်း မည်သူ တစ်ဦးတစ်ယောက်မျှ မတွေ့ရဘဲ 'သိုက်ကြီး'တစ်ခုကဲ့သို့ ရှိနေတော့၏။ ထိုရာဇဝင်ကြောင်းကို သိသော မျက်နှာဖြူများသည် ထိုသိုက်ကြီးကိုတူးဖော်ရန် ကြိုးစားကြသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ နေရာကို ရှာဖွေမတွေ့ဘဲ အသက်သာ ဆုံးရှုံးကြရလေသည်။ ထိုနေရာဒေသများသည်ကား အလွန်ထူထပ်သော တောကြီး,တောင်ကြီး,ကန္တာရကြီးများဖြင့် ပြွမ်းလျက်ရှိရကား နှစ်ပရိစ္ဆေဒ ရှည်ကြာလတ်သော် ယုံတမ်းစကားမျှသာ ကျန်ရှိရစ်တော့၏။

ဤကား ယခုဝတ္ထုတွင်ပါရှိမည့် 'အင်ကာသိုက်ကြီး' ဖြစ်ပေါ်လာခြင်း၏ ရှေးဟောင်းသမိုင်းပေတည်း။

○



# အခန်း (၁)

တစ်နေ့သ၌ တောင်အမေရိကတိုက် ဖော်လီးဗီးယားပြည်၏ မြို့တော် 'လာပက်'မြို့၌ လူရိုင်းတစ်ယောက်ကဲ့သို့ တစ်ကိုယ်လုံး ညှိမည်းလု ာတက်ရှိလျက် ရုပ်ရည် သနားကမားရှိသော လူငယ်တစ်ယောက်သည် ပူသောလမ်းပေါ်တွင် ခပ်ဖြည်းဖြည်း လျှောက်သွားလျက်ရှိ၏။ သူ၏ လိပ်လျက်ရှိသော ဆံပင်နှင့် မျက်လုံးပြာကြီးများကို ထောက်သဖြင့် အင်္ဂလိပ်လူမျိုးတစ်ယောက်ဖြစ်ကြောင်း ထင်ရှား၏။ မည်းနက်သော ဆံပင်ရှိသော စပိန်လူမျိုးများနှင့်ကား ကွာခြားလှပေသည်။

'အမယာ ကလေတန်'သည် လမ်းသွားလမ်းလာဖြစ်သော စပိန်လူမျိုးများအား ဂရုမစိုက်ဘဲ တစ်စုံတစ်ရာကို နက်နဲစွာစိတ်ကူးနေသည့်ဟန်ဖြင့် လျှောက်လျက်ရှိရာ မျက်နှာလည်း မကောင်းလှချေ။ သို့နှင့်သူသည် မျက်နှာချင်းဆိုင်ဘက်မှ လျှောက်လာသော လူငယ်တစ်ယောက်ကို မမြင်ဘဲ ရှိလေသည်။ ထိုလူငယ်၏အသားမှာ မြေဖြူတမျှ ဖြူဆွတ်ပြီးလျှင် ကလေတန်ကဲ့သို့ သေးသေးသွယ်သွယ် မဟုတ်ဘဲ တုတ်ခိုင်သော ကိုယ်လုံးကိုယ်ပေါက် ရှိလေသည်။ သူလည်း အင်္ဂလိပ်လူမျိုးပင် ဖြစ်၏။ မျက်လုံးမှာ အညိုရောင်ဖြစ်၍ ဆံပင်သည်လည်း ဖြူဆွတ်လှမတတ် ရှိ၏။ ထိုလူငယ်သည် ကလေတန်ကိုမြင်သဖြင့် ဖြတ်ခနဲ ရပ်လိုက်သည်။ ရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအသံသည် ကလေတန်အား အံ့အားသင့်စေလျက်...

"ဟာ... ဂျိုး ပါလားဟေ့... ဟေ့ ဂျိုး"

'ဂျိုး'သည် လမ်းကို ဖြတ်၍လာပြီးလျှင် ကလေတန်၏လက်ကို အားပါးတရ ဆွဲလိုက်၏။

"ဟေ့ကောင်... ငါ မင့်ကိုတွေ့ရတာ ဝမ်းသာသကွယ်"

"အောင်မယ်... လောင်းမလား။ ငါ့လောက် ဝမ်းမသာသေးပါဘူး။ ငါ မင်းတစ်ယောက် တွေ့ချင်နေတာ ကြာလှပြီ။ 'ဇော်လီဗာ' ငွေတွင်းမှာ ငါ အလုပ်လုပ်နေတယ်ကွဲ့။ ဒါပေမဲ့ မဟန်ပါဘူးကွယ်။ ရာသီဥတုကလည်း သိပ်ဆိုးတော့ ငါဖြင့် ငြီးငွေ့လှပါပြီ... မင်းတို့အဖေက အလုပ်များ ပေးမလားလို့ ငါ လာတာကွ"

ကလေတန်သည် ပင့်သက် ရှူလိုက်၏။

"ဒက်ဒီ ဆုံးပြီကွဲ့"

"သေပြီ... ဟုတ်လား။ ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်"

"ဗလန်ကို တောင်တန်းပေါ်မှာ မြင်းရော လူရော ချောက်ထဲကျပြီး ဆုံးရှာတယ်ကွယ်... မကြာသေးဘူး။ နှစ်ပတ်လောက်ပဲ ရှိဦးမယ်"

"မင့်အိမ်ကို သွားကြပါစို့လားကွယ်။ လမ်းမကြီးပေါ်မှာ မကောင်းပါဘူး"

"သူငယ်ချင်း ငါ့မှာ အိမ်လည်း မရှိတော့ဘူးကွဲ့... ရောင်းလိုက်ရပြီ။ အခု မြို့ထဲမှာ အခန်းငှားနေတယ်"

ဂျိုး သည် ကလေတန်၏မျက်နှာနှင့် ခြောက်သွေ့သော ပါးစပ်များကို မြင်ရသဖြင့် ရိပ်မိလေပြီ။

"သူငယ်ချင်း... ငါ ညစာ မစားရသေးဘူးကွဲ့။ ဆာလှပြီ။ လာပါ ကွယ်။ ဒီကမြင်ရတဲ့ ဆိုင် သွားပြီးစားရအောင်"

ကလေတန်က အဖြေမပေးမီ ဂျိုးသည် ကလေတန်အား ဆွဲခေါ်သွားလေ၏။





ထမင်းဆိုင်သို့ ရောက်သောအခါ စားစရာများကို ဂျိုးက မှာထားချက် ရှိလေသည်။

ဒုတိယ ဟင်းလှည့်မရောက်မီ ဂျိုးက–

"ဘယ့်နှယ်လဲ သူငယ်ချင်း။ အလုပ်အကိုင်များကော ဘယ်လိုနေသလဲ"

ကလေတန်သည် ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီးနောက်–

"မကောင်းပါဘူးကွယ်... မင်းသိတဲ့အတိုင်း ဒက်ဒီဟာ ရှေ့ကိုသာ အမြဲခြေလှမ်းနေတဲ့ လူတစ်ယောက် မဟုတ်လားကွဲ့။ ဒါပေမဲ့ သူသေလို့ စာရင်းစာအုပ်တွေ ကြည့်လိုက်တော့ ဆုံးမယ့်ကြွေးက များနေတာပါပဲ ကွယ်။ စစ်စစ်ပေါက်ပေါက် ဒေါ်လာတစ်ရာလောက်ပဲ ကျန်ရစ်ပါတယ်။ အခု ငါ့လက်ထဲမှာ ၈၇ ဒေါ်လာ ရှိတော့တယ်ကွဲ့။ ဒါကြောင့် မင့်ကို ငါ တွေ့ချင်နေတာ"

"ဇော်လီဗာ ငွေတွင်းမှာ မင်းက အလုပ်လုပ်ချင်လို့လား"

(အသံကိုနှိမ့်လျက်) "မဟုတ်ပါဘူးကွယ်... ငါနဲ့အတူ မင့်ကို ခေါ်သွားချင်လို့"

ဂျိုးသည် ကလေတန်အား အံ့အားသင့်သောမျက်နှာဖြင့် ကြည့်ရှုလျက်ရှိ၏။ သို့သော် စကားပြန်၍ မပြောချေ။

"မင်းကတော့... ငါ့ကို ရူးများရူးနေသလားလို့ ထင်ချင်ထင်မယ်"

"အေး... မင်း ပြောပြီးတော့ မင်း ရူးတယ် မရူးဘူးဆိုတာ ငါ ပြောမပေါ့။ ပြောသာပြောပါကွယ်... ငါ ကြားချင်လှပြီ"

"နားထောင်... ငါ ပြောမယ်... တို့ ဒက်ဒီ (အဖေ)ဟာ ကပ္ပတိန် သီး ခရီးထွက်တုန်းက ပါသွားတယ်ဆိုတာ မင်း သိတယ်မဟုတ်လား"

"မှတ်မိသားပဲ... သူတို့သွားပုံက တော်တော်တော့ ဆန်းတာပဲကွဲ့။ ဒါ ဘာဖြစ်သလဲ"

"ထူးဆန်းတယ်ဆိုလည်း ဟုတ်တာပေါ့ကွယ်။ သူတို့သွားတာက



www.burmeseclassic.com

www.burmeseclassic.com



အကြံကြီးတယ်ကွဲ့။ ငါလည်းပဲ ဒီအကြောင်းတွေ ဒက်ဒီ သေလို့ သူ့စာရွက် တွေဖတ်ကြည့်မှ သိပါတယ်။ ပြီးတော့ ဒက်ဒီ စာရွက်တွေထဲက ဒါကို တွေ့ရတာပဲ…"

ကလေတန်သည် သူ၏အိတ်ထဲမှာ စာအိတ်တစ်အိတ်ကို ထုတ်ယူ ကာ အညိုရောင်စက္ကူတစ်ရွက်ကို ထုတ်ယူပြီးလျှင် ဂျိုးလက်သို့ ပေးလိုက် လေ၏။ ဂျိုးသည် မျက်ခုံးများချီကာ စာရွက်ကို ကြည့်ရှုပြီးနောက်–

"မြေပုံနဲ့ တူပါကလားဟေ့…"

"အေးလေ… မြေပုံစာရွက်ပဲ… ဒီလိုကွဲ့ ဒက်ဒီ နယ်လှည့်ပြီး အပြန်မှာ ဒီဟာ ရလာခဲ့တယ်။ မျက်စိလည်သွားပြီး လူရိုင်းရွာတစ်ရွာ ရောက်တော့ လူရိုင်းစော်ဘွားကြီးရဲ့သမီးကလေး မြွေကိုက်ခံရဆိုပဲ သူငယ် ချင်းရဲ့။ သူကလည်း ဆေးဘက်ဝါးဘက် အတော် ဝါသနာပါတယ်ဆိုတာ မင်း သိတယ်မဟုတ်လား။ သည်တော့ သူလည်း မိန်းကလေးကို အသက် ချမ်းသာအောင် ဆေးကုပေးလေတော့၊ ဒီနေရာရောက်အောင် သွားနိုင်တဲ့ လမ်းတွေကို မြေပုံလုပ်ပြီး သူ့ကို ပေးလိုက်တယ်။ တချို့လည်း လမ်းမှာ သူကိုယ်တိုင် တွေ့ရတာတွေကို မှတ်မိသလောက် ရေးဆွဲပြီး နှစ်ခုပေါင်း ထားတဲ့ မြေပုံဆိုပါတော့ သူငယ်ချင်းရယ်"

သို့နှင့် ကလေတန်သည် မြေပုံပေါ်တွင် အမှတ်အသားထားသော နေရာတစ်ခုကို မိမိလက်ဖြင့် ထောက်၍ ပြလေသည်။

"အဲဒီနေရာက ဘာလဲ သူငယ်ချင်းရဲ့"

ကလေတန်သည် အနီးအနား အခြားသူများ ရှိနေမည်ကိုစိုးသဖြင့် ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်လိုက်သေး၏။ သူတို့ စကားပြောနေ သော နေရာမှာ အခြားစားပွဲများနှင့် ထန်းပင်ကလေးတစ်ပင် ခြား၍ နေလေသည်။ လူသူအစအနဟူ၍ မတွေ့ရချေ။

"ဒီနေရာဟာ ဟိုရှေးက အင်ကာလူမျိုးတွေရဲ့ မြို့ကြီးပေါ့ သူငယ် ချင်းရဲ့။ ဘယ်သူ့မှ ရှာမတွေ့ဘူးဆိုတာ ဒီမြို့ကြီးပဲ"





"မင်း ဘယ်လို သိသလဲ"

"ဒက်ဒီ ရေးပစ်ခဲ့တဲ့ စာအရ သိတာပေါ့ကွဲ့… သူ သေပြီးတဲ့ နောက်မှ ဒီစာအိတ်ကို ဖွင့်ရမယ်ဆိုပြီး စာရော၊ မြေပုံပါ ထားခဲ့တယ်"

ကလေတန်သည် ဂျိုးအား စာကိုပါ လှမ်း၍ပေးလိုက်လေသည်။

"အင်း… ဟုတ်ပါရဲ့။ ဒါပေမဲ့ ငါ စဉ်းစားတာက သူကိုယ်တိုင် ဘာဖြစ်လို့ တွေ့အောင်မရှာသလဲဆိုတာ စဉ်းစားနေတယ်ကွဲ့"

"ဒီလိုလေကွယ်… သူလည်း အသက်အရွယ်ကြီးပြီ မဟုတ်လား။ သွားရမဲ့ခရီးကလည်း နယ်နယ်ရရ မဟုတ်ဘူးကွဲ့။ ရာသီဥတုကလည်း ကြမ်းသေးတယ်။ ကန္တာရအမျိုးမျိုးကလည်း ခြားနေသေးတယ်။ မြွေ,ကင်း, သန်းကစပြီး သားရဲတိရစ္ဆာန်တွေလည်း ရှိသေးတယ်။ ပြီးတော့ လူရိုင်းတွေ ရဲ့ရန်ကလည်း ရှိသေးတယ်"

"အင်း… ဒါလည်း ဟုတ်တာပဲ"

"ဖော်လီးဗီးယား အစိုးရကိုယ်တိုင်က ဒီမြို့ပျောက်ကြီးကိုရှာဖို့ ငွေကြေးအမြောက်အမြား အကုန်ခံပြီးလွှတ်တာ ဘယ်နှစ်ခါရှိပြီလဲကွဲ့။ တစ်ခါမှမအောင်မြင်တဲ့အပြင် တစ်ယောက်မှ ပြန်ရောက်မလာဘူး"

"ဒါနဲ့ မင်းကများ သွားမယ် စိတ်ကူးသေးသလား"

"ငါတော့ မပြောတတ်ဘူးကွယ်။ ကံစမ်းမယ် စိတ်ကူးတာပဲ။ တို့ဟာ သွားရမယ့်လမ်းကိုလည်း သိပြီ။ ဘာလိုသေးသလဲ"

(ဦးခေါင်းကိုညိတ်လျက်) "အေး… မြေပုံသာမှန်ရင် မင်း ပြော တာလည်း ဟုတ်တာပဲ…"

ဂျိုးသည် တခဏမျှ စဉ်းစားနေပြီးနောက်–

"အေးကွယ်… ကလေတန်။ ငါ ပြောမယ်… တို့ဟာ နှစ်ယောက် စလုံး ဘယ်သူ့တိုမှ ခင်တွယ်စရာမရှိဘူး မဟုတ်လား။ ငါလည်း မင့်လို တစ်ကောင်ကြွက်ပဲကွဲ့။ တစ်နေ့ ချမ်းသာမယ်ဆိုပြီး အလုပ်လုပ်ကြတာ အခုမှတော့ မထူးပါဘူးကွယ်။ မင်းနဲ့ငါ သေအတူ ရှင်အတူ စွန့်ကြရုံပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကလေတန်သည် လက်ကိုလှမ်းပေးလိုက်ရာ ဂျိုးသည် အားပါးတရ ဆုပ်ကိုင် ဖျစ်ညှစ်လိုက်လေ၏။

"ကိုင်း... ဒါထက် သွားဖို့နည်းလမ်းက လိုသေးတယ်မောင်။ လောင်းလှေ ကောင်းကောင်းတစ်စင်းရယ်... လှော်ဖို့ တိုင်းရင်းသား ၄ ယောက်ရယ်... အနည်းဆုံး (၃, ၄) လ အတွက် စားရေ ရိက္ခာရယ်..."

"အေး... မင်းပြောတာ မှန်တာပေါ့။ ငါ့မှာ ဒေါ်လာ ၈၇ ပြား ရှိတယ်မဟုတ်လား"

"အင်း... ငါ့မှာလည်း ဒေါ်လာ ၅၀ တော့ ရှိပါသေးတယ်။ ပေါင်းလိုက်ရင် ၁၃၇ ဒေါ်လာပေါ့။ နို့ပေမဲ့ ဒါလောက်နဲ့ မဖြစ်သေးဘူး မှတ်တယ်ကွယ်"

ကလေတန် ငိုင်၍သွား၏။ ဂျိုးကား ကိုယ်လုံးကိုယ်ဖန် တောင့်တင်းသလောက် အကြံထုတ်တတ်သူ ဖြစ်လေသည်။

"သည်တော့ တို့ကို ငွေကြေး ထောက်ပံ့မယ့်သူတစ်ယောက် ဘယ်နည်းနဲ့မဆို လိုတာပေါ့ သူငယ်ချင်း။ ဟုတ်တယ် မဟုတ်လား"

သို့ရှိစဉ် သူတို့နံဘေးရှိ ထန်းပင်ကလေးမှ သစ်ရွက်ချင်းထိခိုက်သံများ ကြားရပြီးနောက် သူစိမ်းတစ်ယောက်သည် သူတို့နံဘေးတွင် မတ်တတ်ရပ်လျက် ရှိလေ၏။ ထိုသူသည် အရပ်မြင့်၍ အသက် ၃၅ နှစ်ခန့်မျှ ရှိပြီးလျှင် ရုပ်ရည်လည်း သနားကမားရှိ၏။ မည်းနက်သော မျက်နှာနှင့် နက်ပြာပြာရှိသော ဆံပင်ရှိသဖြင့် စပိန်အမျိုးအနွယ်မှ ဆင်းသက်ပေါက်ဖွားလာဟန် ရှိ၏။ သို့သော် လက်သည်းများအရင်းတွင် အမည်းကွက်များရှိခြင်း၊ မျက်လုံးအဖြူသားတွင် အရောင်အဆင်း ပျက်နေခြင်းတို့ကြောင့် အိန္ဒိယလူရိုင်းသွေးလည်း ရောစပ်ဟန် ရှိလေသည်။ အဖြူဝတ်စုံကို ကျော့ရှင်းစွာဝတ်စားထားလျက် ပစ္စည်းပြည့်စုံဟန် လက္ခဏာလည်း ရှိလေရာ သူသည် လူငယ်နှစ်ယောက်အား ဦးညွှတ်လိုက်လေ၏။

ထို့နောက် အထက်တန်းကျလှသော စပိန်ဘာသာစကားဖြင့်–





"ကျွန်တော့်ကို အခွင့်လွှတ်ကြပါ မိတ်ဆွေတို့... ကျွန်တော်က ထန်းပင်ကလေးဟိုဘက်မှာ ကပ်ထိုင်နေလေတော့ ခင်ဗျားတို့ပြောတဲ့ စကားတွေ အားလုံးကြားတယ်ဆိုတာ ပထမ ကျွန်တော် ဝန်ခံပါတယ်... ခင်ဗျားတို့ အခု စွန့်စွန့်စားစား ထွက်မယ့်ခရီးမှာ တကယ်လို့ ခင်ဗျားတို့ဘာသာ ကျွန်တော့်ကို ပါတနာအဖြစ်နဲ့ လက်ခံမယ်ဆိုရင် ဒီခရီးအတွက် ငွေသလောက်ငွေကို ကျွန်တော် စိုက်ထုတ်ပါ့မယ်... ကျွန်တော့်နာမည်က 'ဒဆီဂါ'ပါတဲ့ ခင်ဗျာ။ ကျွန်တော်ရဲ့ ငွေကြေးအခြေအနေကိုလည်း စုံစမ်းကြည့်နိုင်ပါတယ်"

○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

လူငယ်နှစ်ယောက်သည် မိမိတို့တိုင်ပင်သည့် စကားကို မည်သူမျှ မကြားနိုင်ကြောင်း ယုံမှတ်လျက်ရှိစဉ် ဤသို့ပြောလိုက်သောအခါ ပထမ စိတ်ဆိုးမိကြ၏။ သို့နှင့် ကလေတန်က–

"ခင်ဗျား... ကျုပ်တို့ပြောတာ ဘယ်အထိကြားသလဲ"

"ပျောက်ဆုံးနေတဲ့ မြို့ကြီးအကြောင်းပြောနေတာ ကျွန်တော် ကြားရပါတယ်"

သူသည် ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီးနောက်–

"ကျွန်တော် နားထောင်မိတာတော့ အပြစ်မယူပါနဲ့တော့ ခင်ဗျာ။ ပြီးတော့ ရှေးအင်ကာလူမျိုးတွေထားခဲ့တဲ့ သိုက်ကြီးအကြောင်းကို လာပက်မြို့က လူတိုင်းလိုလို သိနေပါတယ်"

(ဂျိုးက ကြားဖြတ်၍) "ဒါ ခင်ဗျားကော ယုံသလား"

"မယုံဘူးပြောရင် ကျွန်တော်ပါ မိုက်ရာကျမှာပေါ့ ခင်ဗျ။ စပိန်တွေ တက်လာပြီး အောင်မြင့်တဲ့အခါမှာ အင်ကာလူမျိုးတွေဟာ အမေရိကတိုက် အလယ်ပိုင်းမှာရှိတဲ့ လူမရောက်တဲ့ တောနက်ကြီးတွေထဲ ရွှေ့သွားပြီး သူတို့နဲ့အတူပါသွားတဲ့ ရွှေတွေ ငွေတွေ ကျောက်သံပတ္တမြားတွေကို အင်မတန် လျှို့ဝှက်စွာ မြှုပ်နှံထားခဲ့ကြတယ်ဆိုတဲ့အကြောင်း ခင်ဗျားတို့ ကျွန်တော်တို့ အားလုံးသိနေကြတာပဲ။ ကျွန်တော်ကိုယ်တိုင် ယုံ,မယုံက





တော့ အထူးမေးစရာ မလိုပါဘူး။ အခုကိစ္စမှာ ကျွန်တော် ငွေစိုက်ထုတ်တဲ့ အချက်ဟာ သက်သေခံပါပဲ"

ကလေတန်နှင့် ဂျိုးတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်း၍ကြည့်ကြလေသည်။ ထို့နောက် (ဂျိုး)က–

"ဒီမှာလေ မိတ်ဆွေ... ဒီအကြောင်း ကျွန်တော်တို့ချင်း ခဏ တိုင်ပင်ပါရစေဦး"

ထိုသူသည် ဦးညွှတ်၍ ခပ်လှမ်းလှမ်းရှိ စားပွဲတစ်လုံးသို့ ခွေ့ သွားလေ၏။ သူမရှိသောအခါ ကလေတန်က–

(စိတ်အားထက်သန်စွာဖြင့်) "ဘယ့်နှယ့်လဲဟေ့ ဂျိုး... ကောင်းပါ့ မလားကွယ်"

"ဒီစပိန်ကောင်နဲ့သွားရမှာ ငါတော့ သိပ်မကြိုက်ပါဘူးကွယ်။ ငါ လိုချင်တာက မျက်နှာဖြူ လိုချင်တာကွဲ့"

"ဒါတော့ ဟုတ်တာပေါ့ကွယ်။ နို့ပေမဲ့ ရှာဖို့က အခက်သား တလား ရှာလို့တွေ့ပြီထားဦး။ သူ့မှာ ငွေရှိချင်မှ ရှိဦးမှာကွဲ့။ ငါတော့ အခွင့်ပြုလိုက်ချင်တာပဲကွယ်... အရေးကြီးတာက ငွေရင်းပဲ သူငယ်ချင်း။ ငွေမရှိရင် တို့ ဘယ်နည်းနဲ့မှ မသွားနိုင်ဘူး...။ ပြီးတော့ တကယ်လို့ ဒီအကောင် ယီးတီးယားတားလုပ်ရင် တို့ကနှစ်ယောက်ပဲကွဲ့။ ဘာ ကြောက်စရာရှိသလဲ ချရုံပေါ့"

ဂျိုးသည် အတန်ငယ် တွေဝေစဉ်းစားလျက် ရှိ၏။

"အေးကွယ်... မင်းသဘောတူရင်လည်း ပြီးတာပေါ့။ ငါ ဘာမှ မပြောပါဘူး"

"ကောင်းပြီ ဒါဖြင့် ဒီလူကို ခေါ်လိုက်မယ်..."

"သြော်... ခဏနေဦးဟေ့။ မြေပုံကိုတော့ မကြည့်စေနဲ့နော်..."

"ဘာပြုမလဲကွယ်။ ဝေစုအတွက်တော့ အညီအမျှဆိုရင် သူ ကျေနပ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ... ဒါတော့ သူက အရင်းစိုက်ပေတာကိုကွဲ့။ ပေးရပေမှာပေါ့..."

သို့နှင့် ကလေတန်သည် ဗဆီဂါအား သွားရောက်ခေါ်ငင်ပြီးလျှင် နာရီဝက်ကြာမျှ အချက်အလက်များကို နှီးနှောတိုင်ပင်လျက် ရှိကြလေ၏။ ဗဆီဂါသည် အားလုံးသဘောကျလျက် လူငယ်နှစ်ယောက်ကပင် ခေါင်းဆောင်ရန်နှင့် အမြတ်အစွန်းကိုလည်း သုံးဦး ညီတူညီမျှ ခွဲဝေယူရန် ကျေနပ်လျက်ရှိ၏။

ဂျိုးမှာ အလုပ်ကို အလုပ်နှင့်တူအောင် လုပ်တတ်သူ ဖြစ်သည့်အတိုင်း ဘိုင်အား စက္ကူတစ်ချပ်နှင့် မင်အိုး ကလောင်တံများကို ယူခဲ့စေပြီးလျှင် စာချုပ်တစ်စောင် ရေးဆွဲကာ (၃)ဦးလုံး လက်မှတ် ရေးထိုးကြလေသည်။

(ဗဆီဂါ) "ကျွန်တော်တို့တော့ မြန်မြန်ထွက်နိုင်လေ ကောင်းလေထင်တာပဲ။ လူတွေကိုတော့ ဘယ်လိုလူမျိုး ရှာငှားမယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။ ချက်ချင်း တူကူမိန်မြို့ကို လူလွှတ်ပြီး လူတွေငှား၊ လှေရှာ၊ပစ္စည်းနဲ့ ရိက္ခာတွေထင့် မကြာခင် အသင့်ဖြစ်ပါစေ့မယ်။ ဒါပါပဲခင်ဗျာ။ ကျွန်တော့်ကို ခွင့်ပြုကြပါဦး"

ဗဆီဂါ ထွက်သွားပြီးနောက် ဂျိုးက–

"အပြောအဆိုတော့ တစ်မျိုးယဉ်ကျေးပါပေ့ဗျာ... ဒါပေမဲ့ အဲဒီတစ်မျိုးကိုပဲ ငါ မကြိုက်တာ"

"အလကားပါကွယ်... မင်းလည်း ဗြိတိသျှလူမျိုးပီပီ ဒီမျက်နှာမည်းတွေကို အလိုလို အထင်သေးနေတာပါ"

ထိုနေ့ညနေခင်းနှင့် နောက်နှစ်ရက်စလုံးပင် ကလေတန်နှင့် ဂျိုးတို့သည် သူတို့ရှိသမျှဒေါ်လာများဖြင့် လိုသမျှပစ္စည်းများကို ဝယ်ခြမ်းလျက်ရှိကြလေ၏။ သူတို့ဝယ်ခြမ်းသော ပစ္စည်းများမှာ ခြင်ထောင်နှင့် စောင်များအဝတ်အထည်များ၊ တောလိုက် ဘွတ်ဘိနပ်များ၊ ကွီနိုင်နှင့် အခြားအသုံး





ဝင်သော ဆေးများအပြင် အခြား တိုလီမိုလီပစ္စည်းကလေးများ ဖြစ်လေသည်။ ရိုက်ဖယ်သေနတ်ကိုလည်း တစ်ယောက်တစ်လက်စီဝယ်ယူ၍ ယမ်းတောင့်အမြောက်အမြားလည်း ဝယ်ယူကြ၏။ ဒုတိယနေ့ညနေ၌ ဗဆီဂါထံမှ စားရေရိက္ခာနှင့်တကွ လှေရော လူပါ အသင့်ရှိနေပြီဖြစ်၍ နောက်တစ်နေ့နံနက်၌ ခရီးထွက်ရန် အသင့်ရှိနေပြီဖြစ်ကြောင်း ပြောကြားသောသဖြင့် ဂျိုးက မိမိတို့မှာလည်း အသင့်ရှိနေပြီဖြစ်ကြောင်းနှင့် ပြန်ကြားလိုက်၏။

သို့နှင့် ထိုနေ့ညတွင် သူငယ်ချင်းနှစ်ယောက်တို့သည် သယ်ယူရန်ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်လျက် ရှိကြလေ၏။ နောက်တစ်နေ့ နံနက်လင်းအားကြီး၌ သူတို့သည် လားခြောက်ကောင်နှင့် အသင့်စောင့်နေသော ဗဆီဂါကို တွေ့ဆုံ၍ ၃ ကောင်ကို စီးပြီးလျှင် ကျန် ၃ ကောင်ကို ဝန်စည်စလယ်များတင်လျက် နံနက်ဝေလီဝေလင်းတွင် မြို့မှထွက်ခွာကြလေ၏။ အကယ်၍ လမ်းသွားလမ်းလာများ မြင်စေကာမူ သတ္တုရှာထွက်သူများဟု ထင်ကြမည် မလွဲတည်း။

လာပက်မြို့မှာ ကုန်းမြင့်မြင့်ပေါ်တွင် တည်ရှိသဖြင့် ညဥ့်များ၌ အေးချမ်းလှ၏။ သို့သော် နေအတော်ရင့်၍ လာသောအခါ အလွန်ပူအိုက်လာလေသည်။ သို့နှင့် သူတို့သည် တဖြည်းဖြည်း နိမ့်ဆင်းရာဒေသသို့ လာခဲ့ကြရာ ထိုည၌ မူလထွက်လာခဲ့သောနေရာထက် ပေ ၅၀၀၀ နိမ့်သောနေရာတွင် စခန်းချကြရ၏။ ထိုနေရာ၌ကား ရာသီဥတုမှာ အတော်အတန်ညီမျှလေသည်။ ပထမဦးစွာ သူတို့သွားရမည့်နေရာမှာ 'တူကူမိန်'မြို့ဖြစ်၏။ အမေဇုံမြစ်ကြီး၏ လက်တက်တစ်ခုဖြစ်သော 'မိုဂျို'မြစ်ပေါ်၌ တည်ရှိ၏။ ထိုမြစ်မှာ အခြားလက်တက်များနှင့်မတူဘဲ တောင်ဘက်နှင့် အနောက်ဘက်သို့ စီးဆင်းလျက် ရှိလေသည်။

လေးရက်ခရီးမျှ သွားမိလေသော် မိုဂျိုမြစ်သို့ ရောက်လာကြ၏။ ဗဆီဂါ၏ ကတိအတိုင်း အိန္ဒိယတိုင်းရင်းသား (၆)ယောက်နှင့်အကွ



www.burmeseclassic.com

www.burmeseclassic.com



အသင့်ရှိနေသော လောင်းလှေကို တွေ့ကြရ၏။ လောင်းလှေမှာ ဝမ်းပြား၍ အဖျားနှစ်ဖက်ညီရကား ကျောက်ဆောင်များ၊ သောင်တိမ်များ ပေါများ၍ ရေစီးသန်လှသော ဧရာဝတီမြစ်မျိုးတွင် သွားလာရန် အထူးသင့်လျော်လေသည်။

တောင်ထူထပ်ရာ ဒေသမှ ထွက်ခဲ့ကြပြီဖြစ်၍ ပူပြင်းသောရာသီဥတုကို တွေ့ရ၏။ ရှုမျှော်ခင်းများမှာ အလွန်လှပလျက် မြစ်သည်လည်း ဥယျာဉ်နှင့်တူသော သစ်တောများကို ဖြတ်သန်းစီးဆင်းလျက်ရှိရာ ငှက်အမျိုးမျိုးနှင့် မျောက်များကို နေရာတိုင်းတွင် တွေ့မြင်ရ၏။

နေဝင်ချိန်တွင် 'ကူကူမိန်'သို့ ရောက်ခဲ့ကြ၍ ဗဆီဂါသည် အနီးရှိ ခြံပိုင်ရှင်တစ်ဦး၏အိမ်၌ အိပ်လေရာ ကလေတန်နှင့် ဂျိုးတို့သည် ကွင်းပြင်တွင် ရွက်ထည်တဲထိုးကာ အိပ်စက်ကြလေသည်။

ညစာ စားသောက်ကြပြီးနောက် ကလေတန်သည် ရွက်ဖျဉ်ကုတင်တစ်လုံးပေါ်တွင် အညောင်းဆန့်လျက်...

"ဟေ့... ဂျိုး ဗဆီဂါကဖြင့် တော်တော်စကားတည့်တဲ့ လူတစ်ယောက်ပဲဟေ့... လှေရော လှေသားတွေရော အဆင်သင့် လုပ်ထားလိုက်တာ တယ်နေရာကျသကွယ်"

ဂျိုးက မော်၍ ကြည့်လိုက်လေသည်။

"မင်း သူ့ကို သဘောကျသလား... ကလေတန်"

(တခဏမျှ စဉ်းစားလျှက်) "ကျတယ်လို့တော့ မဟုတ်ပါဘူးကွယ်။ ဒါပေမဲ့ သူ့ကတိအတိုင်း သူတည်ရင်ပြီးရော မဟုတ်လားကွဲ့။ ဘာဖြစ်သေးသလဲ"

(လေးနက်စွာဖြင့်) "ဒါကတော့ အစရှိသေးတာကိုကွဲ့။ နောက်မြေပုံထဲပါတဲ့နေရာရောက်အောင် ကြည့်ရဦးမှာပေါ့။ ဒါထက် မင်းနဲ့ ငါဟာ နှုတ်ကို စောင့်စည်းကြရမယ်ဟေ့။ သူ လုပ်ပုံကိုင်ပုံတွေဟာ တို့နဲ့ မတူဘူးနော်"

"ဒါကတော့ ဟုတ်တာပေါ့ကွဲ့။ တို့ လုပ်ပုံကိုင်ပုံတွေဟာလည်း သူနဲ့မတူဘူး မဟုတ်လား... လွယ်တဲ့အခါ လွယ်သလို ခက်တဲ့အခါ ခက်သလို ကြည့်လုပ်ကြရတာပေါ့ကွယ်"

"အေး... ငါက သတိထားဖို့ ပြောတာပါ"

"ကောင်း... အိပ်ကြစို့ သူငယ်ချင်း။ နက်ဖြန် မနက် (၄)နာရီ ထကြရလိမ့်မယ်"

○







www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

တက်ခြောက်စင်းတို့သည် 'မိုဂျို'မြစ်၏ လေးကန်လှသော ရေအစုန်ကို လှော်ခတ်ကာ လောင်းလှေသည် တရွေ့ရွေ့သွားလျက် ရှိလေ၏။ လမ်းတွင် တစ်စုံတစ်ရာ ဘေးအန္တရာယ်မတွေ့ဘဲ 'တုကုမိန်'မြို့မှ ထွက်လာခဲ့သည်မှာ တစ်ပတ်ခန့်ပင် ကြာခဲ့လေပြီ။ သို့နှင့် သူတို့သည် အပူပိုင်းသစ်တောများပေါက်ရောက်သော ဒေသ...ရောက်ရှိကြလျက် ထိုနေရာများ၌ကာ တစ်နှစ်လျှင် တစ်ကြိမ်မျှပင် မျက်နှာဖြူများ... မတွေ့ရချေ။

ညနေစောင်း နေသည် အင်္ကျီမပါ ဗလာကိုယ်လုံးများဖြင့် လှော်ခတ်နေသော အင်ဒီးယန်းလူရိုင်းများ၏ ကိုယ်ပေါ်သို့ ကျရောက်လျက်ရှိရာ သူတို့၏ လက်မောင်းကြီးများမှာ ချွေးများဖြင့် နေရောင်တွင် ပြောင်လျက်ရှိလေသည်။

နံနက် နေအရုဏ်တက်ချိန်မှစ၍ ထိုအချိန်ထိ လမ်းတွင် တစ်ကြိမ်မျှသာနားခဲ့ရသဖြင့် လှေသမားများမှာ အဆမတန် မောပန်းလျက် ရှိကြကုန်၏။ သူတို့အနက် ကိုယ်လုံးကိုယ်ပေါက်ခပ်သေးသေး တစ်ယောက်သည် လက်များကိုပင် မသယ်နိုင်အောင်ရှိရာမှ သူ၏ကြွက်သားများသည် တောင့်၍လာသဖြင့် လက်ထဲမှတက်သည် ရုတ်တရက် လွတ်ထွက်သွားရာ လှေသည်လည်း အတန်ငယ်စောင်း၍ သွားလေသည်။

"ဟဲ့ခွေး... နာနာလှော်ပါတော့လား"

ဟစ်အော် ကြိမ်းမောင်းလိုက်သံနှင့်အတူ ဗဆီဂါသည် သူကိုင်ထား





...သားရေစိမ်းကြာပွတ်ကို မြှောက်လိုက်ကာ ထိုသူ၏လက်ပြင်ကို ...အားလွှဲ၍ ရိုက်လိုက်လေ၏။ နီမြန်းသော အစင်းကြောင်းတစ်ခု ...၍သွားပြီးလျှင် ထိုနေရာမှ သွေးများစို့လာလေသည်။ ထိုသူသည် ...မှ သာ ညည်းတွားနိုင်ပြီးလျှင် လှေဝမ်းထဲသို့ ထိုးကျသွားလေ၏။ ...ဂါသည် တက်ကို လှေပေါ်သို့ ပြန်၍တင်ပြီးနောက် ဒုတိယအကြိမ် ...ပွတ်ကို မြှောက်လိုက်ပြန်လေသည်။

လှေပဲ့ပိုင်းတွင် ဗဆီဂါ၏နောက်မှ ကလေတန် ထိုင်နေ၏။ ဂျိုးမှာ ...ဦးတွင် ရှိနေလေသည်။ ပထမအကြိမ် လူရိုင်းအား ရိုက်လိုက်စဉ်ကပင် ...လေတန်သည် နှုတ်ခမ်းများကိုက်လျက် ကြည့်နေရာမှ ဒုတိယအကြိမ် ...ဂါ လက်မြှောက်လိုက်သည့်အခါ၌မူ စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ ...ဂါ၏လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်လေ၏။

"သတိထားမှပေါ့ဗျာ... ပယ်ဗလိုဟာ တတ်နိုင်သမျှ ကြိုးစားပြီး ...လှော်ရှာပါတယ်"

ဗဆီဂါသည် သူ၏အပြုအမူကို ရပ်လိုက်ပြီးလျှင် ကလေတန်အား ...စူးဝါးဝါး ကြည့်လိုက်လေ၏။ သူ၏မျက်လုံးများမှာ သန္တာနက်တမျှ ...တ်မှောင်၍လာကာ မီးပွင့်များကဲ့သို့ အရောင်တဖျတ်ဖျတ် ထွက်လျက် ...၏။

"ဒီ အရိုင်းကောင်တွေဟာ ခင်ဗျားလူတွေလား။ ကျုပ်လူတွေလား ...တာ ကလေတန်"

သူသည် အသံကို အနည်းငယ်မျှမမြှင့်ဘဲ ခပ်မှန်မှန်ဖြင့်ပင် ပြောဆော်လည်း ပြောဆိုပုံလေသံနှင့် အမူအရာမှာ ပေါက်တော့မည့်ဆဲဆဲ ...တစ်ကောင်ကဲ့သို့ ရှိနေသည်ဟု ကလေတန် ထင်မိ၏။

(တိုတောင်းစွာဖြင့်) "ခင်ဗျားငှားထားလို့ ခင်ဗျားခိုင်းတာကို လုပ်နေတဲ့ လူတွေပေါ့။ နို့ပေမဲ့ ဒါကြောင့်ဆိုပြီး သူတို့ကို ဒီလိုရိုက်ဖို့ မလိုပါဘူး။ ကျုပ်တို့ ဒီဟာမျိုးတော့ ကြည့်မနေနိုင်ဘူး။ မဟုတ်ဘူးလား...



www.burmeseclassic.com

www.burmeseclassic.com



ဂျိုး”

“ဟုတ်တာပေါ့ဗျာ။ ခင်ဗျားဟာက လွန်လှပြီ”

ဗဆိဂါ၏ မျက်လုံးများကား ကြောက်မက်ဖွယ်ကောင်းလှ၏။ သို့သော် ကြာပွတ်ကို ချထားလိုက်လေ၏။

“သိပ်ကောင်းတာပဲဗျာ။ ခင်ဗျားတို့ အင်္ဂလိပ်တွေဟာ တယ်သဘောလွယ်တာကိုဗျ။ ဒါကို ကျုပ် ရိုသေပါတယ်”

သို့နှင့် သူသည် ပယ်ဗလိုအား တက်ကို ပြန်၍ပေးရာ ပယ်ဗလိုသည် ဆက်လက်လှော်ခတ်ကာ ရှိနေပြန်လေ၏။ ထို့နောက် ဆိတ်ငြိမ်လျက် တက်ခတ်သံများနှင့် ရေလုံးရိုက်သံများကိုသာ ကြားရတော့၏။

လောင်းလှေသည် တစ်ချက်ခတ်လိုက်တိုင်း ခတ်လိုက်တိုင်း လူနေအိမ်မှ ဝေးလာလျက် လူသူမရောက်မပေါက်သော တောနက်ထဲသို့ တဖြည်းဖြည်း ဝင်ရောက်လာခဲ့လေ၏။ သူတို့သည် မြေပုံများ သတ်မှတ်ထားရာနယ်နိမိတ်မှ ကျော်လွန်ခဲ့ပြီးလျှင် ‘မတ်တိုဂရပ်ဆို’ ခေါ် ရွှံ့နွံဒေသနှင့် ‘ချင်ကွီတို’ခေါ် တောရိုင်းဒေသစပ်ကြားရှိ လူသူမရောက်ဖူးသော တောကြီးမျက်မဲထဲသို့ တစ်တစ် ဝင်၍လာခဲ့ကြလေပြီ။

နေသည် အလွန်ဝေးလံသော အရပ်တွင်ရှိသည့် ‘အင်ဒီ’ တောင်တန်းကြီး၏ တောင်ထွတ်နောက်သို့ တဖြည်းဖြည်း ကျဆင်းလျက်ပင်ရှိလေရာ ညနေခင်းသည်လည်း ချောင်းဆားတွင် စီတန်းပေါက်ရောက်လျက်ရှိသော သစ်ပင်များပေါ်တွင် တဖြည်းဖြည်း အုံ့မှိုင်း၍လာလေ၏။ ထိုအခါ အခြားကမ်းတစ်ဖက်မှ ညဥ့်ဦးယံကို ဆီးကြိုလျက်ရှိသောဖားများ၊ ပုရစ်များ၏ မြည်တွန်သံကို ကြားရတော့၏။

စခန်းချရန် ကမ်းခြေသို့ လှေကို ဆိုက်ကပ်မိသောအခါ လေမတိုက်သဖြင့် ပူစပ်ပူလောင်ရှိလှ၏။ လူမည်းများမှာ ဝန်စည်စလယ်များကို ကမ်းပါးစောက်များပေါ်သို့ သယ်ယူကြရကုန်၏။

မကြာမီ လူမည်းများသည် သစ်ပင်များကို ခုတ်လှဲကြလျက်





ခန်း၏ မီးဖိုကြီးသည် ပတ်ဝန်းကျင်ကို ရဲရဲနီသောအရောင်ဖြင့် ထိန်ထိန်ညင်းစေ၏။ လူငယ်နှစ်ယောက်တို့သည် အခြားသူများနှင့် ခပ်လှမ်းလှမ်းနေရာတစ်ခု၌ ရွက်ထည်တဲထိုးပြီးသော် အိပ်ရာအတွက် ထန်းရွက်များကို ခင်းယူခင်းကျင်းကြ၏။

“ဟော့… ဂျိုး… ဗဆိဂါတော့ အတော်ကို ဒေါပွနေတယ်မောင်”

“ဒါ အံ့ဩစရာ မဟုတ်ပါဘူးကွယ်… မင်းပြောလိုက်ပုံနဲ့တော့ ပြောမှာပဲ”

(မျက်စောင်းထိုးလျက်) “မင်းက ငါနဲ့ သဘောချင်းမတူဘူးလား”

“တူပါတယ်ကွဲ… မင်းလုပ်တာ မှန်ပါတယ်။ ငါက အတိုက်အခံပြောတာ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ငါပြောခဲ့တဲ့အကြောင်း အမှတ်ရလို့ပါ”

“ငါလည်း စိတ်ကို ချုပ်တည်းတာပဲဟေ့… ဒါပေမဲ့ လှေသမားလူမည်းတွေအပေါ် သည်လောက်စော်ကားလာတော့ မခံနိုင်တော့ဘူးသူငယ်ချင်း…”

“အင်း… အခုမှတော့ တွေးပြီး စဉ်းစားမနေနဲ့တော့ ကလေတန်။ ဒီအကောင်က မြေပွေးလို ကြောက်စရာကောင်းတဲ့ အကောင်ကွဲ့။ ဒီကနေ့ကစပြီး မင့်မျက်လုံးကို ဒေါက်ခံပြီး ကြည့်ပေတော့”

“အေးကွယ် အစက မင်းပြောသလို ဒီစပိန်ကပြားကောင်ကို လက်မခံဘဲနေရ အတော်လေသား”

“အခုမှတော့ မဖြစ်တော့ဘူး သူငယ်ချင်း နောက်ကျနေပြီ။ ရှေ့တိုးဖို့ပဲရှိတော့တယ်။ ငါလည်း ထစ်ခနဲရှိ ချမှာပဲ”

“ရှူး… တိုးတိုး… ဟော… သူ ရောက်လာပြီ”

မကြာမီ သူတို့ရှေ့တွင် ‘ဗဆိဂါ’သည် မတ်တတ်ရပ်လျက် ရှိလေ၏။ သူရောက်လာပုံကို မည်သူမျှ မသိလိုက်ကြချေ။

“ညနေစာ အသင့်ရှိနေပါပြီ… မစ္စတာတို့”



www.burmeseclassic.com

www.burmeseclassic.com



သူ၏အသံမှာ နူးညံ့သိမ်မွေ့လှပေ၏။ မျက်နှာလည်း တကယ်ပင် ပြုံးလျက်ရှိလေသည်။ ကလေတန်သည် အံ့ဩစွာနှင့် ဖျတ်ခနဲ မော်၍ ကြည့်လိုက်၏။ ကလေတန်၏မျက်နှာထားကိုမူ ဗဆီဂါ ရိပ်မိ၏။

“ခင်ဗျားတို့ ကျုပ် တောင်းပန်စရာရှိတယ်ဗျာ- မစ္စတာကလေတန် ခင်ဗျား မှန်တယ်ဗျ။ တကယ်ဆိုတော့ ခင်ဗျာကို ဘာမှ ကျုပ် ဒီလိုပြောဖို့ မရှိဘူး... နို့ပေမယ့်ဗျာ ကျုပ်မှာ သည်တုန်းက နေကလည်းပူ... မောကလည်းမော... ယင်ကောင်တွေကလည်း အုံဆိုတော့ ကျုပ်စိတ် ကျုပ် မထိန်းနိုင်အောင် ဖြစ်သွားမိတယ်”

“ခင်ဗျား ပြောတာရော... လူမည်းတွေအပေါ်မှာ ပြုမူတာရော နည်းလမ်းမှ မကျဘဲကိုဗျ”

ဗဆီဂါသည် ပခုံးနှစ်ဖက်ကို တွန့်လိုက်၏။ ထို့နောက် ရိုးသားသည့်အမူအရာဖြင့်-

“ဒီလိုဗျာ... အင်္ဂလိပ်လူမျိုးတစ်ယောက်ကို နားလည်အောင် ပြောဖို့လည်း သိပ်ခက်တာပဲ... ခင်ဗျားတို့က လက်အောက်မှာ မျက်နှာဖြူတွေကိုချည်း ခိုင်းလာတာဗျ။ ဒီကောင်တွေက မျက်နှာဖြူတွေနဲ့မတူဘူး... စကားနဲ့ပြောနေရင် အလကားပဲ။ ထိုးမှ,ရိုက်မှ ဖြစ်တာ... ကိုယ်ကို စပ်စပ်ထိမှ သူတို့နားလည်တယ်... အဲဒါ သူတို့ ဘိုးစဉ်ဘောင်ဆက်ကတည်းက ဒီလိုညဉ်မျိုး ပါလာတာပဲ”

ထိုအခါ ဂျိုးက ကြားဖြတ်၍-

“မဟုတ်တာဗျာ။ ဒီလိုတော့ ကျုပ်တို့ ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူး။ ကျုပ်တို့နဲ့ အတူတူသွားရင် ခင်ဗျား ဒီအကျင့်ကိုတော့ ဖျောက်ရလိမ့်မယ်”

ဗဆီဂါသည် ဂျိုးအလို လိုက်လျောဟန်ဖြင့် ပြုံးလိုက်၏။

“ကောင်းပါပြီဗျာ။ ခင်ဗျားတို့နဲ့ အတူသွားရတယ်ဆိုတော့ ခင်ဗျားတို့ရဲ့အလိုကို ကျုပ် ရိုသေပါ့မယ်... ဒါပေမဲ့ တစ်ခုတော့ ပြောလိုက်ပါ



www.burmeseclassic.com



ရစေ။ ဒီအကောင်တွေ အလုပ်ကောင်းကောင်း မလုပ်ဘူးဆိုတာသာ မှတ် ထားပေတော့”

“အင်း... ကြည့်ကြသေးတာပေါ့”

သို့နှင့် ဂျိုးသည် ချုံများကိုဖြတ်ကာ နီရဲသောမီးတောက်များ အရောင်ဖြင့်လင်းနေသော တဲစခန်းမီးဖိုသို့ ထွက်သွားရာ ကလေတန်နှင့် ဗဆီဂါတို့လည်း နောက်မှ လိုက်သွားကြပြီးနောက် မီးဖိုအနီးတွင် ဝိုင်း၍ ထိုင်ကြလေ၏။ ထို့နောက် သူတို့သည် လူမည်းများချက်ပြုတ်သော ပြောင်း ထမင်းများ၊ မုန့်ကြမ်းများနှင့် သကြားမပါသော ကော်ဖီများကို စားကြရလေသည်။ သို့ရှိစဉ် ဗဆီဂါသည် ကလေတန်နှင့် ရောနှောပြောဆိုလျက်ရှိရာ ဂျိုးမှာ ငြိမ်ချက်သားကောင်းလှ၏။

ညစာစားပြီးနောက် လူငယ်နှစ်ယောက်သည် မိမိတဲသို့ ပြန်လာကြ၍ နံနက်စောစော ခရီးထွက်ရန်ရှိသည့်အတိုင်း ချက်ချင်း အိပ်ရာသို့ ဝင်ကြ၏။ ကလေတန်က-

“မင်းဟာ ဗဆီဂါအပေါ် နည်းနည်းတင်းလွန်းလှပါတယ်။ သူငယ်ချင်း...”

“မင်းကလည်း သိပ်လျှော့လွန်းတယ်”

“သူက ဝမ်းနည်းကြောင်း တောင်းပန်ပြီကိုကွဲ့”

“တောင်းပန်တိုင်း ကျေရမှာလားကွ။ အလကား ဒီအကောင် ညာနေတာ။ ကိုင်းကွယ်... ငါဖြင့် မျက်စေ့တောင် ဖွင့်မရဘူး။ အိပ်ချင်လှပြီ သူငယ်ချင်း။ အိပ်ကြပါစို့”

အိပ်ပျော်သွားရာမှ ကလေတန်သည် မျက်စေ့များကို ဖွင့်ကြည့်လိုက်ရာ မိမိမျက်နှာပေါ်သို့ နေရောင်များ ထိုးလျက်ရှိနေသည်ကို တွေ့ရ၏။ ဦးခေါင်းမှာလည်း မူးဝေနေသကဲ့သို့ ခပ်ရီရီ ဖြစ်၍နေလေသည်။ အတော်ပင် နေမြင့်နေကြောင်း သိရသဖြင့် သူသည် အိပ်ရာမှ ခုန်၍ထလိုက်၏။

“သိပ်ပျင်းတဲ့ ခွေးကောင်တွေ... အခုလောက်ရှိရင် ခရီးတောင်



www.burmeseclassic.com

www.burmeseclassic.com



အတော်ရောက်ပြီ။ ဟေ့ ဂျိုး... ထလေကွယ်"

ဂျိုးသည် သူ့အနီးတွင် အိပ်နေရာမှ မျက်လုံးများကို အားယူ၍ ဖွင့်လိုက်လေသည်။

(နားထင်ကိုဖျစ်လျက်) "ခေါင်းကိုက်လိုက်တာကွယ်။ ဘယ်နှယ့်နေမှန်းမသိဘူး။ မနေ့က နေပူမိတာ ထင်တယ်ဟေ့"

"ငါလည်း သည်လိုပဲကွဲ့။ ခေါင်းထဲမှာ ခဲထုပ်ကြီးဆွဲထားသလိုပဲ။ နေကိုကြည့်စမ်း... မိုးလင်းတာ တစ်နာရီလောက် ရှိနေပြီကွဲ့"

သူတို့သည် ကောင်းစွာ မလှုပ်မရှားနိုင်ဘဲ ကတုန်ကယင် ဖြစ်နေကြ၏။

ဂျိုးသည် မတ်တတ်ရပ်လိုက်ရာ အနီးရှိချုံပေါ်သို့ အလျားလိုက်လဲသွားသဖြင့် ကလေတန်က ဆွဲထူချီမ၍ ပေးလေသည်။

ဂျိုးသည် တဲစခန်းဘက်သို့ ကြည့်ပြီးနောက် အံ့သြလျက်–

"သူတို့ မရှိတော့ဘူးလားဟေ့"

"ဟုတ်လား... ဟင်"

သို့နှင့် သူတို့သည် မြစ်ဘက်သို့ထွက်သော ကွင်းပြင်ဆီသို့ ဒယိမ်းဒယိုင် ပြေးသွားကြရာ တဲစခန်းနေရာနှင့် ယမန်နေ့ညဉ့်က ဖို၍ထားသော မီးဖိုနေရာမှ ပြာများကိုသာ တွေ့ရတော့၏။ လှေလည်း မရှိတော့ချေ။ သစ်ပင်ထိပ်ဖျား၌ နားနေသော ကြက်တူရွေးနှစ်ကောင်နှင့် သစ်ကိုင်းချင်းကူးလျက်ရှိသော မျောက်တစ်ကောင်ကိုသာ တွေ့မြင်ရလေသည်။

"ဘယ်လိုဟာလဲ ဟေ့... ဂျိုး"

"တို့ကို တစ်ပတ်ရိုက်သွားတာပေါ့ကွဲ့"

"တယ်မိုက်တဲ့ခွေး... လက်စသတ်တော့ မနေ့ညက တို့သောက်တဲ့ ကော်ဖီထဲမှာ အိပ်ဆေးခပ်လိုက်တာနဲ့ တူတယ် သူငယ်ချင်း။ ဒါနဲ့ နေပါဦး... သူ သွားလို့ကော ဘာအကျိုးရှိမလဲ သူငယ်ချင်း...။ မြေပုံလည်း မရှိ။ ဘယ်သွားရမှန်းလည်း မသိနဲ့"





"ဟေ့... ကလေတန်။ မင်းမြေပုံများ သေသေချာချာ ကြည့်ပါဦးကွယ်"

သို့နှင့် ကလေတန်သည် သူ၏ အတွင်းအင်္ကျီအိတ်များကိုနှိုက်၍ ကြည့်၏။ မြေပုံကား မရှိတော့ချေ။

"ဟာ... မရှိတော့ဘူးဟေ့။ မြေပုံပါသွားပြီ... ခက်တာပဲ သူငယ်ချင်း"

"ကဲ... အခုမှတော့ ညည်းမနေနဲ့တော့ ကလေတန်... သူ့တဲနေရာမှာ ဘာများ ကျန်ရစ်ခဲ့သေးသလဲဆိုတာသာ ရှာရအောင်"

သို့နှင့် သူတို့သည် ဗဆီဂါ၏ တဲစိုက်သောနေရာတွင် ရှာဖွေကြရာ မည်သည့် အသုံးဝင်သောအရာဝတ္ထုကိုမျှ မတွေ့ရချေ။

"ဒါပေမဲ့ တို့မှာ တဲတစ်လုံးတော့ ကျန်ရစ်ခဲ့သေးရဲ့"

"တဲတစ်လုံးတွင် ဘယ်ကမလဲ ဂျိုး။ တို့မှာ စောင်နှစ်ထည်နဲ့ ခြင်ထောင်၊ ပြီးတော့ နာရီနဲ့ ကွန်ပါတစ်လုံး၊ မီးခြစ်တ သံဖြူဘူးနှစ်လုံး၊ ဒန်ပြောင်းလည်း ရှိပါသေးတယ်။ ဒါပေမဲ့ သေနတ်တွေတော့ မရှိတော့ဘူး သူငယ်ချင်း"

ထိုအခါ ဂျိုးသည် သူ၏ဘောင်းဘီအိတ်ထဲမှ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်ရာ ပစ်စတိုအသေးစားကလေးတစ်လက် ပါလာလေသည်။

"နည်းနည်း ပစ်ဖို့ခတ်ဖို့တော့ ရသေးတာပေါ့ကွယ်"

"ငါက ဒီဟာကလေးတော့ အမြဲဆောင်ထားတာကွဲ့"

သို့ပြောဆိုပြီးနောက် ဂျိုးသည် သေနတ်ကလေးကို သစ်ပင်ထက်သို့မြှောက်လျက် ပစ်လိုက်ရာ မျောက်ကလေးသည် သစ်ပင်ပေါ်မှ ကျလာလေ၏။

"ဒီနေ့ နံနက်စာကိုတော့ ဒီဟာနဲ့ တင်းတိမ်ရမှာပဲ သူငယ်ချင်း"

○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

မီးကင်သော မျောက်သားကို စားလျက်ရှိကြရာမှ ကလေတန်သည် အရိုးတစ်ခုကို ပစ်လိုက်ရင်း–

"ဒီအကောင်ကို လိုက်လို့ မီနိုင်ပါဦးမလား ဂျိုး"

"သူက အစွမ်းကုန် လော်ပြေးတဲ့လူပဲကွ။ လှေရှိတောင် မီနိုင်ပါ့မလား... ပြီးတော့ ကမ်းနားကလှေ့ကျွှက်ပြီး ခြေလျင်လိုက်မယ်ဆိုရင်လည်း တစ်နာရီကို တစ်မိုင်ထက်ပိုပြီး ခရီးပေါက်နိုင်မှာ မဟုတ်ဘူး... လိုက်ဖို့တော့ စိတ်မကူးပါနဲ့တော့ သူငယ်ချင်း"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ ပြန်ကြမလား"

"အေးလေ... ငါလည်း ဒါကိုပဲ စဉ်းစားနေပါတယ်။ ငါတို့ဟာ စပြီးခရီးထွက်တဲ့နေရာက ဒီအထိ မိုင် ၂၀၀ လောက် ပေါက်လာပြီကွဲ့။ သည်တော့ ပြန်ရင် တစ်နေ့ ၁၀ မိုင် ရောက်တယ်ထားဦး။ အနည်းဆုံး (၃)ပတ် ပြန်ရလိမ့်မယ်... ဒါ လမ်းမှာ ဘေးဥပါဒ် မတွေ့ပါမှ"

နှစ်ယောက်သား အကြံထုတ်ကာ အတန်ကြာ ငြိမ်သက်လျက်ရှိကြလေ၏။ ကလေတန်သည် နက်နဲစွာ စဉ်းစားလျက်ရှိရာမှ မော့၍ကြည့်လိုက်လေသည်။

"ဟော့... ဂျိုး မနေ့က ငါ မြေပုံကို ကောင်းကောင်းကြည့်လိုက်





မိတယ်ကွဲ့။ သည်တော့ မြစ်ရဲ့ ဒီဘက်ကမ်းမှာပဲ တောင်တစ်တောင်ကို တွေ့ရတယ်။ ဒီနေရာက သိပ်မဝေးလှဘူး။ တောင်ရဲ့ဟိုဘက်မှာ ကွင်းပြင်ကြီးရှိတယ်။ ဒီတောင်ကို တွေ့အောင်ရှာပြီး တောင်ထိပ်ပေါ်က တက်ကြည့်ရင် ဘယ်ရောက်နေတယ်ဆိုတာ သိနိုင်တာပေါ့"

"အေးကွယ် ငါတော့ ဘာဖြစ်ဖြစ် သဘောတူတာချည်းပဲ... လုပ်သာလုပ်"

ထို့နောက် လူငယ်နှစ်ယောက်တို့သည် စကားမပြောကြဘဲ ဝန်စည်စလယ်များကို အထုပ်နှစ်ထုပ်ခွဲ၍ ထုပ်ပိုးကြလေ၏။ နောက် ၁၀ မိနစ်ခန့်အကြာတွင် တဲစခန်းမှ ထွက်ခဲ့ကြ၍ တောနက်များထဲသို့ တိုးဝင်လျက်ရှိနေကြလေပြီ။

သစ်တောများမှာ အတော်ပင်ထူထပ်လျက် မြေပေါက်ချုံများသည် တစ်ခုနှင့်တစ်ခု မနီးကပ်လှသော်လည်း နွယ်ပင်ကြီးများကို မကြာခဏဖြတ်၍ သွားကြရ၏။ နွယ်တို့မှာ ကြိုးတစ်ချောင်းအရွယ်မှ သဘော်ကျောက်ကြိုးကြီး အရွယ်အထိ ဖြစ်၏။ မြေမှာ စွတ်စို၍ မှိုနေသဖြင့် မြွေများကို သတိပြု၍ သွားကြရကုန်၏။ လေသည် သစ်ရွက်တစ်ရွက်ကိုမျှ မလှုပ်ရှားစေဘဲရှိရာ အပူမှာ ကြောက်ဖွယ်လိလိရှိလေ၏။ သို့ရှိစဉ် မှက်,ခြင်,ယင်ရဲ တို့ကလည်း သဲနှင့် ဆုပ်၍ပက်သကဲ့သို့ ဝိုင်းအုံ၍ ကိုက်ကြသေး၏။

နှစ်ယောက်သား ကိုယ့်စိတ်ကူးနှင့်ကိုယ် ဖြစ်သဖြင့် စကားနည်းလှ၏။

သုံးနာရီကြာမျှ ပင်ပန်းကြီးစွာ သွားကြပြီးနောက် နေမွန်းတည့်သာသာအချိန်တွင် ချောင်းကလေးတစ်ချောင်းကို တွေ့ရသဖြင့် အေးစက်လျက်ရှိသော မျောက်သားကို စားကြပြီးသော် ရေကို အဝသောက်ကြရလေ၏။

"မင်းပြောတဲ့တောင် မမြင်ရသေးပါလား ကလေတန်"

"ရောက်တော့ မြင်ရလိမ့်မပေါ့ သူငယ်ချင်းရယ်။ သစ်ပင်ကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေက ဆီးနေတာပဲကွဲ့”

သို့နှင့် ဆက်လက်သွားကြရာ ညနေ ၃ နာရီခန့်၌ မြေသည် တဖြည်းဖြည်း မြင့်တက်လာရာ ခြေလှမ်းများလည်း သွက်၍လာကြ၏။

မြေသည် တဖြည်းဖြည်းမြင့်လာ၍ သစ်ပင်များသည်လည်း နည်းပါးလာတော့၏။ ရှေ့သို့ ဆက်၍သွားမိသောအခါ သူတို့သည် ရှင်းလင်းသော သစ်တောလမ်းကြားတစ်ခုသို့ ရောက်လာလျက် ရှေ့မှ ရိပ်ခနဲ ဖြတ်၍ပြေးသော ဒရယ်နှစ်ကောင်ကို မြင်လိုက်ရလေ၏။ ထိုအခါ ‘ဂျိုး’ က ညစာအတွက်ပင် မှန်းလိုက်သေး၏။

တောသည် တဖြည်းဖြည်း ပွင့်လင်းလာပြီးနောက် လေသည် အေး၍လာပြီးလျှင် ခြင်နှင့် ယင်ကောင်များလည်း နည်းပါးသွားလေသည်။ တခဏမျှသွားမိသော် သစ်ပင်များ လုံးလုံးမရှိတော့ဘဲ မြက်ခင်းတစ်ခုသို့ ရောက်လာကြရာ အင်္ဂလိပ်ပန်းခြံအတွင်းရှိ အလှထားသော မြက်ခင်းများနှင့်ပင် တူသေး၏။

ခြေလှမ်းကျဲသော ကလေတန်သည် ရှေ့မှပြေးသွားပြီးနောက် တစ်နေရာတွင် ထိုး၍ရပ်လိုက်ရာ ဂျိုးသည် နောက်မှ လိုက်သွားလေသည်။ ကလေတန်ရပ်နေသော နေရာမှာ ချောက်တစ်ခု၏ အစွန်းဖြစ်၍ ချောက်ကြီးမှာ အနည်းဆုံး ပေ ၅၀၀ ကျော်ခန့်နက်ပြီးလျှင် အောက်၌ ဖလားကဲ့သို့သဏ္ဍာန်ရှိသော တောင်ကြားကို အပေါ်မှ စီး၍မြင်ကြရ၏။ ထိုတောင်ကြားမှာ ပွင့်လင်းသောတောင်ကြားတစ်ခု ဖြစ်လျက် စိမ်းလန်းသော သစ်ပင်အုပ်ကလေးများသည် ထိုမှ ဤမှ အစုလိုက် တည်ရှိပြီးလျှင် ရေအိုင်ကလေးများသည်လည်း ဝင်လုဆဲသောနေရောင်တွင် အရောင်ဟပ်ကာ တည်နေကြသည်ကို မြင်ရလေသည်။

“သိပ်ကောင်းတဲ့ နေရာကလေးပဲ ဂျိုး… အောက်မှာ အကောင်ဘလောင်တွေလည်း ပေါမှာပဲ… ရေအိုင်တွေထဲမှာ ငါးတောင် ရှိချင်မှရှိမယ် သူငယ်ချင်း… အိပ်ထဲမှာတော့ လိုလိုမယ်မယ်ထည့်ထားတဲ့ ငါးမျှားချိပ်နဲ့ကြိုး ပါသေးတယ်။ ကိုင်း… ညစာအတွက်ရအောင် ဆင်းကြစို့လား”





(ခဏမျှ စဉ်းစားလျက်) “ခဏနားနေပါဦးကွယ်။ ဒီအမြင့်ကို တက်လာခဲ့ကြတာ နံ့သာပတ်လည်ကို သေသေချာချာကြည့်ချင်လို့ မဟုတ်သား”

“ငါဖြင့် မင်း သတိပေးမှ အမှတ်ရတယ်ဟေ့။ ဟိုမှာ မြစ်”

ကလေတန်သည် လက်ယာဘက်ကို လက်ညှိုးဖြင့် ညွှန်ပြလျက် ရှိ၏။ တောင်ဘက်၌ကား မြစ်ကြီးသည် သစ်တောကိုဖြတ်ကာ ရွှေရောင်တောက်သော မြွေကြီးကဲ့သို့ တွန့်လိမ်ကွေ့ကောက်လျက် ရှိ၏။ သစ်တောများသာ မဟုတ်။ တောင်တန်း၏အခြားဘက်တွင် မိုင်ပေါင်းများစွာ ကျယ်ပြန့်သည့် လွင်ပြင်ကြီးကို မြင်ကြရ၏။

“ဒီအတိုင်းဆိုရင် မြေပုံဟာ မှန်တာပေါ့ကွဲ့”

ဂျိုးသည် အဖြေမပေးသေးဘဲ သူ လွယ်၍ထားသော မှန်ပြောင်းဖြင့် မြစ်ကြောင်းကို ချိန်ကာကြည့်ရှုလျက် ရှိနေရာမှ တစ်စုံတစ်ရာကို မြင်ရသည့်ဟန်ဖြင့် မှန်ပြောင်းကို ကလေတန်အား လှမ်း၍ ပေးလိုက်လေသည်။

“မြစ်ရဲ့ နောက်ဆုံးအကွေ့ထဲမှာ ကြည့်စမ်း။ ဘာမြင်ရသလဲ”

“အောင်မယ်… လှေတစ်စင်းပါကလား ဗဆီဂါတို့လှေနဲ့ တူတယ်ဟေ့”

“သူ့လှေလား လူရိုင်းရဲ့လှေလား ဘယ်ပြောတတ်မလဲကွယ်… ဒါပေမဲ့ လိုက်ဖို့တော့ စိတ်မကူးနဲ့တော့ သူငယ်ချင်း။ အတောင်တပ်ပြီး လိုက်မှပဲ မီမယ်”

“ကိုင်း… ဒါဖြင့် မင်းပြောတဲ့အတိုင်း အောက်ဆင်းမယ်”

ရေခွက်တစ်ခု၏ အောက်ခံပုံသဏ္ဍာန်ရှိနေသော တောင်ကြား၏ပတ်လည်တွင် တောင်ထိပ်ကလေးများကဲ့သို့ အစွန်အတက်များစွာ ရှိနေသဖြင့် ဤနေရာမှာ ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့ဖူးသော မီးတောင်



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းတစ်ခု၏ တွင်းဝကြီး ဖြစ်တန်ရာ၏ဟု ဂျိုးသည် တွေးမိ၏။

သို့နှင့် သူငယ်ချင်းနှစ်ယောက်တို့သည် တောင်ကမ်းပါးယံတွင် ပေါက်နေသော ချုံကလေးများကို တွယ်ကပ်ကာ အောက်သို့ တဖြည်းဖြည်း ဆင်းကြလေ၏။

မြေပြင်သို့ရောက်ရန် သူတို့သည် နာရီဝက်ခန့်မျှ ပင်ပန်းကြီးစွာ ဆင်းကြရ၏။ နေလုံးကြီးမှာ တောင်ထွတ်များနောက်သို့ ကျဆင်းလျက် ရှိနေသော်လည်း တစ်နာရီခန့်မျှ လင်း၍နေသေး၏။

ချောက်အောက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် လူစလူနဟူ၍ မမြင်ရသောကြောင့် ဂျိုးက–

"အင်ဒီးယန်းတွေလည်း ရှိမယ် မထင်ပါဘူးကွယ်။ ကိုင်း– ညစာ အတွက် ကြိုးစားကြစို့"ဟု ပြောကာ အနီးဆုံးရေအိုင်တစ်ခုဆီသို့ ပြေး သွားကြလေ၏။

ရေအိုင်ကလေးမှာ ဧကဝက်ခန့်ကျယ်ပြန့်၍ ရေမှာလည်း အလွန် အေးမြကြည်လင်လျက်ရှိရာ ပန်းကန်ပြားခန့်ရှိ ငွေရောင်အကြေးရှိသော ငါးပြာကြီးများ ကူးခတ်လျက်ရှိလေသည်။ ကလေတန်သည် ပိုးကောင်များ ရှာ၍ ငါးစာတပ်လျက်ရှိ၏။

"မရပါဘူး သူငယ်ချင်း... ရေက သိပ်ကြည်နေတာပဲကွဲ့။ ဘယ် နည်းနဲ့မှ ဟပ်မှာမဟုတ်ဘူး"

ဂျိုးပြောသည့်အတိုင်း ငါးများသည် ကလေတန်၏အစာကို မဟပ် ကြချေ။ သို့နှင့် ဂျိုးသည် ရေမျက်နှာပြင်ပေါ်သို့ အနီးဆုံးတက်လာသော ငါးကို ပစ္စတိုနှင့် ပစ်လိုက်၏။ ဒုတိယအချက်တွင် နှစ်ကောင်ရ၍ တတိယ အချက်တွင် တစ်ကောင်ရရှိရာ ငါးများမှာ နှစ်ပေါင်နီးပါးခန့် အချိန်စီး လေသည်။

"ကိုင်း... ကလေတန် ညစာအတွက်တော့ ဖူလုံပြီ။ ဒါပေမဲ့ သစ်သီးများ ရလိုရငြား ဟိုဘက်တောအုပ်ကလေး ပြေးလိုက်ဦးမယ်"





ကလေတန်က မီးဖို၍ ငါးများကို ကင်လျက်ရှိရာ မကြာမီ ဂျိုး သည် သစ်သီးများနှင့် ပြန်ရောက်လာလေသည်။

"ဟောဒီမှာ မောင် ပိန္နဲသီးနဲ့ ငှက်ပျောသီး နှစ်ဖီး"

"ပထမတန်းပဲ သူငယ်ချင်း။ ဒီညတော့ ညစာ စားကောင်းမှာ မြင်ချည်သေးကွယ်"

သို့နှင့် ငါးကင်နှင့် အမှည့်ဆုံး ငှက်ပျောသီးများကို မြိန်ရှက်စွာ စားကြလေသည်။

ထို့နောက် မီးဖိုနံဘေး၌ စောင်များ ကိုယ်စီခြုံကာ မိမိတို့ကိုယ် များကို ဆန့်တန်းလိုက်ကြရာ ၂၄ နာရီတိုင်တိုင် အစာမရှိဘဲ ၁၀ နာရီ ခန့်ကို ပင်ပန်းကြီးစွာလာခဲ့ရသော လူငယ်နှစ်ယောက်တို့သည် ၅ မိနစ်ခန့် ကြာလတ်သော် တစ်ခါတည်း အိပ်မောကျ၍ သွားလေ၏။

မည်မျှကြာ အိပ်ပျော်သွားသည်ကို မသိရဘဲ ကလေတန်သည် မင်းလုံးတစ္ဆေ ခြောက်သကဲ့သို့ရှိစဉ် ကြောက်ရွံ့တုန်လှုပ်ကာ အတင်း ရုန်းကန်လျက်ရှိရာမှ မျက်လုံးများကို ဖွင့်၍ကြည့်လိုက်ရာ လေးလံပျော့အိ သော လူတစ်ယောက်၏ ဒူးနှစ်ဖက်သည် သူ၏ရင်ဘတ်ပေါ်သို့ ဖိထား သည်ကို တကယ်ပင် တွေ့ရလေတော့သတည်း။

○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

မှောင်လွန်းသဖြင့် လူကို မမြင်ရချေ။ သန်မာသော ဒူးများနှင့် ကြွက်သားများကြောင့် ဖုထစ်နေသည့် လက်များကိုသာ တွေ့ရလေသည်။ ပထမ ကလေတန်သည် ရှန်းကန်သေး၏။ သို့သော် လက်ကြီးများသည် လည်ပင်းဆီသို့ ရောက်လာသဖြင့် ငြိမ်၍နေလိုက်ရ၏။ အနီးရှိ ဂျိုးမှာလည်း မိမိနှင့်အလားတူ ဖြစ်နေဟန် ရှိလေသည်။

ထို့နောက် သူတို့နှစ်ယောက်စလုံးအား တဲအပြင်သို့ ထုတ်သွားတော့၏။ သူတို့ကား အင်ဒီးယန်းခေါ် အသားမည်းလူရိုင်းများဖြစ်၍ လူပေါင်း ၂၀ ခန့် ရှိပေလိမ့်မည်။ အရပ်အမောင်းအားဖြင့် အလယ်အလတ်ပင် ဖြစ်သော်လည်း သန်မာတောင့်တင်း၍ ကျစ်လစ်မာကျောကုန်၏။ ဦးခေါင်းပေါ်တွင် ငှက်မွေးများကို တပ်ဆင်ထားရာ ကြယ်များအရောင်ဖြင့် ခပ်ရေးရေးမျှ မြင်ရ၏။

ခေါင်းဆောင်နှင့်တူသူသည် ဟစ်အော် အမိန့်ပေးလျက်ရှိရာမှ နောက်ဆုံး သူတို့အား တောင်ကြားဆီသို့ ခေါ်သွားလေ၏။ တခဏမျှ သွားမိကြသောအခါ ဂျိုး၏အသံဖြင့်–

"မင်း ဘယ့်နှယ့်နေသေးသလဲ ကလေတန်"





"ဘာမှ မဖြစ်ပါဘူး သူငယ်ချင်း။ နေပါဦးကွဲ့။ ဒီအကောင်တွေက ...ောင်တွေလဲ ..."

"ဘယ်သိပါ့မလဲကွယ်။ ငါလည်း မင်းလိုပေါ့... ဒီဟာ ငါ့အပြစ်ပဲ ...ယ်ချင်း..."

"ငါ နားမလည်ပါဘူးကွယ်"

"သေနတ်သုံးချက် ဖောက်မိတဲ့ကိစ္စ အကျိုးပေးတာပဲ သူငယ်ချင်း။ ...လ က်တရားပေါ့။ အရေးကြီးတာက ဘယ်လို လွတ်အောင်ကြံမယ် ...ဆာ အရေးကြီးတာပဲ"

"ဒါနဲ့ တို့ကို ဘယ်များခေါ်သွားမလဲ မပြောတတ်ဘူး"

"ငါတော့ သိပ်မဝေးပါစေနဲ့လို့ ဆုတောင်းတာပဲ။ အိပ်ချင်လိုက်...လည်း မပြောပါနဲ့တော့ကွယ်"

ထိုအခါ လူရိုင်းတို့ အကြီးအမှူးသည် စကားမပြောစေလိုသည့် ...ဖြင့် တစ်စုံတစ်ရာ ဟစ်အော် အမိန့်ပေးလိုက်ရာ သူတို့လည်း ဆိတ်ငြိမ် ... လိုက်ပါသွားရလေ၏။

ဤနည်းဖြင့် နှစ်နာရီခန့်မျှ ခပ်သုတ်သုတ် သွားကြရ၏။ ကြယ် ...င်ကလေးများသည် ရေအိုင်ကလေးများပေါ်သို့ ကျရောက်ကာ ပြိုးပြိုး ...က် တောက်ပလျက်။ လေအေးကလေးသည်လည်း တဖြူးဖြူး တိုက်ခတ် ...လေရာ ဂျိုးနှင့် ကလေတန်တို့မှာ သောကရောက်နေသူများဖြစ်သဖြင့် ...လောကဓာတ်၏ သာယာမှုများကို မခံစားနိုင်ဘဲ ရှိတော့၏။

မြေသည် တဖြည်းဖြည်း မြင့်တက်လာလျက် ရှေ့တည်တည့်တွင် ...ည်းနက်သော တောင်တန်းများ သန်းလျက်ရှိသည်ကို ကလေတန်သည် ...တိပြုမိ၏။

သို့နှင့် သူတို့သည် မြင့်မားမတ်စောက်သော တောင်တန်းများနှင့် ...ဖြည်းဖြည်း နီးကပ်လာတော့၏။ မကြာမီ လူရိုင်းအကြီးအမှူးက ရပ်ရန် ...မိန့်ပေး၍ ရပ်တန့်ကြရ၏။ သူတို့ရှေ့၌ကား ဝါးချွန်များစိုက်ထူထား...



www.burmeseclassic.com

www.burmeseclassic.com



သည့် ခံတပ်ကဲ့သို့ အဆောက်အဦတစ်ခု ကာဆီးလျက်ရှိရာ အမြင့်မှာ ပေ ၈၀ ခန့်မြင့်၍ ဝါးများကို ခပ်စိပ်စိပ် ရက်လုပ်ထား၏။

အကြီးအကဲသည် အသံတစ်မျိုးဖြင့် ဟစ်အော်လိုက်၍ အလယ်ဝင်းတံခါး ပွင့်သွား၍ အစောင့်များကို တွေ့မြင်ရ၏။ ထိုသူများသည် ဖမ်းလာသူများအား အနည်းငယ်မျှ ဂရုမစိုက်ဘဲ ကြေးရုပ်များကဲ့သို့ မလှုပ်မယှက် ရပ်နေကြရာ အပြင်မှလူများသည် အတွင်းသို့ ဝင်ကြလေသည်။ အတွင်း၌ကား ခုံးသောအမိုးများဖြင့် ဆောက်လုပ်ထားသည့် ၈ ပေ ၉ ပေခန့်မြင့်သော အိမ်ကလေးများရှိရာ ၎င်းတို့မှာ ဝါးများကြိမ်များကို ရက်၍ ဆောက်လုပ်ထား၏။ လူစလူန ဟူ၍ မတွေ့ရဘဲ တစ်ရွာလုံးမှာ လူမရှိသကဲ့သို့ ဆိတ်ငြိမ်လျက် ရှိလေသည်။

အကြီးအမှူးနှင့် နောက်လိုက်များသည် လူငယ်နှစ်ယောက်အား ရွာအလယ်ကွက်လပ်၌ရှိသော တဲကြီးတစ်ခုရှေ့သို့ ခေါ်သွားလေ၏။ အကြီးအကဲ၏အမိန့်ဖြင့် တံခါးကိုဖွင့်ပေး၍ အတွင်းသို့ရောက်လျှင် သူသည် လူငယ်နှစ်ယောက်အား ချည်နှောင်ထားသည့် ကြိုးများကို ဖြေပေးပြီးနောက် ထွက်သွားလေ၏။ ထို့နောက် တံခါးကို ပြန်၍ပိတ်ကြ၏။ တဲ၏ ထောင့်တစ်ခုတွင်ကား မြက်ခြောက်များခင်းထားသော နေရာတစ်ခုကို တွေ့ရသည်နှင့် ဂျိုးက–

"ဒီဟာ တို့အိပ်ဖို့ နေရာပေးတာနဲ့ တူတယ်ကွဲ့။ အကြံထုတ်စရာရှိရင် မနက်မှ ထုတ်ကြစို့ကွယ်။ အခုတော့ ဝအောင်အိပ်လိုက်ကြဦးစို့–သူငယ်ချင်း..."

သို့နှင့် မြက်ခြောက်များပေါ်တွင် နှစ်ယောက်သား အိပ်ပျော်သွားကြ၏။ အသံတစ်သံကြောင့် အိပ်ရာမှနိုးလာသောအခါ နေအတော်မြင့်၍ နေလေပြီ။ သူတို့သည် ခြံဝတွင်လာရပ်သော မျက်နှာဆိုးဆိုးနှင့် မိန်းမကြီးတစ်ယောက်ကို မြင်ရပြီးနောက် မိန်းမကြီးသည် သစ်သားခွက်နှစ်ခုကို အပေါက်မှ ထိုးသွင်းလိုက်လေသည်။ ခွက်များ၌ကား ပြောင်းဆန်ကို





ကျော်၍ထားသော ဆန်ပြုတ်ပါရှိ၏။ ဂျိုးသည် အားပါးတရသောက်ရင်း–

"ဝမ်းသာလိုက်လေ အဒေါ်ကြီးရယ်... ဒါနဲ့ ဒီလိုဆိုရင်တော့ တို့ကို အငတ်မထားသေးဘူးဖော့"

"ဒါဖြင့် တို့ကို ဘာလုပ်ချင်တာလဲ... ဒီအကောင်တွေက ဘာကောင်တွေလဲကွဲ့"

(ပခုံးကိုတွန့်လျက်) "မကြာခင် သိရမှာပေါ့ကွယ် စိတ်ချပါ... ဒါပေမဲ့ သတိနဲ့နေနော်။ အခွင့်ကြုံရင် ချသင့် ချရလိမ့်မယ်"

"သည်လောက်များတဲ့ လူအုပ်ကြီး ချလို့ဖြင့်နိုင်ပါ့မလားကွဲ့"

"လူများတိုင်း အလျှော့ပေးရတော့မှာလားကွယ်။ ဟောဒီမှာ ကြည့်စမ်း။ ဒါကလေး သူတို့ တွေ့မသွားသေးဘူးကွဲ့။ တော်သေးရဲ့"

ဂျိုးသည် အတွင်းအိတ်ထဲမှ ပစ္စတိုကလေးကိုထုတ်ပြပြီးနောက် ဆက်လက်၍–

"ကျဉ်းထဲကျပ်ထဲကျတော့ သုံးရလိမ့်မယ် သူငယ်ချင်း..."

ပြောင်းဆန်ပြုတ်များကို အဝကလေးသောက်ရသဖြင့် သူတို့သည် အတော်ပင် အားအင် ပြည့်တင်းလာကြ၏။ နေမှာ ကျဲကျဲကြီးပူလျက် ရှိသော်လည်း။ သာယာသော အရိပ်အယောင်ကိုမဆောင်ဘဲ တစ်မျိုးတစ်ဖုံ ရှိနေ၏။ ရွာပင်ဖြစ်သော်လည်း ကလေးငိုသံမျှလည်း မကြား၊ ခွေး တစ်ကောင်မျှပင် မဟောင်ချေ။

၁၁ နာရီအချိန်သာသာခန့်သို့ ရောက်လတ်သော် လူ ၁၂ ယောက်နှင့် အကြီးအကဲတစ်ယောက်သည် တဲဆီသို့လျှောက်လာ၍ အကြီးအကဲက ဝင်းတံခါးကိုဖွင့်ပြီးနောက် လူငယ်နှစ်ယောက်အား အပြင်သို့ထွက်ရန် အရိပ်လက္ခဏာ ပြလေသည်။ ဂျိုးနှင့် ကလေတန်တို့မှာ လွတ်လပ်သော ကွင်းပြင်ထဲသို့ ထွက်လာရသည်ကိုပင် ဝမ်းမြောက်မိသေး၏။ ထို့နောက် အစောင့်စစ်သားများသည် သူတို့အား ရွာတွင်းမှဖြတ်ကာ တောင်တန်းများ ရှိရာဘက်သို့ ခေါ်သွားလေ၏။ တောင်ခြေရှေ့မျက်နှာစာ၌ကား လမ်း



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောနှင့်ရှိ ကွက်လပ်တစ်ခုရှိ၍ ထိုကွက်လပ်တွင် အနည်းဆုံး လူ ၃၀၀ ခန့် စုရုံးလျက် ရှိနေသည်ကို တွေ့ရ၏။

တောင်ခြေရင်းတွင်ကပ်လျက် အနီးရောင် ကျောက်တုံးများထို စင်မြင့်တစ်ခုကဲ့သို့ ပြုလုပ်ထားသေး၏။ ပြုလုပ်ထားပုံအနေအထားမှာ လည်း အလွန်ရှေးဆန်၍ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ဟန် ရှိလေသည်။ ထိုနောက်၌ကား တောင်ခြေကိုကပ်လျက် တောင်ထိပ်ဆီသို့ တစ်ဆစ်ချိုး တက်၍သွားသော ကျောက်လှေကားကြီး ရှိလေသည်။ လှေခါးထစ်များမှာ ကျောက်ဖြူတုံးများဖြင့် ပြုလုပ်ထားလျက် နေရာပေါင်းများစွာတွင်လည်း နှစ်ပရိစ္ဆေဒကြာမြင့်သည့် လက္ခဏာဖြင့် ကျိုးပဲ့ပျက်စီးကာ ရှိနေ၏။ ထူးဆန်းသော အခြင်းအရာတစ်ခုမှာ ထိုကျောက်လှေကားကြီးသည် တောင်ထိပ်သို့မရောက်ဘဲ တောင်ထိပ်အောက် ဂူဝတစ်ခုနှင့်တူသော နေရာအထိ သာရောက်ခြင်း ဖြစ်လေသည်။ ထိုထက် ထူးဆန်းထင်ရှားသော အရာ တစ်ခုမှာ ဂူဝ၏တစ်ဖက်တစ်ချက်နှင့် ဝိုင်းဝန်းသော မျက်နှာရှိ၍ ဦးခေါင်း ထက်တွင် ကြာယပ်ကဲ့သို့ အတောင်အလက်များရှိနေသည့် ကျောက်ရုပ်ကြီး နှစ်ခု ဖြစ်၏။

လှေခါးခြေရင်းအောက် သံမံတလင်း ကျောက်ခုံပေါ်၌လည်း အလွန်ကြီးသော အလားတူ ရုပ်ထုကြီးတစ်ခု ရှိ၏။ ထိုရုပ်ထု၏ရှေ့၌မူ ကျောက်စားပွဲကြီးတစ်ခုရှိရာ ၇ ပေခန့်ရှည်၍ လက်မ ၃၀ ခန့် အမြင့်ရှိ လေသည်။ ကလေတန်သည် အထက်ပါ ရှုမြင်ကွင်းများကို တစ်ချက် ကြည့်ရုံမျှနှင့် မြင်မိလေပြီ။

ထိုကျောက်စားပွဲ၏ အရှေ့ဘက်စွန်းတွင် ကုလားထိုင်ကဲ့သို့ ကျောက်ခုံတစ်ခုရှိ၍ ထိုကျောက်ခုံပေါ်တွင် လူတစ်ယောက် ထိုင်နေလေ သည်။ ထိုသူမှာ ကြေးနီရောင် အသားအရေရှိ၍ 'အင်ဒီးယန်း'တစ်ယောက် ဖြစ်ကြောင်း မြင်ရုံနှင့် သိနိုင်၏။ သို့သော် အခြားသူများမှာ အမွေးအမျှင် များ ကင်းမဲ့သော်လည်း ထိုသူ၌ မုတ်ဆိတ်ကြီးဖားဖားရှိလျက် ဖြောင့်စင်း





သော နှာတံရှိပြီးလျှင် အရပ်အမောင်းမှာလည်း အခြားသူများထက် ခေါင်း တစ်လုံး မြင့်လေသည်။ မျက်လုံးများမှာမူ ကြင်နာခြင်းကင်းမဲ့ဟန် ရှိ၏။

အဝတ်အစား၌လည်း ကွာခြား၏။ သူသည် အဝါရောင်ဝတ်ရုံကြီး ကို ဝတ်ထားရာ ဦးခေါင်းပေါ်တွင် ရွှေသရဖူကဲ့သို့ အချွန်အတက်များဖြင့် အဖိတ်ဖိတ်တောက်နေသော ဦးဆောင်းတစ်ခုကို ဆောင်းထားလေသည်။

"ဟော့... ကလေတန် သူတို့ရဲ့အကြီးအကဲနဲ့ တူတယ်ကွဲ့။ တယ် ဟုတ်တဲ့အကောင်ကြီးဟော့။ ခေါင်းပေါ်က ဦးဆောင်းကြီးကတော့ ရွှေပဲ ဖြစ်ရမယ်ချင်း..."

"သရဖူပုံကတော့ နေရဲ့ ပုံသဏ္ဌာန်ပဲကွဲ့။ မဟုတ်ခါမှလွဲရော"

"သြော်... သတိရပြီဟော့။ ဒီရာသီဟာ ဆောင်းဦးပေါက် မဟုတ် လားကွဲ့။ ဒီအချိန်လောက်မှာ နေကိုကိုးကွယ်တဲ့ လူရိုင်းတွေဟာ ယဇ် ပူဇော်ပွဲတွေ လုပ်တတ်ကြတယ်လို့ ငါ ကြားဖူးတယ်"

"ဟော... ဟုတ်လား... ငါတို့ကိုများ ယဇ်ပူဇော်ကြဦးမှာလား မသိဘူးယ်..."

○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ရှေး အင်ကာလူမျိုးသည် (နေ)ကိုးကွယ်ကြ၍ ထိုအယူဝါဒသည် အင်ကာတို့က အနိုင်ရခဲ့သော 'အင်ဒီးယန်း'လူမျိုးများစွာသို့ပင် ဘိုးစဉ် ဘောင်ဆက် ဆင်းသက်လာခဲ့၏။ သူတို့နှစ်ယောက်ကား ထိုလူရိုင်းမျိုး တစ်မျိုး၏ လက်တွင်းသို့ ကျရောက်ခဲ့ခြင်း ဖြစ်လေသည်။

ဂျိုး ပြောသည့်အတိုင်း ထိုလူရိုင်းမျိုးများသည် တစ်နှစ်လျှင် နှစ် ကြိမ်ကျ နွေဦးပေါက်နှင့် ဆောင်းဦးပေါက်ရာသီများတွင် နေနတ်သား အား တိရစ္ဆာန်တို့ဖြင့် ယဇ်ပူဇော် ပသကြမြဲ ဖြစ်၏။ တစ်ခါတစ်ရံ လူသားတစ်ယောက်ကိုပင် ပူဇော်တတ်လေသည်။

လူရိုင်းများသည် မလှုပ်မယှက် ရပ်လျက်ရှိကြရာ ဝတ်လုံအဝါ ဝတ်ထားသော လူကြီးသည်လည်း သူ့အနီးတွင်ရှိနေသည့် ကျောက်ရုပ် တမျှ ငြိမ်သက်လှပေ၏။

ကလေတန်သည် မငြိမ်မသက်ရှိနေသည်နှင့် ဂျိုးက…

"ဟေ့ကောင်– အိမ်ဖြွေရရ နေစမ်းပါကွဲ့… ပြီးတော့ ငါ့အရိပ်အကဲ လည်း ကြည့်နေနော်။ ငါကများ တကယ်လို့ ပစ်ချလိုက်ရင် ပထမဆုံး လဲသွားတဲ့လူဆီက လှံကိုသာ ရအောင်ယူပေတော့… ကြားလား"

"အေးပါကွယ် ခွေးကောင်တွေ… တို့ကို ယဇ်မပူဇော်ခင် သူတို့





ဆဲက နှစ်ကောင် သုံးကောင်လောက်တော့ ပူဇော်လိုက်ရဦးမယ်"

တခဏမျှ ကြာလတ်သော် ဘုန်းကြီးသည် ထိုင်နေရာမှ ထလိုက် ပြီးလျှင် နေကို မော်၍ကြည့်ကာ ပါးစပ်မှ တစ်စုံတစ်ရာကို လေးနက်စွာ ရွတ်ဆိုလေ၏။ ထိုအခါ အစောင့်များသည် လှုပ်လှုပ်ရှားရှားဖြစ်လာ၍ ပြီးနောင် ကလေတန်တို့အား ကျောက်ခုံမြင့်နှင့် နီးသောနေရာသို့ ခေါ်သွား ကြလေ၏။

ကျောက်ခုံပေါ်သို့ ကျယ်ပြန့်သော ကျောက်လှေခါးထစ်များဖြင့် တက်ရပြီးလျှင် သူတို့အား နံဘေးမှ အစောင့်များခြံရံကာ အပေါ်သို့ ခေါ်သွားလေသည်။ ကျောက်စားပွဲ၏မျက်နှာပြင်တွင် ခပ်မှိန်မှိန်ထင်၍နေ သော အနီကွက်များကိုမြင်ရသဖြင့် ကလေတန်သည် အကြောင်းစုံကို သိရှိလေပြီ။

ကျောက်ခုံ၏နောက်တွင် ကပ်လျက် မြင့်မားသော ကျောက်တောင် ကြီးရှိရာ နေသည်လည်း မွန်းတည့်လုနီးပြီဖြစ်၍ ခြစ်ခြစ်တောက်ပူလျက် ရှိလေ၏။

ဘုန်းကြီးသည် အသံပြကြီးဖြင့် တစ်စုံတစ်ရာကို လေးနက်စွာ ရွတ်ဆိုလျက် ရှိလေသည်။

"တို့ကို သတ်ဖို့ ပြောတာလား မသိဘူးဟေ့"

"ခဏ စောင့်ကြည့်ပါဦး ဂျိုးရယ်"

လူငယ်နှစ်ယောက်တို့သည် တစ်စုံတစ်ခုဖြစ်က လက်မနှေးရန် အသင့်ရှိနေကြ၏။

ဘုန်းကြီးသည် အထိမ်းအမှတ်ပြသကဲ့သို့ ဦးခေါင်းပေါ်သို့ လက်နှစ် ဖက်ကိုမြှောက်လိုက်ရာ ထိုခဏ၌ သူတို့အား နောက်မှ ကပ်၍စောင့်နေ သော အစောင့်များသည် တစ်ခါတည်း ဖမ်းဆီးချုပ်နှောင်လေ၏။ သို့သော် သူတို့ကို ဖမ်းရသည်မှာ ကြောင်ရိုင်းနှစ်ကောင်ကို ဖမ်းရသည်နှင့် တူလှ၏။ ကလေတန်သည် သူ့ကိုချုပ်သည့် လူရိုင်းအား ခြေဖြင့်ဆောင့်၍ကန်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ဗိုင်းခနဲ လဲကျသွားလေ၏။ ထိုခဏ၌ ဂျိုး၏ သေနတ်ကလေးမှ ဒိုင်း... ဒိုင်း ဟု နှစ်ချက်ဆက်၍ ပေါက်ထွက်သံ ကြားရလေ၏။

ဒုတိယလူရိုင်းသည် သူ၏ကိုယ်ကြီးဖြင့် ကလေတန်အား ဖိထားရာ ကလေတန်မှာ မှောက်လျက် လဲကျသွားလေ၏။ သို့ရှိစဉ် နောက်သေနတ်သံတစ်ချက် ထပ်မံကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဖိထားသောလူရိုင်း၏ ကိုယ်ကြီးသည် သူ့အပေါ်သို့ဖြတ်ကာ လဲကျသွားတော့၏။ ထိုအခါ ကလေတန်သည် ပိနေသောကိုယ်ကြီးအောက်မှ ရုန်းထွက်ကာ ဖျတ်ခနဲ မတ်တတ်ရပ်လိုက်လေသည်။

ကလေတန်သည် နောက်ကခုန်၍အုပ်လာမည့် လူရိုင်းအား စောင့်၍ မနေတော့ဘဲ လက်သီးဖြင့် မျက်နှာကို တည့်တည့်ကြီး ထွပ်လိုက်ရာ ထိုသူသည် သမ်တလင်းပေါ်သို့ လဲကျသွားပြန်၏။ သို့နှင့် လူရိုင်းလက်မှ လှံကြီးကို ကောက်ယူလိုက်နိုင်လေသည်။ ထိုအချိန်၌ "ဒီကိုဟေ့... ဒီကိုဟေ့"ဟု ဟစ်အော်လိုက်သော ဂျိုး၏အသံကို ကြားရသဖြင့် သူသည် အလောင်းသုံးလောင်းကို ကျော်လွှားကာ လှံကြီးကိုကိုင်လျက် ဂျိုး၏နံဘေးသို့ ရောက်အောင် ပြေးသွားတော့၏။ ထိုအခါ၌ သူတို့သည် သွေးများတက်ကြွကာ ရန်သူများအား ရဲရဲဝံ့ဝံ့ မျက်နှာမူလျက် ရှိနေကြရာ လူရိုင်းများသည်လည်း ကြောင်တောင်တေးလျက် နောက်သို့ ခပ်ဆုတ်ဆုတ် ရှိနေကြလေသည်။

"ဟေ့....ဂျိုး... ထပ်ပစ်... ထပ်ပစ်... ပြီးတော့ ဆက်ချတာပေါ့"

"နေစမ်းပါကွယ်... မင်းဟာ မြည်းနဲ့ သိပ်တူတယ်။ ဟို လှေကားရောက်အောင် တိုးကြိုးစားရမယ်ကွဲ့... ဟိုမှာကြည့်စမ်း နောက်က သူတို့လူထပ်စုနေကြတယ်"

"ဒါဖြင့် လုပ်လေကွယ် မြန်မြန် အဖေးကနေပြီး ပစ်မှာ စိုးရတယ်ကွဲ့"





နောက်မှ လူရိုင်းအုပ်များသည် မိန်းမနှင့် ကလေးများကို နံဘေးသို့ ငယ်ထုတ်လျက်ရှိကြရာ သူတို့လက်ထဲတွင် လေး မြားများကို မြင်ရ၏။ ထို့ပြင် နောက်ဘက်မှ ဟစ်အော်သံတစ်ခု ကြားလိုက်ရပြီးနောက် ဘုန်းကြီး ခေါင်းဆောင်သော ရှေ့မှလူစုသည် နောက်လူများပစ်နိုင်စေရန် နံဘေးသို့ ချ၍ ပေးကြလေသည်။

"မင်းပြောတာ မှန်တယ် ကလေတန်... ကိုင်း...လာဟေ့ မြန်မြန်"

ဂျိုးသည် ကျောက်ခုံပေါ်မှ ခုန်လွှားကာ ကျောက်လှေခါးဆီသို့ တစ်ဟုန်တည်းပြေးသွားသဖြင့် ကလေတန်လည်း နောက်မှ ထက်ချပ်လိုက်ပါသွားလေ၏။ ဘုန်းကြီး၏ ဟစ်အော်လိုက်သံသည် မိုးကြိုးသံကဲ့သို့ ဟိန်း၍ သွားလေ၏။ သို့ရှိစဉ် မြားအုပ်ကြီးတစ်ခုသည် ဝီခနဲ၍သွားပြီး နောက် ကျောက်ခုံပေါ်သို့ ပျံ၍ ကျရောက်လေ၏။ ထိုအနက် မြားတစ်စင်းသည် ဂျိုး၏ ခြေသလုံးကြွက်သားကို ထိမှန်လေရာ ဂျိုးသည် ဟပ်ထိုး ပြုတ်ကာ လဲကျသွားလေ၏။

"ကလေတန်... ရော့ဟေ့ သေနတ်"

သို့နှင့် ကလေတန်သည် သေနတ်ကို လှမ်းယူလိုက်ပြီးလျှင် ဂျိုး၏ ကိုယ်ကို သူ၏ကိုယ်နှင့် ကွယ်ထားပြီးနောက် ရန်သူများအား ပစ်ခတ် တော့၏။ သို့သော် လူရိုင်းများမှာ အတော်ဝေး၍နေသဖြင့် သုံးယောက်သာ ထိမှန်လေရာ ထိုအချိန်၌ကား လူရိုင်းများမှာ အစုလိုက် တစ်ခဲနက် ချီတက်လာကြလေပြီ။

ကလေတန်သည် သေနတ်မောင်းကို ဆက်၍ဆွဲသော်လည်း ယမ်း ဆောင့်ကုန်သဖြင့် ကျည်ဆန် မထွက်တော့ချေ။ သို့နှင့် သူသည် လှံကို ဆွဲယူကာ ခြံမှလွှတ်ပေးလိုက်သော ကျွဲရိုင်းကဲ့သို့ လူရိုင်းအုပ်ထဲသို့ တစ် ရှိန်တည်း တိုးဝင်လေ၏။ ပထမလှံချက်သည် ရှေ့ဆုံးမှ လူရိုင်း၏ကိုယ်ကို ဖောက်ကာ ၆ လက်မခန့် နောက်ကျောမှ ထွက်သွားသေး၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



လက်တွင်းမှလုံ လွတ်၍သွားပြီဖြစ်ရကား လူရိုင်းများသည် အမဲရိုးကို ဝိုင်း၍ဆွဲသော ခွေးများကဲ့သို့ ကလေးတန်အား ဝိုင်းအုံဖမ်းဆီးကြလေရာ မကြာမီ ဖမ်းမိသွားတော့၏။ ထိုခဏ၌ နောက်မှနေ၍ တစ်စုံတစ်ယောက်က ဦးခေါင်းကို ပြင်းထန်စွာ ရိုက်လိုက်သဖြင့် ကလေးတန်သည် လဲကျသွားပြီးနောက် သတိလစ်၍ သွားလေ၏။

သတိရ၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ သူသည် တိုက်ခိုက်၍မနေတော့ဘဲ ကျောက်စားပွဲပေါ်တွင် ပက်လက်လန်လျက် ရှိနေပြီးလျှင် ခြေလက်များကိုလည်း တုပ်နှောင်ထားသည်ကို တွေ့ရ၏။ ဂျိုးမှာလည်း သူနှင့် နံဘေးချင်းယှဉ်ကာ အလားတူ ရှိနေလေသည်။ သူတို့နံဘေး၌ကား ဘုန်းကြီးသည် ပါးစပ်မှ တစ်စုံတစ်ရာကို ခေါက်တုန့်ခေါက်ပြန် ရေရွတ်လျက် ရှိ၏။ ဂျိုးသည် ကလေးတန် သတိရ၍ မျက်လုံးဖွင့်သည်ကို မြင်ရသဖြင့်–

"ဟေ့ကောင်ကြီး ဘယ့်နှယ်နေသေးသလဲ"

"နည်းနည်း ခေါင်းမူးတာပါပဲကွယ်။ ဘာမှ မဖြစ်ပါဘူး… မင်းကော…"

"ငါလည်း ဘာမှမဖြစ်ပါဘူး… နေပါဦး ဒီအကောင်ကြီးက ဘာတွေများ ရွတ်ဖတ်နေသလဲ မပြောတတ်ပါဘူး… အရေးထဲ နားငြီးလိုက်လေကွယ်…"

"သူရွတ်ပြီးရင် တို့ကို သတ်မလား မပြောတတ်ဘူး… သွားပြီကွယ်… ဂျိုး… မင့်ကို ငါ နောက်ဆုံး နှုတ်ဆက်လိုက်ပါတယ် သူငယ်ချင်း… ငါ ဝမ်းနည်းတာတစ်ခုက ဗဆီဂါကို လက်တုန့်မပြန်လိုက်ရတာ တစ်ခုပါပဲ"

"အရေးထဲ ဒီအကောင်အကြောင်း ပြောမနေစမ်းပါနဲ့ကွယ်။ ငါကလည်း မင့်ကို နှုတ်ဆက်ပါတယ် ကလေးတန်… ဟော… သူ ရပ်သွားပြီဟေ့"





ရွတ်ဖတ်ခြင်း ဆုံးသည်နှင့်တစ်ပြိုင်နက် ဘုန်းကြီးသည် လက်နှစ်ဖက်ကို မြှောက်လိုက်၏။ သူ၏လက်၌ကား ကြေးနီကိုပြုလုပ်ထားသည့် သစ်ရွက်ပုံရှိသော ဓားကြီးကို ဆုပ်ကိုင်ထားလေသည်။ ဂျိုးအား သတ်သည်ကို မမြင်လိုသဖြင့် မိမိအား ရှေးဦးစွာ သတ်ပါစေဟု ဆုတောင်းကာ ကလေးတန်သည် မျက်လုံးများကို မှိတ်ထားလိုက်လေ၏။

○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ကလေတန်သည် နားထဲတွင် လေချွန်သံကဲ့သို့ ထူးဆန်းသော တဝီဝီမြည်သံတစ်ခုကို ကြားရလေရာ အသံမှာ ပျောက်၍မသွားဘဲ တဖြည်းဖြည်း နီးကပ်၍လာသကဲ့သို့ ထင်ရ၏။ သို့နှင့် မျက်လုံးများကို အားတင်း၍ ဖွင့်လိုက်သောအခါ အရပ်မြင့်သော ဘုန်းကြီးသည်လည်း မြှောက်ထားသော လက်များကိုချကာ တစ်စုံတစ်ရာ ကြားရသကဲ့သို့ နားစိုက်လျက်ရှိသည်ကို တွေ့ရလေသည်။

သူသည် အသံကြားရာ ကောင်းကင်သို့ မော်ကြည့်မိရာ အတော်ကြီးမားသော လေယာဉ်ပျံကြီးတစ်စင်းကို အံ့သြစွာ တွေ့မြင်ရ၏။ လေယာဉ်ပျံသည် ပေ ၅၀၀ ခန့်အမြင့်တွင် ပြင်းထန်သောအရှိန်ဖြင့် ပျံသန်းလျက်ရှိရာမှ အစာကို ထိုးသုတ်ရန်ဆင်းလာသော ငှက်တစ်ကောင်ကဲ့သို့ ရှာဆီသို့ ဆင်းသက်လာသည်ကို မြင်ရပြန်လေသည်။ သို့နှင့် ဂျိုးအား "ဟေ့... ဂျိုး... လေယာဉ်ပျံ ဟေ့"ဟု ပြောကာ သူ၏ဦးခေါင်းကို လက်ဝဲဘက်သို့ စောင်းလိုက်၏။ လူရိုင်းများလည်း လေယာဉ်ပျံကို မြင်ကြပြီဖြစ်ရာ ဘုန်းကြီးပါမကျန် မြေပြင်ပေါ်တွင် ပြားပြားဝပ်ကာ ရှိနေကြကုန်၏။

"ဟုတ်တယ်ဟေ့... လေယာဉ်ပျံပေါ်က လူတွေက တို့ကိုလုပ်တာ အားလုံးမြင်ပြီ ထင်တယ်ကွဲ့။ ဘုရား မ,တာပဲ သူငယ်ချင်း"





"ဟော... ဆင်းပြီ... မြင်လား ဂျိုး"

လေယာဉ်ပျံကြီးသည် ရှာပြင်ရှိ ကွင်းကြီးထဲသို့ နောက်ဆုံး ထိုးဆင်းလာရာ ယဇ်ပူဇော်မည့်နေရာနှင့် ကိုက် ၂၀၀ မျှပင် မဝေးချေ။ ဤအတွင်း၌ကား ၂ မိနစ် ၃ မိနစ်မျှသော အချိန်ကို တစ်နာရီခန့်ဟုပင် ထင်မိကြ၏။ ကြိုးများမှာ ကျပ်လွန်းလှသဖြင့် အနည်းငယ်မျှသာ လှုပ်ရှားနိုင်ကြလေသည်။ ဘုန်းကြီးသည် မည်သည့်အချိန်တွင် သူ၏ ယဇ်ပူဇော်ပွဲကို အပြီးသတ်မည်နည်းဟု အောက်မေ့မိ၏။

ဘုန်းကြီးနှင့်တကွ လူရိုင်းတို့အယူအဆကား တစ်မျိုးတစ်ဖုံ ဖြစ်လေ၏။ နေဗိမာန်မှ နေနတ်သားသည် သူတို့ ကျူးလွန်မိသော မကောင်းမှုကံခုအတွက် ဒဏ်ခတ်ရန် လွှတ်လိုက်သော စေတမန်ဟု ထင်ကြ၏။

အချိန်အနည်းငယ်မျှ ကြာသွားပြီးနောက် ကျောက်ခုံပေါ်တွင် ဖိနပ်စီးနင်းတက်လာသော ခြေသံများကို ကြားရပြီးလျှင် သူတို့ရှိရာသို့ အပြေးအလွှားလာနေသော လူနှစ်ယောက်ကို မြင်ရ၏။ ပထမလူမှာ ဂျိုး၏ ကိုယ်လုံးကိုယ်ပေါက်ထက်ပင် ကြီး၍ လေယာဉ်ပျံမောင်းသမား အဝတ်ကို ဝတ်ကာ နဖူးထက်တွင် သားရေဦးထုပ်နှင့် မျက်မှန်ဝိုင်းအနက်ကြီးကို တပ်ဆင်ထားလေသည်။ ထိုသူသည် လက်ယာဘက်လက်တွင် စစ်ဘက်၌ အသုံးပြုလေ့ရှိသည့် ၄၅ ဗို့ ကျည်ဆန်မျိုးကို ပစ်နိုင်သည့် ခြောက်လုံးပြူး သေနတ် အကြီးစားကြီးတစ်လက်ကို ကိုင်ထား၏။

"မျက်နှာဖြူကလေးတွေပါ... ကျွန်တော် အစက မပြောဘူးလား ဗိုလ်ကျော်ဖက်ဆာရဲ့"ဟု ပြောသံ ကြားလိုက်ရ၏။ လူရိုင်းများမှာ နောက်သို့ ဆုတ်ပြေးကြလေရာ ကြောက်အားလန့်အားနှင့် လဲ၍ကျန်ရစ်ခဲ့သော ဘုန်းကြီးအား သူတို့သည် လက်ရဖမ်းဆီးရမိလိုက်လေ၏။ မကြာမီ ထိုသူသည် ဓားချွန်းကြီးတစ်ချောင်းဖြင့် ကလေတန်၏ကြိုးများကို ဖြတ်ပေးလေသည်။ ဒုတိယလူမှာ လူရိုင်းဘုန်းကြီးလောက် အရပ်မြင့်သော်လည်း ခါးလုံးကို ထောင်ထားဘိသကဲ့သို့ ပိန်ကြုံလှ၏။ မျက်နှာမှာ မဆိုသလောက်



www.burmeseclassic.com

www.burmeseclassic.com



အရေတွန့်ကာ ဆံပင်မှာလည်း အဖြူရောင်ရောလျက် မွဲပြာပြာအဆင်း ရှိ၏။ သို့သော် မျက်လုံးများမှာမူ လူငယ်တစ်ယောက်ကဲ့သို့ နက်မှောင် စူးရှလှပေ၏။ သူသည် အမေရိကန်လေသံဖြင့် "သီသီကလေး လိုတော့ တယ် ဒစ်ရယ်"ဟု သူ့အဖော်အား ပြောရင်း ဂျိုး၏ကြိုးများကို ဖြတ်ပေး လေသည်။

ထိုအခါ ဂျိုးသည် သူ၏ ဝါသနာအတိုင်း အေးဆေးလှသော အမူအရာဖြင့်–

"မှန်ပါတယ် ခင်ဗျာ... ကျေးဇူးတင်ပါတယ်။ တစ်မိနစ်လောက် သာ နောက်ကျရင် ကျွန်တော်တို့နှစ်ယောက် ကိစ္စချောပြီပဲ ခင်ဗျာ"

ပဈော်ဖက်ဆာ ဆိုသူသည် ကျောက်စားပွဲနံဘေးတွင် ကျ၍ကျန်ရစ် ခဲ့သော ဘုန်းကြီး၏ဓားကို ကောက်ယူကြည့်ရှုလျက်–

"ဒီဟာ ယဇ်ပူဇော်တဲ့ ဓားအစစ်ပဲ... ကြေးနီနဲ့လုပ်ထားတယ်... တန်ဖိုးရှိတဲ့ ဓားတစ်ချောင်းပေပေါ့"

ထိုအခါ ဂျိုးသည် ထ၍ထိုင်ပြီးနောက်–

"လိုချင်ရင် သိမ်းထားတာပ ခင်ဗျာ... ဒါထက် ကျွန်တော်တို့ ဒီနေရာက မြန်မြန်သွားကြမှတော်လိမ့်မယ် ထင်တယ်... ဒီအကောင်တွေ ဟာ အကြောက်ပြေလာရင် စိတ်မချရဘူး ဆရာကြီး"

"မောင်ပြောတာ မှန်တယ်... သည်တော့ ဘယ်လမ်းကို ကျုပ်တို့ လိုက်ရင် အကောင်းဆုံးလဲ"

လေယာဉ်ပျံနဲ့ ဒီတောင်ကြားက မြန်မြန်ထွက်ကြဖို့ ပြောတာပါ ဆရာကြီးရဲ့"

ထိုအခါ 'ဒစ်'ဆိုသူက–

"ခင်ဗျားပြောတာတော့ ဟုတ်ပါရဲ့။ နို့ပေမဲ့ ကျုပ်တို့မှာ ဓာတ်ဆီ ကုန်နေတာက ခက်တယ်"

"အကောင်းဆုံးကတော့ ကျွန်တော်တို့ ဟိုဂေ့ျာက်လှေကားကို





ကြရလိမ့်မယ် ခင်ဗျာ့"

"ဒါပေမဲ့ ကျုပ်တို့ ပစ္စည်းတွေက လေယာဉ်ပျံထဲမှာ ကျန်ရစ်ခဲ့ တယ်"

"ဒီအကောင်ကြီး မလွှတ်နဲ့ ဖမ်းထား။ ဒီအကောင်ကြီး ကျုပ်တို့ က်ထဲမှာရှိရင် ဟိုအကောင့်တွေ ရတ်တရက် မလုပ်ဝံ့သေးပါဘူး"

"မောင့်အကြံ ကောင်းတယ်... ဟော့ ဒစ်။ ဒီအကောင်ကြီး ကြိုးနဲ့ င်လိုက်စမ်း"

သို့နှင့် ဒစ်သည် ဘုန်းကြီးအား ကြိုးတစ်ချောင်းဖြင့် နောက်ပြန် င်နှောင်လေ၏။ ထိုအချိန်၌ ကလေတန်သည် ဂျိုး၏ခြေထောက်မှ အမှန်သောဒဏ်ရာကို သူ၏ လက်ကိုင်ပုဝါဖြင့် ချည်နှောင်ပေးလေသည်။ နောက် လေးဦးသားတို့သည် ဘုန်းကြီးကို တန်ဆာခံထားကာ ကျောက်ခုံ မှဆင်း၍ လေယာဉ်ပျံရှိရာသို့ သွားကြလေရာ လူရိုင်းများသည် အတော် လှမ်းလှမ်းမှ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာများဖြင့် ကြည့်ရှု က် ရှိကြကုန်၏။

"ကျုပ်တို့ မြန်မြန်လုပ်ကြရင် အကောင်းဆုံးပဲ။ ဒီအကောင်တွေ တ်မချရဘူးနော့်"

"နို့ပေမဲ့ အကောင်ရှေကြီး ကျုပ်တို့လက်ထဲ ရှိနေသမျှ ကိစ္စ ရှိသေးပါဘူး ထင်ပါရဲ့ဗျာ"

သို့ပြောရင်း လေယာဉ်ပျံဆီသို့ ရောက်လာကြရာ ဆရာကြီးနှင့် ဒစ်တို့သည် သူတို့၏ပစ္စည်းများကို လေယာဉ်ပျံအတွင်းမှ သယ်ထုတ်လျက် ရှိကြလေ၏။ ဂျိုးက အကျဉ်းသားကိုကိုင်ထားရာ ကလေတန်က ပစ္စည်း များကို ၃ ထုပ်ခွဲ၍ ထုပ်ပိုးလျက် ရှိလေသည်။

ထိုအခါ 'ဒစ်'က ပဈော်ဖက်ဆာကြီးဟာ ရှေးမြို့ပျောက်ကြီးကို ရှာဖွေရန် ရောက်လာကြောင်း၊ ဓာတ်ဆီကုန်၍ ဤနေရာတွင် ဆင်းသက် ရကြောင်း အကျဉ်းချုပ်ပြောပြ၏။ သို့သော် သူတို့ကား စကားပြောရန်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မရချေ။ ပစ္စည်းများမှာ အလွန်ကောင်းသော ရိုင်ဖယ် ၂ လက် ပြောင်းတိုသေနတ် တစ်လက်၊ ယမ်းတောင့်များ၊ စည်သွတ်အသားဘူး များ၊ ဂျုံမှုန့်အိတ်တစ်လုံး၊ ကော်ဖီမှုန့်၊ သကြားနှင့် ဆား အနည်းငယ်တို့ ဖြစ်၏။ ဒစ်မှာ ခွန်အားဗလနှင့် ပြည့်စုံရုံမျှမက လုပ်ကိုင်ရာတွင်လည်း အလွန် ကျင်လည် ဖျတ်လတ်သူတစ်ယောက်ဖြစ်ကြောင်း တွေ့ရလေသည်။

ထို့နောက် ဒစ်သည် ဘုန်းကြီးအား လေယာဉ်ပျံတွင် ကြိုးများဖြင့် တုပ်နှောင်လေ၏။

"ကျောက်လှေခါးက တောင်ထိပ်လည်း မရောက်ပါလားဗျို့။ အပေါက်ကြီးရဲ့အဝမှာ လမ်းဆုံးနေတယ်"

"အပေါက်ကြီးက ဂူဝပဲဗျ။ ဒါပေမဲ့ ဒီလမ်းတစ်ခုပဲ ကျုပ်တို့ ပြေးပေါက်ရှိတယ်"

"ဆရာကြီးကော ဘယ်လို သဘောရပါသလဲ"

"ဂူနဲ့ပဲ တူတယ်... ကောင်းပါတယ်လေ"

ထိုအချိန်၌ လူရိုင်းများသည် လေယာဉ်ပျံကိုလည်းကောင်း။ လူဖြူ များအပေါ်၌လည်းကောင်း အကြောက်ပြေ၍ သွားဟန်ဖြင့် မရဲတရဲ တဖြည်းဖြည်း တိုး၍လာကြပြန်၏။ ထိုအခါ 'ဒစ်'က–

"တိုင်ကီထဲမှာ ဓာတ်ဆီနည်းနည်းတော့ ကျန်သေးတယ်။ ကိုင်း ကျုပ်တို့ ပြေးပေါက်ရအောင် လုပ်ဦးမှပဲ"ဟု ပြောကာ လေယာဉ်ပျံမောင်း သမားထိုင်သော ခုံပေါ်သို့တက်၍ ခလုတ်များကို ပြင်ဆင်ခဲ့ပြီးလျှင် ပန်ကာ ကို တအားလှည့်ပေးကာ စက်နှိုးလေ၏။ အင်ဂျင်နိုးလာသည့်ခဏ၌ ပန်ကာသည် အရှိန်ပြင်းစွာဖြင့် လည်လေရာ မြင်းကောင်ရေ ၂၅၀ အားရှိ သော စက်သံနှင့် ပန်ကာသံများသည် တဝေါဝေါ တဝုန်းဝုန်းမြည်ကာ တောတစ်ခုလုံးကို ဆူညံ၍သွားစေ၏။ လူရိုင်းများလည်း ဘာသာဘာဝ ဟစ်အော်ကာ အရပ်လေးမျက်နှာသို့ ထွက်ပြေးကြကုန်၏။

ပရော်ဖက်ဆာသည် သူ၏အထုပ်ကို ကျောပိုးလိုက်ပြီးလျှင် "ကိုင်း





လာတုန်း သွားကြရအောင်။ ကျောက်ခုံပေါ်ရောက်ရင် ဒီအကောင်တွေ တို့ကို တိုက်ဖို့ ခဲယဉ်းပါတယ်"ဟု ပြောသဖြင့် လေးဦးသားတို့သည် နှုန်းမြည်လျက်ရှိသော လေယာဉ်ပျံကို ထားခဲ့ပြီးလျှင် တောင်ခြေရင်း ကျောက်ခုံရှိရာ ခပ်သုတ်သုတ်လာခဲ့ကြ၏။

ကျောက်ခုံဆီသို့ နီးကပ်၍လာသည်တွင် စက်သံများသည် တဖြည်း ဖြည်း နေးလာလျက် ဂျိုးသည် ပထမဆုံး လှေကားထစ်ကို တက်မိသည်နှင့် ငြိမ်နေတ် ရပ်၍သွားလေ၏။ ထိုအခါ လူရိုင်းများ၏ ဟစ်အော်သံများကို အဝေးကထက် ပို၍ကြားရပြန်၏။

"ဒီကောင်တွေကြည့်ရတာ ရှေးအင်ကာ အဆက်အနွယ်တွေနဲ့ တူတယ်"

"ကိုင်း... ဆရာကြီး အချိန်မရှိဘူး။ ကျွန်တော်တို့ မြန်မြန်တက်ကြ မှ။ လှံနဲ့ပစ်မှာ ကြောက်ရတယ်"

"လှံထက် မြားက ပိုပြီးဆိုးတယ် ကိုယ့်လူ"

"မြန်မြန်လုပ်ကြဗျို့... လာကုန်ပြီ"

ထိုအချိန်၌ကား လူရိုင်းများမှာ ချဉ်းကပ်၍လာလေပြီ။ ကလေတန် သည် 'ဂျိုး'၏ ချိုင်းကို ဖေးမကာ ကျောက်လှေကားကြီးကို စ၍ တက်ကြ လေ၏။ နောက်တစ်ကြိမ် လူရိုင်းများ၏ ကြွေးကြော်သံကြီးတစ်ခုကို ကြားလိုက်ရပြီးနောက် မြားများသည် လေထဲတွင် ဝီခနဲကာ အနီးအနား၌ ကျရောက်ကြကုန်၏။ ဂျိုး၏ဒဏ်ရာမှာ မပြင်းထန်ဟု ဆိုရသော်လည်း အမြင့်ကိုတက်ရသဖြင့် အလွန်နာကျင်ကာ သွေးများ ယိုထွက်၍လာတော့ ၏။ ကလေတန်လည်း ပေါင် ၅၀ ထက်မနည်း လေးလံသောအထုပ်ကြီးကို ကျောပိုးကာ ဂျိုးအား လက်တစ်ဖက်က တွဲယူဖေးမရင်း တက်လေ၏။

'ဒစ်'၏သေနတ်မှာ ကျာပွတ်ကဲ့သို့ ရွှီခနဲ ကြားရပြီးနောက် ပရော် ဖက်ဆာ၏ နှစ်လုံးပြူးသေနတ်သည်လည်း မရှေးမနှောင်း နှစ်ချက်ဆင့်၍ ထွက်သွားလေ၏။ ပရော်ဖက်ဆာ၏သေနတ်မှာ ဒရယ်ပစ်ရန် စရိုင်းများ



www.burmeseclassic.com

www.burmeseclassic.com



"မောင့်မှန်ပြောင်း ခဏပေးစမ်း။ အင်း… ဟုတ်တယ်။ ဒိုင်းပုံ
တော့ ရှေးအင်ကာများသုံးတဲ့ ကြေးနန်းဒိုင်းမျိုးပဲ"

လူရိုင်းများမှာ ၄၀ ခန့်ရှိ၍ ဘုန်းကြီးက ခေါင်းဆောင်လျက်ရှိ
သူသည် အတော်ဆုံးလူများကို ရွေးချယ်၍ ဒိုင်းများပေးထားဟန် ရှိ
သည်။

"ကလေတန်သာ လမ်းပေါက်ရှာ၍ တွေ့ပါစေလို့ ဆုတောင်းတ
ဗျာ"

ထိုခဏ၌ ကလေတန်သည် ဂူတွင်းမှ မော်ကြီးပန်းကြီး ထွက်
သည်ကို မြင်ကြရလေ၏။

"လမ်းစတော့ တွေ့တယ်ဗျာ"

(အားလုံးတစ်ပြိုင်နက်) "ဟင်… ဟုတ်လား"

"ဒါပေမဲ့ ခေါင်မိုးက ပြိုကျပြီး အပေါက်ပိတ်နေတယ်"

○



# အခန်း (၈)

"အတော်များများ ပြိုကျနေသလား သူငယ်ချင်း"

"သိပ်တော့ မများလှပါဘူး။ သို့ပေမဲ့ ကျောက်တုံးတွေ အတော်
ယ်ရလိမ့်မယ်"

သို့ ပြောဆိုလျက်ရှိစဉ် ခေါင်းဆောင်ဘုန်းကြီး၏ ဟစ်အော်အမိန့်
ပေးသံကို ကြားလိုက်ရပြီးနောက် ၄၀ ခန့်မျှသော လူရိုင်းတို့သည် ဒိုင်းများ
ကိုယ်စီကိုင်ကာ ကျောက်လှေကားထစ်များပေါ်သို့ တက်လာကြလေ၏။
သူတို့သည် သစ်ပင်တက်ရာတွင် ကြောင်များ ကျင်လည်သကဲ့သို့ အတက်
တွင် ကျင်လည်ကြလေသည်။

ဒစ်က သူ၏သေနတ်ကို ပခုံး၌ ထောက်လိုက်၏။

"ဒစ်… ဒီအကောင်တွေ နီးလာအောင် စောင့်ဦးနော်။ ဒိုင်းကို
တည့်တည့်ချိန်ပစ်စမ်း။ သူတို့ကြေးနီ ဘယ်လောက်မာသလဲ ကြည့်ရ
အောင်"

ဒစ်သည် ဦးခေါင်းကို ညိတ်လိုက်၏။ သူသည် တာရှည် စောင့်၍
နေရချေ။ လှိုင်းလုံးများတက်သကဲ့သို့ လိမ့်၍တက်လာသော လူအုပ်ကြီး
သည် လမ်းတစ်ဝက်လောက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဒစ်သည်
ခလုတ်ကို ဖြုတ်ချလိုက်လေ၏။ ဒစ်ကား လက်ချိန်ကောင်းလှ၏။ သေနတ်
ကျည်ဆန်သည် ရှေ့ဆုံးတန်းမှ လူရိုင်းတစ်ယောက်၏ဒိုင်းကို 'ချွမ်'ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ငေးမောတွေဝေလျက် ရှိကြလေ၏။

ထို့နောက်မှ ဂျိုးက စ၍–

"ကိစ္စချောတာပဲ... ဒါပေမဲ့ ဒီလို အပြုလိုက်သတ်ရတာ တကယ်ရွံစရာကောင်းတဲ့ အလုပ်ပဲ"

"ဘယ် တတ်နိုင်မလဲလေ။ သူသေသေ ကိုယ်သေသေ လုပ်ရတဲ့ ကိစ္စကိုဗျာ့"

"ကျောက်တုံးကြီးလိမ့်သွားတာ လှေကားထစ်တွေတော့ ပျက်ကုန်ပြီဗျို့"

"ဒါ ကောင်းတယ်။ အောက်ကလည်း အပေါ်မတက်နိုင်ဘူး။ အပေါ်ကလည်း အောက် မဆင်းနိုင်တော့ဘူး။ ဂူထဲမှာ ကျုပ်တို့ အေးအေးဆေးဆေး အလုပ်လုပ်နိုင်တာပေါ့လေ... ကိုင်း... ဂျိုးက ဒီက စောင့်နေရစ်ခဲ့။ ကျုပ်တို့တစ်တွေ လိုဏ်ခေါင်းထဲဆင်းပြီး ကြည့်ကြရအောင်"

သို့နှင့် ဂျိုးကို ထားခဲ့ပြီးနောက် သုံးဦးသားတို့သည် ဂူတွင်းသို့ ဝင်သွားကြလေ၏။ မသေဘဲကျန်ရှိသော လူရိုင်းများကား တပ်ဆုတ်သွားပြီဖြစ်ရာ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်လျက် ရှိတော့၏။ ထိုအခါ ဂျိုးက–

"အခုနေတော့ ကျွန်တော်တို့ ဘေးရန်ကင်းပါပြီ။ ဒါပေမဲ့ ဘယ်လောက်ကြာမယ်တော့ မသိဘူး။ တခြား တက်နိုင်တဲ့လမ်း ရှိချင် ရှိဦးမယ်ခင်ဗျာ။ ညမှာ တစ်မျိုးတစ်ဖုံ တိုက်မှာကိုပဲ ကျွန်တော်တို့ စိုးရိမ်ရတယ်"

နေမှာ အလွန်ပူပြင်းလှသည်ဖြစ်၍ ရေငတ်၍လာခဲ့ကြရာ ထိုအခါမှ ဂျိုးမှာ သူ၏ရေပုလင်းကို လူရိုင်းများ ယူသွားပြီဖြစ်ကြောင်း သိရတော့၏။

အခြားလူများ ဂူတွင်းသို့ဝင်သွားကြ၍ ဂျိုးတစ်ယောက်သာ သေနတ်နှင့် စောင့်ရင်းကျန်ရစ်ခဲ့၏။ ရေငတ်လျက် အချိန်ကြာမြင့်စွာ စောင့်နေရခြင်းကား ခြေတွင် ဒဏ်ရာနှင့်လူတစ်ယောက်အတွက် ကြီးမားသော ဒုက္ခကြီးပေတည်း။ နောက် အတန်ကြာသောအခါ ကလေတန်သည်





...မှာတစ်ခုလုံး မြူမှုန်များကပ်ကာ ဂူတွင်းမှ ထွက်လာပြီးနောက် မိမိတို့ ...ပ်ရမည့်အလုပ်မှာ အလွန်ကြီးသော အလုပ်တစ်ခုဖြစ်၍ ကျောက်တုံး ...ကို ကုတ်ရှိမှသာ ဖယ်ရှားနိုင်မည်ဖြစ်ကြောင်းနှင့် ပြောပြလေ၏။

"ဒီလို လုပ်ပါလားကွယ်။ ကျောက်လှေကားပေါ်မှာ ဒီကနေကြည့် ...င် လှံသုံးချောင်းကျနေတာကို ငါ မြင်ရတယ်။ မင်းတို့လိုချင်တဲ့ ကုတ် ...တာပေါ့"

"အေး... ဒါဖြင့် ငါ ဆင်းကောက်မယ်"

လှံသုံးချောင်းရသောအခါ ကလေတန်သည် ဂူထဲသို့ ပြန်၍ ဝင် ...ားပြန်၏။

ဂျိုး၏ ရေငတ်ခြင်းကား တိုး၍သာ လာတော့၏။ ကိုက် ၂၀၀ ...မျှသာဝေးသည့် တောင်ခြေရင်း၌ ကြည်လင်သော စမ်းချောင်းကလေး ...ည် ရေအိုင်တစ်ခုထဲသို့ စီးဆင်းလျက်ရှိကြောင်း သိရသဖြင့် သာ၍ပင် ...သာဆန္ဒ ပြင်းလာ၏။ ခြေထောက်မှ အနာကလည်း တဖြည်းဖြည်း ...ိုက်၍လာရာ တစ်ကိုယ်လုံး အနာရှိန်ဖြင့် ပူလျက် အဖျားသွေး ဝင်လာ ...တော့၏။ ထိုဒုက္ခများကို ခံစားရင်း တဖြည်းဖြည်း မှိုးချုပ်လာရာ ဂူတွင်းမှ ...နက်သံများကိုလည်း ဂျိုးသည် ခပ်သဲ့သဲ့မျှ ပို၍ ကြားရ၏။

သုံးယောက်သား ပြန်၍ ထွက်လာကြသောအခါ ဂျိုး၏ပါးစပ်မှာ ...ခြောက်သွေ့လျက် စကားကို အနိုင်နိုင်အားယူ၍ ပြောရလေသည်။

"ဘယ့်နှယ့်လည်း အောင်မြင်ခဲ့ကြရဲ့လား"

"ကျောက်တုံးတွေတော့ ဖယ်တန်သလောက် ဖယ်ပြီးခဲ့ပါပြီ။ ဒါပေ ...မဲ့ ဟိုဘက်မှာ ပေ ၅၀ လောက်နက်တဲ့ ချောက်တစ်ခု တွေ့နေတယ်။ ...ဒါကို အခုည ဆင်းလို့မဖြစ်နိုင်ဘူး။ မနက်ကျမှ ဆင်းမှပဲလို့ ပရော်ဖက်ဆာ ...က ပြောတယ်"

"ဂျိုးဟာ ရေငတ်တာနဲ့ သေရပါတော့မယ် ဆရာကြီး။ တစ်ကိုယ် ...လုံးလည်း ပူနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒစ်နှင့် ကလေတန်တို့သည် သူ၏ မနီးမဝေး၌ တီးတိုးပြောနေ လျက် ရှိရာ ဂျိုးသည် မသက်သာသောမျက်နှာနှင့် နားစွင့်လျက် ရှိလေ၏။

ပရော်ဖက်ဆာကြီးသည် ဂျိုးအား စမ်းသပ်ကြည့်ပြီးနောက် ကွီနိုင် အနည်းငယ်ကို သူ့ဆေးအိတ်ထဲမှယူ၍ ဂျိုး၏ပါးစပ်ထဲသို့ လောင်းထည့် လေ၏။

နေ ဝင်၍သွားပြီဖြစ်သော်လည်း အပူမသက်သာသေးချေ။ ထိုအချိန် ၌ ဂျိုးသာမဟုတ်ရင် အားလုံးပင် ရေငတ်၍ မခံမရပ်နိုင်အောင် ရှိကြလေ ပြီ။ အစားအစာများရှိသော်လည်း တစ်လုပ်တလေမျှပင် မည်သူမျှ မစားနိုင် ကြချေ။ သို့နှင့် ညဉ့်အချိန်သို့ ရောက်၍လာရာ အပူငွေ့များသည် မြူခိုးကဲ့ သို့ ကောင်းကင်တွင် ဆိုင်းလျက်ရှိလေ၏။ ဂျိုးမှာ တစ်နေ့ရာတွင်လျောင်း လျက် သူ၏လျှာသည်လည်း တုတ်ချောင်းကဲ့သို့ တောင့်တင်းနေတော့၏။ သူသည် ဒုက္ခဝေဒနာကို ညည်း၍ခံကာ ဂယောင်ဂတမ်း မပြောမိရန်ပင် အတော်သတိပြု၍ နေရ၏။ အခြားလူများ တီးတိုးပြောသံနှင့် သံကို သံချင်း ထိခိုက်သံများကို ကြားရသဖြင့် ဂျိုးသည် သက်မကောင်း ဖြစ်လာ တော့၏။

“ဟေ့ ကလေတန်”ဟု ခပ်မာမာ ခေါ်လိုက်၏။

“ဘာလဲကွယ်... ဂျိုး။ ဘာမှ မစိုးရိမ်နဲ့နော်”ဟု ဒစ်၏အသံက ပြန်ပြောလေသည်”

(အသံတုန်ကြီးဖြင့်) “ဘာ မစိုးရိမ်ဘဲနေမှာလဲ... ကလေတန်ဟာ အောက်စမ်းချောင်းကို ဆင်းမလို့ မဟုတ်လား... ကျုပ် သိတယ်”

မည်သူမျှ ပြန်မပြောဘဲ တခဏမျှ ဆိတ်ငြိမ်လျက် ရှိ၏။

ဂျိုးသည် မနိုင့်တနိုင်အားယူ၍ ရုပ်လိုက်ပြီးနောက်–

“မင်း မသွားနဲ့နော်... ငါ မသောက်ဘူး... နားလည်လား... ဟိုရွေးတွေက မင့်ကို မုချသတ်မယ်”

ကလေတန်သည် ပဲ့ကျနေသော လှေကားထစ်များမှ ပြန်၍ တက်





ပြီးနောက်–

“အိပ်သာနေပါ သူငယ်ချင်း... မင်း မမိုက်စမ်းပါနဲ့ကွာ။ ဒါဟာ စရာအလုပ် မဟုတ်ပါဘူးကွာ”

“ဒါလားကွာ မဟုတ်တာ။ သူတို့က ဒါကိုပဲ ချောင်းနေတာကွ။ ဘာလုပ်မယ်ဆိုတာ သူတို့သိတယ်”

“ဟုတ်ကဲ့လား”

“နေမဝင်ခင်က ကျွန်တော့်မျက်စေ့အမြင်ပါ ဆရာကြီး”

“ဒါဖြင့် သေနတ်ယူပြီး ကျုပ်လည်း လိုက်မယ်”

“ခင်ဗျားလည်း မလိုက်ရဘူး... လိုက်ရင် ဒီကိုပြန်လာဖို့ တယ်”

ထိုအခါ ဒစ်က “ဘယ်နည်းနဲ့မဆို ကျုပ်တို့ ရေ ရ,ရမယ်ဗျာ” ခပ်မာမာ ပြောလိုက်သည်တွင် ဂျိုးသည် စိတ်ဆောင်လွန်းလှသည်ဖြစ်၍ ကျုပ် အသေခံမယ်။ ကျုပ် အသေခံမယ် မသွားရဘူး”ဟု အားကုန် ဟစ်ကာ သတိလစ်၍ လဲကျသွားရာ ပရော်ဖက်ဆာက ဖမ်းလိုက် ။

“တယ် သနားစရာကောင်းတဲ့ သူငယ်ပဲ... ကိုင်း ဒစ် ကျုပ်တို့ ယ်လို လုပ်ကြမလဲ... အဖျားလည်း တော်တော်တက်နေတော့ ရေ ရင် ဒီသူငယ် နက်ဖြန်မနက်အထိပဲ ခံတော့မယ်”

“ကိုင်း သွားကြမယ် ဒစ်။ ကျုပ်က ရေကို အရယူမယ်။ ခင်ဗျားက ည်းမည်းမြင်ရင် ပစ်ပေတော့”

ထိုအခါ ဒစ်သည် အောက်သို့ဆင်းရန် ကျောက်ဖျာစွန်းသို့ပင် ရောက်ခဲ့လေပြီ။

ထိုအချိန်၌ ညဉ့်သည် ယခင်ကထက် မည်းမှောင်လာလျက် လျှပ်စစ်ပန်းတစ်ခုသည် ဝင်းခနဲပြက်လိုက်ရာ ဆိတ်ငြိမ်သော တောင်ကြီး ကြီးတစ်ခုလုံးကို နေ့ကဲ့သို့ လင်း၍သွားစေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နေကြဦး... ဂျိုးပြောတာ မှန်တယ်။ စမ်းချောင်းနံဘေးမှာ ချောင်းနေတဲ့ မည်းမည်းကောင်တွေကို လျှပ်ပြက်လို့ ကျုပ်ဲ့မြင်လိုက်ရတယ်"

ပရော်ဖက်ဆာ၏ စကားများမှာ မိုးခြိမ်းသံနှင့် ရော၍သွားလေ၏။ သူကာ "မင်းတို့နှစ်ယောက် ပြန်လာခဲ့"ဟု အမိန့်ပေးလိုက်၏။ သို့သော် အဖြေကိုကား မကြားရချေ။ အောက်သို့ ဆင်းသွားကြသော ခြေသံများကိုသာ မကွဲမပြား ကြားလိုက်ရလေသတည်း။

○



## အခန်း (၉)

"ဒါဟာ သက်သက်အသေခံသွားတာနဲ့ အတူတူပဲ... အသက်နဲ့ ရောက်ဖို့ဆိုတာက အပုံတစ်ရာမှာ တစ်ပုံတောင် မရှိဘူး..."

ဆရာကြီးသည် ညည်းတွားပြောဆိုလျက် ရှိ၏။ အောက်မှ စောင့်ကြည့်နေကြသော လူရိုင်းများအား အချက်ပေးသလို ရှိနေမည်စိုးသောကြောင့် ထပ်မံ အော်ဟစ်ခြင်းလည်း မပြုရဲတော့ပေ။ သို့နှင့် သူသည် နွေးနွေးရှိသော အမှောင်ထုထဲတွင် ရပ်တန့်နေစဉ် တစ်စုံတစ်ခုသည် မျက်နှာပေါ်သို့ လာရောက်ထိမှန်သည်ကို တွေ့ရှိရလေ၏။

ထိုအရာမှာ အေးမြနေသော မိုးရေစက်ကြီးတစ်စက် ဖြစ်လေသည်။

"ဒစ်။ ကလေတန် ပြန်လာကြတော့ဟေ့ မိုးရွာလာပြီ"

ပရော်ဖက်ဆာကြီးသည် သံကုန်အော်ဟစ်လိုက်၏။

"ဟုတ်ကဲ့ ကျွန်တော်တို့ လာနေပါပြီ"

မိုးသည် ဆက်တိုက်ရွာလာသဖြင့် ပရော်ဖက်ဆာကြီးသည် ဂျိုးကို ချိန်မိ ဂူထဲသို့ သွင်းခဲ့ရလေ၏။ ထို့နောက် ခရီးဆောင် ရေခွက်ကလေး တစ်ခွက်နှင့် အပြင်သို့ထွက်ကာ မိုးရေကို အပြည့်ခံယူပြီးလျှင် အခြား ထည့်နိုင်သော ပစ္စည်းမှန်သမျှတို့နှင့်လည်း ခံယူလေ၏။

ထို့နောက် ရေတစ်ခွက်ထဲသို့ ဘရန်ဒီအနည်းငယ် စပ်ပြီးလျှင် ၏ဦးခေါင်းကို မ,ကာ နှုတ်ခမ်းနားတွင်တေ့၍ တိုက်လေရာ ဂျိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ သတိမရသေးသဖြင့် လည်ချောင်းထဲသို့ ရေတစ်ကျိုက်ဝင်ရန် ... ခဲ့ယဉ်းနေ၏။ သို့ရာတွင် ပထမတစ်ကျိုက်ခန့် ဝင်မိသောအခါ၌ကား သူသည် ရုတ်တရက်ထထိုင်လျက် ရေကို လောဘတကြီးနှင့် သောက်ပြီ လေ၏။

(ကောင်းစွာ သတိရလာလျက်) "ကောင်းလိုက်တာဗျာ။ ဒီ ဘယ်ကရတာလဲ ဟင်..."

"ကောင်းကင်ကရတဲ့ မိုးရေပေါ့ ဂျိုးရဲ့... ဟိုလူတွေလည်း ပြန် ရောက်လာကြပါပြီ"

ဂျိုးသည် အားရကျေနပ်စွာ ပြန်၍အိပ်လိုက်သည့် ခဏ၌ ကလေ တန်နှင့် ဒစ်တို့သည် မိုးရေရွှဲနေသောကိုယ်များဖြင့် ဝမ်းမြောက်ဝမ်းသာ ပြန်လာကြလေ၏။ မိုးသည် တစ်နာရီခန့် ဆက်လက်၍ ရွာနေလေရာ ဂူတွင်းမှလူစုသည် သူတို့သောက်နိုင်သမျှ သောက်ကြသည့်ပြင် အနည်းဆုံး နှစ်ရက်စာမျှကိုပင် သိုလှောင်ရရှိလိုက်ကြသေး၏။ သို့နှင့် သူတို့လည်း ခါတ်မီးဖိုတစ်ခုကို ဖိုကာ ကော်ဖီများကိုဖျော်၍ ညစာကို မြိန်ရှက်စွာ စားသောက်ကြလေ၏။

သူတို့ချင်း တွေ့ကြသည်မှာ ၇ နာရီကျော် ၈ နာရီခန့်မျှ ရှိပြီဖြစ် သော်လည်း တစ်ဦးအကြောင်းကို တစ်ဦးမေးမြန်းရန်မူကား ညစာ စား သောက်ပြီးသည့်အခါမှပင် အခွင့်ရကြတော့၏။ ထိုအခါ ကလေတန်နှင့် ဂျိုးတို့သည် ပရော်ဖက်ဆာကြီးအား အမေရိကအလယ်နှင့် တောင်ပိုင်းမှ ရှေးဟောင်းပစ္စည်းများကို လေ့လာလိုက်စားနေသော အိုဟိုင်းယိုမှ အမေရိက လူမျိုးတစ်ဦးဖြစ်ကြောင်း သိရ၏။ သူသည် တောင်ပိုင်း ဗော်လီးဗီးယား နယ်ထဲသို့ဝင်ရောက်၍ ထူးဆန်းသော ရှေးဟောင်းအဆောက်အဦများကို လှည့်လည်ကြည့်ရှုရန် ကိုယ်ပိုင်လေယာဉ်ပျံတစ်စင်းကို ဝယ်ယူခဲ့၏။ ဒစ်မှာ ဇာတိအားဖြင့် အင်္ဂလိပ်လူမျိုးပင် ဖြစ်သော်လည်း အမေရိကန်ပြည်တွင် အနေကြာ၍ အမေရိကန် လေတပ်မတော်ထဲသို့ ကမ္ဘာစစ်ကြီးအတွင်းက





...ောက် အမှုထမ်းခဲ့ဖူးသဖြင့် သူ၏လေယာဉ်ပျံကို အငှားလိုက်မောင်း ...ခဲ့သူ ဖြစ်လေသည်။ လူငယ်များကမူ ဒစ်အား အတော်သဘောကျနေ ...၏။

ထို့နောက် ကလေတန်က ဂျိုးနားနားသို့ကပ်၍ တစ်စုံတစ်ရာ ...လိုက်ရာ ဂျိုးက "ပြောလေ... ပြောတာပေါ့"ဟု ပြန်ပြောလိုက်သဖြင့် ...လေတန်သည် ပရော်ဖက်ဆာကြီးဘက်သို့ လှည့်လျက်–

"ကျွန်တော်တို့လည်း ဆရာကြီးနဲ့ လုပ်ငန်းချင်း အတူတူပါပဲ... ...သမဲ့ အမှန်ကတော့ ကျွန်တော်တို့လိုက်နေတာက ရှေးဟောင်းပစ္စည်းတို့ ...ောက်စာတို့ထက် ငွေနောက်လိုက်နေကြတာပဲ ခင်ဗျာ။ ဆရာကြီးသာ ...ဆောင်မယ်ဆိုရင် ဒီအကြောင်း အားလုံးပြောပြဖို့ အဆင်သင့်ပါပဲ"

ပရော်ဖက်ဆာကြီးက စိတ်အားထက်သန်စွာ နားထောင်လိုပါ ...ကြောင်း ပြောသဖြင့် ကလေတန်လည်း ဖြစ်ပျက်ခဲ့သမျှတို့ကို အစမှ ...ဆုံးတိုင် ပြန်၍ ပြောပြလေ၏။

"ဆရာကြီးတို့သာ ခုလို လက်မတင်ကလေး ရောက်မလာကြရင် ...တော့ ခုနေ ကျွန်တော်တို့နှစ်ယောက်ဟာ ဒီကမ္ဘာမှာ မရှိတော့ဘူး ခင်ဗျာ"

"ခင်ဗျားပြောတဲ့ အသားညိုလူကြီးရဲ့နာမည်က ဗဆီဂါ နော်"

"ဟုတ်တယ်"

"အင်း... သူ့ကိုပြန်တွေ့ရတဲ့အထိ သေသေချာချာ မှတ်ထားရ ဦးမယ်"

"ဒီခွေးကောင်က ကျွန်တော်တို့နဲ့ ခရီးအများကြီး ကွာနေပြီဟာပဲ။ ...ယ်နှယ့်လုပ် တွေ့နိုင်ပါတော့မလဲ"

"ကျွန်တော်တော့ သူနဲ့ ပြန်တွေ့ရလိမ့်ဦးမယ် ထင်တာပဲ။ မဟုတ် ...လား... ပရော်ဖက်ဆာ"

"ဟုတ်တယ် ဒစ်ရေ... ကျုပ်တို့ ဘာကြောင့် ဒီကောင်ကို မမီရမှာ ...။ ကျုပ်ကိုယ်တိုင်လည်း ဒီ (ရွှေမြို့တော်ကြီး)ကို သိပ်တွေ့ချင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒီဟာကို ဆရာကြီးက ယုံကြည်တယ်ပေါ့"

"လူတိုင်း သိနေကြတဲ့ဟာကို ကျုပ်က ဘာလို့ မယုံရမှာလဲ ကလေတန်ရဲ့။ ခုပြောခဲ့တဲ့ အတိုင်းသာဆိုရင် ခင်ဗျားဖခင်ဟာ ဒီနေရာကို သိတာအမှန်ပဲနဲ့တူတယ်။ ဒါကြောင့် ကျုပ်တော့ ခင်ဗျားတို့နဲ့အတူ ဒီနေရာကိုလိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ"

ထိုအခါ ကလေတန်က–

"ဒါပေမဲ့ ဗဆီဂါရဲ့ လက်ထဲမှာ မြေပုံ ပါသွားတယ်ဆိုတာကို ဆရာကြီး သတိပြုပါဦး"

"ဒီတော့လည်း ကျုပ်တို့ ဗဆီဂါကိုရှာပြီး ဒါကို ပြန်ယူရမှာပေါ့"

"ဟုတ်တယ်… ဒီခွေးကောင်ကို ကျွန်တော်တစ်ယောက်တည်း လက်ရဖမ်းမယ်"

"ခင်ဗျားစကားကဖြင့် ကျွန်တော်တို့ကို အားသစ်လောင်းပေးလိုက်သလို ပါပဲဗျာ။ ဒါပေမဲ့ ကျွန်တော်တို့မှာ လှေမရှိဘဲနဲ့ ဆက်လိုက်ဖို့ လွယ်တာ မဟုတ်ဘူးဗျ"

"လှေတစ်စင်းလုပ်မယ် ဆိုရင်ကောဗျာ"

(ခေါင်းခါရင်း) "မဖြစ်ပါဘူးဗျာ… ဖောင်တစ်ခု လုပ်ရင် လုပ်မှပဲ။ ဖောင်ဆိုပြန်တော့လည်း နှေးလွန်းလို့ ဗဆီဂါကို ဘယ်တော့မှ မီမှာမဟုတ်ဘူး။ ပြီးတော့ ကျွန်တော်က မြေပုံကို သေသေချာချာတော့ ကြည့်ထားလိုက်မိပါရဲ့။ ဒါပေမဲ့ အားလုံးကိုတော့ မမှတ်မိဘူးဗျာ။ ဒါကြောင့် ကျွန်တော်တို့ လမ်းမှားလိုက်မိပြီး ရွှံ့နွံတွေထဲမှာ နစ်နေမှာ စိုးရသေးတယ်။ နေပါဦးလေ။ ဆုံးအောင် ကျွန်တော် ပြောပါရစေဦး… နောက်ပြီး ခင်ဗျားတို့နှစ်ယောက်မှာ စားရေရိက္ခာဆိုလို့လည်း ခင်ဗျားတို့အတွက်တင်သာ ရှိတာ။ ဒါကို လေးယောက် ဝေစားရမယ်ဆိုရင် ခံသင့်တာထက် တစ်ဝက်သာ ခံတော့မပေါ့… အဲဒီတော့ အကောင်းဆုံးက လာပတ်ကို ပြန်ရောက်အောင် ဒီရိက္ခာတွေကို အသုံးပြုဖို့ပဲ"





"သိုက်နောက်ကို လိုက်နေတဲ့ လူကလားဗျာ ဒီစကားမျိုး ပြောနေတာ"

"ကလေတန်ပြောတာ မှန်တယ် ဒစ်ရဲ့… ဒါဟာ သူပြောသင့်ပြောထိုက်တဲ့အတိုင်း ပြောတာပဲ… အလုပ်တစ်ခုကို လုပ်မယ်ကြံရင် တစ်ဖက်သတ်တည်းကိုမကြည့်ဘဲ နှစ်ဖက်စလုံးကို ကြည့်ရပေမယ်… ဒါပေမဲ့ ကျုပ်သဘောတော့ လှေတစ်စင်းကိုရဖို့ လမ်းမရှိရင် ဖောင်တစ်ခုကို လုပ်ကြရမယ်… နောက်တစ်ချက်ကလည်း ဟိုဘက်မှာ လွင်ပြင်ကြီးဖြစ်နေတာကို ကောင်းကင်က မြင်ခဲ့ရလေတော့ ကျုပ်တို့ ခြေကျင်သွားဖို့ ကောင်းကောင်း အချိန်ရနိုင်မယ်… ဗဆီဂါကိုမီအောင်တော့ဖြင့် ကျုပ်တို့ ခရီးပြင်းနှင်ဖို့ ရှိတာပဲ။ စားရေရိက္ခာနဲ့ပတ်သက်ပြီးတော့လည်း ကော်ဖီနဲ့ မုန့်မှုန့်တွေ အတော်အသင့်ရှိနေပြီ… ခဲယမ်းမီးကျောက်လည်း လုံလောက်အောင်ရှိတယ်။ တောထဲမှာလည်း သားကောင်တွေ ပစ်ခတ် စားသွားနိုင်ကြသေးတယ်။ ဘယ့်နှယ့်လဲဟေ့… ဒစ်"

"စိန်သာ စိန်လိုက်ပါ ဆရာကြီး"

"ဒီလိုဆိုရင် ဂျိုး ခရီးထွက်ဖို့ သင့်တော်တာနဲ့တစ်ပြိုင်နက် ကျုပ်တို့ သွားကြမယ်"

"ကျွန်တော့်အတွက် ကြောင့်ကြမနေကြပါနဲ့ ခင်ဗျာ… အားလုံး သွားကြမယ်ဆိုရင် ကျွန်တော်လည်း သွားဖို့ အဆင်သင့်ပါပဲ"

"တစ်ခုကျန်သေးတယ် ဆရာကြီး…(ရွှေမြို့တော်ကြီး)ထဲက ရတနာတွေကို တွေ့ကြမယ်ဆိုရင် ဆရာကြီးနဲ့ ဒစ်လည်း ကျွန်တော်တို့နဲ့ ညီတူညီမျှ ခွဲယူကြရလိမ့်မယ်"

(ရယ်မောလျက်) "ကျုပ်ကို ထည့်မတွက်ပါနဲ့လေ… ကျုပ် နေရဦးမယ့်အသက်နဲ့ ရှိတဲ့ပစ္စည်းနဲ့ လုံလောက်နေပါပြီ…အဲ…အဲ ဒစ်အတွက်ကတော့ ဝေစုရမယ်ဆိုရင် သူ ယူပေလိမ့်မယ်"

"ရက်ရောပါပေ့ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ကဲ... ဒါတွေထားလိုက်ဦး။ မနက် အရုဏ်တက်မှ ထသွားနိုင်အောင် ကျုပ်တို့ အိပ်ကြဖို့ တော်ပြီထင်တယ်"

"စောင့်ဖို့ လိုသေးသလား ခင်ဗျာ... ကျွန်တော်နဲ့ ဒစ်နဲ့ စောင့်မယ်လေ... ဆရာကြီး အိပ်ပါ"

"ကျွန်တော်ကတော့ မလိုဘူးထင်တာပဲ... ကျိုးပဲ့နေတဲ့ လှေကားထစ်တွေပေါ်ကို ကြိုးမပါဘဲနဲ့ ဒီကောင်တွေ ဘယ်နည်းနဲ့မှ တက်နိုင်မှာ မဟုတ်ဘူး။ နောက်ပြီး ကျန်တဲ့ကျောက်ရုပ်တုကြီးကို ကျွန်တော်တို့ လှေကားထိပ်က ပိတ်ပြီး ကပ်ထားရင်လည်း လွယ်လွယ်ကူကူနဲ့ ကျော်နိုင်ကြမယ် မဟုတ်ဘူး"

ပရော်ဖက်ဆာကြီးကလည်း ထိုအကြံကို သဘောတူသည်နှင့် ကျောက်ရုပ်ကြီးကို လှိမ့်ကာ နေသားတကျ ပိတ်ဆို့ထားကြလေ၏။ ထို့နောက် သူတို့သည် ကြမ်းပြင်ပေါ်သို့ အသီးသီး လှဲချလိုက်ရာ မကြာမီပင် နှစ်မြိုက်စွာ အိပ်ပျော်သွားကြလေ၏။

○



## အခန်း (၁၀)

သို့နှင့် သူတို့သည် လိုဏ်ခေါင်းအတွင်း ပိတ်ဆို့လျက်ရှိသော ကျောက်တုံးများကို ပင်ပန်းကြီးစွာဖြင့် ဖယ်ရှားကုန်၏။ လမ်းပွင့်သည်နှင့် တစ်ပြိုင်နက် ချောက်ကို ခဲယဉ်းစွာ ဆင်းခဲ့ကြပြီးနောက် တောင်၏ အခြားဘက်သို့ ရောက်လာ၍ အတော်အတန်ကျယ်သော မြစ်ကြီးတစ်သွယ်ကို တွေ့ကြရ၏။ မြစ်ကမ်းဘေး၌ တောအုပ်တစ်ခုရှိရာ သစ်ပင်ကြီးများ ပေါက်ရောက်လျက် ရှိလေသည်။ သူတို့သည် ဤနေရာတွင် ပထမ တစ်ရက်မျှ စခန်းချရန် ကြံစည်ကြသေး၏။ သို့သော် လူရိုင်းများဘေးရန်မှ လွတ်ကင်းသေးကြောင်း သိရသဖြင့် ပရော်ဖက်ဆာကြီး၏ သဘောတူညီချက်အရ လှေပင် မရသေးသော်လည်း ဖောင်တစ်ခုဖွဲ့၍ ထိုမြစ်ကို စုန်ဆင်းသွားရန် စီစဉ်ကြလေသည်။

ပုဆိန်တစ်လက်နှင့် လွှတစ်ချောင်း ပါရှိသဖြင့် ဒစ်နှင့် ကလေတန်သည် အလောတော် သစ်ပင်ပျိုများကို ခုတ်ချိုင်ဖြတ်တောက်ကာ အလျားဆ ၃၀ ခန့်ရှိ၍ လူလေးယောက်ကို ကောင်းစွာနိုင်မည့် ဖောင်တစ်ခုကို ပြုလုပ်ကြလေသည်။ ကြိုးကိုမူ ထိုတောတွင်တွေ့ရသည့် နွယ်ကြိုးများယူ၍ ချည်နှောင်ကြရာ နွယ်များမှာ အတော်ခိုင်ခန့်ကြောင်း တွေ့ရ၏။ သို့နှင့် နေမဝင်မီ ဖောင်ကို ပြုလုပ်ပြီးစီးကြ၍ စားရေရိက္ခာများကို တင်ကြရ၏။ ထို့နောက် သူတို့သည် ဖောင်ကို အခြားဘက်ကမ်း အောက်ဘက်ကူးရာ



www.burmeseclassic.com

www.burmeseclassic.com



အရပ်သို့ စုန်ဆင်းခဲ့ကြလေသည်။ နောက်တစ်နေ့နံနက်၌ကား သူတို့ ဖောင်လုပ်သောနေရာတွင် လူရိုင်းများ စုရုံးရောက်လာသည်ကို မြင်ရ၏။ သူတို့တွေးထင်ချက် မှန်ကြောင်း သိရလေသည်။ ထို့နောက် သစ်ကိုင်း ဖြောင့်များကို ရွေးချယ်ခုတ်ယူ၍ ထိုးဝါးသဖွယ်အသုံးပြုကာ နောက်တစ်နေ့ နံနက် လင်းအားကြီးအချိန်တွင် မြစ်ကို စုန်ဆင်းကြလေ၏။ သို့နှင့် တစ်နာရီလျှင် ၄ မိုင်ခန့် စုန်ဆင်းနိုင်ခဲ့ကြရာ ည နေဝင်ချိန်သို့ ရောက်လာ သော် မူလထွက်သည့်နေရာမှ မိုင် ၄၀ ကျော်မျှပင် ပေါက်ရောက်ခဲ့ကြ လေပြီ။

ညနေ ၃ နာရီလောက်၌ ကမ်းဘေးတွင် သစ်ပင်တစ်ပင် ခုတ်လှဲ ထားသည်ကို တွေ့ရသဖြင့် ဖောင်ကိုဆိုက်၍ တက်ရောက်ကြည့်ရှုသည်တွင် မီးဖိုထားသောနေရာနှင့် ပြာများကို တွေ့ရသဖြင့် ဗဆီဂါ စခန်းချခဲ့သော နေရာ ဖြစ်သည်ဟု ခန့်မှန်းရလေ၏။

နောက်တစ်နေ့၌ကား ယမန်နေ့ကထက် ခရီးပေါက်လျက် မွန်း တည့်ချိန်တွင် ယခင်ကနည်းအတိုင်း ကမ်းတွင် မီးဖိုနှင့် ပြာပုံကို တွေ့ရ သဖြင့် ဗဆီဂါ၏ ဒုတိယစခန်းဖြစ်သည်ဟု ထင်ရလေ၏။

ထိုနေ့ ညနေစောင်း၌ 'ဒစ်'သည် တရုရှုးကောင် တစ်ကောင်ကို ပစ်ခတ်ရရှိ၍ ထိုည ညစာအတွက် ကောင်းစွာဖုတ်လုံပြီးလျှင် အချို့အသား များကို မီးကင်၍ ယူခဲ့ကြ၏။

ကံသည် သူတို့အား ထောင်မလျက်ရှိရာ ရာသီဥတုမှာလည်း ကောင်းမွန်သဖြင့် မြစ်ကြောင်း အတန်ငယ်တိမ်သော်လည်း ရေစီးသန်လျက် ပင် ရှိ၏။ ဗဆီဂါ၏ တတိယစခန်းကို နောက်တစ်နေ့ ဆယ်နာရီမတိုင်မီ တွေ့ရပြီးနောက် သူတို့သည် ဆက်လက် စုန်ဆင်းကြပြန်၏။

"အခုအတိုင်းသာသွားရင် ခင်ဗျားတို့အကောင်ကို ဘယ်နည်းနဲ့မဆို သန်ဘက်ခါတော့ မီရမယ်ဗျာ"

"အင်း... တို့နဲ့တွေ့ရင် သူလုပ်မိတာ နောင်တရဦးမှာပေါ့ကွယ်"





ကလေတန်မှာ စကားနည်းလှသော်လည်း ဖောင်ကိုသာ အားစိုက်၍ ထိုးလျက်ရှိ၏။ မွန်းလွဲတစ်နာရီအထိ ချောမောစွာရှိနေရာ ထိုနေရာသို့ ရောက်လတ်သော် မြစ်သည် ရေအလွန်တိမ်၍ လာရုံမျှမက ကျယ်ပြန့်သည် ... ကျယ်ပြန့်လာပြီးလျှင် ရေပြင်ကျယ်ကြီးဖြစ်ကာ သုံးမြွာခွဲ၍ စီးဆင်း ... ကျက်ရှိသည်ကို တွေ့ရလေ၏။

ဒစ်နှင့် ကလေတန်တို့သည် ထိုးဝါးများကို စိုက်ကာ ဖောင်ကို ... လိုက်ကြပြီးနောက် ဒစ်က "ကိုင်း... ဘယ့်နှယ့်လုပ်ကြမလဲ ဗျာရို့"ဟု ... ကျယ်ကျယ် ဟစ်အော်လိုက်လေသည်။

ဤသည်ကား ပြဿနာတစ်ရပ်ပင် ဖြစ်တော့၏။ ကလေတန်သည် ... ပုံကို နောက်ဆုံးကြည့်လိုက်ရာ၌ မြစ်ကြီးမှာ မြေပုံ၌ပါသည်ဆိုသော် ... သည်း မည်သည့်လမ်းကြောင်းမှာ အမှန်ဖြစ်သည်ကို မသိချေ။ သို့နှင့် နောက်ဆုံး၌ သူတို့သည် အလယ်လမ်းကို လိုက်ကြလေ၏။

နှစ်နာရီခန့်မျှ ကောင်းစွာ စုန်ဆင်းသွားကြရပြီးနောက် ရေညှိပင် ...၊ နွယ်များနှင့် ဒိုက်သရောများ တဖြည်းဖြည်း များ၍လာပြီးလျှင် ... သည်လည်း ရှေ့တွင် တမံတုတ်၍ထားသကဲ့သို့ အိုင်လျက်ရှိနေသည်ကို တွေ့ရလေသည်။ ထိုနေရာ၌ကား ရေညှိရေနွယ်ပင်များသည် လှပဆန်း ကြယ်သော အပွင့်များကို ဆောင်ကာ ရှိကြရာ မြစ်ကြီးမှာ ထိုတမံအောက် တွင် မြုပ်ဝင်သွားသကဲ့သို့ အစပျောက်လျက် ရှိလေ၏။

ပရော်ဖက်ဆာကြီးကမူ ဗဆီဂါသည် ဤနေရာသို့ လာရောက်ဟန် မတူကြောင်း ပြောဆိုသဖြင့် သူတို့လည်း ရေအိုင်လျက်ရှိသောနေရာမှ မူလနေရာသို့ ပြန်၍လာကြရပြန်၏။ ဒိုက်သရောများ ပေါများလှသော မြစ်ပြင်ကို ဆန်တက်ခြင်းကား မလွယ်ကူလှသည့်ပြင် အလွန်ပင် အချိန် ကုန်လျက် ညနေ နေဝင်ရီသရောအချိန်မှ မူလနေရာသို့ ပြန်၍ရောက်ခဲ့ကြ လေသည်။ သို့နှင့် သူတို့သည် ထိုနေ့အဖို့ ပင်ပန်းနွမ်းနယ်လှပြီဖြစ်၍ မြေနိမ့်၍ သစ်ပင်များနည်းပါးသော ကမ်းခြေတစ်ခု၌ ထိုည စခန်းချကြပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှင် မည်သည့်ရေကြောင်းဘက်သို့ လိုက်ရမည်ကို နှီးနှောတိုင်ပင်လျက် ရှိကြလေ၏။ ဒစ်ကမူ "ဒါဖြင့်လည်း မျောက်ပန်း လှန်ကြမယ်ဗျာ" *ဝင်၍ ပြောလေသည်။*

အဆုံးသတ်၌ ပရော်ဖက်ဆာကပင် ဒစ်၏အကြံ ကောင်းကြောင်း ထောက်ခံသဖြင့် ခေါင်းဘက်ကျလျှင် လက်ယာ၊ ပန်းဘက်ကျလျှင် လက်[ဝဲ] ဟူ၍ သဘောတူညီကြသည့်အတိုင်း မြောက်ပန်းလှန်ရာ ခေါင်းဘက် ကျရကား လက်ယာဘက်သို့ ဆက်လက်လိုက်ရန် ဆုံးဖြတ်ကြလေ၏။

သို့နှင့် နံနက်လင်းအားကြီးအချိန်၌ပင် လက်ယာဘက်လမ်း ကြောင်းကို စုန်ဆင်းကြလေ၏။ ထိုရေလမ်းမှာ ယခင်လိုက်ခဲ့သော အလယ် လမ်းကဲ့သို့ပင် ရေတိမ်ပြီးလျှင် ရွှံ့နွံထူထပ်လျက် နေရာတိုင်းလိုလိုမှ ပုပ်အဲ့နံစော်သော ဆွေးမြည့်လျက်ရှိသည့် ရေညှိ။ ရေမှော်များဖြင့် ထူထပ်စွာ ဖုံးအုပ်လျက် ရှိလေ၏။ ကလေတန်မှာ လမ်းမှားပြီလောဟု စိတ်ပျက်လျက် ရှိရာ ဖောင်မှာလည်း ရေညှိပင်များအကြားသို့ တိုးဖောက်သွားရန်မ ခဲယဉ်းလျက် ရှိတော့၏။

"မြစ်ဟာ ရွှံ့မှာပိတ်နေတယ် ဆရာတို့"ဟု ကလေတန်က ပြော သဖြင့် ဂျိုးသည် နေရာမှ ဖျတ်လတ်စွာ ထလိုက်လေသည်။ သူကား အတော်ပင် ခြေနာသက်သာ၍ နေလေပြီ။

"ဒါပေမဲ့ ဟိုဘက်မှာ ရေကောင်းကောင်းစီးနေတာ မြင်ရတယ်ကွဲ"

ရှေ့သို့ ဆက်လက်စုန်ဆင်းမိသောအခါ မြစ်ကို ကန့်လန့်ဖြတ် လဲကျနေသော သစ်ပင်အိုကြီးတစ်ပင်ကို တွေ့ကြရ၍ ရေညှိပင်များနှင့်တကွ အမှိုက်သရိုက်စသော ဒိုက်သရေများပါ ထိုသစ်ပင်ကြီးကို စုရုံးတွယ်ကပ် နေကြောင်း တွေ့ရှိရလေသည်။ ထိုအခါ ဒစ်က—

"လက်ဝဲဘက်ကို ကြည့်လိုက်ကြစမ်း... ရေညှိပင်တွေ ခုတ်ထား တာ မြင်ရတယ်"ဟု ပြောသဖြင့်—

"ဂျိုး ပြောတာ မှန်တယ်ဗျ"ဟု ပြောကာ ဖောင်ကို လက်ဝဲဘက်





[သို့] ထိုးလျက် ရှိလေ၏။

*"ကျုပ်တို့ လမ်း မမှားဘူးဗျို့... မှန်တယ်။ ဗဆီဂါဟာ သူ့လှေကို* သစ်လုံးကြီးပေါ်က မ,ပြီး ယူသွားတာ ထင်ရှားတယ်ဗျာ့"

"ဒါပေမဲ့ ကျုပ်တို့ဖောင်ကိုတော့ ဒီလိုလုပ်လို့ မဖြစ်ပေဘူးဗျို့။ သစ်တုံး ဖြတ်ကြရလိမ့်မယ်"

ပြောပြောဆိုဆိုနှင့်ပင် 'ဂျိုး'သည် ပုဆိန်ကိုကိုင်ကာ သစ်လုံးကြီး ပေါ်သို့ ခုန်တက်လိုက်သဖြင့် "ဟော့လူ... မြွေတွေဘာတွေ ရှိတတ်တယ် ဗျ"ဟုပြောကာ ကလေတန်က ဆွဲ၍ တားလိုက်ရလေသည်။ သို့နှင့် သူသည် သစ်လုံးတွင် တွယ်ကပ်လျက်ရှိသော ဒိုက်သရေများကို ထိုးဝါး ဖြင့် ရိုက်ခတ်လိုက်ရာ ရေညှိပင်များကြားထဲမှ 'ရှူး'ခနဲ အသံတစ်ခုကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် မြွေတစ်ကောင်၏ သုံးမြှောင့်သဏ္ဌာန် ခေါင်းပျဉ်းကြီးတစ်ခုသည် ရေပေါ်သို့ ထိုးတက်လာလေ၏။ သို့သော် ဂျိုးသည် မြွေကြီးအား ထိုးဝါးဖြင့် တစ်ခါတည်း စီရင်လိုက်လေသည်။ ၎င်းမှာ အလွန်အဆိပ်ပြင်းသော ရေမြွေတစ်မျိုးဖြစ်ကြောင်း ပရော်ဖက်ဆာက ပြောသေး၏။

သစ်တုံးမှာ အလွန်လုံး၍ ရေညှိများဖြင့် ချောလှသည့်ပြင် ၎င်း၏ အောက်၌ကား အိုင်၍ပုပ်နေသော ၆ ပေခန့် အနက်ရှိသည့် ရေ ရှိ၏။ သစ်လုံးမှာ အချင်း လက်မ ၂၀ ခန့်ရှိ၍ သူတို့သည် တစ်နာရီကျော်ကျော်မျှ ပင်ပန်းကြီးစွာ ဖြတ်တောက်ကြရသည့်ပြင် ကိုက် ၂၀ ခန့် အဝိုင်းအဝန်းရှိ သော သစ်ပင်,နွယ်ပင်များနှင့်တကွ အမှိုက်သရိုက်များကို ဖယ်ရှားကြရ သေး၏။ သို့နှင့် ကောင်းစွာ လမ်းပွင့်၍သွားပြီ ဖြစ်ရကား သူတို့သည် လက်ယာဘက်ချောင်းကို ဝမ်းမြောက်စွာ ဆက်လက် စုန်ဆင်းခဲ့ကြလေ သည်။

သို့သော် ငါးမိုင်ခန့်မျှ စုန်မိလေသော် ချောင်းသည် တဖန် ကျယ် ပြန့်လာပြန်ပြီးလျှင် နွံများ ထူထပ်ပေါ်များသည့် ရေပြင်ကျယ်ကြီးသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြရပြန်၏။ ထိုနေရာ၌ကား လက်ဝဲ လက်ယာတွင် နွယ်မျ ရေညှိပင်ကြီးများသည် ကုန်းပြင်ကဲ့သို့ ထူထပ်စွာ ပေါက်ရောက်ပိတ် လျက် ရှိနေလေရာ ၎င်းတို့ကို ခုတ်ထွင်၍နေရသဖြင့် အချိန်ကုန်လှသည့်ဖြ ဖောင်ကြီးသည်လည်း အသွားနှေးလှပေ၏။

ညဉ့်အချိန်သို့ ကျရောက်သောအခါ ဖောင်ကို ဆိုက်ကပ် ကုန်းမြေဟူ၍ မတွေ့ရဘဲ ရေညှိတောထဲသို့သော တိုး၍ စိုက်ရလေ သူတို့သည် မိကျောင်းများ,မြွေများနှင့် လိပ်များကိုသာ တစ်ညဉ့်လုံ တွေ့၍ နေရတော့၏။ ထိုညအဖို့ အေးစက်သော အသားခြောက် အနည် ယ်ကိုသာ စားသောက်ရ၏။ သို့သော် အဆိုးဆုံးမှာ သောက်ရေမရှိခြင်း ဖြစ်လေသည်။ ထိုအချိန်၌ သောက်ရေမှာ ကုန်ခဲ့ပြီဖြစ်၍ အမှိုက်သရိုက် များဖြင့် အိုင်လျက်ရှိသော ရေကိုလည်း မသောက်နိုင်ချေ။ ငှက်ဖျားပိုး ဖြင့် ပြည့်လျက်ရှိကြောင်း ဆရာကြီးက ပြောပြ၏။ သာ၍ဆိုးဝါးသေ ဒုက္ခမှာ နေဝင်သည်နှင့်တစ်ပြိုင်နက် မည်သည့်အရပ်မှ ရောက်လာကြသ မသိ။ ရာထောင်မကသော ယင်ကောင်, ခြင်, မှက်နှင့် ယင်ရဲများသ ခရီးသွား လေးဦးတို့အား မိမိတို့အစာသဖွယ် ဝိုင်းအုံကိုက်ခဲကာ ရှိနေ ကုန်၏။

တစ်ညဉ့်လုံး ဤကဲ့သို့ ဒုက္ခခံခဲ့ရပြီးနောက် နံနက်လင်းလျှ ဒစ်သည် သစ်သားစိမ်းတစ်ခုကို ခံ၍ ဖောင်ပေါ်၌ မီးမွှေးလေရာ ဤနည် ဖြင့် ဂါလံအနည်းငယ်မျှ သောက်ရေကို ကျိုချက်နိုင်တော့၏။ ထိုအ ကော်ဖီတစ်ခွက်စီ သောက်ကြရ၍ ကျန်ရေကျက်အေး အနည်းငယ် ခါတ်ဘူးဖြင့် သိမ်းထားကြရလေ၏။

သို့နှင့် ဆက်လက်သွားကြရာ ထိုနေရာများတွင် ချောင်းဆုံပေါ် များစွာရှိ၍ မိမိတို့ဖောင်ကို လမ်းမှန်သို့ မျောပါစေရန် အတော်ပင် အ ထုတ်ကြရကုန်၏။ နေအတန်ငယ် မြင့်လာသည်နှင့်တစ်ပြိုင်နက် လေသ လည်း ငြိမ်၍သွားလေ့ရာ ပူအိုက်လိုက်သည်မှာလည်း ပြောစရာမရှိ





နေဝင်လုနီး၌ ကမ်းတစ်ဖက်တစ်ချက်တွင် အလွန်မြင့်သော ရေညှိ င်နှင့် ခြုံနွယ်ပိတ်ပေါင်းများရှိသော နေရာတို့ကို ကျော်ခဲ့ပြီးနောက် ဖောင် သည် ယခင်ကထက် လေးဆခန့်ကျယ်ပြန့်သော မြစ်ပြင်သို့ ထွက်ခဲ့လေ ၏၊ ထိုအခါ ကလေတန်က "ဆရာကြီး ကျွန်တော်တို့ ဂရင်ဒီဆိုတဲ့မြစ် ာက်ဆုံး ရောက်လာကြပြီ ထင်တယ်"ဟု ဝမ်းမြောက်စွာ ဟစ်အော် ပြောလိုက်လေ၏။

ဆရာကြီးတွင် 'ဇော်လးဗီးယား'နယ်မြေပုံ ပါသဖြင့် ခန့်မှန်းကြည့် ကြလေသည်။

"အမှန်ပဲ ကလေတန်။ ဒီမြစ်ဟာ ဂရင်ဒီမြစ်ပဲ... သည်တော့ ျပ်တို့ ဘယ်ကို သွားကြရမလဲ"

"ဒီမြစ်ကို မိုင် ၃၀–၄၀ လောက် စုန်ရင် အရှေ့ဘက်ကစီးလာတဲ့ ်ငယ်ကလေးတစ်ခုကို တွေ့ရလိမ့်မယ်... ဆရာကြီး။ အဲဒီမြစ်ကလေးကို ျွန်တော်တို့ ဆန်ပြီး လိုက်ကြရလိမ့်ဦးမယ်"

ထိုအခါ ဂျိုးက ညစာအတွက် ချက်ပြုတ်ရန် ကမ်းသို့ ဆိုက်ကပ်ရ ည့်အကြောင်း ပြောသဖြင့် သူတို့လည်း သဲပြင်တစ်ခုသို့ ဆိုက်ကပ်၍ ချက်ပြုတ်ကြရလေ၏။ ထိုအခါမှ ပူနွေးသော အစားအစာများကို စားရ ခြင်း၊ မီးဖိုအနီးတွင်နေနိုင်ခြင်း၊ ကော်ဖီတစ်ခွက်စီ သောက်ရခြင်းများဖြင့် ယခင်က ဒုက္ခဟောင်းများကို အတိုးချ၍ စည်းစိမ်ခံနိုင်ကြကုန်၏။ ဂရင်ဒီ မြစ်သည်ကား ကိုက် ၁၀၀ ခန့် ကျယ်ပြန့်ပြီးလျှင် ရေလည်း အတော်ပင် နက်၍ ကြည်လင်လှ၏။ ငါးများကိုလည်း မြင်ရလေရာ ဂျိုးကမူ လေးပေါင်ခန့် အချိန်စီးသည့် ငါးနှစ်ကောင်ကိုပင် ဖမ်းမိအောင် ဖမ်းလိုက် သေး၏။

သို့နှင့် လေးဦးသားတို့မှာ ယခင်က တွေ့ကြုံခဲ့ရသည့် ဆင်းရဲဒုက္ခ များကိုလည်းကောင်း၊ ရှေ့တွင်သွားရမည့် ခက်ခဲသောခရီးစဉ်ကိုလည်း ကောင်း သတိမရနိုင်ဘဲ ထိုညဉ့်အဖို့ မီးဖိုနံဘေးတွင် နှစ်ခြိုက်စွာ အိပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထက်သန်သောစိတ်များဖြင့် သူတို့သည် နောက်တစ်နေ့နံနက်၌ ဂရင်ဒီမြစ်ကို စုန်ဆင်းလျက် ရှိနေကြလေပြီ။ ရေစီးမှာ အတော်သန်သည့်ပြင် ဒိုက်သရောများလည်း မရှိသဖြင့် အတော်ပင် ခရီးပေါက်လျက် ရှိကြလေ၏။ ညနေစောင်း၌ ကမ်းခြေကို အမြဲကြည့်ရှုလိုက်ပါလေ့ရှိသော ဂျိုးက ကမ်းဘေးတွင် တစ်စုံတစ်ခုမြင်ရကြောင်း ဟစ်အော်လိုက်သည့်နှင့် သူတို့လည်း ဖောင်ကိုဆိုက်၍ ကမ်းပေါ်သို့တက်ကြည့်ရာ စခန်းချသွားသော နေရာနှင့် မီးဖိုမှပြာများကို တွေ့ရ၏။ မီးဖိုမှာ နှစ်ရက်လောက်ကြာပြီ ဖြစ်ကြောင်းနှင့် ဒစ်က ပြောသေး၏။

"ကျုပ်တို့လိုက်တဲ့ ချောင်းသာမှန်ရင်တော့ မိမှာပဲဗျာ။ နေမဝင်ခင် ခြေရာကလေးများ ခံကြရအောင်"

ကံမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသကဲ့သို့ ရှိပြန်၏။ မြစ်၏ လက်တက်တစ်ခုဖြစ်သော ချောင်းကလေး၏အဝမှာ သူတို့ရောက်ရှိနေသော နေရာနှင့် ကိုက်သုံးလေးရာခန့်မျှသာ ဝေး၏။ ဗဆီဂါသည် ထိုနေရာကို တွေ့ပြီးလျှင် ကွက်လပ်တစ်ခု၌ စခန်းချပြီးနောက် ချောင်းငယ်ကို ဆန် တက်သွားဟန် ရှိလေသည်။ သို့နှင့် သူတို့သည် ရေဆန်ကို ဆန်တက်ခဲ့ပြန် ရာ ရေစီးလည်း အတော်သန်သဖြင့် ထိုအခါမှ တကယ်ပင်ပန်းသည်ကို ကြုံကြရ၏။ ကမ်းခြေနှင့် ကပ်နိုင်သမျှကပ်ကာ ဆန်တက်သော်လည်း နှစ်မိုင်ခန့်ရောက်မိလျှင် စခန်းချရတော့၏။ ထိုနေရာ၌ကား အမဲသား ကောင် ဟူ၍ မတွေ့ရဘဲ နေဝင်ချိန်တွင် ဒစ်သည် ရေကြက်နှစ်ကောင်ကို သာ ရရှိခဲ့လေသည်။

ဒုတိယည၌ကား မည်သည့်ကြက်ငှက်ကိုမျှ မရဘဲ ရှိကြ၏။ သို့ သော် အဆိုးဆုံးမှာ ငါးဖမ်း၍မရခြင်း ဖြစ်လေ၏။

ဆရာကြီးသည် ရေကို အိတ်ဆောင်ဖန်ပြွန်ကလေးထဲတွင် ထည့်၍ ကြည့်ကာ အတန်ကြာ ဦးခေါင်းကိုယမ်းလျက် ရှိနေပြီးနောက်–





"ရေမှာ အဆိပ်ပါတယ်... ရေထဲမှာ ကြေးနီသားတွေ ပြည့်နေတာ ပဲ"ဟု ပြောလေ၏။ ထိုအခါ ကလေတန်က–

"အဆိပ်ပါတယ် ဟုတ်စ ဆရာကြီး... ဟုတ်ပါလိမ့်မယ် ခင်ဗျာ။ ကျွန်တော်တို့အဖေ ပြောသံကြားဖူးတယ်။ ဒီလို အဆိပ်ပါရအောင် ရေက ဘယ်လိုဖြစ်လာရသလဲ ဆရာကြီး။ အမိန့်ရှိစမ်းပါဦး"

"ဟိုအထက်ဆီမှာ ဒီမြစ်လက်တက်ထဲဝင်တဲ့ ချောင်းတစ်ခု ရှိလိမ့် မယ်ထင်တယ်။ ရေဟာ ဆားပေါက်နေတဲ့ ကြေးနီသတ္တုတွေကို တိုက်စား တဲ့အခါ အဆိပ်ရည် ဖြစ်လာတော့တာပဲ။ ဒါမှမဟုတ်ရင် ဒီချောင်းကြီး ကိုယ်တိုင်ကပဲ ဖြစ်လာသလား မပြောတတ်ဘူး။ ဒီနေရာမျိုးမှာ သားကောင် ဆိုတာ ငါးရော ဘယ်တော့မှ မတွေ့ဘူး မှတ်ထားကြ"

"ဆရာကြီးကို ဒီလို ဘေးဥပါဒ်ပေါ်တဲ့ နေရာရောက်အောင် ခေါ် လာမိတာ ကျွန်တော်တို့ တာဝန်ပါပဲ ခင်ဗျာ"

"ဘာ ဘေးဥပါဒ်လဲ ဗျာ... ဗဆီဂါလည်း ဒီလမ်းက သွားတာပဲ မဟုတ်လား"

"ဟုတ်မယ် ထင်တာပဲ။ ဒါပေမဲ့ ဗဆီဂါက စားရေရိက္ခာ ပြည့်စုံ တယ်ဗျာ"

"တစ်မိုင် နှစ်မိုင်လောက် ဆန်ရင် ရေကောင်း တွေ့ရဲ့ အောက်မေ့ ရတာပဲ"

သို့နှင့် သူတို့သည် စိတ်အားမလျှော့ကြဘဲ ယခင်ကထက် ပို၍ စိတ်အားထက်သန်စွာ ဆန်တက်ကြလေ၏။ အစားအစာမှာ သူတို့အတွက် ရက်အနည်းငယ်မျှ ခံပေဦးမည်။ သို့သော် အဆိုးရွားဆုံးမှာ 'ရေ'ဖြစ်၍ တမ်းအနီးအပါး၌လည်း စမ်းချောင်းဟူ၍ မတွေ့ရဘဲ ရှိနေ၏။ သို့နှင့် ည စခန်းချသောအခါများတွင် လက်ယက်တွင်းကလေးများ တူးသဖြင့် ရေအနည်းငယ်မျှ ရကြ၏။ ရေမှာ အစိမ်းသောက်ရန် မကောင်းလှသော် လည်း ကော်ဖီဖျော်ရန်ကား ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဤနည်းအားဖြင့် သူတို့သည် သုံးရက်တိုင်တိုင် ပင်ပန်းကြီးစွာ သွားကြရကုန်၏။ တောတောင် တည်နေပုံလည်း အခြားနေရာများနှင့် ကွာခြားပြီးလျှင် ပတ်ဝန်းကျင်တွင် စိမ်းလန်းသောအရာဟူ၍ မမြင်ရဘဲ ကျောက်စရစ်များ,သဲများဖြင့် ပြည့်လျက် ရှိလေသည်။ သို့သော် အစွန်းအဖျား၌မူ မြက်ဖုတ်နှင့် ဆူးပင်ကလေးများ ရှိ၏။ အရိပ်အာဝါသရမည့် အပင်ဟူ၍ကား တစ်ပင်တလေမျှ မမြင်ရချေ။

တတိယနေ့ ကုန်လွန်သောအခါ လူများမှာ အတော်ပင် ပင်ပန်းနွမ်းနယ်လျက် ရှိနေကြပြီဖြစ်သည့်အပြင် စားရေရိက္ခာမှာလည်း ပြတ်လတ်လုမတတ် ရှိနေလေပြီ။ နေပူလွန်ကဲခြင်းနှင့် မကောင်းသောရေများကို သောက်ရခြင်းတို့ကြောင့် ကလေတန်မှာ လေထိုးသောရောဂါ စွဲကပ်လာတော့၏။ ဂျိုးသည်လည်း များစွာ နေမကောင်းလှချေ။ သံမဏိကဲ့သို့ တောင့်တင်းသန်မာလှသော 'ဒစ်'ပင်လျှင် စကားမပြောဘဲ မှုန်တေတွေ ရှိနေတော့၏။ ပရော်ဖက်ဆာကြီးသာလျှင် လူငယ်များအပေါ်တွင် အတော်အတန် အိန္ဒြေဆယ်နိုင်လေသည်။

စတုတ္ထနေ့၌ကား နေသည် ယခင်ကထက် ပူပြင်းသည်ဟု ထင်ရ၏။ ခြောက်သွေ့ ပျင်းရိဖွယ်ကောင်းသော တောင်ကြားသည်လည်း သူတို့ရှေ့တွင် တမျှော်တခေါ်ကြီး ရှိနေ၏။ အပူငွေ့သည် ကမ်းတစ်ဖက်တစ်ချက်ရှိ တောင်ကုန်းများမှ အရောင်ဟပ်လျက်ရှိရာ ချောင်းရေကိုပင် ကြက်သီးဆွေးမျှ ပူနွေးစေ၏။

မြေပြင်သည် တဖြည်းဖြည်း မြင့်လာသည်နှင့်အမျှ ရေစီးမှာ သန်၍လာတော့၏။ ကလေတန်၏ လေထိုးသော ရောဂါမှာလည်း မသက်သာဘဲ ထိုးဝါးကို အနိုင်နိုင်မျှ ကိုင်နိုင်ရှာတော့၏။ လှေပင်လျှင် ခြောက်သွေ့မှာကျောလျက်ရှိ၏။

ဆယ်တစ်နာရီလောက်၌ ချောင်းသည် တစ်ဖက်တစ်ချက်တွင် အတော်အတန်မြင့်သော ကျောက်တောင်ပူစာများကြောင့် ကျဉ်းမြောင်း၍





ရေစီးသန်လှသော နေရာတစ်ခုသို့ ရောက်လာကြ၏။ ထိုအခါ ဂျိုးက အလန့်တကြား ဟစ်အော်လိုက်လေသည်။

"ဟိုမှာ လူတစ်ယောက် သေနေတယ် ကြည့်ကြစမ်း"

ဂျိုး ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ ကမ်းတစ်ဖက်ရှိ ကျောက်တောင်ရိပ်တစ်ခုအောက်တွင် အဝတ်အစားပင် မရှိသလောက်ဖြစ်နေသည့် အသားမည်းလူရိုင်းတစ်ယောက် လဲနေသည်ကို မြင်ကြရလေ၏။ သို့နှင့် လှေကိုဆိုက်ကြပြီးနောက် ကလေတန်သည် ရှေးဦးစွာ သွားရောက်ကြည့်ရှုရာ လဲနေသူ၏မျက်နှာကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက်—

"အလို... ပယ်ဗလိုပါလားဗျို့"ဟု သူ့လူများအား လှမ်း၍ အော်အော်ပြောလိုက်လေ၏။

○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ဂျိုးသည် ကမ်းပေါ်သို့ ခုန်တက်လိုက်လေ၏။

"ဟုတ်တယ် ပယ်ဗလို အစစ်ပဲဟေ့... ဗဆိဂါ သတ်သွားတာနဲ့ တူတယ်"

ကလေတန်သည် လှူရိုင်းဘော၌ ဒူးထောက်လျက်ရှိရာမှ "နေဦး ကွဲ... မသေသေးဘူး"

သူပြောသည့်အတိုင်း အသေအချာ စမ်းသပ်ကြည့်သောအခါ ပယ်ဗလိုမှာ အသက်ငွေ့ငွေ့ရှိသေးကြောင်း တွေ့ကြရ၏။ ဖောင်ပေါ်တွင် ကော်ဖီတစ်ခွက်ဝင်ပုလင်းနှင့် တစ်လုံး ရှိသေး၏။ သို့သော် ၎င်းမှာ သူတို့လေးဦး၏ တစ်နေ့လုံးအတွက် အစာဖြစ်၏။ ကလေတန်သည် ကော်ဖီပုလင်းရှိရာနှင့် ဆရာကြီးအား လှမ်း၍ ကြည့်လိုက်၏။ ထိုအချိန်၌ ဆရာကြီးမှာ အကတ်အသတ်မျှ ကျန်တော့သည့် အဖိုးထိုက်တန်လှသော ဝီစကီပုလင်းကို ကိုင်လျက် ရှိလေသည်။ ထို့နောက် ဆရာကြီးသည် ဖောင်ပေါ်မှ ဆင်းခဲ့ပြီးနောက် ပယ်ဗလိုအား ကြည့်ရှုကာ သွေးစမ်းခြင်း။ နှိပ်နယ်ပွတ်သပ်ပေးခြင်း။ ဘရန်ဒီကိုတိုက်ခြင်း စသည်တို့ကို မိနစ်နှစ်ဆယ်ခန့် ပြုလုပ်လေရာ ပယ်ဗလိုသည် မျက်လုံးများကို ဖွင့်ကြည့်ပြီးလျှင် ကော်ဖီကို ပါးစပ်ထဲတွင် ထည့်ပေးသလောက် မျိုချလေ၏။ ဆရာကြီးက များစွာမပေးချေ။ ပရော်ဖက်ဆာကြီးကား လောကဓာတ်ပညာများတွင်





ျမ်းကျင်ရုံမက ဆေးဝါးအတတ်ကိုလည်း ကောင်းစွာနားလည်ကြောင်း င်ရှားလေသည်။

ပယ်ဗလိုသည် ကလေတန်နှင့် ဂျိုးတို့အား မှတ်မိသည့်ဟန်ဖြင့် ျက်လုံးများကို လှန်၍ကြည့်၏။ ထို့နောက် လိမ္မာသော ခွေးတစ်ကောင်ကဲ့ ို့ ကျေးဇူးတင်သော အမူအရာကို ပြလေသည်။ သူ၏ ကျောပြင်၌ကား ကြာပွတ်ရာများသည် မြင်မကောင်းအောင် ရှိတော့၏။

"ဘယ့်နှယ့်လဲ... ရှင်ပါ့မလား... ဆရာကြီး"

"ရေကောင်းကောင်း ရရင်တော့ ရှင်ပါလိမ့်မယ်"

"ကောင်းဖို့နေနေသာသာ သာပြီး ဆိုးလာသေးတယ်ဗျို့... ကြည့်ပါလား နေရာတိုင်း ကျောက်ချည်းပဲ"

ဒစ်ပြောသည့်အတိုင်းလည်း မှန်၏။ သူတို့ပတ်ဝန်းကျင်တွင် မ်းစိမ်းစိုစိုဟူ၍ မတွေ့မမြင်ရသဲ့ ရေရရန် လက္ခဏာ မရှိချေ။ အားလုံးပင် ိတ်ပျက်လျက်ရှိလေရာ ကလေတန်ကမူ ချောင်းဝသို့ပင် ပြန်သွားရန် ိတ်ကူးလိုက်သေး၏။ ချောင်းဝ၌ကား ရေကောင်း ရနိုင်၏။

သို့ ရေပင်ရစေကာမူ အစားအစာများကား နည်းပါးလျက် ရှိနေ လေပြီ။ သူတို့၌ နောက်သို့ဆုတ်ရန်မရှိ။ မည်သို့ပင်ဖြစ်စေ ရှေ့သို့ တိုးရ ည်ဖြစ်၏။ သို့သော် ရှေ့သို့တိုးလျှင် သာ၍ပင် ဆိုးလေမည်လော ပြောတတ်ပေ။

သို့နှင့် သူတို့သည် ပယ်ဗလိုအား ဖောင်ပေါ်သို့ ချီမ ပွေ့ယူခဲ့ပြီး သော် နေရောင်ကွယ်စေရန် စောင်တစ်ထည်ဖြင့် အပေါ်မှ တဲသဏ္ဍာန် ပြုလုပ်ကာကွယ်ထား၏။ ထို့နောက် ဆက်လက် ဆန်တက်ကြပြန်လေ သည်။ နေသည် ပူပြင်းသည်ထက် ပူပြင်းလာလေရာ ရေစီးသည်လည်း ခင်ကထက် ပို၍သန်လာလျက် တစ်နာရီခန့်မျှကြာသော်လည်း ခရီးမှာ စ်မိုင်သာ ပေါက်သေး၏။

ကလေတန်မှာ လည်ချောင်းများ ခြောက်သွေ့နေပြီဖြစ်၍ အသက်



www.burmeseclassic.com

www.burmeseclassic.com



ပင် ကောင်းစွာမရှုနိုင်သလောက် ရှိတော့၏။ ဂျိုးသည်လည်း ဒူးများ တုန်လျက် ရှိနေလေရာ သန်မာလှသော ဒစ်ပင်လျှင် အားအင်ကုန်ခမ်းလု မတတ် ရှိလေသည်။ ကလေတန်သည် နောက်မှ မကွဲမပြားသော အသံ တစ်ခုကို ကြားရသည်နှင့် နောက်သို့လှည့်လိုက်ရာ ပယ်ဗလိုသည် သတိ ကောင်းစွာရလာ၍ စကားပြောရန် ကြိုးစားနေသည်ကို တွေ့ရ၏။ သို့နှင့် သူ၏ ပါးစပ်အနီးသို့ နားကပ်၍ထောင်ရာ ပယ်ဗလိုက စပိန်ဘာသာဖြင့်–

"ဗဆီဂါ…မကြာသေးဘူး။ တစ်နာရီ… ရှေ့ ၅ မိုင်လောက် ရှိတယ်"ဟု မကွဲမပြား ပြောသည်ကို ကြားရ၏။

ကလေတန်သည် မချင့်မရဲ ဖြစ်နေ၏။ ထိုအခါ ဒစ်က "သူ့မှာ စားရေရိက္ခာ လုံလောက်ရဲ့လားလို့ မေးစမ်းပါဦးကွယ်"ဟု ပြောလေသည်။

ထိုစကားကို ပယ်ဗလိုကကြား၍ ဦးခေါင်းကို ညိတ်ပြ၏။ ထို့ပြင် ပယ်ဗလိုက ရှေ့တစ်မိုင်ခန့် ဝေးသောနေရာတွင် ရေရသော စမ်းချောင်း ကလေးတစ်ခုရှိကြောင်းကို ပြောသဖြင့် လေးဦးသားတို့မှာ မည်မျှလောက် ဝမ်းသာသည်ကို မဖော်ပြနိုင်ချေ။ ထို့နောက် ပရော်ဖက်ဆာကြီးက–

"ကိုင်း… ဒါဖြင့် ဟိုကျောက်ဆောင်ကြီး အရိပ်အောက်မှာ ဖောင် ကိုဆိုက်ရင်း ကျုပ်တို့ရှိတဲ့ အစာကလေး စားပြီး ကျန်သမျှ ကော်ဖီကလေး သောက်လိုက်ကြဦးစို့"

အစာမှာ နည်းပါးလှသည့်ပြင် ကော်ဖီမှာလည်း တစ်ယောက် အတွက် တစ်ပန်းကန်ပင် မပြည့်ချေ။ သို့နှင့် ခေတ္တမျှ အပန်းဖြေပြီးလျှင် "အဆိပ်မြစ်"ကို ဆန်တက်ကြရာ ဗဆီဂါနှင့် နီးကပ်လာပြီဟူသော မျှော် လင့်ချက်ကြောင့် ဖောင်ကလေးမှာ ယခင်အချိန်များကထက် ပို၍ လျင်မြန်စွာ ဆန်တက်လျက် ရှိလေ၏။

မြစ်သည် လက်ဝဲဘက်သို့ ရုတ်တရက် ကွေ့၍သွားပြီးလျှင် နံဘေး ကမ်းတစ်ဖက်တစ်ချက်မှ ကျောက်ဆောင်များသည်လည်း မြင့်မား၍လာ လေရာ ရေစီးသည်လည်း ယခင်ကထက် သန်၍လာတော့၏။ အနီး





ဝန်းကျင်မှာ ကျောက်ဆောင်များကွယ်နေသဖြင့် မမြင်ရချေ။ သို့နှင့် သူတို့သည် ရှေ့မနီးမဝေးတွင်ရှိသော မြစ်ကွေ့ကြီးသို့ အမြန်ရောက်စေရန် ထောင်းကာ ဖောင်ကိုသာ ထိုးဝါးဖြင့် ကြိုးစားလှော်ခတ်ကာ ရှိနေကြ ကုန်၏။

နောက်ဆုံးတွင် မြစ်ကွေ့ကြီးသို့ ရောက်လာခဲ့ပြီဖြစ်၍ သူတို့လည်း ဖောင်ကို ပင်ပန်းကြီးစွာ လှည့်ပတ်ကွေ့ယူကြရလေ၏။ ထိုခဏ၌ ပတ်ဝန်း ကျင်ရှိ ရှုမျှော်ခင်းသည် ရုတ်တရက် ပြောင်းသွားပြီးနောက် သူတို့၏ဖောင် သည် တစ်ဧကခန့်ကျယ်ပြန့်၍ ငြိမ်သက်သောရေပြင်ပေါ်တွင် ရောက်ရှိနေ ကြောင်း တွေ့ရ၏။ မျက်နှာချင်းဆိုင်ဘက်၌ကား ကျောက်ကြားများမှ ရေတံခွန်ပြင်းစွာဖြင့် စီးကျလာသည့်မြစ်ကို မြင်ရလေရာ ၎င်းမှာ 'အဆိပ်မြစ်' ပင် ဖြစ်လေသည်။ ရေမှာ မြအဆင်းကဲ့သို့ စိမ်းလျက်ရှိ၏။ လက်ဝဲဘက်၌ ကား သစ်ပင်များကို မြင်ကြရ၏။ ၎င်းတို့သည် တောင်ကြားကလေးတစ် ချောက်တွင် ပေါက်ရောက်လျက်ရှိရာ ထိုအတွင်းမှ အခြားချောင်းကလေး တစ်သွယ်လည်း စီးဆင်းလျက်ရှိလေသည်။ ထိုချောင်းမှ ရေများမှာမူ ကျောက်သလင်းကဲ့သို့ ကြည်လင်၏။

"အဲဒါမှ ရေကောင်းဗျာ့"ဟု ပြောပြောဆိုဆိုနှင့်ပင် ဒစ်သည် ထိုချောင်းဝသို့ ဖောင်ကို အတင်းထိုး၍ သွားလေ၏။ ရောက်သောအခါ သူငယ်သုံးယောက်တို့သည် ရေကို ကုန်း၍သောက်ကြရန် အားယူ၍ ဖောင်ပေါ်တွင် အလျားမှောက်လိုက်ကြလေ၏။

"ဖောင်ကို ငြိမ်အောင် ထောင့်ထားကြနော်။ ဗွန်းခနဲ မသောက်ကြ နဲ့ဦး။ ရေကို စစ်ကြည့်ရဦးမယ်"

ပရော်ဖက်ဆာကား နောက်ကျခဲ့လေပြီ။ ဒစ် ၊ ကလေတန်နှင့် ဂျိုး တို့သည် ရေကို အဝသောက်လိုက်ကြ၏။ ဒစ်က ခေါင်းထောင်၍ ကြည့်လိုက်ရာ သူ့ပါးစပ်မှ ရေများစီးကျလျက် ရှိလေသည်။

"ရေကောင်းအစစ်ပါ ဆရာကြီးရဲ့၊ ချိုလိုက်တာမှ နွားနို့အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကလေတန်က ခွက်တစ်ခုဖြင့် ရေကိုထည့်ပြီးလျှင် ပယ်ဗလို
ယူလာရာ ပယ်ဗလိုလည်း လောဘတကြီး လုယက်သောက်လေ၏။ သို့
သူတို့သည် ဖောင်ကို ချုံများအောက်သို့ရောက်အောင် ဆွဲခဲ့ကြလေသည်
သူတို့ကား ရေကို အဝသောက်ရပြီဖြစ်၍ ဘဝပြောင်းသွားသကဲ့သို့ ဖြစ်
လာကြတော့၏။ ဆယ်နှစ်ခန့် ပို၍ငယ်သွားသည်ဟု မှတ်ထင်ရပြီးလျှ
ကလေးများကဲ့သို့ ပျော်ရွှင်လျက် ရှိကြကုန်၏။ ဂျိုးသည် ဖောင်ပေါ်
ပြန်၍တက်ပြီးနောက်–

"ဆာလိုက်တာဗျာ... မပြောနဲ့တော့"

"နေဦးဗျာ... သေနတ်ယူပြီး ဘာပဲရရ ကျုပ်သွားပစ်ချေဦးမယ်
တောထဲမှာ တွေ့တော့ တွေ့မှာပဲ"

(လက်ကို ဝှေ့ရမ်းပြလျက်) "မပစ်နဲ့... ဒစ်။ ဒီကနေ့ညနေ
မင်းတို့ကို သေနတ်ပစ်ခွင့် မပြုနိုင်ဘူး... ဗဆီဂါဟာ ချောင်းအထ
တစ်မိုင်နှစ်မိုင်ကွာလောက်မှာ ရှိနေတယ်ဆိုတာ သတိပြုရမယ်ကွဲ့နော်
သူ့ကို တိတ်တိတ် ချောင်းဖမ်းနိုင်မှ ကောင်းမှာ"

"ကျွန်တော် သတိလုံးလုံး မေ့နေတယ် ဆရာကြီး"

"ကျုပ်တို့ဟာ ပါးနပ်နိုင်မှ တန်ရုံကျမယ်။ တစ်ညလောက် အငေ
ခံရရုံနဲ့ ကိစ္စမရှိသေးပါဘူး"

ထိုအချိန်တွင် ချောင်းအထက်ဆီမှ ငါးပွက်သောအသံ ကြာ
သဖြင့် ဂျိုးသည် ငါးမျှားတံကို ဆွဲ၍ ထွက်သွားလေ၏။ ထိုနေရာမျာ
ငါးများမှာ ငါးမျှားတံကိုပင် မြင်ဖူးကြဟန်မရှိဘဲ ဂျိုး ပြန်လာသောအခါ
ငါးများရလိုက်သည်မှာ ပြောစရာမရှိချေ။ အခြားသူများကား ဗဆီဂါ
မည်သို့မည်ပုံဖမ်းရန် ဆွေးနွေးလျက် ရှိကြလေသည်။ ဒစ်က မိမိတို့
လူစု ချဉ်းကပ်လာသည်ကို မသိစေဘဲ မိမိတို့က ဦးအောင် ချောင်းမြောင်
ရမည်ဖြစ်ကြောင်း ပြောပြရာ ဆရာကြီးသည် အတန်ငယ် စဉ်းစားပြီ
နောက် သဘောတူလျက် မိမိတို့မအိပ်မီ ဗဆီဂါ ရောက်ရှိနေသည့်နေရာ





အကျသိရန် ရှာဖွေလျှင် အကောင်းဆုံးဖြစ်ကြောင်းနှင့် ပြောပြ၏။
အခါ ဒစ်က–

"ဒါဖြင့်... ဒီအလုပ်ကို ကျွန်တော်နဲ့ ကလေတန် သွားပြီ စုံစမ်း
ဆရာကြီး။ နေဝင်ဖို့ နှစ်နာရီလောက် လိုပါသေးတယ်"

"သတိ ဝီရိယ ရှိပေစေနော်– ဒစ်"

"စိတ်ချပါ ဆရာကြီး"

သို့နှင့် ကလေတန် ဒစ်တို့သည် ရှားပါးသော အစားအစာများထဲမှ
ကွတ်မုန့် တစ်ချပ်စီ ဆွဲယူကာ ကမ်းပေါ်သို့တက်ပြီးနောက် အထက်
ခြေတစ်လျှောက်သို့ ပေါက်နေသည့် ချုံနွယ်သစ်ပင်များကြားတွင်
ာက်ကွယ်သွားကြလေ၏။ အတန်ကြာ သွားမိကြသောအခါ ဒစ်က–

"ခက်တာက ခင်ဗျာ့မိတ်ဆွေဟာ ဘယ်ကမ်းဘက်မှာ ရှိတယ်ဆို
မသိတာ အခက်ဆုံးပဲ"

"ဒါပေမဲ့ ကျွန်တော်တို့ ရေကူးနိုင်သားပဲ ဗျာ"

"မှောင်ခါလည်းနီးပြီ သတိထားနော်"

အတက်,အဆင်းများရှိ၍ ကျောက်တုံးကျောက်ခဲများလည်း
များလှသောကြောင့် သူတို့သည် သတိကြီးစွာနှင့် သွားကြရလေ၏။

တစ်မိုင်ခန့်- သွားမိသောအခါ မြစ်သည် ကွေ့၍သွားပြန်သဖြင့်
ကွေ့သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကလေတန်သည် မိမိတို့ရှေ့တွင်
စုံတစ်ရာ မြင်ရသည်နှင့်–

"ဟိုမှာ ကြည့်လိုက်စမ်း... ဒစ် မီးခိုးတွေ"

"ဟုတ်တယ် ကိုယ့်လူ။ ကေ့ကွ ဟိုင်နဲ့စခန်းနဲ့ တူတယ်။ ပြီးတော့
ကံကောင်းတာက ဒီဘက်ကမ်းမှာပါကလား"

မီးခိုးမြင်ရသောနေရာမှာ မိုင်ဝက်ခန့် ဝေးသေး၍ သူတို့သည်
င်ကထက် သတိထားကာ ရှေ့သို့တိုး၍ သွားကြလေ၏။

ကမ်းဘေးရှိ သစ်ပင်များပေါ်မှ ကျော်လျက် မီးခိုးတန်းကလေးသည်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်သို့ ပျင်းရိစွာ တက်လျက်ရှိလေ၏။ တဲအိုကနွားဟူ၍ မမြင်ရသေးချေ။ နောက်ဆုံး၌ မီးခိုးနှင့်တည့်တည့် မျက်နှာချင်းဆိုင်နေရာ ရောက်လာခဲ့ကြလေရာ ဒစ်က–

"ခင်ဗျား ဒီနေရာမှာ ခဏနေရစ်ဦး ကလေတန်...။ ချုံပုတ် ထဲ ယမ်းတောင့် နှစ်တောင့် သုံးတောင့်ထည့်ပြီး မီးရှို့ရရင် မကောင်း လား။ ပေါက်သံကြားလို့ သူတို့ထွက်လာရင် သူတို့ထွက်လာတဲ့နေရာ သိရော။ ကိုယ်တို့လိုချင်တဲ့မြေပုံလည်း သူတို့ဆီမှာ သွားရှာနိုင်ရော မကောင်းဘူးလား"

"ဖြည်းဖြည်းလုပ်စမ်းပါ ဒစ်။ ဗဆီဂါဟာ မြေပုံကို တဲစခန်း မထားဘဲ သူ့ကိုယ်ထဲမှာထားရင် ဘယ့်နှယ့်လုပ်ကြမလဲ"

"အင်း... ခင်ဗျားပြောတာလဲ ဟုတ်တယ်။ သည်တော့ ကျုပ် ဘယ်လို စီစဉ်ကြမလဲ"

"တဲအရောက်သွားပြီး ချောင်းကြည့်ကြစို့လေဗျာ။ သူ့လူရိုင်း တွေလည်း ကျုပ်တို့လို ငတ်နေကြတော့ ငါးမျှားထွက်ချင် ထွက်နေကြ ပေါ့"

"ကိုင်း...လာ... ဒါဖြင့် သွားကြစို့။ ကျုပ် ရှေ့ကသွားမယ် ခင်ဗျားက နောက်ကလိုက်ပေတော့။ ခြေနင်းတာတော့ သတိထား သစ်ကိုင်းကလေး တစ်ကိုင်းတောင် မကျိုးစေနဲ့"

သူတို့သည် ချုံပုတ်များကြားမှဖြတ်ကာ မီးခိုးမြင်ရသော သစ် အုပ်များဆီသို့ တဖြည်းဖြည်း မှန်း၍သွားကြလေ၏။ ကလေတန် စိတ် မှု မိမိထံမှ မတရားခိုးယူသွားသော မြေပုံကို ပြန်၍ရရန်ဆန္ဒသာ ရှိ ဒစ်သည် လက်ထဲတွင် အကြီးစား ခြောက်လုံးပြူးကြီးကိုကိုင်ကာ ရှေ့ သွား၍သွားလေရာ ကလေတန်က နောက်မှ လိုက်ပါရလေ၏။

မကြာမီ သူတို့သည် သားရေကဲ့သို့ အရွက်များရှိသည့် ချုံတစ်ချုံ ရောက်လာ၍ ဒစ်သည် ချုံအောသို့ကပ်၍ ဝပ်လိုက်ပြီးလျှင် နောက်





ကလေတန်အား လက်ပြလိုက်လေသည်။ ကလေတန်သည် ဒစ်၏ပခုံးပေါ် မှ ကျော်၍ကြည့်လိုက်ရာ မြစ်ကမ်းဘေးတွင် ကွက်လပ်တစ်ခုကို မြင်ရ၏။ ထိုနေရာမှာ မြစ်စီးရာ လျှိုကလေးနံဘေးရှိ သဲပြင်မြေလွတ်ကလေးဖြစ်၍ မြက်ပင်ကလေးများပင် ညီညာစွာပေါက်ရောက်လျက် ရှိလေသည်။ အနီး၌ ကား သစ်ပင်ကြီးတစ်ပင်သည် ထိုနေရာပေါ်တွင် ထီးဝန်းမိုးသကဲ့သို့ အုပ်ဆိုင်းလျက်ရှိ၏။ ကွင်းပြင်ကလေး၏အလယ်၌ မီးဖိုကလေးတစ်ခု ရှိ၍ ၎င်းမှ မီးခိုးများ အူထွက်လျက် ရှိလေသည်။ အိုးခွက်များမှာ မီးဖို အနီးပတ်ဝန်းကျင်၌ ရှိနေသော်လည်း လူရိပ်,လူငွေ့ ဟူ၍ကား မတွေ့မမြင် ရချေ။

ကလေတန်သည် လှည့်ပတ်၍ ကြည့်ရှုမိရာ သစ်ပင်ကြီး၏ အခြား တစ်ဖက်အကိုင်း၌ ကြိုးပုခက်တစ်လုံး ဆွဲထားသည်ကို တွေ့ရပြီးနောက် ပုခက်ပေါ်၌ကား မည်းနက်ပိန်ကြုံသော ဗဆီဂါ၏ ပုံသဏ္ဌာန်ကို တွေ့ မြင်ရလေ၏။ ဗဆီဂါသည် အောက်သို့ လက်တစ်ဖက်ပစ်ကာ အိပ်ပျော် လျက် ရှိနေလေသည်။ လူမည်းများကိုကား မတွေ့မမြင်ရချေ။ ထိုအခါ ဒစ်က လက်ညှိုးညွှန်ပြသဖြင့် သူ ညွှန်ပြရာသို့ကြည့်လိုက်ရာ မြစ်၏ အခြားဘက်ကမ်း အောက်ဘက်ကျသော နေရာတစ်ခုတွင် လောင်းလှေ ကလေးတစ်စင်းကို မြင်ရ၍ ၎င်းအပေါ်တွင် လူမည်း ၅ ယောက်တို့ကို မြင်ရ၏။

သစ်ပင်မှ သစ်ရွက်အုပ်များကွယ်နေသဖြင့် ဗဆီဂါ အိပ်ပျော်နေ သော နေရာကို လူမည်းများ မမြင်နိုင်ချေ။

○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဒစ်သည် ကလေတန်အား မျက်ရိပ်ပြပြီးနောက် လက်တစ်ဖက်တွ
သေနတ်ကို ဆုပ်ကိုင်ကာ နေရာမှထ၍ ကြိုးပုခက်ရှိရာသို့ ခြေဖျားထောက်
သွားလေ၏။ မကြာမီ ဗဆီဂါသည် မိမိ၏နားထင်ကို ကပ်ထားသေ
အေးစက်သော သေနတ်ပြောင်းဝကလေးကြောင့် အိပ်ရာမှ နိုးလာ
သည်။ သူသည် ဒစ်အား စက်ဆုတ်သော မျက်လုံးများဖြင့် ကြည့်ရှုလျ
ရှိလေရာ ၎င်း၏မျက်နှာမှာ အံ့သြခြင်း၊ ကြောက်ရွံ့ခြင်း၊ မလိုမုန်းတီးခြင်
မချင့်မရဲရှိခြင်း စသော လက္ခဏာတို့ဖြင့် ရောပြွမ်းလျက် ရှိလေ
ဒစ်က အကျယ်မချဲ့ဘဲ ခပ်တိုးတိုးနှင့်ပင်-

"မြေပုံလေဗျာ... မြေပုံ"ဟု ခပ်တိုးတိုး ပြောလိုက်၏။ သို့သော်
သူ၏သေနတ်ကား ရေချိန်လွဲနိုင်မည် မဟုတ်ချေ။ ဗဆီဂါသည် နှုတ်
တစ်စုံတစ်ရာ ပြန်မပြောဘဲ သူ၏လက်တစ်ဖက်ကို အင်္ကျီအိတ်ထဲသို့
နှိုက်မည် ပြုလေ၏။

"ဟေ့လူ ဒါမျိုးမလုပ်နဲ့... ထိုင်လိုက်စမ်း။ ဟေ့... သူခိုး"

ဗဆီဂါသည် လျောင်းနေရာမှ ထိုင်လိုက်၏။

"ကလေတန်... သူ့ကိုယ်မှာ သေနတ်ရှာစမ်းဗျို့"





ကလေတန်၏မျက်နှာကို မြင်သည်နှင့်တစ်ပြိုင်နက် ဗဆီဂါသည်
သူရဲကို မြင်လိုက်ရသကဲ့သို့ မျက်နှာမှာ ဖွေးခနဲ ဖြစ်၍သွား၏။
ဘယ့်ကြောင့်ဆိုသော် သူ၏စိတ်ထင်မှာ ကလေတန်တို့သည် မိုင်ပေါင်း
စွာ ဝေးသောနေရာတွင် သေ၍ကျန်ရစ်သဖြင့် အလောင်းကိုပင် ပိုး
ကောင်များစား၍ ကုန်လောက်ပြီဟု မှတ်ထင်သောကြောင့်တည်း။

ဗဆီဂါသည် အံ့အားသင့်ကာ ကြက်သေသေလျက်ရှိစဉ် ကလေ
တန်သည် သူ၏ကိုယ်တွင် ရှာဖွေပြီးနောက် ဘောင်းဘီအိတ်အတွင်းမှ
ရှိသော ပစ္စတိုကလေးကို သိမ်းဆည်းလိုက်လေ၏။

"ဓား မရှိဘူးလား... ရှာစမ်းပါဦးဗျာ"

"မတွေ့ဘူး"

"ကိုင်း... ဒါဖြင့် မြေပုံသာ ပေးပေတော့... စပိန်သူခိုး"

ဗဆီဂါ၏ မျက်လုံးများကား မြွေဟောက်၏မျက်လုံးကဲ့သို့ ဝင်းခနဲ
၍သွား၏။ တတ်နိုင်က နှစ်ယောက်စလုံးကို ဤနေရာ၌ပင် ဖျစ်ညှစ်
လိုစိတ်ရှိသည့် လက္ခဏာများ ပေါ်လွင်လျက် ရှိလေသည်။

"ဟေ့ အကောင်။ လုပ်လေ... မြန်မြန်"

ဗဆီဂါသည် နှုတ်မှ တစ်စုံတစ်ရာ ပြန်၍မပြောသော်လည်း ဝံပုလွေ
သို့ သွားများကိုဖြီးကာ နောက်ဆုံးတွင် ရုပ်အင်္ကျီအိတ်ထဲမှ မြေပုံစာရွက်
ထုတ်ယူလိုက်လေသည်။ ဒစ်သည် မြေပုံကို လှမ်း၍ယူလိုက်ပြီးနောက်-

"ခင်ဗျားက စောင့်ကြည့်နေစမ်းဗျို့... ခင်ဗျားမြေပုံ ဟုတ်၊မဟုတ်
ကြည့်စမ်းမယ်"

ကလေတန်သည် မြေပုံကိုကြည့်ပြီးလျှင်-

"ဟုတ်ပါတယ်ဗျာ ကျုပ်မြေပုံပါပဲ... ဒါထက် ကျုပ်တို့ဆီက
သွားတဲ့ ရိက္ခာတွေကော ဘယ်လိုစီမံမလဲ"

ဤသို့ ကလေတန်က မေးလိုက်စဉ် ဒစ်သည် မြေပုံကို ကြည့်လျက်
၊ သူတို့ကား နှစ်စဉ်ကွန့်မြူ သတိလစ်သွားကြ၏။ ဗဆီဂါသည် ထို



www.burmeseclassic.com

www.burmeseclassic.com



နှစ်စက္ကန့်မျှသော အချိန်ကလေးကို အခွင့်ကောင်းယူကာ မြွေတစ်ကော လျှင်မြန်ခြင်းဖြင့် ဒစ်၏လည်မျိုကို လက်တစ်ဖက်နှင့် လှမ်း၍ဖက် ဒစ်ကို ခုန်၍အုပ်လေရာ နှစ်ယောက်စလုံး မြေပေါ်သို့ လဲကျသွားလေသ ဗဆီဂါ၏ သန်မာသောလက်ချောင်းများသည် သေနတ်မောင်းဆီသို့ ရော သွားသည်ကို မြင်ရသည့်ခဏ၌ သေနတ်မောင်းပေါ်၌ရှိနေသော ဒ လက် လှုပ်သွားသည်ကိုလည်း မြင်လိုက်ရပြီးလျှင် သေနတ်မှ 'ဒိုင်း' မြည်၍ သွားလေ၏။ သို့သော် ကျည်ဆန်ထွက်သည့် အခိုက်အတ ဗဆီဂါသည် သေနတ်ပြောင်းကို အနည်းငယ်မျှ တွန်းဖယ်လိုက်နိုင်သ ကျည်ဆန်သည် ဗဆီဂါကိုမထိဘဲ အပေါ်မှ သစ်ရွက်အုပ်ကို ဖောက်ထွ သွားလေသည်။

နှစ်ယောက်သား မြေပေါ်တွင် လိမ့်လျက်ရှိရာမှ ဒစ်က "ပစ်ပါ ကလေတန်… ပစ်…ပစ်"ဟု ဟစ်အော်လေ၏။ သို့သော် နှစ်ယောက်သာ ခွဲမရအောင် ထွေးလုံးနေသဖြင့် ကလေတန်ကား မပစ်ဝံ့ချေ။ သို့ မပစ်ဝံ့သော်လည်း ကလေတန်သည် ရုတ်တရက် ဉာဏ်ရသဖြင့် ဒစ် အောက်တွင်ရှိနေခိုက် ဗဆီဂါ၏ဦးခေါင်းကို မိလောက်အောင်ချိန်က သေနတ်ဒင်ဖြင့် တစ်အားရိုက်ချလိုက်လေ၏။ စပိန်ကောင်သည် ပါးစပ် တစ်ကြိမ်ဖြဲလိုက်ပြီးလျှင် သတိမေ့ကာ လန်၍ကျသွားလေ၏။ ဒစ်လည် ဖုန်များကိုခါ၍ နေရာမှ ထလိုက်လေသည်။

"သိပ်ယုတ်မာတဲ့ ခွေးမိုက်ဗျာ… မြန်တဲ့နေရာများ မြွေထက် မြန်သေးတယ်"

"ကျုပ် ချလိုက်တာ သေများသွားပြီလား ဒစ်ရဲ့။ ကြည့်စမ်းပါဦး"

"ခင်ဗျား ချက်ကောင်းမိလိုက်လို့သာ တော်တော့တာပဲဗျို့။ ကျေးဇူ တင်ပါတယ်ဗျာ… ဒီအကောင် မသေပါဘူး။ စိတ်ချပါ။ နောက်တစ်နာရီ လောက်တော့ မေ့နေဦးမှာပေါ့။ ဒါထက် ဟို လူမည်းကောင်တွေ လှမ်း ကြည့်စမ်းဗျို့"





"လာရင်လည်း ကိစ္စမရှိတန်ပါဘူးဗျာ။ ဒီအကောင်တွေက သူ့ရဲ ကြောင်တဲ့ အကောင်တွေပါ။ နေဦး… ဒီအကောင်တွေ ကျုပ်သွားပြီး တ်ဦးမယ်"

သို့နှင့် သေနတ်ကို အိတ်ထဲသို့ ထည့်လိုက်ပြီးနောက် မြစ်ဆိပ် သို့လျှောက်သွားရာ ထိုအချိန်၌ လူမည်းများလည်း လှေနှင့် ရောက် ကြလေပြီ။ သူတို့သည် ကလေတန်အား ကောင်းစွာမှတ်မိကြ၍ အံ့အား ကြ၏။ ခရီးထွက်စက ပယ်ဗလိုအား ကယ်ဖူးသည့်အတွက် သူတို့ ကလေတန်အား ကျေးဇူးတင်လျက် တစ်ယောက်က "ဆီညော်" ခေါ်ဝေါ် နှုတ်ဆက်လိုက်လေသည်။ (စပိန်ဘာသာဖြင့် မစ္စတာဟု သည်) ထိုအချိန်၌ မြစ်ဆိပ်သို့ ဒစ် ရောက်လာ၏။ လူမည်းများသည် လေတန်နှင့် ဒစ်အား ကြောက်ရွံ့ရှိသေကြလေသည်။ ထိုအခါ ကလေ က–

"ဒီအကောင်တွေအတွက်တော့ စိတ်ချရပါပြီဗျာ… ဒါနဲ့ ဗဆီဂါကို ား ဘယ်လိုလုပ်ခဲ့သလဲ"

"ကြိုးနဲ့ တုပ်ပစ်ခဲ့တယ်"

"ဒီလိုဆိုရင် ဒီအကောင်တွေက ကိစ္စတုန်း လုပ်လိမ့်မယ် င်တယ်"

"ကိစ္စတုန်းလိုက်ရင်လည်း အကောင်းသားပဲ။ ကမ္ဘာပေါ်မှာ ယုတ်မာတစ်ယောက် လျော့သွားတာပေါ့"

"ကျုပ်တို့ကတော့ မလုပ်ပါဘူးဗျာ… ဒါထက် ဒီအကောင်တွေကို ကျုပ်တို့နေရာအထိ လှေနဲ့ လိုက်အပို့ခိုင်းမယ်။ စားရေရိက္ခာတွေလည်း ယ်သွားနိုင်တယ်။ ဟိုကျတော့မှ တိုင်ပင်ကြတာပေါ့"

"အင်း… ခင်ဗျားပြောတာ သဘောကျတယ်ဗျို့။ ဒါဖြင့် လာ… သွားကြစို့"

ထိုအချိန်၌ ဗဆီဂါရှိသော နေရာမှ "ကျုပ်ကို ဒီလို မထားခဲ့ကြပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့”ဟု ဟစ်အော်သံ ကြားရ၏။

“ပြန်မထူးနဲ့ ကလေတန်… နေပေစေ။ ဒီအတိုင်း နှစ်နာရီလော နေရင် ဒီအကောင် သင်ခန်းစာ ရသွားမယ်”

သူတို့သည် လှေကို စုန်ဆင်းသွားသည်အထိ ဗဆီဂါ၏ ဟစ်အော် သံများကို ဆက်လက် ကြားရလေ၏။ မကြာမီ သူတို့သည် စခန်းသို့ ရောက်လာကြ၍ ဂျိုးနှင့် ပရောက်ဖက်ဆာတို့က ဝမ်းမြောက်စွာ ဆီးကြို လေသည်။ လူမည်းများက ဂျိုးဖမ်း၍ရသော ငါးများကို ချက်ပြုတ်ပေး၏။ သို့နှင့် လူဖြူလေးယောက်တို့သည် ညနေစောင်း နေအေးချိန်တွင် ဖောင် ပေါ်၌ နီးနှောတိုင်ပင်လျက် ရှိကြကုန်၏။

ဒစ်သည် ဗဆီဂါကို ချုပ်နှောင်ခေါ်လာပြီးလျှင် အစိုးရအားပေးအပ် ရန် စိတ်ကူး၏။ ဆရာကြီးကမူ အပိုလူတစ်ယောက်အား ကျွေးမွေးရ ခဲယဉ်းကြောင်း ပြောဆိုကာ မိမိတို့သည် အတော်ဆုံး လူမည်းလေးယောက် နှင့် လှေကို ယူသွားမည်ဖြစ်ကြောင်း၊ ဖောင်နှင့် လူမည်းနှစ်ယောက်ကို သူ ပြန်ရန်အတွက် ထားခဲ့မည်ဖြစ်ကြောင်း အကြံပေးလေ၏။

ကလေတန်နှင့် ဒစ်တို့ကလည်း ဗဆီဂါအား အကျဉ်းသားအဖြစ်နှင့် ပင်ခေါ်ခဲ့ရန် သဘောမတူသဖြင့် နောက်ဆုံး၌ ပရော်ဖက်ဆာအား အကြံ ပေးချက်အတိုင်း လိုက်နာရန် သဘောတူကြလေသည်။ သို့နှင့် ထိုညမှာ လရှိသောညတစ်ည ဖြစ်သည့်အတိုင်း လထွက်ပြီးနောက် အတန်ကြာလတ် သော် သူတို့သည် ဗဆီဂါအားရှာဖွေရန် လောင်းလှေဖြင့် မြစ်ကို ဆန်တက် ကြလေ၏။ ထို့နောက် ဗဆီဂါအား ကြိုးများဖြင့် သစ်ပင်တွင် တုပ်နှောင် ကြ၏။ သို့သော် ခြင်ထောင်တစ်လုံးနှင့် စောင်တစ်ထည်ကိုမူ ပေးခဲ့လေ သည်။ ထို့နောက် သူတို့သည် ညစာကို ကောင်းစွာစားသောက်ကြ၍ လောင်းလှေတွင် ထိုည၌ နှစ်ခြိုက်စွာ အိပ်စက်ကြရ၏။

နံနက်လင်းလတ်သော် စားရေရိက္ခာများနှင့် သေနတ်များကို လှေ ပေါ်သို့ တင်ကြလေ၏။ ထိုမြစ်မှာ ငါးပေါသောမြစ်ဖြစ်၍ အစာလည်း





နိုင်၍ ဗဆီဂါသည် ဆန်တက်လာသောအချိန်၏ လေးပုံတစ်ပုံ အတွင်း မြစ်ဝသို့ ရောက်ရှိနိုင်လေသည်။ သို့နှင့် သူတို့သည် ဂါနှင့် အတူနေရစ်ရန် လူမည်းနှစ်ယောက်ကို ထားခဲ့၏။ ယခင်က အား သတ်ပစ်လိမ့်မည်ဟုထင်ခဲ့သော ဗဆီဂါမှာ တစ်စုံတစ်ရာစကားပင် သော်လည်း အခွင့်ရက လက်စားချေလိုဟန် လက္ခဏာရှိ၏။ လုံးများမှာ မြွေဟောက်၏ မျက်လုံးများကဲ့သို့ သူ့မျက်နှာတွင် ကပ်လျက် ရှိနေသေး၏။ ထိုအခါ ဒစ်က ကလေတန်အား–

“ဒီအကောင် တစ်ခါတည်း ကိစ္စတုန်းပစ်ခဲ့ရရင် မကောင်းဘူး ”

“ကိစ္စမရှိပါဘူးဗျာ… စိုးရိမ်မနေပါနဲ့။ ရေလည်းမရှိ လက်နက် ည်းမရှိ၊ ရိက္ခာလည်းမရှိ၊ မြေပုံလည်းမရှိရင် ဒီအကောင် ဘာတတ်နိုင် လဲ”

ဂျိုးကလည်း ဤအချက်ကို သဘောတူပြီးလျှင် ရိက္ခာများကို ဆင်ခြင်းဖြင့် အလုပ်ရှုပ်လျက် ရှိလေ၏။ သူတို့ကား လက်ထဲတွင် ပုံကို ရရှိနေပြီဖြစ်၍ ခပ်အေးအေးပင် ရှိနေကြလေသည်။ သို့နှင့် လုံး အသင့်ပြင်ဆင်ပြီးလတ်သော် နံနက် (၉)နာရီလောက်တွင် လောင်း ဖြင့် မြစ်ဖျားသို့ ဆန်တက်လေ၏။ အတန်ဝေးရောက်မှ ပြန်၍ ကြည့်မိရာ ဗဆီဂါသည် လူမည်းနှစ်ယောက်နှင့် ဖောင်ကို အောက် သို့ စုန်ဆင်းရန် ကြိုးစားနေသည်ကို နောက်ဆုံးမြင်လိုက်ရပြီးနောက် ကွေ့တစ်ခုကို ကျော်လွန်မိသည်နှင့်တစ်ပြိုင်နက် မျက်စေ့အောက်မှ ကွယ်၍ သွားလေ၏။

သူတို့သည် ဖောင်မှပြောင်း၍ လောင်းလှေဖြင့် ဆန်တက်ရသော ကြောင့် ယခင်က ဆင်းရဲဒုက္ခများကို မေ့လျော့ကာ ပေါ့ပါးသောလှေမှာ ည်း ယခင်ကထက် ခရီးတွင်လျက် ရှိလေ၏။ ထို့နောက် ပတ်ဝန်းကျင် သည် တဖြည်းဖြည်း ပြောင်းလဲလာပြီးနောက် စိုပြေသော သစ်တောများကို



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း၍ ချထားကြ၏။ အစောင့်ကိုလည်း နှစ်နာရီလျှင် တစ်ကြိမ်ကျ အလှည့်ကျ စောင့်စေ၏။ ထိုည၌ ကျားသစ်တစ်ကောင်လာ၍ အနီးတွင် အော်သည်မှတစ်ပါး အခြားအနှောင့်အယှက်ဟူ၍ မတွေ့ရချေ။

နောက်တစ်နေ့ ဆက်လက်သွားကြပြန်ရာ ညစခန်းချချိန်ထိ အေးချမ်းစွာ ရှိနေ၏။ နောက်မှ မီးခိုးလည်း မမြင်ရတော့ချေ။ အခြားသူများမှာ စိတ်ပျောက်လက်ပျောက် ရှိနေသော်လည်း ပယ်ဗလိုမှာမူ စိတ်တထင့်ထင့် ရှိနေဟန်ရှိ၏။ နောက်တစ်နေ့တွင် သူတို့သည် အလွန် ကျယ်ပြန့်နက်ရှိုင်းသော တောင်ကြားကြီးတစ်ခုသို့ ဆင်းခဲ့ရလေရာ တောင်စောင်းတွင် သစ်ပင်ကြီးများသည် ယခင်ကထက် ထူထပ်စွာ ပေါက်ရောက်လျက်ရှိ၏။ အနိမ့်ဆုံးအောက်ခြေ၌ကား အချို့နေရာတွင် နွံအိုင်များ၊ ရွှံ့များ၊ ချုံပုတ်များ ရှိနေသော်လည်း အသေအချာ ကြည့်ရှုသောအခါ ညီညာစွာခင်းထားသော ကျောက်ပြားများကို တွေ့ရသဖြင့် အလွန်ပင် အံ့ဩလျက်ရှိ၏။ ပရော်ဖက်ဆာကြီးမှာမူ ပြောစရာ မရှိချေ။ ရေများမစီးဘဲ အိုင်လျက်ရှိသော ချောင်းငယ်ကလေးတစ်ခုသို့ ရောက်လာကြရာ ထိုချောင်းကလေးကို ဖြတ်ကျော်ရန် ပြုလုပ်ထားသည့် ပေါင်းကူးတံတားကလေးတစ်ခုကိုပင် တွေ့ကြရ၏။ တံတား၏အောက်၌ကား အလွန်ကြီးသော နွံအိုင်ကြီး ရှိ၏။ တံတားကလေးမှာ ကျောက်ပြားချပ်ကြီးများဖြင့် ပြုလုပ်ထား၍ အလယ်မှ ကျောက်ပြားကြီးမှာ ၁၈ ပေထက်မနည်း ရှည်လျားလေသည်။ ထိုအခါ ဆရာကြီးက–

"ထူးဆန်းလိုက်လေကွယ်တို့။ ဆောက်ပုံကဖြင့် အင်္ဂလန်ထဲ ဒတ်တမိုး မြစ်ပေါ်မှာ ညှပ်ပြီးပေါင်းကူးထားတဲ့ တံတားမျိုးနဲ့ပဲ တူသောတော့ကွယ်။ ဒါပေမဲ့ ဒီတံတားဟာ နှစ်ပေါင်း ၃၀၀ ထက် မနည်းပေဘူး"

"ဒီတံတားဟာ..." ဒစ်သည် ပြောမည့်စကားကို ရုတ်တရက် ဖြတ်လိုက်ပြီးနောက် တံတားအောက်တွင် တစ်စုံတစ်ရာ မြင်ရသည့်ဟန်ဖြင့်–





"အလိုလေး... ကြည့်လိုက်ကြစမ်း... ဗျာတို့။ ဟိုဟာက ဘာကြီးသဲ"ဟု ပြောသဖြင့် ကြည့်လိုက်ကြရာ တံတားအောက် နွံအိုင်ကြီးအတွင်းရှိ ချုံပုပ်များထဲမှ ခေါင်းပြူ၍ထွက်လာသော မိကျောင်းကြီးတစ်ကောင်ကို မြင်ကြရလေ၏။ မိကျောင်းကြီးကား လူသားစားလိုသည့်ဟန်ဖြင့် ရွှံ့ထူထပ်သော ကမ်းစပ်သို့ မေးတင်ကာ ကလေတန်တို့လူစုအား မျက်လုံးဝါကြီးဖြင့် ကြည့်လျက်ရှိ၏။ "အေးကွယ်... ငါတို့က မင့်အတွက် ယမ်းတောင့် အပိုမဖြုန်းနိုင်ပါဘူး"ဟုပင် ဒစ်က ကြိမ်းလိုက်သေး၏။

ထိုအချိန်၌ ဆရာကြီးသည် မိမိ၏ ပညာဗဟုသုတ ရှာဖွေရေးအတွက် တံတားကို ပေကြိုးဖြင့် ဆွဲ၍တိုင်းကာ ကျောက်ချပ်များကိုပင် စစ်ဆေးလျက် ရှိလေသည်။ ထိုအခါ ပယ်ဗလိုသည် ကလေတန်အနီးသို့ ကပ်၍ "ဒီနေရာမှာ ကြာကြာမနေကြနဲ့။ ဗဆီဂါ နောက်က လိုက်နေတယ်" ဟု တီးတိုးပြော၏။

"ဒီအကောင် ရူးနေတယ် ထင်တယ်"

"ဗဆီဂါနဲ့အတူ လူအများကြီး ပါလိမ့်မယ် သခင်"

ဆရာကြီးမှာမူ လေးဖက်တွားကာ တံတားကို စိတ်ဝင်စားစွာ တိုင်းတွာလျက်ပင် ရှိသေး၏။ ထိုအကြောင်းကို ဂျိုးက ကြား၍ "ဒါဖြင့်လည်း တို့တတွေ ပေါင်းကူးဟိုဘက်ရောက်အောင် ရွှေ့နေကြရင် မကောင်းဘူးလား။ ပယ်ဗလိုပြောတာ ယုံလို့တော့မဟုတ်ပါဘူး... ဘယ့်နှယ့်လဲ ဒစ်။ ဘယ်လိုသဘောရသလဲ"

"ရွှေ့ချင် ရွှေ့ကြလေ။ အကောင်းသားပဲ"

သို့နှင့် သူတို့သည် ငါးမိနစ်အတွင်း ဝန်စည်စလယ်များကိုပါ ချောင်း၏ အခြားဘက်သို့ အေးဆေးစွာ ပြောင်းရွှေ့ခဲ့ကြလေပြီ။ ဝန်ထမ်းသမားများသည် သူတို့၏ ဝန်ထုပ်များကို ပစ်ချလိုက်သည့်ခဏ၌ ခြေသံများ ထူးဆန်းစွာ အော်ဟစ်လိုက်သောအသံများကို ကြားလိုက်ရပြီးနောက် ၁၀၀ ခန့်မျှရှိသော လူရိုင်းများသည် လှံများကိုစွဲကိုင်ကာ တောဘက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်အုပ်များထဲမှ ထွက်လာကြပြီးလျှင် တဲတားဆီသို့ တည့်တည့်ကြီး တိုက်ခိုက်လာကြလေ၏။ တိုက်ခိုက်ခြင်းမှာ မမျှော်လင့်ဘဲနှင့် လျင်မြန်လွန်း ရကား ကလေတန်တို့လူစုမှာ အံ့အားသင့်ကာ ကြက်သေသေလျက် ရှိနေ ကြ၏။

ရှေးဦးစွာ သတိရလာသူမှာ ဒစ်ဖြစ်၍ ဒစ်သည် အနီးရှိ သစ်ကိုင်း တစ်ခုတွင် ချိတ်ထားသော ပြောင်းတိုသေနတ်ကို လျင်မြန်စွာ ဆွဲယူပြီးလျှင် လူရိုင်းအုပ်ကြီး၏ အလည်တည့်တည့်သို့ ပစ်ခတ်တော့၏။ ဤသို့ လက် မြန်လိုက်သောကြောင့်လည်း ဆရာကြီးမှာ အသက်ချမ်းသာရခြင်း ဖြစ်လေ သည်။ အဘယ်ကြောင့်ဆိုသော် ရှေ့ဆုံးမှ မည်းနက်တုတ်ခိုင်လှသော လူရိုင်းကြီးနှစ်ယောက်သည် လှံများကို စွဲကိုင်ကာ ဆရာကြီးရှိရာသို့ တစ်ဟုန်ထိုးပြေး၍ လှံများကို လွှတ်အံ့ဆဲဆဲရှိစဉ် ဒစ်၏ သေနတ်ပြောင်း နှစ်ဖက်မှ ထွက်သွားသော ကျည်ဆန်များသည် ထိုသူနှစ်ယောက်အား ထိမှန်ကာ ကျောက်တဲတားပေါ်မှ ဂျွမ်းပြန်၍ နွံအိုင်ထဲသို့ ကျသွားသော ကြောင့်ပေတည်း။

ထို့နောက် ကလေတန်နှင့် ဒစ်တို့သည် ရိုင်ဖယ်တစ်လက်စီ ဆွဲယူ ကာ သေနတ်မောင်းများကို အချိန်မြန်နိုင်သမျှ မြန်အောင် ဖြုတ်ကြလေ၏။ ထိုအချိန်၌ လူရိုင်းအုပ်မှာ နီးကပ်သည်ထက် နီးကပ်လာပြီဖြစ်၍ ဒစ်သည် စစ်ခြောက်လုံးပြူးကြီးကိုယူ၍ လူအုပ်အလယ်သို့ ဒလဟော ပစ်သွင်းလျက် ရှိလေသည်။ လှံများသာ ဆွဲကိုင်လျက်ရှိသော လူရိုင်းများကား သေနတ် နှစ်လက်မှ ဒလစပ်ပစ်ခတ်သည့်ဒဏ်ကို မခံနိုင်ဘဲ အတုန်းအရုန်း လဲကျ သေဆုံးကြကုန်၏။ ထိုအခါ လူရိုင်းများသည် တန့်ခနဲ ဖြစ်သွားပြီးနောက် သူတို့ထွက်လာသော တောအုပ်ဆီသို့ တစ်ခါတည်း ပြန်၍ ပြေးသွားကာ သစ်ပင်ကြီးများကြားထဲတွင် မကောင်းဆိုးဝါးများကဲ့သို့ ပျောက်ကွယ်၍ သွားကြလေ၏။ သို့သော် တဲတား၏ အခြားဘက်၌ကား အလောင်း (၂၀)ခန့်မျှ ကျန်ရစ်ခဲ့လေသည်။





ရှေးဦးစွာ သတိပေးသော ပယ်ဗလိုကိုပင် သူတို့သည် ကျေးဇူး င်လျက် ရှိကြ၏။ ပယ်ဗလိုက မိမိတို့နောက်မှ ထိုလူရိုင်းအုပ် လိုက်နေ ည်မှာ အတန်ကြာပြီဖြစ်ဟန်ရှိကြောင်း တဲတားကူးသောအချိန် အချက် ာင်းတွေ့မှ တိုက်ခိုက်ကြကြောင်းနှင့် ထင်မြင်ချက်ပေး၏။ သို့သော် ဆီဂါ ပါရှိလိမ့်မည်ဟု သူထင်သည့်အတိုင်း ဗဆီဂါကို မမြင်ရချေ။

ထိုအခါ ကလေတန်က–

"ကျုပ်တို့ဟာ တောအုပ်ထဲက ထွက်ကြသေးတာ မဟုတ်ဘူးဗျာ။ တော့ နောက်တစ်ချီထပ်တိုက်မှာ စိုးရတယ်။ ဒါမှမဟုတ်ရင်လည်း က်တစ်ခါ ကျုပ်တို့ အကျဉ်းအကျပ်တွေ့အောင် စောင့်ပြီးတိုက်မှာ တယ်"

"ကလေတန်ပြောတာ မှန်တယ့်ကွယ်တို့… ကျုပ်တို့ဟာ ဒီတဲတား း ကလေးကနေပြီး အမြဲ စောင့်တိုက်မနေနိုင်ဘူး"

"ဒါ မှန်တာပေါ့ ဆရာကြီး… သည်တော့ တဲတားအလယ်က း ည်းပြွတ်နေတဲ့ အလယ်ကျောက်ပြားကြီးကို ကော်ပြီး အောက်ချနိုင် တော့ ဒီအကောင်တွေ ဘယ်နည်းနဲ့မှ ခုန်မကူးနိုင်ဘူး… အောက်က ကြီးထဲကိုလည်း ဆင်းပြီး ဘယ်သူမှ ကူးဝံ့မှာမဟုတ်ဘူး… ဟို… ကြည့်လိုက်ကြစမ်းဗျာတို့။ အသည်းယားစရာ ကောင်းလိုက်တာ"

ဒစ် ညွှန်ပြသောနေရာသို့ ကြည့်လိုက်ကြရာ မိကျောင်းကြီးနှစ် င်သည် တဲတားပေါ်မှကျသွားသော လူရိုင်းတစ်ယောက်၏ကိုယ်ကို ချီလျက် မည်းမှောင်သော နွံနှစ်များထဲတွင် အစာကို လုယက်ကာ န်လျက်ရှိကြသည်ကို ကြောက်မက်ဖွယ်ကောင်းစွာ တွေ့ကြရလေ၏။

ထိုအခါ ဂျိုးက–

"ဒစ်… ခင်ဗျားပြောတဲ့ ကျောက်ပြားကို ကော်ချမဲ့အကြံဟာ င်းတယ်ဗျို့။ လူလေးယောက်လုပ်ရင် ရနိုင်ပါတယ်။ ကလေတန်နဲ့ ကြီးက သေနတ်ကိုယ်စီနဲ့ လူရိုင်းတွေကိုစောင့်။ ခင်ဗျားရယ်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရယ်,ကျုပ်တို့တပည့် လူမည်းနှစ်ယောက်ရယ်က ကော်ချနိုင်တယ် ဒါပေမဲ့ ကော်ချဖို့ ကုတ်ပဲ လိုတယ်ဗျာ"

သို့နှင့် သူသည် ပုဆိန်ကိုဆွဲပြီးလျှင် တောအုပ်ဘက်သို့ ထွက်သွား လေ၏။ မကြာမီ ဒစ်သည် (၈)ပေခန့်ရှည်သည့် မာကျောသော သစ် (၂)လုံးကို ယူလာခဲ့လေသည်။

ကလေတန်နှင့် ပရော်ဖက်ဆာသည် သေနတ်ကိုယ်စီကိုင် စောင့်ကြ၏။ ဒစ်နှင့် ဂျိုးသည် လူမည်းနှစ်ယောက်ကိုခေါ်ကာ အလု စကြတော့၏။ ပေါင်းကူးတံတားကလေးပေါ်ရှိ အက်ကြောင်းအတွင်း ကုတ်နှစ်ခုကို သွင်းပြီးလျှင် အောက်ခြေမှ ပြုတ်ထွက်သွားရန် ကော်ထု ခြင်းကား မလွယ်ကူလှချေ။ လူလေးယောက်တို့သည် ချွေးတဒီး ကျသည်အထိ ပင်ပန်းကြီးစွာ အားစိုက်လျက်ရှိစဉ် မြားတစ်စင်းသ သစ်ပင်များဆီမှ ဝီခေါ်၍ ထွက်လာပြီးနောက် ကလေတန်နှင့် တစ်ကို အကွာလောက်တွင် စိုက်လျက်ရှိလေသည်။ ကလေတန်သည် သေနတ် မြှောက်ကာ သစ်ပင်အုပ်ရှိရာသို့ ပစ်လိုက်လေ၏။ ထိုခဏ၌ သစ်ပင် အတွင်းမှ လူတစ်ယောက်၏ အော်သံနှင့်အတူ မြေပေါ်သို့ တစ်စုံတ လဲကျသွားသံကိုပင် ကြားလိုက်ရလေသည်။

ဒစ်သည် လူမည်းတစ်ယောက်နှင့်အတူ ကုတ်တစ်ခုကို တစ်ဖက်နှင့် ထမ်းလျက်ရှိရာ သူ၏ ရင်ဘတ်ကြီးနှင့်တကွ လက်မောင်း မှ ကြွက်သားကြီးများသည် အပြင်သို့ စူထွက်လာပြီးလျှင် ကျောက်ပြ ချပ်ကြီးသည် တဖျစ်ဖျစ် တကျွတ်ကျွတ် မြည်ကာ အောက်ခြေရှိ ကျော တိုင်မှ တဖြည်းဖြည်း ပြုတ်လာလေပြီ။ ထိုခဏ၌ မြားများသည် ကျော တံတားကလေးရှိရာသို့ တဝီဝီ ပျံသန်းလာကြကုန်၏။

"ကိုင်း... ဂျိုး။ ရခါနီးပြီ... ကြိုးစားလိုက်ကြဦးစို့"

ဒစ်နှင့် ဂျိုးတို့သည် လူမည်းနှစ်ယောက်နှင့်အတူ မိမိတို့ကြွက်သ များ ပြတ်ထွက်လုမတတ် တောင့်၍ အင်အားရှိသမျှကို ဖျစ်ညှစ်ထုတ်





ရာ နောက်ဆုံး၌ အလည်ပေါင်းကူး ကျောက်ပြားကြီးသည် အောက်တိုင်မှ ပြုတ်ထွက်ခါ ချောင်းအတွင်း ရွှံ့နွံအိုင်ကြီးထဲသို့ အရှိန်ပြင်းစွာဖြင့် တစ်ခါ တည်း ကျသွားလေ၏။

ကျောက်ပြားကြီးကျသွားသည်နှင့် တစ်ပြိုင်နက် သူတို့သည် အကာ အကွယ် ယူလိုက်ကြလေသည်။ ထို့နောက် ကလေတန်က–

"သစ်ပင်တစ်ပင် ဒီအပေါ်ချပြီး သူတို့ ကူးမယ်ဆိုရင် ကူးနိုင်မယ် ဗျာ"

"ဒါပေမဲ့ သစ်ပင်ကို ခုတ်ရဦးမယ်။ ခုတ်ပြီး ဒီရောက်အောင် တွင်းပြင်ကိုဖြတ်ပြီး ယူလာရဦးမယ် မဟုတ်လား။ ပြီးတော့ သစ်ပင်ကို လှဲဖို့ သူတို့မှာ ပုဆိန် ရှိချင်မှရှိမယ်"

"အကောင်းဆုံးကတော့ ကျုပ်တို့ မြန်မြန်သွားကြရင် အကောင်း ဆုံးပဲ"

"ကိုင်း... အထုပ်တွေယူကြ... သွားကြမယ်"

သို့နှင့် ထိုနေရာမှ အမြန်ထွက်ခဲ့ကြရာ သူတို့ရှေ့၌ကား ညိုပြာပြာ အဆင်းရှိသော ရွှံ့နှင့်စပ်သည့် မြေပျော့များသည် ဧကပေါင်းများစွာ တည်ရှိ လျက် ၎င်းအတွင်းမှ အခိုးအငွေ့များ ထွက်ကာ ကုဋေ ကုဋာမျှသော ပိုးကောင်တို့သည် ပူနွေးသော လဟာပြင်တွင် ပျံသန်းလျက် ရှိကြကုန်၏။ နေမှာ တဖြည်းဖြည်း ပူပြင်းလာလျက် ခရီးသည်တို့မှာ ချွေးတလုံးလုံး ရှိနေကြကုန်၏။ သို့သော် နောက်မှ ဘေးရန်ကြောင့် မနားမနေ သွားကြရ လေသည်။

ဤသို့ လေပူထဲတွင် ပိုးကောင်များအကြားမှ နှစ်နာရီလုံးလုံး သွားကြရပြီးနောက် သူတို့သည် ခြေကုန်လက်ပမ်းကျကာ မြေပေါ်သို့ လဲကျလုမတတ်ရှိစဉ် မြေသည် တဖြည်းဖြည့် မြင့်တက်လာရုံမျှမက မာကျော၍လည်း လာလေ၏။ ထိုအခါ ရေညှိပင်,နွယ်ပင်များလည်း ပါးရှားသွားလျက် တတိုင်းမွှေးပင်နှင့် ဝက်သစ်ချပင်များကို တွေ့ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ထပ် တစ်မိုင်ခန့် သွားမိသောအခါ သူတို့သည် တောအတွင်းမှ ထွက်ကာ မြက်များပေါများသည့် ကွင်းပြင်ကြီးထဲသို့ ရောက်လာပြီးလျှင် သစ်ပင်များသည်လည်း ထိုမှ ဤမှ ပေါက်ရောက်ကာ ရှိနေကြ၏။ ရှေ့မိုင်ပေါင်း အတော်ဝေးသောနေရာတွင်လည်း မတ်စောက်သော တောင်တန်းများကို မြင်ရလေသည်။

သူတို့သည် နောက်သို့ ပြန်၍ လှည့်ကြည့်မိကြ၏။ ဒစ်က ကျေနပ်သောလေသံဖြင့် "လူရိုင်းကောင်တွေနဲ့လည်း ဝေးပြီ။ ရွှံ့ကန္တာရထဲကလည်း ထွက်လာခဲ့ကြပြီ မဟုတ်ဘူးလား ဂျိုး"

"ဒါပေမဲ့ သိပ်လည်း မထင်နဲ့ဦး... ဒစ်။ ဒီအကောင်တွေကြည့်ရတာ စိတ်မချရသေးဘူး။ ပြီးတော့လည်း သူတို့လူထဲက (၂၀)လောက် သေကျန်ရစ်ခဲ့တယ်နော်။ တတ်နိုင်ရင် ကျုပ်တို့ကို ချမ်းသာပေးမယ့် အကောင်တွေ မဟုတ်ဘူးဗျာ့"

"ဂျိုးပြောတာ မှန်တယ်ကွဲ့...။ နောက်ခပ်ခွာခွာက ဒီအကောင်တွေ လိုက်လာပြီး နေဝင်တာနဲ့တစ်ပြိုင်နက် တိုက်ချင်တိုက်မယ်။ သည်တော့ ဟိုတောင်တန်းတွေကို နေမဝင်ခင် ရောက်အောင်သွားပြီး ဟိုမှာ အကာအကွယ် တွေ့အောင်ရှာရမယ်"

ဒစ်သည် တောင်တန်းများဘက်သို့ လှည့်ကာ ညည်းညူလိုက်လေသည်။

"ဆရာကြီးပြောတာ မှန်တော့မှန်ပါရဲ့။ ဒါပေမဲ့ ဒီတောင်တန်းဆီ ရောက်ဖို့က ဝေးလှသေးတယ် ဆရာကြီး"

ဤနေရာတွင် အသားတစ်တုံး၊ ဘီစကွတ်မုန့်တစ်ချပ်နှင့် အေးစက်နေသော ကော်ဖီတစ်ခွက်စီ သောက်ကြရ၏။

သို့နှင့် သူတို့သည် ယခင်က မသွားဘူးသေးသော ခြေလှမ်းများဖြင့် ဆက်လက်သွားကြရာ သူတို့မှာ ခြေပေါက်ကာ ညနေ(၄)နာရီခန့် အချိန်သို့ ရောက်လတ်သော် နေရာမှ မရွေ့ချင်လောက်အောင်ပင် ရှိနေကြ





…ပြီ။ သို့နှင့် သူတို့သည် ဝန်ထုပ်ဝန်ပိုးများကို မြေပေါ်သို့ပစ်ချကာ …ရာမြက်ခင်းများပေါ်တွင် ကိုယ်ကို ပစ်လှဲလိုက်ကြလေ၏။

ပယ်ဗလိုတစ်ယောက်သာ မတ်တတ်ရပ်ကာ ရှိနေပြီးလျှင် တစ်စုံတစ်ရာ စိုးရိမ်သည့်ဟန်ဖြင့် ကလေတန်ရှိရာသို့ ပြေးသွားပြီးနောက် "သူတို့ …နေကြပြီ သခင်"ဟု မြောက်ဘက်သို့ညွှန်ပြလျက် ရှိလေ၏။ အလွန် …သောနေရာ၌ သစ်ပင်အုပ်များသည် ကန့်လန့်ကာကဲ့သို့ ရှိနေပြီးလျှင် …များသည် ၎င်းအတွင်းမှ တစ်ယောက်စီတန်းကာ ရှေ့ရှုလာနေသည်ကို …ရေးရေးမျှ မြင်ရ၏။ သူတို့၏လှံများပင် ညနေဆောင်းနေရောင်တွင် …တစ်ခါတစ်ခါ၌ ဝင်းခနဲ လက်ခနဲ ဖြစ်၍သွားလေသည်။ ထိုအခါ ဒစ်သည် …ရာမှခုန်၍ ထလိုက်ပြီးနောက်–

"အမှန်ပဲ လာကုန်ကြပြီဗျို့... ကိုင်း... တောင်ဆီသာ အရောက် …ပြေးကြစို့ရဲ့ မိတ်ဆွေတို့"

သို့နှင့် သူတို့သည် မောပန်းရမှန်းမသိဘဲ တောင်တန်းများရှိရာသို့ …ရှေ့ပြေးကြလေ၏။ သို့သော် ဝန်စည်စလယ်များကိုလည်း သယ်ပိုးရ …ဖြင့် တခဏမျှသာ ပြေးနိုင်ကြလျက် မကြာမီ ခြေနှုံးထံနေ၍ လာလေ၏။ လိုက်လာသော လူရိုင်းများမှာမူ တစ်စုံတစ်ရာ သယ်ပိုးရခြင်းမရှိသဖြင့် …ဖြည်းဖြည်းချဉ်းကပ်၍ လာကြလေပြီ။ လူရိုင်းများကား နှုတ်မှ ဟစ်အော် …ခြင်းမပြုဘဲ လူချင်းမီရန်ကိုသာ အားခဲလာကြဟန် ရှိလေသည်။

ကလေတန်သည် တောင်များရှိရာသို့ လှမ်း၍ကြည့်မိရာ အဝေးမှ …မြင်ရသည့်အတိုင်း မဟုတ်ဘဲ အချို့နေရာတွင် နီကြန်ကြန်ရှိ၍ မတ်စောက်သော ချောက်ကမ်းပါးများကိုလည်းကောင်း၊ အချို့နေရာ၌ ချုံပုတ်ကလေးများ ပေါက်နေသည်ကိုလည်းကောင်း တွေ့မြင်ရ၏။

တောင်သို့ရောက်ရန် နှစ်မိုင်ခန့်ဝေးသေး၍ ရန်သူများမှာမူ (၁)မိုင်ခန့်သာ ဝေးတော့၏။ လမ်း၌ တစ်စုံတစ်ရာ မဖြစ်ခဲ့သော် တောင်ခြေသို့ လူရိုင်းများမမီခင် ရောက်နိုင်၏။ ရောက်မှလည်း ဖြစ်ပေမည်။ အဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဆိုသော် ကွင်းပြင်တွင် တွေ့ဆုံတိုက်ခိုက်ရမည်ဆိုက ရန်သူ လူအားကို ခံနိုင်မည်မဟုတ်ဟု ကလေတန် တွေးမိ၏။ နောက်နာရီဝက် ကား အိပ်မက်ထဲတွင် ပြေးကြရသကဲ့သို့ ရှိနေလျက် ဝန်ထမ်းသော လူမည်းများပင် ဒယိမ်းဒယိုင် ဖြစ်၍နေကြလေပြီ။ ဆရာကြီးမှာ မောပန်း ပြီဖြစ်သော်လည်း အလျှော့မပေး သွားမြဲသွားလျက် ရှိ၏။ လူရိုင်းများ နီးကပ်လာလေလေ လူချင်း ခပ်ခွာခွာ လာကြလေပြီဖြစ်လျက် ယခင်က သို့ စုပြုံတိုက်ခိုက်လိုဟန် လက္ခဏာ မရှိချေ။ ထိုအခါ ဒစ်က–

"ကိုင်း... ကိုယ့်လူတို့ တစ်ချီလောက် ပြေးလိုက်ကြဦးစို့ရဲ့"

သူသည် ပြောပြောဆိုဆိုနှင့် ရှေ့မှပြေးလေရာ အခြားသူများလည် အလဲလဲအကွဲကွဲနှင့်ပင် သူ့နောက်မှ ပြေး၍လိုက်ကြရလေ၏။

တောင်ခြေအနီးတွင် နိမ့်သော်လည်း အလွန်ထူထပ်သော ချုံပုတ် များရှိ၏။ သူတို့သည် တောင်ခြေရှိ မြက်ခင်းများပေါ်သို့ ရောက်ရှိကြ ဖြစ်ရာ ထိုအချိန်၌ကား ရန်သူတို့၏ခြေသံကိုပင် ကြားကြရလေပြီ။ ဆရာ ကြီးသည် အမောဆို့လာပြီဖြစ်၍ နောက်မှ ကလေတန်က လိုက်၍ပွေ့လိုက် သည်ကိုပင် မမီဘဲ မြေပေါ်သို့ တစ်ခါတည်း လဲကျသွားလေ၏။

"ဆရာကြီး... ဘယ်နှာသွားသေးသလဲ ခင်ဗျာ"

"ကျုပ် ခြေသပ္ပတ်တိုင် လယ်သွားတယ် ထင်တယ်"

ကလေတန်က ထူမပေးလိုက်သော်လည်း ဆရာကြီးမှာ ပြန်၍ လဲကျသွားပြန်၏။ ထိုခဏ၌ 'ဝီ'ခနဲ မြားတစ်စင်းသည် ကလေတန်၏ နောက်ကျောတွင် ပိုးထားသော ကျောပိုးအိတ်တွင် စိုက်၍နေလေသည်။

○



# အခန်း (၁၄)

"တစ်ခါဖြင့် ကိစ္စချောပြီ"ဟု ကလေတန်က အောက်မေ့မိ၏။ အချိန်၌ တဒိုင်းဒိုင်းထွက်သော သေနတ်သံများကို ကြားရပြီးလျှင် သည် ဆက်တိုက်ပစ်ခတ်လျက် ရှိတော့၏။ ဒစ်သည် လက်ဖြောင့်သူ ယောက် ဖြစ်သည့်အတိုင်း ရှေ့ဆုံးမှ လူသုံးယောက် လဲကျသွားလေရာ လူရိုင်းများမှာမူကား လေးများကို ပြင်ဆင်လျက် ရှိနေကြလေကုန်၏။

ဂျိုးသည် ချုံများကို ဖြတ်လာပြီးနောက် သူနှင့် ကလေတန်တို့သည် ဆရာကြီး၏ချိုင်းကို ထူမကာ တောင်ခြေဆီသို့ တွဲယူလျက် ရှိကြ၏။ ၏ သေနတ်သံများမှာ မစဲဘဲ ကျည်ဆန်တိုင်းလိုပင် ထိမှန်ကြကုန်၏။ ရိုင်းများဘက်ကမူ သေနတ်တစ်ချက်ဆွဲလိုက်တိုင်း မြေပေါ်တွင် ဝပ်လိုက် ၏။ သို့သော် လူရိုင်းများသည် မိမိတို့ဆီသို့ လခြမ်းသဏ္ဌာန် တဖြည်း ဖြည်း ဝိုင်းလာသည်ကို ဒစ် တွေ့ရ၏။

ကလေတန်မှာ ဆရာကြီး၏အခြေအနေကို မြင်ရသဖြင့် တောင်ခြေ ရောက်စေကာမူ တောင်ပေါ်သို့ မည်သည့်နည်းနှင့် တက်နိုင်ပါမည်နည်း စိတ်ပျက်မိ၏။ ထိုအချိန်၌ ဝန်ထမ်းသော လူမည်းလေးယောက်တို့မှာ တောင်စောင်းကိုပင် တက်လျက် ရှိနေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ကြခြင်းဖြစ်ဟန် ရှိလေသည်။ ထိုအခါ ဒစ်က–

"အင်း… ယမ်းတောင့်လည်း မရှိဘူး။ ကျုပ်တို့တော့ တကယ့်အကျပ်အတည်း တွေ့တာပဲဗျို့"

"မှောင်လာရင် ဒီအကောင်တွေ တိုက်ကြလိမ့်မယ်ဗျာ"

ဂျိုးက "နေကြဦးဗျို့… ဒီအက်ကြောင်းကြီးအတိုင်း အထက်ကို တက်ပြီး လိုက်သွားရရင် ဂူပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် အကွယ်အကာတော့ တွေ့လိမ့်မယ် ထင်တယ်"

ဒစ်သည် တစ်ခဏမျှ စဉ်းစားနေပြီးနောက် အပေါ်သို့တက်ကြည့်ရာ လက်ယာဘက်သို့ တောင်နံရံအတိုင်း ကွေ့သွားသည်ကို တွေ့ရလေ၏။ ထို့ပြင် အသေအချာကြည့်ရှုသောအခါ ထိုကွဲကြောင်းကြီးမှာ သဘာဝအတိုင်း မဟုတ်ဘဲ လူများ ပြင်ဆင်ပြုလုပ်ထားသကဲ့သို့ ရှိနေသည်ကို တွေ့ရလေသည်။ ထိုအခါ ဒစ်က "ဟို ရှေးတုန်းက ဒီလမ်းကြီးကို အောက်မှာ ကျုပ်တို့တွေ့ခဲ့ရတဲ့ ကျောက်ပြားခင်းတဲ့လမ်းကြီးကို လုပ်ခဲ့တဲ့ လူတွေပဲ လုပ်ခဲ့တယ် ထင်တယ်… ပြီးတော့ အောက်မှာ ရေမြောင်းလို ဖြစ်နေတာ ရှိလိမ့်မယ်ဗျာ။ ကိုင်း… ဂျိုး သွားကြည့်စမ်းဗျာ… ကျုပ်တို့ လွတ်မြောက်နိုင်တဲ့လမ်းဟာ ဒီလမ်းဘဲ ရှိတော့တယ်"

သို့နှင့် ဂျိုးသည် ဦးခေါင်းကိုညိတ်၍ ထွက်သွားလေ၏။ ကျန်လူများမှာ မြက်ထူထပ်သောမြောင်းကြီး၏ ကမ်းစောင်းတွင် လဲလျောင်းရင်း ကျန်ရစ်ခဲ့လေသည်။ ဒစ်သည် သေနတ်ကိုကိုင်ကာ ပတ်ဝန်းကျင်ကို ကြည့်ရှုစောင့်ရှောက်လျက် ရှိလေသည်။ သို့သော် လူရိုင်းများအား အရိပ်အငွေ့မျှ မမြင်ရတော့ချေ။ မြောင်းကြီး၏ အောက်ဆုံးနေရာအဝမှ စောင့်ဆိုင်းနေကြဟန် ရှိလေသည်။

ဆရာကြီးသည် ငြိမ်သက်စွာ ထိုင်ပြီးလျှင် သူ၏ခြေထောက်ကို လှည့်လည်ကာ နှိပ်နယ်လျက် ရှိလေ၏။ ကလေတန်သည် ဆရာကြီးအား ဖိနပ်ချွတ်ပေးရာ ခြေမျက်စေ့မှာ အတော်ပင် ရောင်နေသည်ကို တွေ့ရ၏။





သော် မဆိုးဝါးလှချေ။ သို့နှင့် ကလေတန်သည် သူ၏ အရေးပေါ် သွယ်အိတ်ထဲမှ ပတ်တီးတစ်ခုကိုယူပြီးလျှင် အဆစ်ကို ပြန်၍ထည့်ကာ ကျပ်စွာ စည်းနှောင်ပေးသဖြင့် အတော်ပင် သက်သာရာ ရလေသည်။

အချိန် အတော်ကြာသွားသော်လည်း ဂျိုးကား မပေါ်လာသေးချေ။ သည်လည်း အနောက်ဘက်တောင်တန်းများဆီသို့ တဖြည်းဖြည်း င်းလျက် ရှိနေလေပြီ။ ဒစ်က ရုတ်တရက် စ၍–

"စူးဝါးဝါးနဲ့ ဘာစော်နံသလဲ မပြောတတ်ဘူးဗျို့… ဘယ့်နှယ် ရာကြီးကော အနံ့မရဘူးလား"

"တောကြီး တောင်ကြီးထဲမှာမို့ပေါ့ဗျာ… လေယာဉ်ပျံ ပျံသွားသလို မော်တော်ကားပဲ မောင်းသွားသလိုလို ထင်ရတယ်"

"အောက်မြောင်းထဲမှာတော့ အပေါ်ကစီးကျလာတဲ့ အရေပျစ်ပျစ် တွေ့တယ် ဆရာကြီး။ အနံ့က အဲဒီကလာတာလား မပြောတတ်ဘူး။ ဟိုမှာ ဂျိုး ပြန်လာပြီ"

ဂျိုးသည် အမြင့်မှ ပြေးဆင်းလာ၍ အောက်ခြေသို့ရောက်လျှင် မှာ ပိုမိုပြင်းထန်လာကြောင်း တွေ့ရလေသည်။

"အပေါ်မှာ တွင်းကြီးလိုလို ကျောက်ရေကန်ကြီးလိုလို တွေ့ခဲ့တယ် ဗျာ။ အထဲမှာ ရွှံ့နွံတွေလို ပြည့်နေတာပဲ။ အဲဒီကန်ကြီးနောက်မှာတော့ မှမရှိတဲ့ လွင်ပြင်လိုဖြစ်ပြီး တောင်ထိပ်ရောက်ခါနီးမှ ကျောက်တုံးတွေ ချုံတွေကိုလည်း မြင်ရတယ်"

ထိုအခါ ဆရာကြီးက–

"အဲဒီကျောက်ကန်ကြီးထဲမှာ ဘာရေတွေလဲ"

"ကျွန်တော်တော့ မပြောတတ်ဘူး ဆရာကြီး။ အထဲကိုလည်း မကြည့်နိုင်ဘူး။ ဆီတွေလို ပျစ်ပျစ်ချွဲချွဲတွေ ခင်ဗျ။ အောက် လျှောက်လုံး အဲဒီက စိမ့်ကျနေတာနဲ့ တူတယ်"

ဆရာကြီးသည် ခြေထောက်ပင်နာသော်လည်း လျှိုကြီး၏ အနံ့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆုံးနေရာတွင် ရေတံလျှောက်ကဲ့သို့ဖြစ်နေသည့် မြောင်းကလေးရှိရာသို့ သွားရောက်ကြည့်ရှုလေ၏။ ထိုမြောင်းကလေးမှာ ရှေးအခါက ကျောက်တုံးကလေးများကိုပင် စီ၍လုပ်ထားဟန် ရှိရာ ၎င်းအတွင်း၌ မည်းညစ်နံစော်သည့် ပျစ်ပျစ်ချွဲချွဲ အရည်များမှာ တစိမ့်စိမ့် စီးဆင်းလျက် ရှိနေသည်ကို တွေ့ရလေသည်။ ဆရာကြီးသည် လက်ညှိုးဖြင့်တို့ကာ နမ်း၍ကြည့်၏။ ထို့နောက် ဆရာကြီး၏မျက်လုံးများမှာ ကြည်လင်၍ လာလေသည်။

"အခြားမဟုတ်ဘူး... မောင်တို့။ ရေနံတွေပဲ။ တောင်ထဲက စမ်းပေါက်ပြီး ထွက်လာတဲ့နေရာကို ကျုပ်တို့ တွေ့နေတာ... ကလေးတန်။ ဒီအချက်ဟာ ကျုပ်တို့ အသက်ချမ်းသာဖို့ပဲ... ကိုင်း... ကျုပ်ကို ကူကြစမ်း။ ကျုပ်ကိုယ်တိုင် ကန်ကို အရတက်ကြည့်မယ်"

ကလေးတန်မှာ မည်သည့်အချက်ကို ဆရာကြီး ရည်ရွယ်ကြောင်း မသိသော်လည်း အခြားသူများကို ခေါ်လေ၏။ ဤနေရာ၌အတက်မှာ အပြင်တောင်စောင်းကဲ့သို့ မတ်စောက်ခြင်းမရှိဘဲ ခပ်ပြေပြေရှိနေသဖြင့် သူတို့အားလုံးပင် လွယ်ကူစွာ တက်နိုင်ကြလေသည်။

သူတို့သည် ကန်ကြီးကိုရောက်ရန် ကိုက် ၃၀၀ ခန့် အပေါ်သို့ တက်ကြရ၏။ ကန်မှာ ဆစ်၍ထားသော ကျောက်များဖြင့် ပြုလုပ်ထား၍ အလျားပေ ၄၀ ခန့်၊ အနံပေ ၂၀ ခန့် ရှိ၏။ ပျစ်ချွဲသောအရည်များနှင့် နှုတ်ခမ်းအထိ ပြည့်လျက်ရှိလေသည်။ အရည်များလျှံ၍ အောက်သို့လာခြင်းမှာ နှုတ်ခမ်းပေါ်မှမဟုတ်ဘဲ အောက်ခြေတွင် ကပ်လျက်ရှိသော အပေါက်ငယ်တစ်ခုမှ ယို၍ စိမ့်ထွက်လာခြင်း ဖြစ်လေသည်။ ဆရာကြီးသည် ခြေနာလျက်နှင့်ပင် ထိုအပေါက်ရှိရာသို့ သွားရောက်ကြည့်ရှုလေသည်။

"ဂျိုး... ကျုပ်တို့မှာ ဒိုင်နမိုက်ရှိတယ် မဟုတ်လား... ပယ်ဇလိုရဲ့ အထုပ်ထဲများ ပါသွားသလားဗျာ"

"ပါ မသွားပါဘူး ခင်ဗျာ။ ထမ်းလာတဲ့အထုတ်တွေထဲမှာ ပါ,ပါတယ်"





"ဟန်ကျတာပဲဗျို့... ကျုပ်ကို တစ်ချောင်းယူပေးစမ်း။ စနက်တံ သည်း ယူခဲ့... မြန်မြန်နော်..."

ဤအချိန်၌ ဝန်ထုပ်ထမ်းသူများလည်း ရောက်လာကြလေပြီဖြစ်၍ ဂျိုးက ယူ၍ပေးလေသည်။ ထိုအခါ ဆရာကြီးက—

"ဒစ်ကို ပြန်ခေါ်စမ်း... ကိုင်း... ဂျိုးနဲ့ လူချင်းလဲလိုက်။ ဂျိုးက ဒစ်ရဲ့နေရာမှာ သေနတ်နဲ့ သွားပြီးစောင့်ပေတော့"

သို့နှင့် သူတို့သည် ဆရာကြီးအမိန့်အတိုင်း နေရာချင်း လဲလိုက်ကြသည်။

ထိုအချိန်၌ကား နေဝင်သွားပြီဖြစ်၍ မှောင်စပြု၍လာလေပြီ။ ဂျိုးသည် လျှို၏အောက်ခြေသို့ စိုက်၍ကြည့်ရှုလျက်ရှိရာ တစ်စုံတစ်ရာ မမြင်ရသော်လည်း လူရိုင်းများသည် တစ်ချိန်၌ တစ်ရှိန်ထိုး တစ်ခါတည်း တက်လာလိမ့်မည်ဟု မျှော်လင့်မိ၏။ ပတ်ဝန်းကျင်သည် ဆိတ်ငြိမ်လျက်ရှိရာ တစ်ခါတစ်ရံသာ ဒစ်ရှိရာ ကန်၏အောက်ခြေဆီမှ တဂျစ်ဂျစ်မြည်သောအသံကို ကြားရလေသည်။ သေနတ်၌လည်း ယမ်းတောင့် (၆)တောင့်သာ ကျန်ရှိတော့သဖြင့် ဂျိုးသည် အခြေအနေကို တွေးလိုက်မိသောအခါ ချောက်ချားထဲမှပင် စိမ့်၍သွားမိ၏။

အလင်းရောင်သည် လုံးလုံး ပျောက်ကွယ်သွားပြီဖြစ်၍ လျှို၏အောက်ပိုင်းမှာ သစ်ပင်ရိပ်များအောက်ရှိ မှောင်ထုတွင် ပျောက်ကွယ်၍ သွားခဲ့လေပြီ။ ဂျိုးသည် လူရိုင်းများ တက်လာပြီအထင်နှင့် မကြာမကြာ ဆွင့်၍ ထောင်မိ၏။

နောက်မကြာမီ လှုပ်ရှားသံကဲ့သို့ အသံတစ်ခုကို ကြားလိုက်ရသဖြင့် သူ၏လက်ညှိုးကို သေနတ်မောင်းပေါ်သို့ ခပ်တင်းတင်း တင်ထား၏။ သူတို့နေရာနှင့် ကိုက် ၅၀ ခန့်အကွာ လျှိုကြီးကွေ့၍သွားသော နေရာမှာ အမှောင်ဆုံးဖြစ်၏။ ဂျိုးက သူ့နောက်တွင်ရှိသော ကလေးတန်အား တိုးတိုးသံဖြင့်—



www.burmeseclassic.com

www.burmeseclassic.com



"လာကုန်ကြပြီ… ကျုပ်တို့လူတွေ ပြောလိုက်တော့"

သူ့စိတ်ထင်အရ လူရိုင်းများသည် ထိုအကွေ့ကြီး၌ စုရုံးနေကြသည် ထင်၏။ မကြာမီ ထိုနေရာမှ သတ္တုချင်း ထိခိုက်မိသောအသံကဲ့သို့ ကြားလိုက်ရ၏။ ထိုအခါ ကလေတန်က—

"ဂျိုး… အပေါ်နား နည်းနည်းတက်ပါဦး…။ သူတို့လာတာနဲ့ တစ်ခါတည်း အော်လိုက်နော်"

ဂျိုးသည် ဦးခေါင်းကို ညိတ်လိုက်၏။ သို့နှင့် ကလေတန်နှင့် သူသည် ကမ်းပါးခပ်မြင့်မြင့်ဆီသို့ တက်ကြလေ၏။ ထိုအချိန်၌ကား သူတို့သည် အသက်ရှူရမှန်းပင် မသိသလောက် ရှိနေကြကုန်၏။

ဂျိုးသည် ဆရာကြီးပြုလုပ်သည်ကို ရိပ်မိစ ပြုလာတော့၏။ ဆရာကြီးကား ကန်၏အောက်မှအပေါက်ကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲရန်ဖြစ်၍ ကန်ပေါက်ကွဲက ထိုအရည်များသည် လှိုအတွင်းရှိ လူရိုင်းများပေါ်သို့ တစ်ခါတည်း စီးဆင်းစေရန် အကြံဖြစ်၏။ သို့သော် အကြံသည် အထမြောက်ပါမည်လော။ အရည်များသည် ပျစ်ပျစ်ချွဲချွဲဖြစ်၍ ရေကဲ့သို့ သွက်မည်မဟုတ်ပေ။ အကယ်၍ စီးဆင်းစေကာမူ ခပ်ဖြည်းဖြည်းပင် စီးဆင်းမည်ဖြစ်၍ အကြောင်းထူးမည် မဟုတ်ချေ။

ထိုသို့ စဉ်းစားနေခိုက် အောက်ဆီမှ ခြေနင်းလာသည့် အသံများကို ကြားရသဖြင့် "သူတို့ လာကုန်ပြီ"ဟု ဂျိုးက အော်လိုက်လေ၏။

○



# အခန်း (၁၅)

"ငြိမ်ငြိမ်နော်… မပစ်နဲ့" ဟု ဒစ်၏အသံကို ကြားရ၏။

လှိုင်းလုံးများ တက်လာသကဲ့သို့ လူရိုင်းများသည် တက်၍လာကြ၏။ အလင်းရောင်မရှိသဖြင့် လူများကို မမြင်ရဘဲ မည်းမည်းစုစုကြီးတစ်ခုသည် ဝံပုလွေအုပ်ကဲ့သို့ လိမ့်၍လိမ့်၍လာရာ ဂျိုးသည် သေနတ်ကိုကိုင်ကာ မလှုပ်မယှက် သစ်တုံးကဲ့သို့ ရှိနေလေသည်။

လူမည်းအုပ်ကြီးသည် ဂျိုးနှင့် ကလေတန် ဝပ်နေသောနေရာနှင့် တစ်ပြေးတည်း ရောက်လာရာ ဂျိုးသည် ကန်ကြီးရှိရာနောက်ဘက်သို့ လှည့်ကြည့်လိုက်၏။ သို့သော် တစ်စုံတစ်ရာ မမြင်ရချေ။ ထိုအခါ ကလေတန်က သူ၏နားနားသို့ ကပ်၍ "ပစ်တော့ သူငယ်ချင်း…။ ပစ်လေ… ပစ်… ဒစ်နဲ့ ဆရာကြီး မိသွားလိမ့်မယ်"

ဒစ်မှာ ကလေတန်၏ စကားကိုပင် ပြန်၍ပြောရန် အချိန်မရချေ။ ကန်ကြီးအောက်ခြေမှ ပေါက်ကွဲသံကြီးတစ်ခုသည် 'ဒုန်း'ခနဲမြည်ကာ တောင်တစ်တောင်လုံး ဟိန်း၍ သွားလေ၏။ ထိုခဏ၌ ဝင်းခနဲ အလင်းရောင်တစ်ခု ထွက်၍ပေါ်လာပြီးလျှင် သူတို့ရှေ့၌ ဖြတ်၍သွားသော လူရိုင်းအုပ်ကြီးကိုပင် ထင်ရှားစွာ မြင်လိုက်ရလေသည်။ လူရိုင်းအုပ်ကြီးသည် တန့်ခနဲ ဖြစ်၍သွား၏။

အလင်းရောင်ကို မြင်လိုက်ရပြီးသည်နှင့်တစ်ပြိုင်နက် မီးအောက်



www.burmeseclassic.com

www.burmeseclassic.com



မီးလျှံများသည် အက်ကြောင်းကြီးသို့ စီးလာပြီးနောက် ရေနံများ စိမ့်ဆင်းလျက်ရှိသော မြောင်းကလေးအတွင်းသို့ ဝင်ကာ ရေတံခွန်များ ကျဆင်းသကဲ့သို့ ဒလဟော ကျဆင်းလေတော့၏။ ဂျိုးသည် ကလေးတန်အားနောက်သို့ဆွဲလိုက်ပြီးနောက် မှောင်ထဲတွင် ပျောက်ကွယ်၍ သွားကြလေ၏။

သူတို့အထင်နှင့်ကား များစွာ ကွာခြားလှ၏။ ရေနံများသည် ရေကဲ့သို့ သွက်လက်စွာ စီးဆင်းလိမ့်မည် မဟုတ်ဟု ထင်ခဲ့သော်လည်း ယခုမှာမူ ပေါက်ကွဲသောမီးတောင်မှ အန်ထုတ်လိုက်သော ချော်ရည်များကဲ့သို့ တရှဲရှဲ တရှူးရှူး တဝူးဝူး တဝုန်းဝုန်း တောက်လောင်လျက်ရှိသော အရည်များသည် အက်ကြောင်းကြီး၏ အောက်ပိုင်းတစ်လျှောက်သို့ ကြောက်မက်ဖွယ်သောအရှိန်ဖြင့် ဒလဟော စီးဆင်းလာလေ၏။ လူရိုင်းများ၏ စိတ်၌မူ လူဖြူများ ဖန်ဆင်းလိုက်သော မျက်လှည့်အတတ်ဟု ထင်ကောင်း ထင်ပေလိမ့်မည်။ ထိုခဏ၌ အက်ကြောင်းကြီးတစ်လျှောက်လုံး မီးတောက်မီးလျှံများအရောင်ဖြင့် ထိန်ထိန်လင်းကာ ပတ်ဝန်းကျင်တစ်ခုလုံးကို ခြစ်ခြစ်တောက်မျှ ပူစေလျက် မီးတံခွန်ကြီး တန်းနေသကဲ့သို့ရှိတော့၏။

မိုးသီးမိုးပေါက်ကဲ့သို့သော ကျည်ဆန်များကို မတွန့်မဆုတ်ဘဲ ရင်ဆိုင်ဝံ့ကြသော လူရိုင်းတို့သည် မိမိတို့အသက်ဘေးမှ ချမ်းသာရစေရန် ကစင့်ကရဲပြေးလွှားကာ ရှိကြကုန်၏။ တစ်ယောက်အပေါ်သို့ တစ်ယောက် ထပ်၍ လဲကျကြကုန်၏။ အက်ကြောင်း၏ နံဘေးနှုတ်ခမ်းပေါ်သို့ တက်၍ ပြေးက လွတ်နိုင်မည်ကိုပင် သတိမရကြဘဲ ခြေဦးတည့်ရာ တောင်ခြေသို့သာ ပြေးကြရာ နောက်မှလိုက်လာသော မီးလုံးမီးတန်းကြီးသည် လမ်းတွင်တွေ့သမျှ မည်သည့်အရာကိုမျှ ချမ်းသာမပေးဘဲ တစ်ခါတည်း တိုက်ချလောင်ကျွမ်း၍ သွားလေ၏။ လဲသံ ကွဲသံ ဟစ်အော် ဆူညံသံတို့မှာလည်း လျှိုကြီးတစ်လျှောက် သိမ့်သိမ့်တုန်၍ သွားတော့၏။ ငါးမိနစ်အတွင်း လူရိုင်းတပ်ကြီးကား ပြိုကွဲခဲ့လေပြီ။ မီးတန်းကြီးသည် အက်ကြောင်းကြီး





...င်လျှောက်ရှိ လောင်စာမှန်သမျှကို အကြွင်းမရှိ လောင်တော့၏။ ထိုအခါ ...လေတန်က ဂျိုးအား–

“တကယ် အံ့ဖွယ်သရဲပါပဲ ဂျိုးရယ်”

“ဆရာကြီးရဲ့ကျေးဇူးကို ကျုပ်တို့ တင်လို့မဆုံးနိုင်ဘူး။ ပြော်...ထက် အချိန်ရှိတဲ့အခိုက် တောင်ခြေမှာ ကျန်ရစ်ခဲ့တဲ့ အထုပ်ကို ကျုပ်တို့ ...ားယူဦးမှပဲ”

သို့နှင့် နှစ်ယောက်သားတို့သည် တောင်ခြေရှိ ကျောက်ဆောင်ကြား ...င် ပယ်ဇလို ဝှက်၍ထားခဲ့သော ယမ်းတောင့်များပါသည့်အထုပ်ကို ...င် တက်ခဲ့သောလမ်းမှ ဆင်း၍ ယူကြလေ၏။

ပရော်ဖက်ဆာနှင့် လူချင်းပြန်၍ ဆုံမိကြသောအခါ ဂျိုးနှင့် ကလေ...တို့သည် ဆရာကြီးအား ကျေးဇူးတင်၍မဆုံးနိုင်အောင် ရှိတော့၏။ ...နောက် သူတို့လူစုသည် မီးရောင်ဖြင့် တောင်ထိပ်သို့ အရောက်တက်နိုင် ...လေသည်။ တောင်ထိပ်၌ကား ရှေးနှစ်ပေါင်းများစွာက ဆောက်လုပ်ခဲ့ ...ာ ဘုရားရှိခိုးကျောင်းကြီးနှင့် သဏ္ဍာန်တူသည့် အဆောက်အဦပျက်ကြီး ...ခုကို တွေ့ရလေ၏။ သို့နှင့် သူတို့သည် အတွင်း၌ ခြေခင်းလက်ခင်း ...မသာကို လက်နှိပ်ဓာတ်မီးဖြင့် ရှေးဦးစွာ ကြည့်ရှုပြီးနောက် အဝင်ဝကို ...ျောက်တုံးများဖြင့် ပိတ်ဆို့ကာ ထိုညအဖို့ အေးချမ်းစွာ စခန်းချကြရ ...၏။

နောက်တစ်နေ့နံနက်၌ ရန်သူများကို အရိပ်အငွေ့မျှ မမြင်ရတော့ ... ဆရာကြီးခြေထောက်မှာ အတော်ပင် သက်သာလာပြီဖြစ်သော်လည်း ...ကျ် သုံးရက် ကောင်းစွာ လမ်းလျှောက်နိုင်ဦးမည် မဟုတ်ချေ။ ထိုအခါ ...က–

“ကျွန်တော်တို့ ဒီစခန်းမှာ တစ်ရက် နှစ်ရက်တော့ နားကြဦးမှာ ...အားလုံးလည်း ပန်းနေကြပြီ။ ပြီးတော့လည်း ရှေ့မှာ သည့်ထက်ဆိုးတဲ့ ...းတွေ သွားကြရဦးမယ် ထင်တယ်” ဟု အကြံပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဒစ်က တောင်တန်းကလေးတစ်ခု၏ အစွန်းမှ တက်၍ ကြည့်ရှု လျက်ရှိရာ ကလေတန်သည် ဒစ်ညွှန်ပြရာသို့ ကြည့်ရှုမိလေ၏။ တောင် သည် သူ ညွှန်ပြသောဘက်သို့ ဆင်ခြေလျှော ဆင်းသွားပြီးလျှင် ကျယ်ပြန့် သော သစ်တောကြီးနှင့် စပ်လျက်ရှိ၏။ သစ်တောကြီးမှာ မိုးဦးကျတွင် ပေါက်အပ်သော မြက်ခင်းကဲ့သို့ စိမ်းလန်းနေ၏။ သစ်တော၏အပေါ်၌ ကား အချို့နေရာတွင် မီးခိုးလုံးများသဖွယ် မြူခိုးများ သန်းလျက်ရှိ၏။ ၎င်းတို့သည်ကား ငှက်ဖျားရောဂါကိုဖြစ်စေတတ်သည့် 'ဆီးနှင်းတိုက်'များ ပေတည်း။ ကျယ်ပြန့်သောသစ်တောအတွင်း အချို့နေရာများ၌ ညိုမှိုင်းသော အကွက်များကို မြင်ရလေရာ ၎င်းတို့မှာ ကြောက်မက်ဖွယ်ကောင်းသော ရွှံ့နွံများပင် ဖြစ်လေသည်။ ထိုအခါ ကလေတန်က–

"ကျွန်တော်တို့တော့ အတော် ခဲခဲယဉ်းယဉ်း သွားကြရလိမ့်မယ်... ဒါပေမဲ့ ကြည့်လိုက်ကြစမ်း ခင်ဗျာ။ ဒီကန္တာရကြီးရဲ့ ဟိုဘက်မှ ခပ်ရေးရေး မြင်ရတဲ့ တောင်တန်းတွေကို မြေပုံအရဆိုရင် ကျွန်တော်တို့ ရှာနေတဲ့ ရွှေမြို့တော်ကြီးဟာ အဲဒီတောင်တန်းတွေမှာပါပဲ"

"ကျုပ်တော့ ရောက်ချလှပြီဗျာ"ဟု ပြောကာ ဒစ်သည် အဝေး ဝေးသောအရပ်တွင် မြင်ရသော ကောင်းကင်ရောင်နှင့် ရောစပ်လှမတတ် ရှိနေသည့် ပြာလဲ့သော တောင်တန်းများကို ကြည့်ရှုလျက် ရှိလေ၏။

"ရောက်မှာတော့ မပူပါနဲ့ဗျာ။ စိတ်ချပါ... ရှေးတုန်းက သွားခဲ့ လမ်းဟာ ဒီနွံအိုင်တွေကို ဖြတ်သွားတယ်ဗျာ"

(မြေပုံကိုကြည့်လျက်) "အင်း... ဟုတ်ပါရဲ့။ ဒီလမ်းကြီး ဖောက် တဲ့ လူတွေဟာ အတော်ခွဲကောင်းတဲ့ လူတွေပဲ ကလေတန်။ ကိုင်း– စကားပြောနေလို့ မဖြစ်သေးဘူး။ ခင်ဗျာ့သေနတ် ယူလေဗျာ။ ကျုပ်တို့ အမဲကလေး ဘာကလေးလည်း ပစ်ကြဦးမှပေါ့"

သို့နှင့် သူတို့သည် သေနတ်ကိုယ်စီယူကာ တဲမှ ထွက်လာကြ ၏။ ထိုအခါ ပယ်ဗလိုသည် သူ၏ဆရာ ကလေတန်အနီးသို့ ချဉ်းကပ် လာပြီး စိတ်အားထက်သန်သော မျက်နှာဖြင့်–

"ဒီကနေ့... သတိထား... သခင်"

"ဘာပြောတယ်ကွဲ့ ပယ်ဗလို။ လူရိုင်းတွေ အရိပ်အငွေ့ မြင်လို့ လား"

"လူရိုင်းတွေမဟုတ်ပါ သခင်။ ကျွန်ုပ် ဗဆီဂါကို ပြောပါတယ်"

"ငါတို့နောက်ကို ဗဆီဂါ လိုက်နေတယ်လို့ ထင်တုန်းပဲလား ပယ်ဗလိုရဲ့"

"ထင်တာမဟုတ်ဘူး သခင်။ ကျွန်ုပ် မနေ့က မြင်လိုက်ရပါတယ်"

ကလေတန်သည် စကား မပြောနိုင်လောက်အောင်ပင် အံ့အား သင့်၍ သွားမိ၏။

"ဒါပေမဲ့ ငါတို့တော့ မမြင်လိုက်ပါကလားကွဲ့"

"မှန်ပါတယ်... သခင်။ သူဟာ လူရိုင်းယောင် ဆောင်လာပါ တယ်။ သူ့ကိုယ်မှာ အဝတ်အစားမပါဘဲ အခြားလူရိုင်းတွေနဲ့ ရောပြီး လာပါတယ်။ ဒါပေမဲ့ ပယ်ဗလိုရဲ့မျက်စေ့ကို သူ မလိမ်နိုင်ပါဘူး သခင်"

သို့နှင့် ကလေတန်သည် စိတ်လေးလံစွာဖြင့် အမဲပစ်ရန် ဒစ်နှင့် အတူ ထွက်သွားလေ၏။ ထိုအကြောင်းကို ဒစ်အား ပြောပြသောအခါ ဒစ်က "မဟုတ်နိုင်ပါဘူး ကလေတန်။ လူရိုင်းတွေက လူဖြူဆိုရင် ...တို့ အမဲပဲလို့ အောက်မေ့တာပဲ။ မဟုတ်နိုင်ပါဘူး"

"ဗဆီဂါကလည်း အသားခပ်ညိုညိုပဲ ဒစ်ရဲ့"

"ဒါပေမဲ့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ကလေတန်။ စိတ် ...အေးနေစမ်းပါ"

ထိုနေ့၌ သူတို့သည် ဝက်ကလေးတစ်ကောင်ကို ပစ်ခတ်ရရှိခဲ့၍ ...သားများမစားရသည်မှာ အတော်ကြာပြီဖြစ်သောကြောင့် အဖော်များမှာ ...အဖို့ များစွာ ဝမ်းမြောက်လျက် ရှိကြကုန်၏။







www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီးသော ကဏန်းကြီးဖြစ်၍ ကျောအရှည် နှစ်ပေ။ လက်သည်း တစ်ခုမှ တစ်ခုသို့ (၄)ပေခန့်ရှိသော အကောင်ကြီး ဖြစ်လေသည်။ မီးရှူး မှာ ၎င်း၏ ထောင်လျက်ရှိသော လက်သည်းများပေါ်သို့ ထင်ရှား ကျရောက်လျက်ရှိရာ ဝဲ,ယာ ညှပ်ကြီးနှစ်ခုတို့မှာ အထက်သို့ထောင်နေသ အခါ၌ လူ၏ခါးစောင်းခန့်မျှ မြင့်၏။ ကြောက်မက်ဖွယ်အကောင်းဆုံး ၎င်း၏မျက်လုံးကြီးနှစ်လုံးဖြစ်၍ ပမာဏအားဖြင့် ငါးမူးစေ့ပြားသာသာ ရှိရာ ကျောက်စုန်းများတောက်သကဲ့သို့ စိမ်းလဲ့လဲ့ အရောင်ထွက်လျ ရှိ၏။ ၎င်းသည် လူကိုမကြောက်သည့်ဟန်ဖြင့် တိုက်ခိုက်ရန် ပြင်ဆင်လျ ရှိရာ ဂျိုးနှင့် ကလေတန်တို့မှာ ကြက်သေသေလျက် ရှိနေကြလေသည်

○

## အခန်း (၁၆)

သို့နှင့် ကြီးမားလှသော ကဏန်းကြီးသည် လက်သည်းကြီးများကို မြှောက်ကာ ချီကာ ရှေ့သို့ တိုး၍လာသဖြင့် ကလေတန်သည် လက်ထဲတွင် ကိုင်ထားသော ထင်းချောင်းကြီးဖြင့် တစ်အားလွှဲ၍ချလိုက်ရာ မျက်လုံး တစ်ဖက်ရှိသော ရှေ့မှအဆစ်သည် ပြုတ်ထွက်သွားလေ၏။ သို့သော် ကဏန်းသည် ရိုက်လိုက်သောတုတ်ကို လက်သည်းကြီးများဖြင့်ညှပ်၍ ဆွဲယူလိုက်သည်တွင် တုတ်လွတ်၍ ပါသွားလေ၏။ ထိုအခါ ကလေတန် အား အုံ့အားသင့်ရာမှ ကောင်းစွာ သတိရလာပြီဖြစ်၍ မီးဖိုနံဘေး၌ရှိသော ပုဆိန်ကို သွား၍ဆွဲပြီးလျှင် ကဏန်းကြီးကို တစ်ခါတည်းခွဲ၍ ချလိုက် လေ၏။

ဆူညံသံများကြောင့် ဒစ်သည် အိပ်ရာမှ နိုးလာလေ၏။

"ဘာဖြစ်နေကြတာလဲ ဗျာ"

"ကဏန်းကြီးဗျာ... နည်းတဲ့အကောင်ကြီး မဟုတ်ပါဘူး"

"ဟာ... ကြည့်လိုက်စမ်းချို့... လာနေပြန်ပြီ... နည်းတဲ့ အကောင်တွေ မဟုတ်ဘူး။ ခုမှ ခက်တာပဲ"

ကလေတန်သည် ဂျိုးပြောသဖြင့် လှည့်၍ကြည့်လိုက်ရာ တောင်ပို့ ကြီးနံဘေးရှိ နွံစပ်မှ မိမိတို့ရှိရာသို့ တရွေ့ရွေ့လာနေသော ကဏန်းကြီး (၆)ကောင် (၇)ကောင်ခန့်ကို အုံ့ညစွာ တွေ့မြင်ရလေ၏။ ရွှံ့များ ပေကျံနေ





www.burmeseclassic.com

www.burmeseclassic.com



ရှိရာ 'ခွမ်'ခနဲ 'ခွမ်'ခနဲ အပေါ်ခွံများကို ရိုက်ခွဲလိုက်သောအသံများနှင့် တိုက်ခိုက်သူများ၏ ဟင်းခနဲ သက်ပြင်းချသံများသာလျှင် တိတ်ဆိတ်သော ညဥ့်အချိန်ကို ဖောက်ထွင်း၍ ကြားရ၏။ ကဏန်းများမှာ တစ်ကောင်ကျ သွားလျှင် ကျန်အကောင်များက ထိုအသေကောင်ကို ဝိုင်း၍ ဆွဲဖြဲကိုက် ကာ စားသောက်နေကြသဖြင့်သာ သူတို့မှာ သက်သာရာရကြလေသည်။ သေသောအကောင်များလည်း မနည်းလှဘဲ ၎င်းတို့ကို ဝိုင်းဝန်းစားသောက် နေကြသော အကောင်များမှာမူ ပြောစရာမရှိချေ။ အသေကောင်ကို ကျော်၍ တက်လာသော အကောင်များကား နည်းပါးလေသည်။ ထိုအချိန်၌ မီးပုံ ကြီးမှာ အရှိန်ပြင်းစွာဖြင့် ထိန်ထိန်လင်းအောင် တောက်လျက်ရှိရာ အလင်း ရောင်ကြောင့် လင်းနို့နှင့် အချို့ညဥ့်ငှက်ကလေးများပင် မီးဖိုအနီးတွင် ပျံဝဲရောက်လာကြကုန်၏။ သူတို့အားလုံးမှာ ခုတ်ရထစ်ရ ရိုက်ရပုတ်ရ များသဖြင့် ချွေးတီးတီးကျလျက် ရှိကြပြီးလျှင် ပယ်ဇလိုပင် အံ့သြဖွယ် ကောင်းလောက်အောင် အလုပ်လုပ်လျက် ရှိလေသည်။ ကလေတန်၏ စိတ်ထဲ၌မူ ဤသို့ တိုက်ခိုက်နေရခြင်းမှာ အကယ်မဟုတ်ဘဲ အိပ်နေစဉ် ထမင်းလုံးတစ္ဆေ ခြောက်နေသကဲ့သို့ ထင်မိ၏။

မီးဖိုမှ မီးတောက်သည် မြင့်တက်လာပြီးနောက် သူ့နောက်မှ ဝင်းခနဲ အလင်းရောင်တစ်ခု ဖြတ်သွားသည်ကို မြင်လိုက်ရ၏။ ၎င်းမှာ ပယ်ဇလိုသည် တောက်လျက်ရှိသော မီးစကြီးများကို စု၍ယူပြီးလျှင် ကဏန်းများစု၍နေသော အထူထပ်ဆုံးနေရာသို့ ပစ်လိုက်ခြင်း ဖြစ်လေ သည်။ သူ၏နောက်မှ လူမည်းတစ်ယောက်သည်လည်း ထင်းနှင့် သစ်ရွက် ခြောက်များကို စုပုံကာ မီးအသစ်တစ်ဖို ဖိုပြန်၏။ ထိုအခါ ကဏန်းအုပ် ကြီးသည် မျက်စေ့များ ကန်း၍သွားသကဲ့သို့ တစ်ကောင်နှင့်တစ်ကောင် အလုအယက် တိုးဝှေ့ကာ ရှိကြပြီးလျှင် တစ်ကောင်ကို တစ်ကောင် တိုက်ခိုက် ကိုက်ခဲလျက် ရှိကြလေ၏။ ကလေတန်သည် နဖူးမှချွေးများကို သုတ်လိုက်ပြီးနောက်–





"ပယ်ဇလို… တော်တယ်ဟေ့… ငါ့လူ မီးဖိုထဲ ထင်းများများ ဆပ်ထည့်ပါဦးကွဲ့."

ပယ်ဇလိုသည် ဦးခေါင်းကို ညိတ်လိုက်ပြီးနောက် လူမည်းများနှင့် အတူ သစ်ကိုင်းခြောက် သစ်ရွက်ခြောက်များကို မီးဖိုများထဲသို့ ထပ်မံ ထည့်ကြလေသည်။ ထိုအခါ တစ်ဖက်မှ အတိုက်အခိုက်မှာ လုံးလုံးရပ်စဲ၍ သွားခဲ့လေပြီ။

ဆရာကြီးကို ထားခဲ့ပြီးနောက် ကလေတန်သည် ဒစ်နှင့် ဂျိုး ရှိရာသို့ ပြေးပြန်၏။ သူတို့ဘက်၌မူ သတ်၍ထားသော အသေကောင်များ။ အချင်းချင်းစား၍ ကြွင်းကျန်သော အရိုးပုံအခွံပုံများမှာ လူ၏ခါးစောင်းခန့် ရှိနေတော့၏။ ထိုအပုံကြီး၏နောက်၌ကား ရာပေါင်းများစွာသော အကောင် ကြီးများ ရှိကြရာ ၎င်းတို့မှာ သေပြီးအကောင်များကို ဆွဲငင်စားသောက်ကာ ရှိနေကြကုန်၏။ ထိုအခါ ကလေတန်လည်း ပယ်ဇလိုလုပ်သည့်အတိုင်း မှုလုပ်စေရာ လူမည်းများပါမကျန် သူတို့အားလုံးသည် မီးများကို ထပ်၍ ထည့်ပြီးနောက် မီးစကြီးများဖြင့် ကျန်ကဏန်းအုပ်ကြီးပေါ်သို့ ပစ်ကြလေ ၏။ ထိုအခါ ကဏန်းများသည် မျက်စေ့များ မမြင်တော့ဘဲ အချင်းချင်း နီးရာအကောင်ကို ကိုက်ခဲ သတ်ဖြတ် ကြလေတော့၏။ ထိုအခါ ဒစ်က–

"ကလေတန်နဲ့ ဆရာကြီး အတော် ပင်ပန်းသွားကြပြီ။ ကိုင်း… အိပ်ကြပေတော့ခင်ဗျာ။ ကျွန်တော်တို့ စောင့်ပါမယ်"ဟု ပြောသဖြင့် ကလေတန်နှင့် ဆရာကြီးမှာ ရှေးဦးစွာ အိပ်ကြရ၏။ သူတို့သည် အိပ်ရာမှ နိုးသောအခါ တစ်နာရီထိုးပြီဖြစ်၍ ကဏန်းများသည်လည်း သူတို့နေရာသို့ ပြန်သွားကြပြီဖြစ်ကြောင်း ဒစ်က ပြောသဖြင့် သိရ၏။ သို့နှင့် မီးပုံကြီးများ နောက်ထပ် ဖိုစေပြီးလျှင် နံနက်လင်းသည့်တိုင်အောင် အေးချမ်းစွာ အိပ် ကြရတော့၏။

နောက်တစ်နေ့ နံနက်လင်းလတ်သော် သူတို့သည် ကိုယ်လက်များ လှုပ်ချင်လောက်အောင် ပင်ပန်းနွမ်းနယ်ကာ အိပ်ရာမှထကြ၍ ဒုတိယနေ့



www.burmeseclassic.com

www.burmeseclassic.com



ခရီးကို ဆက်ကြရပြန်၏။ ရွံ့နွံပြင်ကြီးမှာ မျက်စိတစ်ဆုံး ရှုမျှော်၍မဆုံး အောင်ရှိလျက် ၎င်းအပေါ်၌ကား ထီးများမိုးသကဲ့သို့ရှိနေသည့် သစ်ပင် အကိုင်းအခက်တို့မှာ သာယာကြည်လင်သော နေရောင်ကိုပင် ကွယ်လျက် ရှိ၏။ ထိုအခါ၌ တောင်တန်းများကိုပင် မမြင်ရတော့ဘဲ ချုံများအောက်တွင် ကြွက်သတ္တဝါများကဲ့သို့ တစ်လှမ်းချင်းမျှ သွားကြရကုန်၏။ ထိုအခါ ရွံ့များ၊ ဆူးပင်များ၊ သစ်ကိုင်းခြောက်များ၊ ခြင်နှင့် ယင်ကောင်များ တစ်ပါး အခြားမမြင်ရချေ။ အဆိုးဆုံးမှာ ရေမြွေများဖြစ်၍ မြေမာတွေ့လိုက် တိုင်း ခွေ၍နေသော ရေမြွေများကို တွေ့ရ၏။ သို့နှင့် ခြေချတိုင်း ချတိုင်း သတိကြီးစွာဖြင့် သွားရကုန်ရာ ၎င်းတို့မှာ တစ်ချက်ထိလိုက်က လူတစ်ယောက်အား တုံးခနဲလဲစေနိုင်သော အဆိပ် ရှိလေသည်။

ဆရာကြီးသည် သူ၏ အလုပ်ဝတ္တရားများကို ကျေပွန်စွာလုပ်လျက် ရှိသော်လည်း တစ်ခါတစ်ရံ မျက်နှာမကောင်းလှသဖြင့် သူတို့အထဲတွင် ခေါင်းဆောင်သဖွယ် ဖြစ်နေသူသည် အရေးကြီးသော ကိစ္စတစ်ခုခုနှင့် ပတ်သက်၍ စိတ်မကောင်းဖြစ်နေကြောင်း ကလေတန် ရိပ်မိ၏။

သို့နှင့် နေ့လည် ခေတ္တအမောပြေနားကြ၍ 'ဆပ်လဖိတ်အော့ကွီ နိုင်' ဆေးတစ်ခွက်စီ သောက်ကြသောအခါ ကလေတန်သည် ထိုအကြောင်း ကို တီးတိုး မေးမြန်းလေသည်။ ထိုအခါ ဆရာကြီးက အနီးတွင် အခြား သူများ ရှိ၊မရှိ ကြည့်လိုက်ပြီးနောက် မိမိတို့လာနေသော လမ်းကြီးမှာ ရှေ့နှစ်ပေါင်း ၃၀၀ ခန့်က အလွန်ရှေးကျသော လူမျိုးများ ခင်းကျင်း ပြင်ဆင်ထားခဲ့သော လမ်းကြောင်းကြီးဖြစ်ကြောင်း၊ ထိုအခါက လမ်းမှာ အလွန်ကောင်း၍ လူများသည်လည်း ယခုထက် သုံးဆမျှ ခရီးသွားနိုင် ကြောင်း၊ သူတို့သည် စခန်းချနားနေရန် သီးသန့်စခန်းများထားခဲ့ကြောင်း ထိုနေရာတစ်ခုခုကို ယခုည နေမဝင်မီ ရှာမတွေ့က မိမိတို့သည် ရရာနေရာ ၌ ရသမျှသစ်ကိုင်းများကို ခုတ်၍ စခန်းချရမည်ဖြစ်ရာ ကဏန်းပုစွန်လုံး ကြီးများ၊ မြွေများ၊ မိကျောင်းများ ဘေးရန်ကို များစွာကြောက်ရကြောင်းနှင့်





ပြောပြလေသည်။ ထိုအခါ ကလေတန်က–

"ဆရာကြီးပြောတာ မှန်ပါတယ် ခင်ဗျာ။ ဒီစခန်းတစ်ခုခုကို နေမဝင်ခင် ကျွန်တော်တို့မတွေ့ရင် သစ်ပင်တွေကိုချိုင်ပြီး ဒီညအဖို့ ဖြစ်သလို စခန်းချရတော့မှာပဲ"

"ဒါပေမဲ့ သစ်ပင်ကြီးကြီး လှဲဖို့တောင် ကျုပ်တို့မှာ အားမရှိတော့ ဘူးမောင်။ အဲလေ... ဒီအကြောင်း တခြားသူတွေ မသိစေနဲ့ဦး"

သို့နှင့် ကလေတန်သည် ဤ စိတ်ပျက်ဖွယ်အကြောင်းများကို အခြားသူများအား မပြောဘဲ သိုသိပ်ထား၏။ ညနေခင်း၍ လမ်းသည် ကြမ်းသည်ထက် ကြမ်းလာ၏။ နွံများမှာ ယခင်ကထက် နက်လာပြီးလျှင် အောက်ခင်းကျောက်ပြားများပေါ်တွင် ခါးလယ်ခန့်မျှ မြုပ်သည်အထိ တုတ် များဖြင့်ထောက်ကာ ရုန်း၍ သွားကြရ၏။ တစ်ခါ၌ လမ်းတွင် ဖြတ်၍ လဲနေသော သစ်ပင်ဆွေးကြီးတစ်ခုကို တွေ့ရရာ မည်မျှလောက် ဆွေး သနည်းဆိုပါမူ သစ်ပင်ပေါ်သို့ ရှေ့ဆုံးမှခုန်တက်သောသူသည် သစ်ဆွေး ထဲသို့ ခါးစောင်းခန့် မြုပ်၍ဝင်သွားလေသည်။ ထိုအခါ သစ်ဆွေးများကြားမှ တစ်ကောင်လျှင် လက်မတစ်ဝက်ခန့်ရှိ အညိုရောင် ပုရွက်ဆိတ်ကြီးများ သည် တပ်ချီ၍ထွက်လာပြီးလျှင် လူ၏အသားကို တွေ့ရာနေရာ၌ ခွေးဆွဲ ဆွဲကြကုန်ရာ လူမည်းများပင် ဟစ်အော်ကြရလေသည်။ သို့နှင့် သူသည် မတက်နိုင်တော့သဖြင့် နောက်ဆုံး၌ မီးရှို့၍ လမ်းပြုလုပ်ပြီးနောက်မှ သွားနိုင်ကြလေ၏။

မကြာမီ နွံများပျောက်၍ သွားတော့၏။ သို့သော် မသက်သာလှ သေးချေ။ နွံများပင် မရှိသော်လည်း မြောက်အမေရိကမှ 'လွှမြက်'ခေါ် မြက်မျိုးကဲ့သို့ အပြား ၃ လက်မခန့် အရွယ်ရှိသည့် မြက်ပင်ကြီးများသည် ရွံ့ထဲမှ ၁၂ ပေမှ ၁၄ ပေမြင့်အထိ ပေါက်ရောက်လျက်ရှိရာ လမ်းတစ်ဖက် တစ်ချက်တွင် မသွားနိုင်အောင် ဆီး၍နေသော တံတိုင်းကြီးများသဖွယ် ရှိနေကုန်၏။ သို့သော် တစ်နေရာ တစ်နေရာ၌ လမ်းသွား၍ဖြစ်နိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



လေးလံသော အရာဝတ္ထုကြီးတစ်ခုကို ဒရွတ်တိုက်၍ ဆွဲသွားဘိသကဲ့သို့ မြက်များ ပြားရွ၍ကျန်ရစ်ခဲ့သော လမ်းကြောင်းများကို တွေ့ရလေသည်။ ဒစ်သည် သူ့နောက်မှ ကပ်၍လိုက်လာသော ကလေတန်အား–

"မိကျောင်းတွေသွားတဲ့ လမ်းများလား ဗျာ"ဟု မေးလိုက်ရာ ကလေတန်သည် ဦးခေါင်းကို ညိတ်ရုံမျှ ညိတ်လိုက်၏။ သို့သော် ကလေတန်၏စိတ်၌မူ လမ်းကြောင်းကြီးများကို ကြည့်ခြင်းဖြင့် မိကျောင်းထက်ကြီးသောအကောင်မျိုး ဖြစ်ကောင်း ဖြစ်ပေမည်ဟု ထင်မိ၏။ အောက်ခြေ၌ ရွှံ့မရှိသဖြင့်လည်း သူတို့သည် ယခင်ကထက် ပို၍လျှင်မြန်စွာ သွားနိုင်ကြကုန်၏။ သို့သော် ကလေတန် စိုးရိမ်မိသော အချက်မှာ သစ်ပင်ကြီးမတွေ့လျှင် ထင်းရနိုင်မည် မဟုတ်။ ထင်းမရလျှင် ရေနွေးမရဘဲ ရေကို မကျို မချက်ဘဲ သောက်ရန်မှာလည်း အနည်းနှင့်အများ အံ့ဆိပ်ပင် ဖြစ်တော့၏။

နေသည် တဖြည်းဖြည်း ကျဆင်းလျက် ညဦး၏အရိပ်အရောင်များ ပေါ်ထွက်လာသော်လည်း ခရီးသည်တစ်စုမှာ တရွေ့ရွေ့သွားလျက်ပင် ရှိသေး၏။ သူတို့ကား အလွန်အမင်း ခရီးပန်းလှကြပြီဖြစ်ရာ တစ်ယောက်နှင့်တစ်ယောက် စကားလည်းမပြောဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် တလှုပ်လှုပ် သွားလျက်ပင် ရှိကြ၏။

အမှောင်ထုသည် တဖြည်းဖြည်းအုပ်ဆိုင်း၍ လာပြီဖြစ်ရာ ဖား အော်သံများကို ဆူညံစွာ ကြားရပြီးနောက် နွံအိုင်ကြီးတစ်ခုအတွင်းမှ မိကျောင်းအော်သံကိုပင် ကြားလိုက်ရ၏။ ပို၍မှောင်လာသောအခါ ဖြုတ်နှင့် ယင်ကောင်များ ပျောက်သွား၍ ခြင်အုပ်ကြီးများ ရောက်လာတော့၏။ ကလေတန်မှာ ပင်ပန်းလှပြီဖြစ်၍ လမ်းသွားရင်းပင် ငိုက်လျက်ရှိ၏။ စိတ်ထဲတွင် အခြားစိတ်မရှိ။ အိပ်ချင်စိတ်တစ်ခုသာ ရှိ၏။ ထိုခဏ၌ "ဟော... ကျုပ်တို့ စခန်းချဖို့နေရာ ရောက်လာပြီ။ ကျုပ်တို့လာတာ မှန်တယ်ဗျာ့။ ကိုယ့်လူတို့ရဲ့"ဟု ဒစ်၏ ခပ်ရွှင်ရွှင် အော်လိုက်သံကြားရမှ ကလေတန်မှာ အိပ်ချင်စိတ်များ ပြေ၍သွားလေသည်။ သူတို့ကား နေးကွေး





စီးနေသည့် ချောင်းကလေးတစ်ချောင်းကို ရောက်လာရာ ချောင်းနံဘေး အမြင့်၏ လက်ဝဲဘက်တွင် စတုရန်းပေ ၃၀ ခန့်ရှိလျက် ကျောက်ပြားများ ခင်းထားသည့် သမံတလင်းတစ်ခုကို ဝမ်းမြောက်စွာ တွေ့ကြသဖြင့် ၎င်းအပေါ်သို့ တက်ကြ၏။

သို့သော် အနီးအနားတွင် သစ်ပင်ဟူ၍ တစ်စုံတစ်ရာ မတွေ့မမြင်သဖြင့် မီးမွှေးရန်ပင် အခက်ကြုံလျက် ရှိတော့၏။ သို့နှင့် သူတို့သည် မီးရလျှင်ပြီးစေတော့ဟုဆိုကာ မြက်ပင်ကြီးများ၏ ခြောက်၍နေသော အပေါ်ပိုင်းများကို ဖြတ်တောက်ကာ တတ်နိုင်သမျှ စုဆောင်းကြရလေ၏။ ထိုစဉ် ပယ်ဗလိုသည် ကလေတန်အနီးသို့ကပ်ကာ– "သခင့်ကို ကျွန်ုပ် ပြမည်"ဟု ပြော၍ ချောင်းအထိသွားရန် သူ ရှင်းလင်းထားသော လမ်း ကလေးအတိုင်း ခေါ်သွားလေသည်။ ချောင်းသို့ရောက်သောအခါ အထက်မှ မျောလာခဲ့ဟန်တူသော နွံထဲတွင် တစ်ဝက်၊ ရေထဲတွင် တစ်ဝက် ရှိနေသည့် သစ်တုံးကြီးတစ်တုံးကိုပြသဖြင့် ကလေတန်မှာ အံ့အားသင့်လျက် ရှိလေ၏။ မကြာမီ ထိုနေရာသို့ ဒစ် ရောက်လာ၍–

"အင်း... ကျုပ်တို့တော့ ကံကောင်းတာပဲဗျို့။ ကိုင်း... ကိုယ့် လူတို့ လာကြ လာကြ... အားလုံး ပုဆိန်သာ ယူခဲ့ကြပေတော့"

ထို့နောက် ဒစ်သည် သစ်ပင်လုံးပေါ်သို့ ခုန်တက်ပြီးနောက် ပေါက်ချန် ပုဆိန်ကို လွှဲလိုက်စဉ် ပယ်ဗလိုသည် တစ်စုံတစ်ရာကို စပိန်ဘာသာဖြင့် အလန့်တကြား ဟစ်အော်လိုက်သဖြင့် ဒစ်က–

"ဒီအကောင်ပြောတာ ဘာတဲ့လဲ ကလေတန်ရဲ့"

"မြွေလို့ပြောတာပဲ... ဟော့ ပယ်ဗလို ဘယ်မှာလဲကွဲ့"

အချိန်မှာ မှောင်လာပြီဖြစ်၍ ပယ်ဗလိုညွှန်ပြရာသို့ ကြည့်သော်လည်း တစ်စုံတစ်ရာ မမြင်ရချေ။ ရေပေါ်တွင် အဖြူရောင်သန်းနေသည့် ဗက်ဖျားရောဂါကို ဖြစ်စေထက်သော မြူခိုးများကိုသာ မြင်ကြရလေသည်။

"မမြင်ရပါကလားကွဲ့... ပယ်ဗလို... ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ သခင်… ကြည့်ပါဦး…"

"သစ်ပင်က အကိုင်းကြီးပဲလား မပြောတတ်ဘူး… မဟုတ်ဘူးရှို လှုပ်နေတယ်… ဒစ်။ ပယ်ဗလိုပြောတာ ဟုတ်တယ်ဗျာ။ မြွေပဲဗျို့။ လူရဲ့ ကိုယ်လုံးလောက် ရှိပါကလား"

"ကိုင်း… နေကြဦး… ကျုပ် သေနတ် သွားယူဦးမယ်"

"မပစ်ပါနဲ့ သခင်… သခင် ပစ်ရင် သူ မသေဘူး။ ဒီကလူတွေ အားလုံးကို သူ သတ်မယ်… စပါးကြီးမြွေမျိုး ဖြစ်တယ် သခင်"

သို့ပြောဆိုလျက်ရှိစဉ် နောက်တစ်ကြိမ် ကြည့်လိုက်သောအခါ မြွေကြီး မရှိတော့ချေ။ သို့နှင့် သူတို့သည် မှောင်နေသည့်အထဲကပင် သစ်ပင်ခြောက်ကြီးမှ ထင်းများကို တတ်နိုင်သမျှ ခုတ်ယူပြီးလျှင် မီးမွှေး ကြရလေ၏။

၀



## အခန်း (၁၇)

သစ်ပင်ခြောက်ကြီးမှ သစ်သားများမှာ အလွန်ခြောက်သွေ့နေသဖြင့် ဆိုက်၍ ကောင်းလှ၏။ သို့နှင့် ရေနွေးတည်ကာ အသားကင်တစ်တုံးစီ ကော်ဖီပူပူတစ်ခွက်စီ သောက်ကြရလေသည်။ ထို့နောက် ဒစ်က–

"ကျုပ်တို့တော့… ကဏန်းတွေရန် မရှိတော့ဘူးနော် ကလေတန်"

"ဒါပေမဲ့ နေဦးဗျာ့။ ဟော့ ပယ်ဗလိုရဲ့မြွေကြီးများ လာနေဦးမှာ ကွဲ့"

"မီးရှိရင် မလာပါဘူး သခင်"

"ပက်ဗလိုပြောတာ မှန်တယ် ကလေတန် ကျုပ်တို့ ညမှာ စောင့် ရင် ကောင်းမယ်။ ဒါပေမဲ့ စောင့်ဖို့တစ်ယောက်ပဲ လိုပါတယ်"

သို့နှင့် စောင့်ရန်အလှည့်များကို စီစဉ်ကြလေ၏။ ကလေတန်က ဦး နှစ်နာရီ အိပ်ရမည်ဖြစ်၍ ညဉ့်သန်းခေါင်အထိ ဂျိုးက စောင့်ရမည် လေသည်။ ဆရာကြီး၏အလှည့်မှာ နံနက် (၂)နာရီမှ (၄)နာရီအထိ လေသည်။ ကလေတန်သည် ရှေးဦးစွာ အိပ်ရလေရာ သစ်တုံးကဲ့သို့ ပျော်လျက်ရှိ၏။ သို့အိပ်ပျော်နေရာမှ တစ်စုံတစ်ယောက်က လှုပ်၍ သဖြင့် နိုးရလေသည်။ သူ့အားခေါ်နေသော အသံမှာ ဂျိုး၏အသံ လေသည်။

"ဟော့… ကလေတန်…ထ…ထ…"



www.burmeseclassic.com

www.burmeseclassic.com



(အိပ်ရာမှထ၍ ထိုင်ပြီးနောက်) "ဘာလဲ ဂျိုးရဲ့ မြွေလား"

"မဟုတ်ပါဘူး လူသံတွေကြားလို့ လေ့လှော်လာတဲ့ အသံတွေပဲ"

"လူရိုင်းတွေများ လိုက်လာပြန်ပြီလား သူငယ်ချင်း"

"ဒီအကောင်တွေလည်း လာနိုင်မယ် မထင်ပါဘူးကွယ်... မှော
လွန်းလို့ ဘာမှ မမြင်ရဘူးကွဲ့။ ပြီးတော့ မီးဖိုကိုလည်း မီးတောက်အော
မထည့်ဝံ့ဘူး... နားထောင်စမ်း... နားထောင်စမ်း..."

သူတို့သည် နားစွင့်၍ထောင်ကြရာ ချောင်းဆီမှ ရေကိုခပ်လို
သကဲ့သို့ အသံမျိုးကို ကြားရလေ၏။

"လှေလှော်သံ အစစ်ပဲ ဂျိုး။ သေနတ်ယူလေ... ကမ်းဆိ
သွားကြရရင် မကောင်းဘူးလား... ဟိုလူတွေတော့ ဘာမှန်းမသိ
မန္တုးပါနဲ့ဦး"

ကလေတန်နှင့် ဂျိုးတို့သည် သေနတ်များကို ယူကာ ကျောက်သ
တလင်းပေါ်မှ ချောင်းဆီသို့ ခြေဖျားထောက်၍ သွားကြလေ၏။ အချိန်
ညဉ့်၏ အမှောင်ဆုံးအချိန်ဖြစ်၍ ထိုနေ့၌ လ,လည်း မရှိချေ။ ကြယ်ရော
ကလေးများကား ရှိ၏။ သို့သော် နွံအိုင်ဒေသမှထွက်နေသည့် အခိုးအ
များသည် ထိုကြယ်ရောင်များကိုပင် ကွယ်လျက် ရှိလေသည်။ ကိုင်းမြ
ကြီးများကလည်း သူတို့အား အကာအကွယ်ပေးလျက် ရှိသေး၏။ မီး
မီးမှာ တောက်သည်ဆိုရုံမျှ တောက်လျက်ရှိလေသည်။ သို့သော် သ
တလင်းမှာ မြေပြင်ထက်မြင့်သဖြင့် ၎င်းအစွန်းမှ ချောင်းဆီသို့ ကောင်း
မြင်နိုင်လေ၏။

ချောင်းဆီ၌ကား မည်းမည်းအရာဝတ္ထုကလေးများ တလှုပ်လှု
ရှိနေသည်ကို မြင်ရသဖြင့် သူတို့သည် အံ့အားသင့်ကာ ကြည့်ရှုနေမိ
သည်။ ကလေတန်က ဂျိုးအား လှမ်း၍–

"လောင်းလှေတွေနဲ့ တူတယ်... (၆)စင်း မြင်ရတယ်... သူ
ချင်း၊ ရန်မူမယ်,မမူဘူးတော့ မပြောတတ်ဘူး။ ဒါပေမဲ့ ဒစ်ကို နှိုးထား





ကောင်းတယ်"

ဂျိုးသည် ခြေဖျားထောက်၍ သွားလေ၏။ ပထမ၌ လှေကလေး
များသည် ငြိမ်သက်လျက် ရှိ၏။ သူတို့သည် မီးမြင်၍ တိုက်ခိုက်ရန်
လာကြခြင်းပင် ဖြစ်ပေလိမ့်မည်။ မကြာမီ ရေကိုရိုက်ခတ်သည့် အသံများ
ကြားရပြန်၏။ ကလေတန်သည် ချောင်းဆီသို့ သေနတ်ကို ချိန်ထား၏။
နောက် ဒစ်လည်း ရောက်လာလေသည်။

ထိုတခဏ၌ ဒစ်သည် မြက်ခြောက်တစ်စည်းကို မီးဖိုထဲသို့ ပစ်
ထည့်လိုက်ရာ မီးတောက်လည်း (၆)ပေခန့်မြင့်၍လာကာ ပတ်ဝန်းကျင်
သည် ထိန်လင်း၍ သွားလေ၏။ အလင်းရောင်မှာ ဖြန့်ခနဲ ချောင်းဆီသို့
ရောက်သွားသဖြင့် လှေ (၆)စင်းနှင့်တကွ တစ်စင်း,တစ်စင်းတွင် လူ
(၇)ယောက် (၈)ယောက် ပါသည်ကို မြင်လိုက်ရလေသည်။ သို့သော်
သူတို့ကား လူဖြူများပေတည်း။ အံ့ဩစရာပင်။

ထိုအခါ ကလေတန်သည် အက်ကွဲသောအသံဖြင့် ဒစ်အား–

"အဖြူတွေပါကလား"

"တိုင်းရင်းသားလူရိုင်းထဲမှာ အဖြူလည်းရှိတယ်လို့ ပြောသံ မကြား
ဘူးတယ်ဗျာ။ ဒါပေမဲ့ တစ်ခါမှ မြင်တော့ မမြင်ဖူးဘူး"

လူရိုင်းဖြူများသည် မီးတောက်ကိုမြင်လိုက်ဟန်ဖြင့် တန့်ခနဲ ဖြစ်
သွား၏။ ကလေတန့်သည် မီးရောင်၌ သူတို့အား အတော်ထင်ရှားစွာ
မြင်ရလေသည်။ အသားမှာ ဖြူသည်ဆိုရသော်လည်း ဖျော့တော့လျက်
ကြန်ကြန်ရှိသော ရွှံ့စေးရောင်ကဲ့သို့ ရှိ၏။ ဝါကြန့်ကြန့်ပေါ်တွင် ပြာရောင်
သေါက်နေ၏။ ပထမ၌ သူတို့အား 'အယ်လဗီနို' လူမျိုးများဟု မှတ်ထင်
မိသေး၏။ သို့သော် သူတို့ကား အလွန်ကြီး၍ အပြာရောင် ဖြစ်လေသည်။
မျက်နှာများမှာ လွန်စွာ အရုပ်ဆိုးလှ၏။ ကပ္ပလီများကဲ့သို့ နှာခေါင်းပြား
ကာလျှင် အလွန်ကြီးသောပါးစပ်များ ရှိလေသည်။ အမျိုးအနွယ်မှာ တောင်
အမေရိကတိုက်ရှိ လူရိုင်းမျိုးများထဲတွင် အလွန်အောက်တန်းကျသော



www.burmeseclassic.com

www.burmeseclassic.com



အဆက်အနွယ် ဖြစ်၏။

"သူတို့လှေတွေကို တိတ်တိတ်သွားဖောက်ပစ်ရရင် မကောင်းဘူးလား"

"မလုပ်နဲ့ ဒစ်"

ထိုသို့ ပြောလိုက်သံမှာ သူတို့အနီးသို့ နောက်မှရောက်လာသော ဆရာကြီး၏အသံ ဖြစ်လေသည်။

"သူတို့ဟာ ကျုပ်တို့ကို ဘယ်လို သဘောထားမယ်ဆိုတာ မသိသေးဘဲနဲ့ မလုပ်ပါနဲ့ဦး ဒစ်ရယ်… ဒီလူဖြူမျိုး ရှိတယ်ဆိုတာ ကျုပ်လည်း ကြားရုံပဲ ကြားဖူးတယ်။ တစ်ခါမှ မမြင်ဖူးဘူး… ကြည့်လိုက်စမ်း… သူတို့ရဲ့ကိုယ်နဲ့စာရင် ခြေထောက်ဟာ ဘယ်လောက်တိုသလဲဆိုတာ ဒါကြောင့် ဒီလူတွေဟာ လမ်းကောင်းကောင်း မသွားနိုင်ဘဲ အများအားဖြင့် လှေထဲမှာနေပြီး လှေနဲ့သာ ခရီးသွားကြရတယ်ဆိုတဲ့အကြောင်း သိရတယ်"

"သူတို့အားလုံး လူ ၄၀ လောက် ရှိတယ် ဆရာကြီး… လူတိုင်းမှာ လှံရယ်… ပြီးတော့ ဘာမှန်းမသိဘူး၊ ကိုယ်စီပါကလား"

ဆရာကြီးသည် ဒစ်ပြောသည်ကို ကြားဟန်မရှိဘဲ လူဖြူများကိုသာ စိတ်အားထက်သန်စွာ ကြည့်ရှုလျက် ရှိလေသည်။ ထို့နောက် ဆရာကြီးသည် မိမိကိုယ်ကို မိမိပြောသကဲ့သို့ "အထူးဆန်းဆုံးကတော့ သူတို့ရဲ့မျက်စေ့ပဲ… သူငယ်အိမ်ဟာ အဆမတန်ကြီးပြီး တစ်နည်းအားဖြင့် ကြောင်နဲ့ တူတယ်…"

"ဘယ်လို ဆရာကြီးရဲ့"

"လူကြောင်လို့ ခေါ်နိုင်တာပေါ့… မှောင်ထဲမှာ သူတို့ ကောင်းကောင်းကြီး မြင်နိုင်တယ်"

ထိုအချိန်၌ တစ်စုံတစ်ရာ မသဲကွဲသောအသံဖြင့် တီးတိုးရေရွတ်လိုက်သဖြင့် လူရိုင်းများသည် ကမ်းဘက်သို့ လှော်ခပ်စပြုလာကြလေ၏။ ထိုအခါ ဒစ်က အေးအေးဆေးဆေးပင်–





"ပစ်ဖို့ တော်ပြီထင်တယ် ဆရာကြီး…"

(လက်ကိုဆွဲထားလျက်) "နေပါဦး ဒစ်။ သူတို့ဟာ ကျုပ်တို့ကို မြင်ချင်မှ မြင်ဦးမယ်။ ပြီးတော့ ဘယ်လိုမှလည်း ရန်မမူသေးဘဲ မြက်တောရောက်ရင် ကျုပ်တို့ ထားနိုင်ပါတယ်"

"သိပ်မထင်နဲ့ ဆရာကြီး…။ မြက်တောကို သူတို့ရောက်ရင် ကျွန်တော်တို့ ရှုံးပြီးသားပဲ။ ကိုင်း… ကလေတန် သူတို့ကိုရပ်ဖို့ စပိန်ဘာသာနဲ့ အော်စမ်းဗျာ"

သို့နှင့် ကလေတန်သည် ဒစ်ပြောသည့်အတိုင်း သံကုန် ဟစ်အော်လိုက်လေ၏။

ဖြစ်ပျက်ပုံကား ထူးခြားလှ၏။ လျင်မြန်လည်း လျင်မြန်လှ၏။ သူတို့သည် တစ်စုံတစ်ရာကို ရေရွတ်ဟစ်အော်လိုက်ပြီးနောက် လူတစ်ဝက်ခန့် မတ်တတ်ရပ်လိုက်ကြပြီးလျှင် ပြောင်းတံကြီးများကို ပါးစပ်ဆီသို့ တပ်လိုက်ကြလေ၏။ ကျန်လူများက လောင်းလှေများကို ကမ်းခြေသို့ လှော်ခပ်လျက် ရှိကြလေသည်။ ဒစ်က အလန့်တကြား–

"မဟန်ဘူး ဆရာကြီး… မဟန်ဘူး"

ပြောပြောဆိုဆိုနှင့်ပင် ဒစ်သည် အနီးဆုံးလောင်းလှေ၏ ဝမ်းကို ချိန်၍ ပစ်လေ၏။ ကျည်ဆန်သည် လှေ၏နံဘေးကိုထိကာ ကွဲအက်သွားသံ ကြားလိုက်ရသော်လည်း လူရိုင်းများကာ မဖြိုဘဲ ဝံပုလွေများကဲ့သို့ ပါးစပ်မှအူကာ ရှေ့သို့ တက်မြဲ တက်လာကြလေသည်။

မြက်တောသို့ရောက်လျှင် သူတို့ဘက်မှ လူများ ကျဲသွား၏။ သာ၍ အပစ်ရခက်မည်ကို တွေးမိ၏။ ဆရာကြီးပြောသည့်အတိုင်း မှောင်ထဲတွင် မြင်နိုင်သည်ဆိုကလည်း သူတို့ဘက်မှ တပန်းသာနေပြန်၏။ ထို့ပြင် အဆိုးရွားဆုံးအချက်မှာ မိမိတို့ ယခုရောက်ရှိနေသော ကျောက်သမ်တလင်းမှာ တစ်စုံတစ်ရာအကာအကွယ်မရှိဘဲ ဟင်းလင်းဖြစ်နေခြင်းပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒစ်သည် လက်မှန်မှန်ဖြင့် ချိန်၍ပစ်လျှက်ရှိ၏။ ထိုအချိန်၌ လောင်းလှေများသည် မြက်ပင်ရှည်ကြီးများအောက်သို့ ရောက်ပြီဖြစ်၍ မမြင်ရတော့သဖြင့် အပစ်ရပ်လိုက်ရတော့၏။ နောက်ခဏတွင် မြက်ပင်များ လှုပ်ရှားသော တရှဲရှဲအသံများကိုပင် ကြားရတော့၏။

*ခဏမျှ ဆိတ်ငြိမ်၍နေပြီးနောက်* "ပြွတ်...ပြွတ်...ပြွတ်" ဟူသော ထူးဆန်းသောအသံများကို ကြားလိုက်ရပြီးလျှင် ကလေတန်၏ နားနားသို့ တစ်စုံတစ်ခုသည် 'ဝီ'ခနဲ ဖြစ်၍ သွားလေ၏။ ထိုအခါ ချက်ချင်းလိုပင် ပရော်ဖက်ဆာကြီး၏ အသံဖြင့်–

"ဝပ်လိုက်ကြ... အားလုံးဝပ်လိုက်ကြ... ဆိပ်လူးမြှားတွေနဲ့ မှုတ်နေတယ်နော်... သတိထားကြ" ဟု ပြောသံ ကြားလိုက်ရသဖြင့် ဆရာကြီး၏အမိန့်အတိုင်း ဝပ်လိုက်ကြရလေ၏။

○



## အခန်း (၁၈)

အားလုံးပင် ကျောက်သမံတလင်းပေါ်၌ အလျားမှောက်ကာ ပြားပြားဝပ်လျှက် ရှိကြကုန်၏။ လူချင်း အထင်ခံ၊ ရင်ဆိုင်၍ တိုက်ခြင်းမှာ အရေးမှုတသော တိုက်ခြင်းဖြစ်၍ သတ္တိနှင့် ကိုယ်စွမ်းကို သုံးနိုင်သော်လည်း ယခုမှာမူ မှောင်ထဲတွင် ကြောင်ကဲ့သို့မြင်နိုင်သော သတ္တဝါများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်၏။ မြှားများမှာ သူတို့ ယခင်ကပြောသံ ကြားဖူးသော 'အော်ရယ်လီ'ခေါ် အဆိပ်မျိုး သုတ်လိမ်းထားမည်ဖြစ်၍ ထိုအဆိပ်မှာ အကြောအခြင်များ တဖြည်းဖြည်းဆွဲပြီးလျှင် သေစေတတ်သော အဆိပ်မျိုး ဖြစ်၏။ ဤမျှလောက် အကျဉ်းအကျပ်မျိုးကို ယခင်က မတွေ့ဘူးသေးချေ။

မြှားများကား မိုးရွာသကဲ့သို့ ပျံသန်းလာကြကုန်၏။ အလွန်ကံကောင်းလှသဖြင့်သာ သူတို့အား တစ်ယောက်တလေမျှ မထိဘဲ ရှိလေသည်။ မကြာမီ တက်...တက်... မြည်သံများ ကြားရပြီးနောက် မြှားများလည်း ရပ်စဲ၍သွားတော့၏။ လူရိုင်းများကား အောက်ချိုင့်ရှိ မြက်တောများသို့ ရောက်လာလေပြီ။ သူတို့ဆီသို့ရောက်ရန် အချိန် တစ်မိနစ်၊ နှစ်မိနစ်ထက် ပို၍ မလိုတော့ချေ။

မီးဖိုမှ မီးများလည်း ကျသွားပြီဖြစ်၍ မည်သည့်အရာကိုမျှ မမြင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပေ။ မိမိတို့ဘက်မှ ဝန်ထမ်းလူမည်းများနှင့်တကွ ပယ်ဗလိုက်ပင် ထိုအချိန်၌ မမြင်ရဘဲ ရှိနေ၏။ ထိုအခါ ဒစ်၏အသံဖြင့်–

"ကလေတန် မမြင်ရဘဲ မပစ်နဲ့နော်"

တခဏကလေးမျှ ဆိတ်ငြိမ်လျက် ရှိ၏။ သို့ရှိစဉ် နွံအိုင်ဆီ တစ်စုံတစ်ရာ လူးလိမ့်သံကဲ့သို့ တရှဲရှဲမြည်သော အသံတစ်သံကို ကြားပြီး လျှင် မြက်ပင်ရှည်ကြီးများသည် လှိုင်းထသကဲ့သို့ ယိမ်းယိုင်လှုပ်ရှားလျက် ရှိနေသည်ကို မြင်ရ၏။ ကလေတန်သည် သေနတ်မောင်းပေါ်သို့ လက်ထိ ခပ်တင်းတင်း တင်၍ထား၏။ သို့ရှိစဉ် သူချိန်ထားသော နေရာဆီမှ ကြောက်လန့်တကြား ငယ်သံပါအောင် ဟစ်အော်လိုက်သော အသံများကို ကြားရသဖြင့် သူတို့သည် အံ့အားသင့်လျက် ရှိကြကုန်၏။ ထိုခဏ နွံအိုင်ဆီတွင် လေပြင်းမုန်တိုင်းကျနေသကဲ့သို့ တဝုန်းဝုန်းမြည်သော အသံ များကို ကြားရပြီးလျှင် သွေးရူးသွေးတမ်း အော်ဟစ်သံများကို နောက်ထပ် ကြားရပြန်လေသည်။ ထိုအခါ ဆရာကြီးက "ဘုရားရေ… ဘာများပါ လိမ့်"ဟု တစ်ကိုယ်တည်း ညည်းညူလိုက်၏။

ထိုအချိန်၌ မီးဖိုမှ မီးများ တောက်၍လာသဖြင့် ပတ်ဝန်းကျင်သည် လင်း၍ သွားလေသည်။

"အလိုလေး… မြွေကြီးပါကလား"ဟု ကလေတန်က ဟစ်အော် လိုက်၏။

အားလုံးပင် မြွေကြီးကို မြင်လိုက်ရလေသည်။ မြက်ပင်များအကြား ၌ မြွေကြီးသည် ထိုညအဖို့ ကောင်းစွာအိပ်မက်လျက် ရှိလေရာ လူရိုင်းများ ကပင် ၎င်းအား နှိုးလိုက်ခြင်း ဖြစ်ဟန်ရှိ၏။ မြွေကြီးမှာ တောင်အမေရိက တိုက်ရှိ စပါးကြီးမြွေမျိုးတွင် အကြီးဆုံးနှင့် ကြောက်မက်ဖွယ်အကောင်းဆုံး ဖြစ်သော 'အနာကွန်ဒါ'ခေါ် အမျိုးဖြစ်၍ ၎င်းအား နှောင့်ယှက်သူမှန်သမျှ ကို ချက်ချင်း အသေအကျေ တိုက်ခိုက်တတ်လေသည်။

အကောင်ကြီးမှာ ပေ (၅၀) ခန့် ရှည်၍ အလေးချိန် (၂)တန်ခန့်





ပင် လေးပေလိမ့်မည်။ သူ့အား ရှေးဦးစွာ လာ၍ထိသောလူရိုင်းအား ရင်ပွင့်၍သွားသည်အထိ အစွယ်ကြီးများဖြင့် ဆုတ်ဖြဲချလိုက်ပြီးလျှင် ကိုယ် လုံးဖြင့် ရစ်ပတ်ထားပြီးနောက် အခြားအဲလှမ်းမိသမျှသူများအား ကိုယ်လုံး ဖြင့်လည်းကောင်း၊ အမြီးဖြင့်လည်းကောင်း တဝုန်းဝုန်းရိုက်ခတ်လျက် ရှိလေသည်။ ကျည်ဆန်ကိုမဖြုန်ခဲ့သော အသားဖြူလူရိုင်းများသည် ကြောက် မက်ဖွယ်ကောင်းသော မြွေကြီး၏လက်၌ မရှုမလှ ပျက်စီးကြရကုန်၏။ အချို့ ရေထဲသို့ ခုန်ဆင်းကြ၏။ အချို့လည်း အနီးဆုံး လောင်းလှေပေါ်သို့ တက်ကြ၏။ အချို့လည်း ရွှံ့နွံထဲ၌လည်းကောင်း၊ မြက်တောထဲ၌လည်း ကောင်း ရုန်းရင်းဆန်ခတ် ရှိနေကြကုန်၏။ မီးရောင်တွင်မြင်ရသော မြွေကြီး၏ဦးခေါင်းပင် (၃)ပေခန့် ရှိ၍ ပါးစပ်ကြီးကို (၂)ပေခန့် ဟလျက် ရှိ၏။ အစွယ်ကြီးများပင် လူ၏လက်ညှိုးခန့် ရှိလေသည်။ ၎င်းသည် အနီးဆုံးလူများအား ကိုက်လိုက် ပေါက်လိုက် ဆွဲလိုက် လိမ်ပတ်လိုက်နှင့် ရှိနေလေသည်။ ရုန်းရင်းဆန်ခတ်ရှိနေသည့် အတွင်း၌ လဲသံ၊ ကွဲသံ၊ အလန့်တကြား ဟစ်အော်သံ၊ တဝုန်းဝုန်း၊ တဖြုန်းဖြုန်း ရိုက်ခတ်သံတို့မှာ တောစပ်ကလေးတွင် ဆူညံ၍ သွားလေ၏။ အချို့လှေများလည်း လူများ လွန်းသဖြင့် မှောက်၍သွားကြကုန်၏။ ရွှံ့နွံတွင်း၌ နစ်နေသူမှန်သမျှ မြွေ၏ဘေးရန်မှ မလွတ်ချေ။ လူကောင်းများကို ဖျစ်ညှစ်လိမ်ပတ်လျက်ရှိ သော အခွေကြီးများမှာ မီးရောင်တွင် တလူလူး တလွန့်လွန့် တပြောင် ပြောင် တလက်လက် တောက်ပလျက်ရှိ၏။

မြွေကြီးသည် နွံအိုင်စပ်တွင် သတ်ဖြတ်နေရသည်ကို အားမရသည့် ဟန်ဖြင့် ချောင်းဘက်သို့လှည့်ကာ လှေများဆီသို့လိုက်လေရာ ထောင်၍နေ သော ပါးပျဉ်းကြီးကိုပင် ပေ (၂၀)ခန့်မျှ မြင့်လျက်ရှိ၏။ လှေနှစ်စင်းမှာ ၎င်း၏ ပါးပျဉ်းကြီးအောက်တွင် လူအပြည့်နှင့် နစ်မြုပ်သွားပြန်၏။ လောင်း လှေ (၄)စင်းသာ လွတ်မြောက်သွားလေသည်။ အဖြစ်အပျက်များအား လျင်မြန်လှပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ဘက်များ လှည့်လာဦးမှာလား... ကလေတန်" ဟု ဒစ်သည် အက်ကွဲသံကြီးဖြင့် အလန့်တကြား ဟစ်အော်လိုက်လေသည်။

"ကျုပ်တို့ဘက်က ကူပြီး တိုက်ပေးလေတော့။ ကျုပ်တို့လည်း သူ့ကို မသတ်နိုင်ဘူး ဗျာ့"

"ဒါဖြင့် ကျုပ်တို့ မီးဖိုနား ရွှေ့ကြစို့ရဲ့ဗျာ"

မြွေကြီးကား ၎င်း၏ အခွေကြီးများပေါ်တွင် ခေါင်းတင်ကာ မလှုပ်မယှက် ရှိနေသေး၏။

ပယ်ဗလိုသည် ထင်းနှင့် မြက်ခြောက်များကို မီးဖိုတွင်းသို့ထည့်ကာ မီးတောက်အောင်မွှေးလျက် ရှိလေ၏။ ကလေတန်က ပယ်ဗလိုအား မြွေကြီး၏အကြောင်းကို မေးမြန်းရာ ပယ်ဗလိုက–

"မြွေကြီးဟာ မီးကို အများကြီးကြောက်တယ် သခင်။ မီးများများ ရှိတယ် မလာဘူး သခင်"

"ဒါဖြင့် ကျုပ်တို့ တစ်ညလုံးထိုင်ပြီး မီးထည့်နေရမလို ဖြစ်နေပြီ ဗျို့"

"ထိုင်ပြီးစောင့်နေသော်လည်း ထည့်ဖို့ ထင်းက လိုသေးတယ်ဗျာ"

သူတို့သည် ဆိတ်ငြိမ်စွာ စဉ်းစားလျက်ရှိစဉ် ဒစ်သည် ခပ်အုပ်အုပ် ရယ်မောလိုက်လေသည်။ ထို့နောက် သူသည် မီးဖိုထဲမှ မီးတောက်လျက်ရှိ သော ထင်းစကြီးတစ်စကို ဆွဲယူလာပြီးလျှင် သမံတလင်းခုံ၏ ညာဘက် ထောင့်သို့ သွားပြီးနောက် မီးစကို မြက်တောထဲသို့ ပစ်လိုက်လေ၏။ မီးစသည် ကြယ်များကဲ့သို့ ဝင်းခနဲ ဖြစ်သွားပြီးနောက် မြက်များမှာ လပေါင်းများစွာ မိုးရေ မထိရသဖြင့် အလွန်သွေ့ခြောက်လျက် ရှိရကား လဲ၍နေသော အပင်ဖျားများကို စ၍မီးစွဲလေ၏။ ထိုအခါ လေကလေးက လည်း ကူပေးသဖြင့် မကြာမီ မြက်ခြောက်တောသည် မီးဟုန်းဟုန်း တောက်လေတော့သတည်း။

သူတို့သည် အသက်မျှမရှူနိုင်ဘဲ စောင့်ဆိုင်းလျက်ရှိကြရာ မြွေကြီး





ရာမှ မီးရထားခေါင်း ရေနွေးငွေ့ ထုတ်လိုက်သကဲ့သို့ တရှူးရှူးမြည်သော အသံရှည်ကြီးကို ကြားလိုက်ရပြီးလျှင် ချောင်းဆီသို့ တရွေ့ရွေ့ လျောဆင်း သွားသည်ကို မြင်လိုက်ကြရလေ၏။ ထိုအခါ၌ကား တောမီးသည် မြက် ခြောက်တောကြီးကို လောင်စပြုပြီဖြစ်ရကား ချောင်းတစ်လျှောက်လုံး ထိန် ထိန်လင်းနေပြီဖြစ်၍ ချောင်းရေနှင့်ရောစပ်ကာ ချောင်းအောက်ဆီသို့ တလူး လူး တလွန့်လွန့် ရွေ့လျားသွားသော အခွေကြီးများကိုပင် မြင်လိုက်ကြရ ၏။ ထို့နောက် ချောင်း၏အခြားဘက်သို့ တက်ကာ တောနက်ထဲတွင် ပျောက်ကွယ်သွားလေတော့သတည်း။

ထိုအခါမှ သူတို့အားလုံးပင် သက်ပြင်းချလိုက်ကြ၏။ ဒစ်သည် ပြန်လာပြီးနောက် မျက်နှာခပ်ပြုံးပြုံးနှင့်–

"ကိုင်း... မြွေကြီးဒုက္ခတော့ အေးသွားပြီ။ ကျုပ်တို့ အိပ်ကြစို့"

ထိုအခါ ဆရာကြီးက–

"အိပ်ကြမယ်... ဟုတ်စ။ မိုးမလင်းခင် မီးဖုတ်ပြီးသားလည်း ဖြစ်နေကြဦးမယ်"

သို့နှင့် သူတို့သည် ကျောက်သမံတလင်းပေါ်တွင် ထိုင်ကာ တောမီး ကို စောင့်၍ကြည့်ရင်း အချိန်ကုန်ကြရလေ၏။ မြက်ခြောက်များကို လောင် သဖြင့်လည်း မီးတောက်ကြီးသလောက် လျင်မြန်ပြီးလျှင် မီးသည် မြောက် နှင့် တောင်ကို လျှောက်၍လောင်သွားသည်ကို မြင်ရ၏။ အနီးပတ်ဝန်းကျင် ၌ မီးကျ၍သွားသည့်တိုင်အောင် စောင့်ဆိုင်းပြီးနောက် ဒစ်သည် မီးစများကို ယူကာ ကျောက်တံတားကိုကျော်၍ အခြားတစ်ဖက်ကမ်းကိုလည်း မီးတိုက် ပြန်လေ၏။

နောက်တစ်နေ့နံနက် အိပ်ရာမှ နိုးကြသောအခါ နွံအိုင်များပေါ်၌ မီးများလောင်လျက်ပင် ရှိနေသည်ကို တွေ့ကြရလေသည်။ ချောင်း၏ အခြားဘက်၌ကား မျက်စေ့တဆုံးမျှ ညိုမည်း၍နေသော မီးလောင်ပြင်ကြီး ကို မြင်ကြရ၏။ ဆရာကြီးသည် စကားမပြောဘဲ တစ်စုံတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



နက်နဲစွာ စဉ်းစားသည့်ဟန်ဖြင့် ရှိနေပြီးနောက် နောက်ဆုံး၌–

"အင်း... ကျုပ်တို့ မီးရှို့လိုက်တာတော့ ကောင်းပါရဲ့။ ဒါ မှားသလား၊မှန်သလား မပြောတတ်သေးဘူး။ ပြီးတော့လည်း ကျုပ် ဒီနေရာရောက်နေကြောင်း တစ်နည်းအားဖြင့် ရန်သူကို အချက်ပြတာ တူချင်လည်း တူနေမယ်"

"ကျွန်တော်လည်း ညက ဒီအချက်ကို ထည့်ပြီး မစဉ်းစားမိ ခင်ဗျာ။ ဒါပေမဲ့ ဆရာကြီးရယ်... ကျွန်တော်တို့ဟာ အခုအချိန် ဘေးရန်အမျိုးမျိုးကို ကျော်လွန်လာခဲ့ပြီဟာ။ သည့်ထက်ဆိုးရွားတာ တွေ့နိုင်မယ် မထင်ပါဘူး။ ဒီညမတိုင်ခင် ဒီနွံတောထဲက ထွက်နိုင်ကော ပါရဲ့"

○



# အခန်း (၁၉)

ဒစ် ပြောသည့်အတိုင်း မှန်လှ၏။ ထိုနေ့၌ သူတို့သည် ယခင်က ရောက်ခန့်သွားရသည့် ခရီးကို တစ်ရက်နှင့်ပေါက်ခဲ့၍ ညဦးအချိန်၌ မြေပြန့် ဖြစ်သော်လည်း ရွှံ့နွံများလွတ်ကင်းသော နေရာ၌ စခန်းချကြရလေ၏။ သစ်ပင်ကြီးများမှ သစ်ကိုင်းများကို ခုတ်ချိုင်ကာ မီးဖိုကြရလေရာ လူရိုင်း များနှင့် တောတိရစ္ဆာန်များ ဘေးရန်အတွက် စိုးရိမ်သဖြင့် အလှည့်နှင့် ကြရသော်လည်း မိကျောင်းများ၊ ကဏန်းများ၊ စပါးကြီးမြွေကြီးများ မှ မကြောက်ကြရတော့ချေ။

ညဦးနက်သောအခါ မနီးမဝေးမှ ကျားသစ်တစ်ကောင် ဖြတ်သွား သည်မှတစ်ပါး အနှောင့်အယှက်ဟူ၍ မတွေ့ရဘဲ ထိုညအဖို့ အေးချမ်းစွာ ကြရ၏။

နောက်တစ်နေ့ နံနက်စောစော၌ ရှေ့ကွင်းပြင်တွင် သမင်အုပ် တစ်အုပ် ဖြတ်၍သွားသဖြင့် ဒစ်သည် တစ်ကောင်ရအောင် ပစ်လိုက်နိုင် သေး၏။ အသားမှာ အလွန်စား၍ ကောင်းကြ၏။ ရက်ပေါင်းများစွာ ထဲတွင် ရုန်းခဲ့ရသဖြင့် ခရီးပန်းလာကြသည့်အတိုင်း ထိုနေ့တွင် များစွာ သွားဘဲ နေရာကောင်းတွေ့သည်နှင့် တစ်ပြိုင်နက် စခန်းချမည်ဟု စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ထားကြ၏။ တောသည် ရှေ့သို့သွားသောအခါ တဖြည်းဖြည်း သစ်ပင်များ ပါး၍သွားပြီးလျှင် တောင်များကို မြင်နိုင်သည့်နေရာသို့ ရောက်လာကြလေ၏။ သူတို့မြင်ရသော တောင်များကား ယခင်ကတွေ့ခဲ့ရသည့် တောင်ပူစာ တောင်ကုန်းတန်းကလေးများ မဟုတ်ဘဲ တကယ်မြင့်မား၍ ထုထည်ကြီးမားသော တောင်ထု၊ တောင်ထပ်ကြီးဖြစ်ရာ ဖုထစ် ချွန်ထွက်လျက်ရှိသော တောင်ထွဋ်ကြီးများမှာ အပြာရောင်နောက်ခံတွင် ထင်ရှားစွာ ထိုးထွက်လျက် ရှိကြကုန်၏။

သူတို့အားလုံးပင် ထိုတောင်ကြီးများဆီသို့ အတန်ကြာ ငေးမောကြည့်ရှုနေမိကြ၏။ အဘယ့်ကြောင့်နည်းဟူမူ မြေပုံအရဆိုက ထိုတောင်ကြီးများ၏ အခြားဘက်တွင် ရှေးအင်ကာလူမျိုးတို့ လျှို့ဝှက်စွာ တည်ထားခဲ့သည့် မြို့တော်ကြီး ရှိရပေမည်။ သူတို့ရှေ့ (၅)မိုင်ခန့်တွင် အောက်ခံ တောင်ကုန်းကလေးများသည် မတ်စောက်စွာ တည်ရှိကြရာ ဒစ်သည် စခန်းချရန်အတွက် ထိုနေရာသို့ ညွှန်ပြလျက် ရှိလေသည်။ ခြင် ယင်နှင့် ပိုးကောင်မွှားကောင်များ ပေါများလှသော ရွှံ့နွံများမှ ကျွတ်လွတ်ကာ လေပြေများ တဖြူးဖြူးတိုက်ခတ်လျက်ရှိသည့် တောင်ကုန်းကလေးများသို့ တက်မိသောအခါ၌ကား များစွာသက်သာရာ ရကြကုန်၏။ ထိုအခါ၌ ယခင်က ဘေးရန်အန္တရာယ်အပေါင်းတို့၏ ဒဏ်မျိုးကို ခံခဲ့ရသော ဂျိုးမှာ ဆရာကြီးက ကွီနိုင် တိုက်သည်ကိုပင်မရဘဲ တခိုက်ခိုက်တုန်အောင် ချမ်း၍ လာပြီးလျှင် ငှက်ဖျားဝင်၍ လာတော့၏။ သို့သော် စခန်းချသည့်နေရာသို့ အရောက် ကြိုးစား၍ လိုက်ရှာ၏။ စခန်းချရာသို့ ရောက်ကြသောအခါ မီးဖို၍ သူ့အား စောင်များခြုံပေးပြီးလျှင် ကော်ဖီပူပူ တိုက်ကြရ၏။ ကုန်၍နေခြင်းမှာ ပျောက်သွားသော်လည်း အဖျားကား မကျသေးချေ။ ညဉ့်အိပ်ချိန်သို့မရောက်မီ အပူကြီးလွန်း၍ ဂျိုးမှာ ကယောင်ကတမ်းများပင် ပြောနေရာ နံနက်လင်းအားကြီးမှ အိပ်ပျော်သွားရှာ၏။ သို့သော် ဆရာကြီးကမူ သူ့အတွက် စိတ်မချသေးချေ။ သို့နှင့် ဆရာကြီးက—





“အခုလိုအတိုင်းဆိုရင် ဒီနေရာမှာ အနည်းဆုံး (၂)ရက် (၃)ရက်လောက်တော့ ကျုပ်တို့ နေကြရလိမ့်မယ်ထင်တယ်။ ဘယ့်နှယ့်လဲ မစ္စတာကလေတန်”

“ကျွန်တော့်ကို မမေးပါနဲ့ ခင်ဗျာ။ ဒစ်သာ မေးပါ”

“ဘယ့်နှယ့်လဲ ဒစ်”

“ဒီနေရာမှာသာ နေရရင် ကျွန်တော်ကတော့ ကောင်းကောင်း သဘောကျပေါ့ ဆရာကြီး။ ကျွန်တော်တို့ အမဲလည်း ကောင်းကောင်း ပစ်နိုင်ပါလိမ့်မယ်”

သို့နှင့် ဒစ်သည် ကလေတန်နှင့်အတူ အမဲပစ်ရန် သေနတ်ကိုယ်စီဖြင့် ထွက်သွားလေ၏။ တောင်တန်းတစ်ခုနှင့်ခြားနားသော မြေပြင်ကို ဖြတ်၍ သွားရသောအခါ နေပင်ပူသော်လည်း လေအေးကလေးများသည် သူတို့မျက်နှာဆီသို့ ပက်ဖျန်းလျက်ရှိ၏။ အတန်ကြာသွားမိလတ်သော် ဒစ်သည် သမင်တစ်ကောင်ကို ပစ်ခတ်ရရှိ၍ သမင်ကို သေနတ်နှင့် သျှို၍ ထမ်းကြပြီးလျှင် တစ်ထောက်တနားမျှ နားနေ၍ မိမိတို့စခန်းဆီသို့ ပြန်ခဲ့ကြလေ၏။

လမ်းတွင် ကလေတန်သည် လက်ယာဘက်ရှိ ရိုးကလေးထဲမှ တစ်စုံတစ်ရာ အသံကြားသည် ထင်မှတ်သဖြင့် ဒစ်နှင့်အတူ တခဏမျှ နားစိုက်ထောင်မိသေး၏။ သို့သော် နောက်ထပ် မကြားရတော့သဖြင့် ဆက်လက်သွားကြလေသည်။ ရိုးသည် အထက်သို့ တက်သွားသဖြင့် သူတို့သည် ၎င်းလမ်းအတိုင်း ခြေသံမကြားစေရန် တဖြည်းဖြည်း သွားကြ၏။ သို့သော် အကွေ့ကလေးတစ်ခုကို လွန်မိသည်နှင့်တစ်ပြိုင်နက် သူတို့ရှေ့ မလှမ်းမကမ်းတွင် ဝက်အုပ်တစ်စုကို မြင်ရလေ၏။ ဝက်များမှာ တောင်အမေရိကတိုက်တွင် ထင်ရှားသော ‘ပစ်ကာရီ’ ခေါ် တောဝက် အငယ်စားမျိုးဖြစ်၍ အကောင် (၇၀–၈၀)ခန့် ရှိပေလိမ့်မည်။ ၎င်းတို့ အမွှေးအမျှင်များကား ကျောက်ကုန်းထက်တွင် ထောင်ကာ အလည်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရှိသော အကောင်မည်းမည်းကြီးတစ်ကောင်ကို ဝိုင်းရံပြီးလျှင် မာန်ဖီလျက် ရှိကြလေသည်။

"သိပ်ကြောက်စရာကောင်းတဲ့ အကောင်တွေပဲ၊ အလယ်က အကောင်ကြီးက ဘာကောင်ကြီးလည်း မပြောတတ်ဘူး ဒစ်ရဲ့"

"ဝက်ဝံကြီးပေါ့ဗျာ... သူတို့က အုပ်နဲ့ ဝိုင်းနေတယ်"

ဒစ်ပြောသည့်အတိုင်း မှန်တော့၏။ ဝက်အုပ်အလယ်၌ရောက်နေသော ဝက်ဝံကြီးသည် အနီးသို့ချဉ်းကပ်လာသမျှ ဝက်များအား ကြီးမားသော လက်သည်းကြီးများဖြင့် အစွမ်းကုန် ခုခံပုတ်ခတ်လျက် ရှိ၏။ ဒစ်နှင့် ကလေတန်တို့သည် ချုံတန်းကလေးအကွယ်မှ ချောင်းမြောင်း ကြည့်ရှုလျက် ရှိကြလေသည်။

"ဒစ်... အပြင် မထွက်နဲ့နော်။ ကျုပ်တို့ကိုမြင်ရင် ဒီအကောင်တွေ လှည့်လာမှာ စိုးရတယ်"

ဒစ်သည် နောက်သို့ အနည်းငယ် ပြန်၍ဆုတ်လိုက်ပြီးနောက်

"ကြည့်စမ်း ကလေတန်... ဟိုဘက်က နောက်ထပ်တစ်အုပ် ရောက်လာနေပြန်ပြီ"

ထိုအချိန်၌ မျက်နှာချင်းဆိုင်ဘက်မှ အကောင် (၂၀-၃၀)ခန့်ရှိ အခြားဝက်အုပ်တစ်အုပ်သည် ပထမဝက်အုပ်ဆီသို့ အတင်းတိုးဝင်လာကြသည်ကို တွေ့ရလေ၏။ ထိုအခါမှ ကလေတန်က–

"ဒီ သမင်အသေကောင်ကိုတော့ ကျုပ်တို့ လက်လွှတ်လို့ မဖြစ်သေးဘူးဗျာ"

သို့နှင့် သူတို့သည် သစ်ပင်တစ်ပင်ရှိရာသို့ ပြေးကာ သစ်ပင်၏ အောက်ကိုင်းတစ်ခုပေါ်သို့ သမင်သေကောင်ကို ဆွဲထားကြလေ၏။ သို့ရှိစဉ် ဝက်(၄-၅)ကောင်သည် သစ်ပင်ရှိရာသို့ တိုး၍လာကြသဖြင့် သူတို့သည် နွယ်များပေါ်မှတစ်ဆင့် ခုန်တက်၍ ပြေးကြရတော့၏။ ထို့နောက် သစ်ရွက်အုပ်များကို ကွယ်၍ ပုန်းနေကြရရာ ထိုအချိန်၌ကား ဝက်အုပ်





လေးသည် သမင်သေကို ခုန်ပက်ရရှိသွားပြီဖြစ်၍ ဖျက်ဆီးစားသောက်လျက် ရှိနေကြလေပြီ။ သူတို့သည် သစ်ရွက်အုပ်အောက်၌ ပုန်းကာ ားလည်း မပြောဝံ့။ လှုပ်တောင်မှ မလှုပ်ဝံ့ဘဲ အချိန်အတန်ကြာ သက်၍ နေကြရလေရာ အသေကောင်၏အရိုးများကို တကျွတ်ကျွတ် ည်အောင် ကိုက်ဝါးနေကြသော အသံများကိုပင် ကြားကြရ၏။ ကျန် အုပ်ကြီးကား ဝက်ဝံကြီးကိုပင် ဝိုင်းလျက် ရှိကြသေး၏။ ဝက်ဝံကြီးမှာ ကဲဆုံးအခြေသို့ ရောက်ရှိနေပြီဖြစ်ရာ ဝက်ကလေးများထဲတွင် ရှေ့ဆုံးမှ (၃)ကောင်သည် ဝက်ဝံကြီး၏လည်မျိုဆီသို့ တစ်ဟုန်တည်း ခုန်၍ လိုက်ကြရာ ၎င်းတို့၏ အစွယ်များပင် အသားထဲသို့ နစ်မြုပ်သွားသည် မြင်လိုက်ကြရ၏။

ထိုအခါ ဒစ်သည် ကလေတန်အား လေသံဖြင့်–

"ဒီအကောင်တွေ ဝက်ဝံသေကောင်ဆီ ပြန်ပြေးသွားတဲ့အခိုက်ဟာ ျပ်တို့ပြေးဖို့ အချက်ပဲ ကလေတန်"

"ဟုတ်တယ် ဒီအကောင်တွေ ကျုပ်တို့သစ်ပင်အောက်မှာ ကြာကြာ နေပါဘူး"

သူ ပြောသည့်အတိုင်း သစ်ပင်အောက်ရှိ ဝက်အုပ်ကလေးသည် ဝံကြီး လဲကျသွားသည်ကို မြင်လိုက်ကြသည့်ဟန်ဖြင့် ဝက်အုပ်ကြီး ာသို့ ပြန်၍ ပြေးသွားကြလေ၏။ ဒစ်သည် သက်ပြင်းတစ်ချက် ချလိုက် းနောက်–

"ကိုင်း... ကျုပ်တို့ ပြေးကြဖို့ပဲ။ တကယ်လို့ လိုက်လာရင်လည်း မ်းတောင့် (၁၂)တောင့် ကျန်ပါသေးတယ်။ သူတို့မမြင်အောင် ကျုပ်တို့ င်းကြရလိမ့်မယ်"

"ကိစ္စမရှိပါဘူးဗျာ... ကျုပ်ဘက်က ခုန်ချရင် လွယ်ပါတယ်... ိုင်း... ဗျို့"

သို့နှင့် သူတို့သည် သစ်ရွက်များ အကွယ်ဆုံးဘက်မှ ခုန်ချပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ချုံများကို အကာအကွယ်ယူ၍ ပြေးကြရလေ၏။ ထိုအခါ ကလေတန်က

"ကျုပ်တို့ သစ်ပင်ပေါ် ညမအိပ်ရတာ ကံကောင်းပဲ"

ဝက်အုပ်ကြီးကား ဝက်ဝံသေကောင်ကိုသာ မဲလျက် ကိုက်ဖြ

ဆွဲဆုတ်ကာ ရှိနေကြကုန်၏။

ထိုအချိန်၌ သူတို့သည် လျှို၏အောက်ပိုင်းကို ဝိုင်းရံလျက်ရှိသော

သစ်ပင်တန်းကလေးကို ဖြတ်သန်းလျက် ရှိကြ၏။ ထိုနေရာတွင် လ

ကလေးမှာ ကျဉ်းလွန်းလှသဖြင့် တစ်ယောက်နောက်မှ တစ်ယော

လိုက်ကြရ၏။ တစ်နေရာတွင် မြက်ပင်ရှည်ကြီးများမှာ မကြာခဏ လူမျာ

နင်းထားသကဲ့သို့ ရှိနေသည်ကို တွေ့ရလေသည်။ နောက်ဆုံး၌ သူတို့သ

ဆင်ခြေလျှောတစ်ခု၏ထိပ်သို့ ရောက်လာကြရာ ထိုနေရာမှ သူတို့တဲစခန်း

သို့ပြန်ရန် လမ်းစကို ရှာဖွေကြရပေမည်။

နေမှာ အလွန်ပူပြင်း၍ သူတို့၏နှုတ်ခမ်းများမှာ ခြောက်သွေ့လျ

ရှိ၏။ ပါ၍လာသော ကော်ဖီမှာလည်း ကုန်ခမ်းခဲ့လေပြီ။ သူတို့သ

မျှော်မှန်းသည့်အတိုင်း သူတို့ရှေ့ တောင်ပူစာမှ လမ်းကလေးဆီသို့ ချုံမျာ

ကိုဖြတ်ကာ သွားကြရ၏။ အချို့နေရာများ၌ ချုံများကို ခုတ်ထွင်၍

သွားကြရ၏။ ဒစ်သည် ရှေ့မှ လမ်းကို ထွင်၍သွားရာ ရုတ်တရ

လက်ပြလိုက်သဖြင့် ကလေတန်သည် ဖျတ်ခနဲ လန့်၍သွားပြီးလျှင်

လိုက်ရ၏။ ဒစ်သည် ချုံကြီးအောက်ရှိ သစ်ရွက်များကြားမှ ရှေ့သို့ညွှန်

ကာ 'ဗဆီဂါ'ဟု လေသံဖြင့် ပြောလိုက်လေသည်။

ဒစ်နှင့် ကလေတန်တို့မှာ သူတို့၏ မျက်စေ့များကိုပင် မယုံကြည်

နိုင်လောက်အောင် ရှိတော့၏။ အကြောင်းမူကား တောင်ကုန်းကလေး

(၃)ခု ဖိုခနောက်ဆိုင်ရှိနေသည့် နေရာကွင်းပြင်ကလေး၌ ဗဆီဂါသည်

လူရိုင်း (၄-၅)ယောက်နှင့်အတူ စခန်းချလျက် ရှိနေသည်ကို အံ့သြဖွ

တွေ့မြင်ကြရ၏။

"ကျုပ်တို့များ မြင်သွားပြီလား ဒစ်ရယ်..."





"မြင်မယ် မထင်ပါဘူးဗျာ... ကျုပ် မြင်ရတော့ သူ့အနားမှာ ငါးယောက်ပဲ မြင်ရတယ်။ ခင်ဗျားက ဟိုဘက်က နှစ်ယောက်ပစ်။ ဒီဘက် သုံးယောက်တော့ ကျုပ်တာဝန်ထား"

"မလုပ်နဲ့... ဒစ်။ မသေချာတာကို မလုပ်နဲ့ဦး။ နောက်ထပ် သူတို့လူတွေ ရှိဦးမယ်ဗျာ"

သို့နှင့် သူတို့သည် သတိကြီးစွာဖြင့် ခြေသံမကြားစေဘဲ လာခဲ့သော လမ်းအတိုင်း ပြန်၍ ဆုတ်သွားရလေ၏။ ကိုက် ၂၀၀ ခန့်မျှ တစ်စုံတစ်ရာ အနှောင့်အယှက်မရှိဘဲ လာခဲ့ကြပြီးနောက် မိမိတို့နောက်မှ 'ဂူး'ခနဲ အော် လိုက်သံတစ်သံကို ကြားလိုက်ရလေ၏။ ထိုခဏ၌ မြားတစ်စင်းသည် ဒစ်၏ ဦးခေါင်းအနီးမှ ဝီခေါ၍သွားပြီးလျှင် လက်ယာဘက်ရှိ ချုံများထဲသို့ ကျသွားလေ၏။ ထို့နောက် ဝီခနဲ ဝီခနဲ မြားများသည် လိုက်၍လာလေရာ နောက်ဆုံးမြားတစ်စင်းသည် ဒစ်၏သေနတ်ကိုပင် ထိမှန်လေတော့၏။

လူရိုင်းများကား မိမိတို့ ပထမကူးမည်ကြံသော တောင်ကုန်းမှ လမ်းကြားကလေးတွင် အကွယ်အကာများယူကာ ရှိနေကြသည်ကို ကလေ တန် မြင်လိုက်ရ၏။ ပြန်၍ ခုခံပစ်ရန်ကား အချည်းနှီးပင်။

"ကိုင်း ကျုပ်တို့တော့ ချုံတောဘက်ကိုတိုးမှပဲ ဖြစ်လိမ့်မယ်။ ဒီလိုမှ သူတို့ဆီက ကျုပ်တို့ကို မြင်ဖို့ခက်မှာ"

သို့နှင့် သူတို့သည် လမ်းကျဉ်းကလေးပေါ်တွင် မနေဝံ့တော့ဘဲ အတင်း တိုးဝင်ကြရလေ၏။ ထိုအခါ လေပြေကလေးလည်း ရပ်သွားလျက် အပူသည် ပြင်းထန်သည်ထက် ပြင်းထန်လာပြီးလျှင် သူတို့တစ်ကိုယ်လုံးမှာ ချွေးများ ဖုန်များဖြင့် လုံးထွေးပေကျံလျက် ရှိတော့၏။

ထိုသို့ ကိုက် (၁၀၀)ခန့် ပြေးမိလတ်သော် ရှေ့မှပြေးသော ကလေ တန်သည် အတော်မြင့်သော ချောက်တစ်ခု ဆီးနေသဖြင့် ရပ်လိုက်ရ၏။ ဝက်များကိုတွေ့ခဲ့ရသော ကွင်းပြင်နှင့် သစ်ပင်အုပ်ဆီသို့သွားရာ တောင် စောင်းကလေးမှာ ခပ်ဝေးဝေးမှကြည့်လျှင် ပြေပြေကလေးမျှသာ ခင်း၍



www.burmeseclassic.com

www.burmeseclassic.com



သွားသည် ထင်မှတ်ရသော်လည်း ယခုမူ ချောက်ဆီးလျက် ရှိတော့၏။ နောက်မှလူရိုင်းများလည်း တဖြည်းဖြည်း ချဉ်းကပ်လာပြီဖြစ်ရာ အချို့မှာ ချောက်ဆီသို့ပင် လာ၍နေကြလေပြီ။ ထိုအခါ ကလေတန်က–

"လမ်းက ဒီဘက်က ကွေ့လာရက်သားနဲ့ ဗဆီဂါ စခန်းချတဲ့ နေရာကို အဝေးက ကျုပ်တို့မမြင်မိတာ အံ့သဗျာ"

"အောက်ကနေကြည့်တော့ သစ်ပင်အုပ်က ကွယ်နေတာကို ဗျ"

"ကိုင်း… ကျုပ်တို့ ဘယ်လိုလုပ်ကြမယ်ဆိုတာ အရေးအကြီးဆုံးပဲ"

ဒစ်သည် တစ်စုံတစ်ရာကို အကြံရသည့်ဟန်ဖြင့် သူ၏မျက်နှာမှာ ဝင်းခနဲ ဖြစ်၍သွားလေသည်။

"ကျုပ်တို့တွေ့ခဲ့တဲ့ ဝက်အုပ်ကို သူတို့နဲ့ ကျုပ်တို့ကြားထဲရောက်လာအောင် ခြောက်ပေးရင် မကောင်းဘူးလား"

"အင်း… ကောင်းတော့ ကောင်းပါရဲ့။ ဒါပေမဲ့ ကျုပ်တို့က ရှေ့ကကြိုပြီး ချောက်ထဲကိုဆင်းနိုင်မှ ဖြစ်မယ့်အလုပ်ဗျ"

"ဆင်းတာပေါ့ဗျာ… ရှေ့ဆီမှ တောင်ကမ်းပါးဟာ နည်းနည်းပြေပါတယ်။ ကိုင်း… ဟိုရောက်အောင် ဆက်ပြေးကြဦးစို့"

သို့နှင့် သူတို့သည် တကယ်အရေးအကြောင်းရှိက များစွာမခြင့်လှသော ချောက်ကမ်းပါးစောက်ကို ခုန်၍ချနိုင်ရန် အကြံနှင့် ချောက်ကမ်းပါးနှုတ်ခမ်းတစ်လျှောက်မှ ပြေးကြလေ၏။ ချုံများကိုဖြတ်ကာ သူတို့ဆီမှ လိုက်လာသော လူရိုင်း (၆)ယောက်တို့အလယ်တွင် ဗဆီဂါသည် ရှေ့ဆုံးမှ ခေါင်းဆောင်လျက်ရှိသည်ကို မြင်ရ၏။ ကလေတန်နှင့် ဒစ်တို့လည်း အားကုန်သွန်၍ ပြေးကြ၏။ နောက်ဆုံး၌ တမြည်သော ခြေသံများကိုပင် ကြားရပြီဖြစ်ရာ ရှေ့ဆုံးမှလူရိုင်းမှာ ကိုက် (၅၀)ထက် ပို၍ မဝေးတော့ချေ။

လူရိုင်းများရောက်လာက မမြင်နိုင်လောက်သော ချုံကြီးတစ်ခု ကွယ်သည်နှင့်တစ်ပြိုင်နက် ဒစ်နှင့် ကလေတန်တို့လည်း အတော်ပြေသော





နေရာတစ်ခုသို့ ရောက်လာခဲ့ကြပြီဖြစ်၍ ကမ်းပါးပေါ်မှ အောက်သို့ ခုန်လိုက်ကြလေ၏။ အောက်၌ ချုံကြီးများရှိသဖြင့် သူတို့သည် တစ်စုံတစ်ရာ ထိခိုက်ခြင်းမရှိဘဲ ချုံပေါ်၌ တင်၍နေကြပြီးလျှင် ထိုနေရာသို့ရောက်သော အခါ အလွန်ထူထပ်သော ချုံများ၊ နွယ်ပင်များကို ခဲယဉ်းစွာ ကျော်၍ ပြေးရလေ၏။

တစ်ခဏမျှ ပြေးမိလတ်သော် တောင်ကြားလမ်းသို့ ထွက်သည့် အပေါက်နှင့် နီးကပ်လာပြီဖြစ်၍ ကွင်းပြင်ဘက်သို့ ကြည့်လိုက်ရာ မိမိတို့ တွေ့ခဲ့သည့် ဝက်အုပ် ကျက်စားနေသည်တို့ကို တွေ့ကြရလေသည်။ ထိုနေရာများ၌ကား တောင်ကုန်းပြင်သည် အမြင့်အနိမ့် တစ်ထပ်စီ ရှိနေကြ၏။

"ကိုင်း…ကလေတန်။ ကျုပ်တို့ ကံကောင်းတာပဲ။ ကျုပ်တို့ ဒီကနေပြီး ဝက်အုပ်ကို လှန့်ပေးလိုက်ရရင် ဝက်အုပ်ဟာ သူတို့ဆီကို ထိုးလိုက်ပြီးသားပဲ… ပြီးတော့ ကျုပ်တို့က တောင်ကမ်းပါးကို လိမ့်ချလိုက်တာပေါ့။ သိပ်နက်တာမှ မဟုတ်ဘဲ"

"ကိုင်းလေ…ဒါပဲရှိတယ်… သည့်ပြင်လမ်းမှ မရှိရင် လုပ်ရုံပေါ့"

ဗဆီဂါတို့လူစုကား သူတို့ကို မဲ၍လိုက်နေသဖြင့် ချုံများ၏ရှေ့ဘက်တွင် ကျက်စားနေသည့် ဝက်အုပ်ကို မြင်ဟန်မရှိချေ။ ဒစ်နှင့် ကလေတန်တို့သည် စောင့်ဆိုင်း၍မနေတော့ဘဲ ဝက်အုပ်ရှိရာသို့ သေနတ်တစ်ချက်စီ ပစ်ဖောက်ကာ လှမ်း၍ခြောက်လိုက်ပြီးနောက် တောင်စောင်းမှ အောက်သို့ လိမ့်ချလိုက်ကြလေ၏။ ထိုနေရာ၌ တောင်ကုန်းများမှာ မြေညီတစ်ထပ်၊ တောင်ကုန်းကလေးများတစ်ထပ် ရှိနေကြရာ ကလေတန်တို့ လိမ့်ချလိုက်သောနေရာမှာ အောက်ဆုံးတောင်ထပ်ဖြစ်၍ မြေညီကွင်းပြင်သို့ ရောက်သွားကြ၏။

အပေါ်ထပ်၌ကား– သူတို့ ထင်သည့်အတိုင်း ဖြစ်တော့၏။ ဝက်အုပ်သည် သေနတ်သံကြားရာသို့ တစ်ဟုန်ထိုး ပြန်၍လှည့်လာရာ ဗဆီဂါ



www.burmeseclassic.com

www.burmeseclassic.com



နှင့် သူ၏တပည့် လူရိုင်းများမှာ ဖဝါးနှင့်တင်ပါး တစ်သားတည်းနေအောင် နောက်သို့ပြန်၍ ပြေးကြသည်ကို အောက်ကွင်းပြင်မှ ကောင်းစွာ မြင်ရလေ၏။

"ကိုင်း... ကျုပ် ထင်တဲ့အတိုင်း ကိုက်တယ်မဟုတ်လား"

"ဒါပေါ့ဗျာ... ကျုပ်တို့ စခန်းကိုပြန်ရောက်တဲ့အချိန်မှာ ခင်ဗျားလူ ဗဆီဂါ သစ်ပင်ပေါ်ကဆင်းရရင် တော်လှပြီ"

○



## အခန်း (၂၀)

တဲစခန်းသို့ ပြန်၍ရောက်ကြသောအခါ ပရော်ဖက်ဆာနှင့် ဂျိုးတို့သည် စိုးရိမ်အားကြီးစွာ ဆီးကြိုနေသည်ကို တွေ့ရလေသည်။ ဒစ်ကဆီဂါသည် တောင်ထပ်ကြီးသို့ရောက်နေကြောင်း၊ မိမိတို့နှင့်တွေ့ရ၍ နှင့်လွတ်မြောက်အောင် မည်သို့မည်ပုံ ကြံဖန်ပြေးခဲ့ရကြောင်းများကို ပြောပြ၏။ သို့စေကာမူ ဆရာကြီးသည် ခရီးစဉ်ကို မပြောင်းလဲဘဲ နောက်တစ်နေ့ နံနက်စောစောပင် ဆက်လက်ထွက်ကြရမည့်အကြောင်း ပြောပြသည်။ ထိုည အားလုံးပင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ကြသော်လည်း ဆရာကြီးမှာမူ မိမိတို့သွားရမည့်လမ်းတွင် ဗဆီဂါ ရောက်ရှိနေသည်ကို သိရကားအနှောင့်အယှက်ကို မည်သို့မည်ပုံ လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို စဉ်းစားနေသဖြင့် ကောင်းစွာမအိပ်နိုင်ဘဲ ရှိလေသည်။

ဒစ်နှင့် ကလေတန်တို့သည် ထိုနေ့တစ်နေ့လုံး ပြေးခဲ့လွှားခဲ့ရသဖြင့် ကုန်လက်ပန်းကျကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိကြရာ ကလေတန်မှာ ပယ်ဗလိုက နှိုးသောအခါမှ မျက်လုံးကို အားယူ၍ အနိုင်နိုင်ကြည့်လေသည်။ ပယ်ဗလိုသည် ဦးခေါင်းကိုညွှတ်လျက် သူ့ဆရာအား "နေမြင့်ပြီ သခင်... အားလုံး ခရီးထွက်ဖို့ ပြင်ပြီးကြပြီသခင်" ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောလေသည်။

ကလေတန်သည် တစ်ကိုယ်လုံး နာကျင်လျက်ရှိနေသဖြင့် ရှ တရက် အိပ်ရာမှမထနိုင်သေးဘဲ ရှိနေ၏။

"ဘယ့်နှယ့်လဲ... ဒစ်၊ ကျုပ်တော့ တစ်ကိုယ်လုံး ကိုက်ခဲနေတာ ဗျာ၊ ခင်ဗျားကော..."

"ကျုပ်လည်း လူတစ်ကိုယ်လုံး ကြိုးနဲ့တုပ်ထားသလို ဖြစ်နေတယ်"

ထိုနေ့ နံနက်သည်ကား ကြည်လင်သာယာသော နံနက်ဖြစ် နေမင်းသည် အပြာရောင်ကောင်းကင်မှ ထင်းထင်းကြီး ထွက်ပေါ်လာ ၏။ မိမိတို့ရှေ့မှမြင်ရသော တောင်ထပ်ကြီးမှာ တောင်ကုန်းကလေးများ အခြားဘက်တွင် တစ်တောင်ပြီးလျှင် တစ်တောင်၊ တစ်ထပ်ပြီးလျှ တစ်ထပ် ထူထပ်စွာတည်ရှိနေလျက် ၎င်းတို့၏ တောင်ထိပ်တောင်ထွ ကြီးများမှာလည်း ပြာလဲ့သောကောင်းကင်ဆီသို့ ပြွတ်သားစွာ ထိုးထွ လျက် ရှိကြကုန်၏။

ခရီးမထွက်မီ သူတို့သည် စည်းဝေးတိုင်ပင်ကြလေသည်။ ဆရာ ကြီးက–

"ဗဆီဂါဟာ ကျုပ်တို့ရှေ့ ဘယ်နေရာမှာ ရောက်နေတယ်ဆိုတာ သိပြီးဖြစ်တော့ ကျုပ်တို့ အခုသွားမယ်ကြံတဲ့လမ်းရဲ့ လက်ဝဲဘက် အတော် ခပ်ဝေးဝေးက ကွေ့ပြီး သွားကြရလိမ့်မယ်။ သူ့ကို ကျုပ်တို့ ရှောင်နိုင်သ ရှောင်ကွင်းသွားရမယ်။ ပြီးတော့လည်း အထက်အမြင့် ရှေ့ရှားတဲ့နေရာက ကျုပ်တို့ကို တိုက်ခိုက်နှောင့်ယှက်ရင် ကျုပ်တို့ အခြေအနေဟာ တော်တော် ကျပ်တယ်"

"ကျွန်တော်တော့ သူရှေ့က တော်တော်ရောက်သွားအောင် သူ့ အချိန်ပေးရင် ကောင်းမယ်ထင်တာပဲ။ ကျွန်တော်တို့ရှာဖွေတဲ့ မြို့တော် ကို သူ အရင်ရောက်သွားပြီး သူဟာ ရွှေ့ငွေ့ရတနာတွေကို ကျွန်တော် ထက် ဦးအောင်ရပြီလို့ သူထင်နေရင် အကောင်းဆုံးပဲ"





"ခရီးရဲ့ အခြေအနေကို ကျွန်တော်တို့ သိရသလောက်တော့ တောင်တွေဟာ အထပ်ထပ်ရှိပြီး လမ်းကလည်း အင်မတန် ရှုပ်တယ် ခင်ဗျာ။ သည်တော့ ကျွန်တော်တို့က လက်ဝဲဘက်က မိုင်ပေါင်းအတော် ဝေးဝေး ကွေ့ပြီးလိုက်လို့ သူ့ကို မျက်ခြည်ပြတ်သွားမှာလည်း စိုးရသေး တယ်။ ကျွန်တော်ပြောတာ ဘယ့်နှယ့်လဲ ဆရာကြီး..."

"ဒါလည်းဟုတ်တယ်... သည်တော့ ကျုပ် အကြံပေးချင်တာက ဗဆီဂါ ဘယ်လမ်းကသွားတယ်ဆိုတာ သိရအောင် ကျုပ်တို့တပည့် လူမည်းနှစ်ယောက်ကို လွှတ်ပြီး ကြည့်စေရရင် မကောင်းဘူးလား။ ဒီကနေ့ ည ကျုပ်တို့ ပထမတောင်တန်းပေါ်မှာ စခန်းချတဲ့နေရာကို သူတို့ ပြန်လာ ရမယ်။ ပထမတောင်တန်းထိပ်မှာ တောလည်း အတော်ရှင်းတော့ ကျုပ်တို့ ကို အလွယ်တကူ တွေ့နိုင်ပါတယ်။ ကျုပ်တို့ကလည်း ကြည့်နေမယ်ပေါ့"

သူတို့ တိုင်ပင်နေသည်ကို နံဘေးမှ စိတ်အားထက်သန်စွာ နား ထောင်လျက်ရှိသော ပယ်ဗလိုက "ကျွန်ုပ်ကို လွှတ်ပါ သခင်... ဗဆီဂါကို ကျွန်ုပ် ရှာမယ် သခင်"ဟု သူ့ဆရာအား တီးတိုးပြောလိုက်လေ၏။ ထိုအခါ ကလေတန်က–

"ပယ်ဗလိုက သူ့ကိုလွှတ်ဖို့ ပြောနေတယ် ဆရာကြီး။ ကျွန်တော် တော့ သဘောကျတာပဲ"

"ကျုပ်တို့ သူ့ကို မလွှတ်နိုင်ဘူးဗျာ"

ထို့နောက် တခဏမျှ တိုင်ပင်ကြပြီးလျှင် ပယ်ဗလိုနှင့် အခြား လူမည်းတစ်ယောက်ကို ကင်းထောက်လွှတ်ရန် သူတို့သည် ညတွင် စခန်း ချမည့်နေရာသို့ ပြန်လာရန် အားလုံးပင် သဘောတူကြလေ၏။

သို့နှင့် ပယ်ဗလိုနှင့် လူမည်းတစ်ယောက်သည် ရှေ့မှသွားနှင့်၍ သူတို့လူစုလည်း တောင်ကြီးများခြေရင်းရှိ တောင်ပူစာကလေးများကို ကျော်ဖြတ်ကာ နောက်မှလိုက်ကြလေ၏။ နေမွန်းတည့်ချိန်တွင် ပထမတောင် ရမည့် တောင်မြင့်ကြီးခြေရင်းသို့ရောက်လာ၍ တစ်ထောက်တစ်နား စခန်း



www.burmeseclassic.com

www.burmeseclassic.com



ချကြရ၏။ တောင်ကြီးမှာ သစ်ပင်ကြီးများမရှိဘဲ သဲမြေများ၊ ကျောက်များဖြင့် ထူထပ်စွာ ဖုံးအုပ်လျက်ရှိရာ ရံဖန်ရံခါ အချို့နေရာများတွင် ကျောက်ဆောင်များ၊ ကျောက်ကြားကြီးများကို လှမ်း၍ မြင်ရလေသည်။ ထိုအခါ ဒစ်က–

"အင်း... ခရီးကတော့ ဒီအတိုင်းသာသွားရရင် အင်မတန် ဖြေ့ငတ်မှဲ့ ခရီးပဲ"

"ဟုတ်တယ်.... သည်တော့ ကျုပ်တို့ ရေကို သယ်နိုင်သမျှ သယ်ခဲ့ကြရလိမ့်မယ်"

အတန်ငယ် အမောအပန်းပြေသောအခါ သူတို့လည်း ခြောက်သွေ့သော တောင်ခါးပန်းတွင် ရှေ့ထိုးနောက်ငင် ကွေ့ကောက်လျက်ရှိသော လမ်းများကို စ၍ တက်ကြရလေ၏။ နေသည် သူတို့၏ဦးခေါင်းများပေါ်သို့ ညှာတာခြင်းကင်းမဲ့စွာ ပူလျက်ရှိရကား၊ ခရီးသွားတို့သည် တစ်ကိုယ်လုံး ဖုန်များဖြင့်ပေကျံကာ ချွေးများမှာလည်း ရေချိုးထားဘိသကဲ့သို့ ကျဆင်းလျက် ရှိကြကုန်၏။ လမ်းတွင် ကျောက်လုံးများကိုနင်းလျက် တက်ကြရလေရာ ကျောက်လုံးများ လျှောကျသဖြင့် ခြေချော်ကာ ခရီးမတွင်နိုင်ဘဲ ရှိကြ၏။ သို့နှင့် ညနေခင်းသို့ရောက်လတ်သော် မျက်နှာပြင်ကျယ်ပြန့်သော ကုန်းပြင်မြင့်တစ်ခုသို့ ရောက်လာကြသောအခါမှ အတော်အတန် သက်သာရာ ရကြလေသည်။ ကုန်းပြင်မြင့်မှာ မျက်စိတစ်ဆုံးရှိနေ၍ နံဘေး တစ်ဖက်တစ်ချက်တွင် မြင့်မားသော တောင်ထွဋ်ကြီးများ ရှိနေ၏။ ထိုနေရာ၌ အေးမြလတ်ဆတ်သော လေပြေသည် သူတို့အား အားအင်တိုးစေ၏။

"အေးလိုက်တဲ့ လေဗျာ.,. အရသာရှိလိုက်တာ"ဟု ဆိုကာ ဂျိုးသည် အားပါးတရ ရှူရှိုက်ကာ မှိုချလိုက်ပြီးနောက်– "ဒါနဲ့ ကျွန်တော်တို့ အခု ဘယ်လောက်အမြင့် ရောက်လာပြီလဲ ဆရာကြီး"ဟု မေးလိုက်၏။

"အောက်ခြေ တောင်ပူစာကနေပြီး ကျုပ်တို့ အခု ပေ ၃၀၀၀ နဲ့ ၄၀၀၀ ကြား ရောက်လာပြီ"





ထိုသို့ ပြောဆိုနေစဉ် အခိုင်းအစေ လူမည်းများက စားသောက်ရန် ပြင်ဆင်နေခိုက် ဒစ်နှင့် ကလေတန်သည် ပယ်ဇလို ပြန်လာလောက်မည့် လမ်းကို ကြည့်ရှုရန် သွားရောက်ကြရာမှ ရုတ်တရက် ဒစ်က–

"ဟိုဘက်ဆုံးတောင်တန်းဆီ လှမ်းကြည့်လိုက်စမ်းဗျို့၊ မြင်ရလိမ့်မယ် ဆင်တယ်"

ကလေတန်သည် ဒစ် ညွှန်ပြရာသို့ လှမ်း၍ကြည့်လိုက်ပြီးနောက်–

"ဟုတ်တယ်ဗျို့"

ဟု ပြောကာ သူ၏လက်ကို ဖော့ရမ်းပြပြီးလျှင် ပါးစပ်မှ ဟစ်အော်သည်နှင့် ဒစ်က တားဆီးလိုက်ရလေသည်။

"နေဦးဗျာ... ကျုပ်တို့ သေချာအောင်လုပ်မှ ကောင်းလိမ့်မယ်"

ကလေတန်သည် မှန်ပြောင်းနှင့်ကြည့်ရှုရာ လူ (၃)ယောက် အုပ်စုကို အသေအချာ မြင်ရလေသည်။

"သုံးယောက်ဗျို့... ဒစ်"

"ရိုင်ဖယ်ယူခဲ့ရရင် အကောင်းသားဗျာ"

လူ (၃)ယောက်သဏ္ဌာန်သည် သူတို့အား စောင့်ကြည့်နေသည်ကို သိပုံမိလော မသိ။ သဲတောင်ပို့ကြီး တစ်ခုဆီသို့ ကွယ်သွားသည်နှင့် ချက်ချင်းနက် ပျောက်ကွယ်၍ သွားကြလေ၏။

ထို့နောက် သူတို့သည် တဲသို့ ပြန်၍လာကြရာ ဂျိုးနှင့် ဆရာကြီးတို့အား အကျိုးအကြောင်း ပြောပြပြီးလျှင် ကလေတန်မှာ ပယ်ဇလိုအတွက် ပူဆောင်ပင် စိတ်လေးလျက် ရှိလေ၏။ အကယ်၍ ဇဆီဂါသာ ပယ်ဇလိုအား ဖမ်းမိခဲ့သော် အသက်ကို ချမ်းသာပေးမည် မဟုတ်ချေ။

စိုးရိမ်ကြီးစွာနှင့် စောင့်ဆိုင်းနေကြသော်လည်း တစ်ညလုံး ပယ်ဇလိုသည် ပေါ်၍မလာတော့ချေ။

နံနက်နေထွက်သည်နှင့်တစ်ပြိုင်နက် ရှေ့တွင် ခပ်ရေးရေးမြင်ရသည့် ကြီးမားသော ကျောက်ဆောင် ကျောက်တန်းများရှိရာသို့ မျက်နှာမူကာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျှင် လူများကိုမမြင်ရဘဲ ဖုန်လုံးကြီးကိုသာ မြင်ရတော့၏။ သူ မှာလည်း မျက်စေ့၊ နား၊ နှာခေါင်း မကျန် သဲများ၊ ဖုန်များ ဝင်လျှ ရှိတော့၏။ ရေမလုံလောက်သည့်အတွက် သူတို့ကား အခက်ကြုံလျှ ရှိနေကြလေပြီ။ ဂျိုးနှင့် ကလေတန်တို့မှာ နှုတ်ခမ်းများခြောက်သွေ့ စကားကို အနိုင်နိုင်မှ ပြောနိုင်ကြတော့၏။ ဆရာကြီးပင် တစ်ခါတ ဒယိမ်းဒယိုင်ဖြစ်၍သွားကာ လဲကျမည်ကဲ့သို့ ရှိနေ၏။ နေမွန်းတည့်ချိန် ရောက်လတ်သော် လေသည် မခံမရပ်နိုင်အောင် ပူလာသဖြင့် ဒစ်သူ ဆရာကြီးအား– ကျောက်တောင်စွန်းကြီး တစ်ခုအောက်မှ ထိုးထွက်နေသော အရိပ်အောက်တွင် စခန်းချရန် တိုက်တွန်းလေ၏။

အရိပ်အောက်သို့ ဝင်သည်နှင့်တစ်ပြိုင်နက် ဂျိုးမှာ အမောဆို လဲကျသွားလေ၏။ ကလေတန်သည် တစ်စုံတစ်ရာကို စားရန် အားထု သော်လည်း သူ၏လျှာမှာ တုတ်ချောင်းကဲ့သို့ မာကျောနေသဖြင့် မစား ရှာချေ။ သူတို့သည် ဝေပုံကျရသော နောက်ဆုံးရေပေါက်ကလေးများ မြိန်ရှက်စွာ သောက်လိုက်ကြလေ၏။ သို့သော် ညဥ့်အတွက်ဟုဆို ဆရာကြီးကပြောသဖြင့် အနည်းငယ်မျှ ချန်ထားရသေး၏။ တစ်ခွက် သောရေအတွက် သူတို့ရှိပစ္စည်းများနှင့်ပင် ဝမ်းမြောက်စွာ လဲလှယ် ကြ၏။

လမ်းကြောင်းဟူ၍မရှိဘဲ လေတိုက်သဖြင့် ကျပြန့်လျက်ရှိသော သဲများကိုဖြတ်ကာ ပင်ပန်းကြီးစွာ သွားကြရလေ၏။ သို့နှင့် နောက်ဆုံး ညိုမောင်းသောအဆင်းရှိသည့် ကျောက်ဆောင်များသို့ ချဉ်းကပ်လာကြ ၎င်းတို့မှာ အလွန်ကြီး၍ စောက်နက်သော တောင်ကြားတစ်ခု၏ နံရံများ ဖြစ်ကြောင်း တွေ့ကြရလေသည်။ ကျောက်ဆောင်များမှာ ကန္တာရ တစ်ဖက်တစ်ချက်ဖြတ်ကာ မိုင်ပေါင်းအတော်ဝေး စီတန်းလျက် တည်ရှိ ထိုတောင်တန်းများကား ပယ်ဇလိုကို သွားရောက်ရှာစဉ်က မြင်ခဲ့ရသော တောင်တန်းကြီးများပေတည်း။





မကြာမီ သူတို့သည် တောင်ကြားထိပ်သို့ ရောက်ကြပြီးလျှင် ည်းနက်သော ကျောက်နံရံများကို အပေါ်မှ စီး၍ကြည့်ရှုလျက် ရှိကြလေသည်။ ကျောက်နံရံများမှာ ပေ (၃၀၀)ခန့် စောက်နက်၍ အထပ်ထပ် ဖြစ်နေ၏။ ဗဆီဂါ၏လူအုပ်လည်း နီးလာပြီဖြစ်၍ သူတို့သည် တာရှည်စွာ ဦးစားနေရန် အချိန် မရှိပေ။ ထိုအခါ ဆရာကြီးက–

“ကျုပ်တို့ အခုလိုကြည့်နေလို့ မပြီးသေးဘူး။ တစ်နေရာရာမှာ တန့်လန့်ဖြတ်နေတဲ့ ကျောက်ကြားတွေတော့ ရှိရမယ်။ ကျုပ်တို့မှာ ဒီနည်း တစ်ခုပဲ ရှိတယ်”

ရှေးဦးစွာတွေ့သူက လေချွန်ခေါ်ရန် ကလေတန်က အကြံပေးလျက် ဂျိုးနှင့် ကလေတန်တို့သည် မျက်နှာချင်းဆိုင်ဘက်သို့ ပြေးကြရာ တစ်ခဏမျှသွားမိသော် ကျောက်ဆောင်တန်းသည် အကြားကြီးဖြစ်၍ သဲကန္တာရဘက်သို့ကွေ့ကာ ဒေါင့်တန်းဖြတ်၍နေသော နေရာတစ်ခုကို တွေ့ရသည်နှင့် ကလေတန်သည် လေချွန်လိုက်လေ၏။ ထိုအခါ အားလုံးပင် ကလေတန်တွေ့သော ကျောက်ကြားသို့ သဲလမ်းမှ အတော်မတ်စောက်စွာ ဆင်း၍သွားကြလေ၏။ ကျောက်ကြားလမ်း၏အောက်ခြေသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ပယ်ဇလိုသည် တောင်ကြားဆီသို့ ညွှန်ပြကာ အထိတ်တလန့် အော်လိုက်လေသည်။

ပယ်ဇလိုညွှန်ပြသော နေရာသို့ ကြည့်လိုက်ရာ ကလေတန်သည် ထူးဆန်းသောအရာတစ်ခုကို တွေ့မြင်ရလေ၏။ ၎င်းမှာ လေထဲသို့ အမြင့် ပေ (၂၀၀)ခန့်မျှ တက်နေသည့် မီးခိုးလုံးကြီးနှင့်တူသည့် ဖုန်လမည်းကြီးဖြစ်ရာ ပယ်ဇလိုက– “လေသူရဲ သခင်”ဟု အော်လိုက်လေ၏။ ဖုန်လုံးကြီးသည် တောင်ကြားဆီသို့ မုန်တိုင်းကဲ့သို့ ပြင်းစွာသောအရှိန်ဖြင့် တိုက်ခတ်လာပြီးနောက် သဲကန္တာရအတွင်းသို့ ရောက်သောအခါမှ ကွဲ၍သွားလေသည်။ ထိုအခါ ဆရာကြီးအသံဖြင့် “မြေပေါ်မှာ ဝပ်နေကြ”ဟု ပြောလိုက်သဖြင့် အားလုံး မြေပေါ်တွင် ဝပ်လိုက်ကြလေ၏။ ပထမဖုန်လုံး ပြေးကျော်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီးနောက် ဒုတိယဖုန်လုံးကြီးသည်လည်းကောင်း၊ ထို့နောက် တတိယ၊ စတုတ္ထ၊ ပဉ္စမ စသည်ဖြင့် တစ်ခုပြီးလျှင်တစ်ခု ဆက်၍ပေါ်လာကာ သူတို့အပေါ်သို့ ပြင်းထန်စွာ တိုက်ခတ်ပြီးနောက် ကန္တာရဘက်တွင် ပြိုကွဲသွားကြကုန်၏။

လေသူရဲမုန်တိုင်း ရပ်စဲသွားသောအခါ ဆရာကြီးက လုံးဝရပ်စဲမှသာလျှင် ဆက်လက်သွားသင့်ကြောင်း အကြံပေး၏။ ထိုအခါ ဒစ်က "ဒါပေမဲ့ခင်ဗျာ မုန်တိုင်းမစဲခင် ဒီကျောက်ကြားကနေပြီး စပိန်ကောင်တွေကို ကျွန်တော်တို့ ကောင်းကောင်းကြီး ခုခံနိုင်ပါတယ်"

သို့ရှိစဉ် ကလေတန်သည် အခြားဘက်သို့ မှန်ပြောင်းဖြင့် ကြည့်ရှုလျက် ရှိလေ၏။

"ကျွန်တော်တို့ ဟိုဘက်အဆုံးအထိသွားရင် ကောင်းမယ် ဆရာကြီး"

"ကျုပ်လည်း ဒီလိုသဘောရတာပဲ"

သို့နှင့် သူတို့သည် ကျောက်ကြားလမ်းတစ်လျှောက်ရှိ သဲပွများပေါ်မှ ဖြတ်ကာ တောင်ကြားလမ်းကြီးအောက်ခြေတွင် ချောင်းငယ် မြောင်းငယ်များ ရှိ၊မရှိကို ကြည့်ရှုရှာဖွေရင်း သွားကြလေ၏။ သို့သော် အရိပ်အငွေ့မျှ မတွေ့ရချေ။ ဆရာကြီးပင် လည်ချောင်းများ ခြောက်သွေ့၍ စကားကောင်းစွာမပြောနိုင်ဘဲရှိရာ အခြားသူများသည်လည်း ရေငတ်၍ မချိမဆန့် ရှိနေကြလေပြီ။ ထိုအချိန်၌ ဗဆီဂါနှင့် လူရိုင်းများသည် ကျောက်ကြား၏ အဝင်ဝ ချောက်၏နှုတ်ခမ်းထက်သို့ ရောက်လာကြပြီဖြစ်၍ အောက်သို့ဆင်းရန် လမ်းများ ရှာဖွေနေသည်ကို မြင်ရ၏။ ထိုအခါ ဒစ်က–

"ဂျီး... ဒီသဲတွေကို ကျုပ်တို့ရှေ့က မြေကတုတ်လုပ်ပြီး ပုံရရင် မကောင်းဘူးလား"

"ကောင်းတယ်ဗျို့... ရန်သူတွေက ကျုပ်တို့ ဘာလုပ်နေတယ် ဆိုတာ မမြင်ရတော့ဘူးပေါ့"





သို့နှင့် သူတို့သည် အခိုက်အတန့်မျှ အကာအကွယ်ရရှိစေရန် ခေတ္တနားနေသောနေရာမှ သဲများကိုယူပြီးလျှင် ရှေ့တွင် မြေကတုတ်သဖွယ် စုပုံ၍ တင်ကြလေ၏။ သူတို့၏နောက်၌ကား မတ်စောက်သော ကျောက်ဆောင်နံရံကြီးရှိ၍ လေသူရဲများ၏ရန်ကိုမူ ကာကွယ်နိုင်ပေ၏။ သို့သော် သူတို့ရောက်ရှိနေသော နေရာမှာ ထွက်ပေါက်မရှိ။ ရှေ့သို့လည်း မတိုးသာ၊ နောက်သို့လည်း မဆုတ်သာ ဖြစ်နေရကား အလွန် ကံကောင်းထောက်မသော ဗဆီဂါ၏ရန်မှ လွတ်မြောက်ရန် အကြောင်းရှိသည်ကို တွေးမိကြ၏။

ထိုခဏ၌ ဝီခေါ်၍လာသော အသံတစ်သံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် "ဝပ်လိုက်ကြ"ဟု ဆရာကြီးက အမိန့်ပေးလိုက်လေ၏။ ထိုအချိန်တွင် ပျံ၍လာသော မြားအုပ်ကြီးသည် သူတို့ပြုလုပ်ထားသည့် သဲမြေကတုတ်၌ လာ၍စိုက်လေသည်။ ဗဆီဂါသည် လူရိုင်းများအား အမိန့်ပေးလျက်ရှိရာ နောက်တခဏ၌ လူရိုင်းများသည် ကျောက်ပြားလမ်းသို့ ခုန်ဆင်းကာ ပြေးလွှားလာကြပြီးလျှင် ဒုတိယမြားတစ်သုတ်ကို လွှတ်ပြန်လေသည်။ သို့သော် သဲမြေကတုတ်ကြီးကား အကယ်ပင် အားကိုးရပေ၏။

သူတို့သည် မြေကတုတ်နောက်မှ သေနတ်ကိုယ်စီဖြင့် ချိန်ရွယ်လျက်ရှိရာ ဒစ်က ကလေတန်အား "သေချာလောက်မှပစ်နော် ကလေတန်" ဟုပင် ပြောလိုက်သေး၏။ အတော်နီးကပ်လာသည်နှင့်တစ်ပြိုင်နက် "ဒိုင်း...ဒိုင်း...ဒိုင်း...ဒိုင်း..."ဟူသော သေနတ်သံများကို ကြားလိုက်ရပြီးလျှင် လူရိုင်း (၄–၅)ယောက်တို့သည် သဲပေါ်တွင် လိမ့်၍သွားလေ၏။ သို့သော် ကျန်လူရိုင်းများကား ကျည်ဆန်များကို ပဓာနမထားဘဲ ဟစ်အော်ပြေးလာပြန်ရာ နောက်တစ်သုတ် ကျည်ဆန်များတွင် အချို့ လဲကျပြန်ကုန်၏။ ထိုအခါ၌ ဗဆီဂါကိုယ်တိုင် ထိခိုက်နာကျင်သွားဟန်ဖြင့် နောက်သို့ဆုတ်သွားရာ လူရိုင်းများလည်း ဆုတ်ပြေးကြလေ၏။ တခဏမျှ ဆိတ်ငြိမ်လျက်ရှိရာ ဒစ်သည် မြေကတုတ်နောက်မှ ချောင်းမြောင်းကြည့်ရှုလျက်...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကောင်တွေ နောက်တစ်ချီ တိုက်ကြဦးမှာပဲ ဆရာကြီး"

"ကျုပ်တို့ ဘယ်နှစ်ခေါက်လောက် ဒီလို အတိုက်ခံနိုင်ပါဦးမလဲ"

"အလွန်ဆုံး တစ်ခါပဲ ခံနိုင်တော့မယ်။ ယမ်းတောင့်မရှိတော့ဘူး ခင်ဗျာ့"

သို့ရှိစဉ် ကြောက်မက်ဖွယ် အသံကြီးတစ်ခုကို ကြားရလေ၏။ ကလေတန်က "လေသူရဲ... လေသူရဲ"ဟု အော်လိုက်သည်နှင့် မြေပေါ်တွင် အလျားမှောက်လိုက်ကြ၏။

လေသူရဲမုန်တိုင်းကြီးသည် ကျောက်ဆောင်တန်းကြီးနောက်မှ ပြင်းထန်သောအဟုန်ဖြင့် တိုက်ခတ်လာပြန်ပြီးလျှင် တန်ပေါင်းများစွာသော သဲများကို ယူဆောင်လာလေ၏။ သူတို့ကား မိနစ်ပေါင်းများစွာ သဲပြင်တွင် အလျားမှောက်၍ နေကြရလေ၏။ မုန်တိုင်း ရပ်စဲသွားသောအခါ ဒစ်က–

"ကျွန်တော်တို့ အပေါ်တည့်တည့်မှာ မကွဲပေတာဘဲ ကျေးဇူးတင်ရဦးမယ်။–အလို... ဟိုဘက် ကြည့်လိုက်စမ်း"

သို့နှင့် ဒစ် ညွှန်ပြရာသို့ ကြည့်လိုက်ကြသည်တွင် ထူးဆန်းအံ့ဩဖွယ်တစ်ရပ်ကို တွေ့မြင်ကြရလေ၏။ နာရီဝက်မျှပင်မရှိသော အချိန်ကလေးအတွင်း၌ သူတို့ ယခင်ကဖြတ်လာခဲ့သော ကျောက်ကြားသည် လုံးလုံးပျောက်ကွယ်သွားပြီးလျှင် လွင်ပြင်နှင့်တစ်ပြေးတည်း ဖြစ်နေတော့၏။ ဗဆီဂါတို့လူစုကို အလျှဉ်းမမြင်ရတော့ဘဲ ကြားထဲတွင် အလွန်မြင့်မားသော သဲတောင်တန်းကြီးတစ်ခု ခြားလျက် ရှိနေတော့၏။ ထို့နောက် ဒစ်က–

"အင်း... အခုလိုဆိုတော့ သူတို့ဆီးရန်က အနည်းဆုံး (၄၈) နာရီလောက်တော့ စိတ်ချရပြီ ဆရာကြီး..."

"ဒါပေါ့လေ... ကျုပ်တို့ကို ဘုရားမပြန်တာပေါ့..."

○



## အခန်း (၂၃)

ထိုညဌ် သူတို့သည် တစ်စုံတစ်ရာ အနှောင့်အယှက်မတွေ့ဘဲ ကောင်းစွာအိပ်ကြရ၏။ ဂျိုးလည်း သက်သာ၍လာပြီဖြစ်ရာ နောက်တစ်နေ့ လမ်းကောင်းစွာ လျှောက်နိုင်လေပြီ။

နောက်တစ်နေ့ နံနက်ခင်း၌ ကလေတန်သည် စခန်းချနေသော နေရာတွင် သေနတ်များကို ပြင်ဆင်လျက်ရှိရာမှ မြက်ခင်းပေါ်တွင်အိပ်နေသော ဒစ်အား အနီးပတ်ဝန်းကျင်သို့ လျှောက်၍လည်ပတ်ရန် တိုင်ပင်လေ၏။ ဆရာကြီးကား မှတ်တမ်းများ ရေးသားလျက် ရှိလေသည်။ ထို့နောက် သူတို့လည်း ရိုင်ဖယ်များကိုယူကာ ထွက်သွားကြလေသည်။ တောင်များရှိရာသို့သွားရန် ဒစ်က အကြံပေးသည့်အတိုင်း သွားကြ၍ နောက်တစ်နေ့ ထွက်ရမည့် ခရီးလမ်းကိုကြည့်ရန် တောင်ထိပ်တစ်ခုသို့ တက်ကြလေ၏။ ယခင်ကလာခဲ့သည့် လမ်းအတိုင်း လာခဲ့ရာ မတ်စောက်သောနေရာသို့ ရောက်သောအခါ လက်ယာဘက်သို့ ကွေ့၍သွားကြလေ၏။

ကလေတန်သည် ရုတ်တရက် ချုံများရှိရာ တောဘက်သို့ လက်ညှိုးညွှန်ကာ "ဒစ်... ဟိုမှာ မီးခိုးတွေ မြင်ရဲ့မဟုတ်လား"ဟု ပြောသဖြင့် ဒစ်က ကြည့်လိုက်ရာ ကောင်းကင်သို့ ဖြူဖွေးတက်လာသောအရာမှာ



www.burmeseclassic.com

www.burmeseclassic.com



မီးခိုးမဟုတ်ဘဲ ရေပန်းများဖြစ်နေသည်ကို တွေ့ရသဖြင့် သူတို့မှာ ရယ်မော နိုင်ကြတော့၏။ မကြာမီ တရှဲရှဲမြည်သော အသံများကို ကြားရပြီးလျှင် သူတို့မြင်သောအရာမှာ ရေပူစမ်းတစ်ခုမှ ပန်းထွက်နေသော ရေပန်းဖြစ် ကြောင်း တွေ့ရလေသည်။

ထိုနေရာသို့ သွားရောက်ကြည့်ရှုရာ ပေ ၃၀ ခန့် ကျယ်ဝန်းသည့် အလွန်ကြည်လင်သော ရေပြာများကို တွေ့ရသည့်ပြင် ပတ်ဝန်းကျင်၌လည်း အလွန်ပူသောကြောင့် သစ်ပင်များမပေါက်ဘဲ ရှိနေ၏။ နေရာအနှံ့အပြား တွင် အညိုရောင်, အဝါရောင်, အနက်ရောင် ကျောက်ချပ် ကျောက်လွှာများ ကြားမှ စမ်းရေများ သွန်းထွက်နေ၏။ ကလေတန်က–

"ဒီနေရာအားလုံးဟာ အရင်က မီးတောင်တွေနဲ့ တူတယ်နော်"

"ဒါပေါ့ဗျာ... ကျုပ်တို့ရှာတဲ့မြို့ကြီးကို မျှော်မသွားတာဘဲ ကံကောင်း သေးတယ်"

"မဖြစ်နိုင်တာဗျာ... ဒီတောင်တွေ မီးရှင်တောင်ဖြစ်ခဲ့တာက အနည်းဆုံး နှစ်ပေါင်း ၁၀၀၀ လောက်က ဖြစ်ခဲ့တာဗျ"

"ကိုင်း... ကလေတန် ကျုပ်တို့ ဒီမှာ အချိန်ဖြုန်းနေလို့ ဝက်ရှာ မဟုတ်ဘူး။ သွားကြစို့ဗျာ..."

တောင်ကုန်းကလေးတစ်ခုပေါ်သို့ တက်ခဲ့ရာ ဒစ် ပြောသည့်အတိုင်း တောင်ကြားတစ်ခုကို တွေ့ရ၏။ တောင်ခါးပန်းမှာ စိမ်းလန်းသော ချုံပုတ် များဖြင့် ပြည့်နေသော်လည်း ခပ်လှမ်းလှမ်းတွင် သဲများဖြင့် ခြောက်သွေ့ လျက်ရှိသော ကန္တာရကို မြင်ရသဖြင့် ထူးဆန်းသောနေရာတစ်ခု ဖြစ်လေ ၏။ သူတို့သည် ဝက်ပစ်ရန် လမ်းခွဲလျက် တောင်ဆင်ခြေလျှောမှ မျက်နှာ ချင်းဆိုင်ကွင်းပြင်သို့ ဆင်းသွားရာ ကလေတန်လည်း လက်ဝဲဘက်သို့ လိုက်၍သွားလေ၏။ ကလေတန်သည် ဝက်ကိုသော်လည်းကောင်း၊ ဒရယ် ကိုသော်လည်းကောင်း ပစ်ခတ်ရန် သေနတ်ကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ ခပ်ဖြည်းဖြည်း လျှောက်ခဲ့လေ၏။ သို့သော် သားကောင်ဟူ၍ အရိပ်အငွေ့





မျှ မမြင်ရချေ။ မကြာမီ တစ်နေရာတွင် ရပ်လိုက်ပြီးနောက် ဒစ်၏အသံကို နားစွင့်၍ ထောင်မိလေ၏။ သို့သော် မည်သည့်အသံမျှ မကြားရချေ။ လေလည်းမတိုက်ဘဲ တောမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်လျက် ရှိလေ၏။ ချုံများမှာ အတော်မြင့်သဖြင့် ရှေ့သို့ ကောင်းစွာ မမြင်ရချေ။

မကြာမီ လူတစ်ယောက် ညည်းညူလိုက်သော အသံကဲ့သို့ အသံ တစ်သံ ကြားရသည်နှင့် နားစွင့်၍ ထောင်မိ၏။ ပထမ မိမိနားကိုပင် မယုံကြည်သကဲ့သို့ရှိစဉ် နောက်ထပ် သဲကွဲစွာ ကြားရပြန်၏။ အသံမှာ သက်ပြင်းချ၍ လူတစ်ယောက် ညည်းညူသံပေတည်း။ ဒစ်အား မြွေကိုက် လိုက်သဖြင့် ဒစ်၏ အသံပေလောဟု အောက်မေ့မိ၏။

"ဘယ်သူလဲ ဟင်... ဒစ်လားဗျို့..." ဟု အော်၍ မေးလိုက်၏။ သို့သော် အဖြေ မရချေ။ ဒစ်သည် လက်ယာဘက်သို့ သွားပါလျက် အဘယ်ကြောင့် မိမိရှေ့သို့ ရောက်နေနိုင်သနည်းဟု စဉ်းစားကာ အသံ ကြားရာသို့ ပြေးလွှားလေ၏။ ချုံပုတ်တောကို လှည့်၍ပြေးသွားရလေရာ ထိုနေရာ၌ကား အလွန်ခြောက်သွေ့ပြီးလျှင် ဖုန်များ ထူထပ်လှ၏။ ကွင်းပြင်အလယ်၌ အဝိုင်းအဝန်းအားဖြင့် ကိုက် (၂၀၀)ခန့်ရှိသည့် တွင်းကြီး တစ်ခုကို မြင်ရလေသည်။ ညည်းညူသောအသံမှာ တွင်းထဲမှ ထွက်ပေါ်လာ ၏။ ကလေတန်သည် တွင်းနှုတ်ခမ်းသို့ ပြေးသွားရာ တွင်းအနက်မှာ ပေ (၄၀–၅၀)ခန့် နက်လိမ့်မည်ဟု ခန့်မှန်းရလျက် ဆင်ခြေလျှောကျနေ သော နံဘေးများမှာ သဲများဖြင့် ဖုံးအုပ်လျက် ရှိနေလေသည်။ တစ်နေရာ၌ ကား ၁၀ ပေခန့်မျှ စောက်နက်သည့် အဆင့်တစ်ခုဖြစ်နေရာ ထိုမတ်စောက် သောနံရံတွင် လူတစ်ယောက်သည် နံရံ၌ စိုက်၍ထားသော လှံတစ်စင်းကို တွဲရရွဲခိုကာ ညည်းညူလျက် ရှိနေသည်ကို တွေ့ရလေ၏။ ထိုသူကား ဒစ် မဟုတ်ချေ။ လူရိုင်းတစ်ယောက် ဖြစ်လေသည်။ စိတ်ထင်အားဖြင့် ထိုသူသည် တွင်းထဲသို့ ချော်ကျပြီးနောက် လှံကိုသာ တွယ်ကပ်နေရဟန်



www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာရှိလေသည်။ ကလေတန်လည်း စပိန်ဘာသာဖြင့်–

"ဟေ့လူ... ခဏကလေး သည်းခံပြီးနေဦး... မင့်ကို ငါ ကယ်မယ်"

ထိုသူသည် လှုပ်ပင် မလှုပ်ချေ။ ညည်းရှဲသာ ညည်းနေလေသည်။ သို့နှင့် ကလေတန်သည် နွယ်ကြိုးဖြင့် ကွင်းလျှောလုပ်၍ ဆွဲယူမည်ဟု စိတ်ကူးကာ နွယ်များရှိရာချုံဆီသို့ ပြေးသွားလေ၏။ ထိုနေရာရှိ အချို့ ချုံပုတ်များပေါ်တွင် ကြိုးကြီးတမျှခိုင်ခံ့သော နွယ်ပင်များ ပေါက်ရောက် လျက်ရှိလေသည်။ ထို့နောက် ပေ (၂၀)ခန့်ရှိသော နွယ်ကြိုးတစ်ချောင်းကို ခါးပိုက်ဆောင် ပုဆိန်ကလေးဖြင့် ခုတ်၍ ယူခဲ့လေ၏။ တွင်းနှုတ်ခမ်းသို့ ရောက်သောအခါ သစ်ကိုင်းတစ်ခုကို 'သပ်'ပြုလုပ်၍ သပ်ကို တစ်နေရာ၌ ခိုင်ခံ့စွာရိုက်ပြီးသော် တွင်းအောက်သို့ ဆင်းမည်ပြုလေ၏။ သို့သော် တွင်းနှုတ်ခမ်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် သူ၏ခြေသည် ဂျုံမှုန့်ကဲ့သို့ နူးညံ့သော ပြာပုံထဲသို့ မြုပ်ဝင်သွားရုံမျှမက အောက်သို့ လျှောကျလျက် ရှိလေ၏။ လက်တွင်ကိုင်ထားသော နွယ်ကြိုးသည်လည်း သပ်ပြုတ်ထွက် သွားသဖြင့် တဖြည်းဖြည်း လျှောကျလာလေရာ ကလေတန်သည် တွင်း၏ အောက်ခြေသို့ တစ်ခါတည်း ကျသွားလေတော့၏။ တွင်းကြီးမှာ ရှေး နှစ်ပေါင်းများစွာက မီးတောင်ယောင်းကြီး၏အဝ ဖြစ်ဟန်ရှိ၍ ပြာများမှာ လည်း ၎င်းမှထွက်သည့် ချော်မြုပ်ပြာများ ဖြစ်ဟန်ရှိလေသည်။

○



# အခန်း (၂၂)

သူသည် ပြာများထဲတွင် ထွေးလုံးရစ်ပတ်ဖြစ်ကာ အတန်ကြာ အောင် အသက်မရှူနိုင် ရှိနေပြီး နောက်ဆုံးတွင်မှ မျက်နှာပေါ်မှ ပြာမှုန်များ ကို ပွတ်သပ်ဖယ်ရှားကာ မော့ကြည့်နိုင်တော့၏။ လူရိုင်းကာ သူ၏လုံတံ တွင် တွဲရရွဲပင် ရှိနေသေးလျက် သူ့အထက်၌မူ တွင်းကြီး၏နှုတ်ခမ်းသည် နောက်ခံကောင်းကင်ရောင်ဖြင့် ပြတ်သားစွာ ပေါ်လွင်လျက် ရှိလေသည်။

တွင်းကြီးကား သူ ထင်သည်ထက်ပင် ကြီးမား၍ ကန့်လန့်ဖြတ် ပေ (၃၀၀)ခန့်မျှ ကျယ်ဝန်း၏ ထိုအချိန်ထိ သူသည် မိမိအခြေအနေ မည်မျှ ဆိုးဝါးနေကြောင်းကို မရိပ်မိသေးချေ။ (၁၀)မိနစ်ခန့်ကြာမှပင် အဖြစ်အပျက်မှန်ကို သိရှိလေတော့၏။ သူသည် တွင်းကြီးပေါ်သို့ ကြိုးစား၍ တက်ကြည့်သော်လည်း အကူအညီမရဘဲ မည်သည့်နည်းနှင့်မျှ အပေါ်သို့ မတက်ရောက်နိုင်ကြောင်း ထင်ရှားနေလေပြီ။ ဒစ်သည် သူ့ကိုမတွေ့လျှင် အမှန် လိုက်လံရှာဖွေမည်ဖြစ်၍ မတတ်သာသည့်အဆုံး၌ ထိုညအဖို့ ထို တွင်းထဲ၌အိပ်ရန်သာ ရှိတော့၏။

ထို့နောက် သူသည် တစ်ယောက်နှင့်တစ်ယောက် အချက်ပေး ခေါ်လေ့ရှိသော ဝီစီကို စုးရှစွာ တစ်ချက်မှုတ်လိုက်လေသည်။ ပထမ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမထူးသော်လည်း (၅)မိနစ်ခန့်မျှ ဆက်လက်မှုတ်လေရာ နောက် ဆုံး၌ အတန်ဝေးသောအရပ်မှ ပြန်လှန်၍ အဖြေပေးလိုက်သံကို ဝမ်းမြောက်စွာ ကြားရလေ၏။ မကြာမီ အနီးအနားမှ ဒစ်က ပြန်၍မှုတ်လိုက်သော အသံ ထပ်၍ပေါ်လာပြီးနောက် ချက်ချင်းလိုပင် သူ၏ကိုယ်ခန္ဓာကြီးသည် တွင်းနှုတ်ခမ်းထိပ်၌ မြင်ရလေ၏။

"အလို... ကိုယ့်လူ... ဘယ်လိုလုပ်ပြီး ခင်ဗျား ဒီတွင်းထဲ ရောက်နေရတာလဲ"ဟု ဒစ်က အံ့သြစွာ လှမ်းမေးလိုက်၏။

"ဟောဟိုလူရိုင်းကို ကယ်ဖို့ကြိုးစားနေတုန်း ကျွန်တော့်နွယ်ကြိုးဟာ လျှောကြလာပြီး ကျွန်တော်လည်း အောက်ကို တစ်ခါတည်း ကျသွားတာပဲ ဗျို့။ ဒါထက် ကျွန်တော့်ကို ခင်ဗျားတစ်ယောက်တည်း ကယ်လို့ ဖြစ်မယ် မဟုတ်ဘူးဗျာ။ ဒီတော့ စခန်းကို ခင်ဗျား ပြန်သွားပြီးတော့..."

ကလေတန်သည် အံ့အားသင့်လွန်းသဖြင့် စကားပြောနေရာမှ ဖျတ်ခနဲ ရပ်လိုက်မိ၏။ အဘယ့်ကြောင့်ဆိုသော် ဒစ်သည် တွင်းနှုတ်ခမ်း ထက်မှ ပေ (၂၀)ခန့်နက်သည့် တွင်းကြီးထဲသို့ ရုတ်တရက် ခုန်ချလိုက် သောကြောင့်ပေတည်း။

"ဘာဖြစ်လို့များ ခင်ဗျားက ဒီလိုအရူးထပြီး ခုန်ချလိုက်ရတာလဲ ပြောစမ်းပါဦး"

"ဘယ်ကလာ ကျုပ်ဘာသာ ခုန်ချရမှာလဲ... ကျုပ် ဟိုအပေါ်မှာ ရပ်နေတုန်း ကျုပ်ပခုံးနှစ်ဘက်ကို တစ်ယောက်ယောက်က ကိုင်ပြီး ရှေ့သို့ တွန်းချလိုက်တာဗျ"

"ဟင်... ဘယ်သူများဖြစ်ပါလိမ့်ဗျာ"

"ဟိုမှာ ကြည့်လိုက်စမ်း"

တွင်းထိပ်၌ မည်သူ့ကိုမျှ မမြင်ရချေ။ သို့သော် ထိုအချိန်ထိ တွဲရရွဲဖြစ်နေသေးသော လူရိုင်း၏အထက်နား၌ နွယ်ကြိုးတစ်ချောင်းသည် လှုပ်ရမ်းလျက် ရှိနေ၏။ ထိုခဏ၌ သူ့ကိုယ်သူ အနိုင်နိုင်အားခဲ၍ နေရှာ သည်ဟု ကလေတန် ထင်မှတ်နေသော လူရိုင်းသည် ကြိုးစကို လှမ်း၍ ဆွဲလိုက်ပြီးလျှင် အပေါ်သို့ ငြိမ်သက်စွာ တက်သွားလေရာ တွင်းနှုတ်ခမ်း ဆိပ်သို့ ရောက်သောအခါ ပျောက်ကွယ်သွားလေ၏။

"ဒါဟာ ကျွန်တော်တို့အတွက် သက်သက်ဆင်ထားတဲ့ ထောင် ချောက်ပဲ ဗျို့"

"ဟုတ်တာပေါ့ ကလေတန်... ကျုပ်တို့တော့ စည်ပိုင်းထဲရောက် နေတဲ့ ကြွက်လို ဖြစ်နေပြီ။ ဒါထက် ဒီဟာကို ဘယ်သူလုပ်တာတုန်း"

"ကျွန်တော်တို့ဟာ ရွှေမြို့တော်ကြီး အနီးအနားကို ရောက်နေကြပြီ မဟုတ်လား ဒစ်ရဲ့။ သည်တော့ ဒီနေရာကို လျှို့ဝှက်ထားတဲ့ လူရိုင်းတွေ ဟာ ကျွန်တော်တို့ကို အခုလို ချောက်တွန်းချင်တွန်းဖို့ အမြဲတမ်း အခွင့် အရေး ရှိနေကြတာပေါ့"

ထိုသို့ပြောကာ ကလေတန်မှာ အလွန်တရာ စိတ်ပျက်လျက် ရှိလေ၏။

"ဖြစ်မှာတွေကို တွေးပူမနေစမ်းနဲ့ ကိုယ့်လူ။ ခုလောလောဆယ် ဆယ် ကျုပ်တို့ ဒီအထဲက ဘယ်လိုတက်ရမယ်ဆိုတာရယ်... ကျုပ်တို့ အပေါ်ရောက်ရင် အဲဟိုငနဲတွေကို ဘယ်လိုလုပ်ရမယ်ဆိုတာရယ်သာ စဉ်းစားစမ်းပါ"

(ဦးခေါင်းကို ရမ်းလျက်) "ကျွန်တော် စမ်းကြည့်ပြီးပြီ ဒစ်ရဲ့၊ ခင်ဗျားပြောတဲ့ ကြွက်ကမှ စည်ပိုင်းထဲကထွက်ဖို့ ပိုလွယ်လိမ့်ဦးမယ်။ နေရာအမျိုးမျိုးက စမ်းတက်ကြည့်ပြီးပြီ။ ခြေကို မမြဲဘူးဗျာ။ (၃-၄)ပေ လောက် ရောက်တယ်ဆိုရင်ပဲ ပြန်လျှောကျတော့တာပဲ"

"တစ်ယောက်နဲ့တစ်ယောက် ဖေးပြီးတက်ရင် ဖြစ်နိုင်မလား မသိ ဘူး"

"ခင်ဗျား စမ်းချင်တယ်ဆိုရင် စမ်းကြည့်သေးတာပလေ။ ဒါပေမဲ့ ထူးမယ်တော့ မထင်ပါဘူး..."







www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီကျော်ကျော်မျှ ကြိုးစားကြည့်ကြသေး၏။ တစ်ကြိမ် ဒစ်သည် အပေါ်သို့ တက်ရာလမ်း၏ လေးပုံတစ်ပုံသာသာခန့် ရောက် သွားသေး၏။ သို့သော် နောက်ဆုံး၌ အောက်ခြေလွတ်သွားပြီးလျှင် ပြန်၍ လျှောကျလာလေ၏။

သူတို့အား အပေါ်မှ တစ်စုံတစ်ယောက် ချောင်းမြောင်းကြည့်၍ နေကြလိမ့်မည်ဟုထင်သော်လည်း တွင်းဝတွင် လူရိပ်လူငွေ့ဟူ၍ အစအနမျှ မမြင်ရချေ။ အတန်ကြာ တိတ်ဆိတ်လျက်ရှိနေပြီးနောက် ဒစ်က...

"ခက်တာက ဂျိုးကလည်း ဖျားနေတယ်။ သည်တော့ ကျုပ်တို့ နောက်ကို ဆရာကြီးလိုက်လာရင် လာမှပဲ။ ဒီညတော့ ဒီမှာအိပ်ဖို့ပဲ စိတ်ကို ဒုန်းဒုန်းချလိုက်တာပဲ ကောင်းတယ်"

ထို့နောက် ဒစ်သည် ကလေးတန်အား စားသောက်ဖွယ် တစ်ခုခု တစ်ရာ ပါသေးသလောဟု မေးရာ ပေါင်မုန့်အနည်းငယ်နှင့် ဓာတ်ဘူး ပါသေးကြောင်း ပြောသဖြင့် သူတို့သည် ထိုစာကလေးများကို အကယ်ပင် လိုသောအချိန်မှသာ စားတော့မည်ဟု သိမ်းဆည်းထားလိုက်ကြ၏။

အချိန်သည် တရွေ့ရွေ့ ကုန်လွန်သွားလေ၏။ ထိုနေ့အဖို့ လွတ် မြောက်ရန်လမ်းကား မမြင်ရတော့ပေ။ ဒစ်အား တွန်းချလိုက်သူများသည် အနီးအနားတစ်ဝိုက်တွင် လှည့်ပတ်နေကြကာ မိမိတို့အား ကယ်ဆယ်ရန် လာသူများကိုပင် ရန်ပြုကောင်း ပြုပေလိမ့်မည်။

နေ လုံးလုံးဝင်သွားပြီးနောက် တွင်း၏အောက်ခြေသို့ အရိပ်မည်း မည်းကြီးသည် တဖြည်းဖြည်း ကျဆင်းလာလေ၏။ ပူအိုက်သော တောင် အမေရိက တောများထဲ၌ နေဝင်သည့်အချိန်သည် အတိတ်ဆိတ်ဆုံးသော အချိန် ဖြစ်လေရာ မှောင်သည်နှင့်တစ်ပြိုင်နက် ပိုးကောင်မွှားကောင် အမျိုး မျိုးတို့သည် တစီစီ ရောက်ရှိလာကြကုန်၏။ ထိုညနေ၌ တိတ်ဆိတ်ခြင်းမှာ လွန်ကဲလှသည် ဖြစ်ရကား ကလေးတန်မှာ နားများပင် ပူသလိုလိုပင် ဖြစ်လာတော့၏။





နောက်ဆုံး၌ အသံသဲ့သဲ့ကလေးတစ်ခုသည် တိတ်ဆိတ်ခြင်း အတွင်းမှ ထွင်းဖောက်၍လာလေ၏။

"ကြားရဲ့လား ဒစ်၊ လူတစ်ယောက် လာနေပြီထင်တယ်"

(နားစွင့်လျက်) "တစ်ယောက်တည်းတော့ မကဘူးဗျာ"

"ဘယ်သူတွေများပါလိမ့်ဗျာ။ ကျွန်တော်တို့ အောက်ခေါ်ကြ လား"

(အတန်ကြာ စဉ်းစားပြီးနောက်) "ခင်ဗျာ ဝီစီကို မှုတ်ပါလား... ကျုပ်တို့လူတွေဆိုရင် နားလည်ကြမှာပဲ။ မဟုတ်ရင်လည်း ကိစ္စမရှိပါဘူး"

သို့နှင့် ကလေးတန်သည် ဝီစီကို ခပ်ပြင်းပြင်းမှုလိုက်လေ၏။ ထို့နောက် စောင့်၍ နားထောင်ကြည့်ကြသော်လည်း အဖြေကိုကား ပြန်၍ မရချေ။ ခြေသံများကိုကား ဆက်လက်ကြားနေရလေသည်။

ခြေသံများ နီးသည်ထက် နီးလာကြ၏။ တရွေ့ရွေ့ ချဉ်းကပ်လာ သူများမှာ လူပေါင်းများစွာဖြစ်လျက် တစ်စုံတစ်ခုသော အရာဝတ္ထုကို ဒရွတ်တိုက်၍ ဆွဲလာကြဟန် ရှိလေသည်။ မကြာမီ လူရိပ်များသည် တွင်းနှုတ်ခမ်း၌ ပေါ်လာတော့၏။

"လူရိုင်းတွေပါကလားဗျို့... ပြီးတော့... ပြီးတော့... သူတို့ မ်းလာတာလည်း ဂျိုးပါလားဗျာ"

ထိုခဏ၌ သန်မာထွားကျိုင်းလှသော လူရိုင်းကြီးနှစ်ယောက်တို့ သည် ဂျိုးအား လက်နှစ်ဖက်စလုံးကို တုပ်နှောင်ကာ အလယ်မှညှပ်၍ ဆွဲခေါ်လာကြသည်ကို အထင်းသား တွေ့ကြရ၏။

ထို့နောက် လူရိုင်းများသည် နှောင့်နှေးခြင်းမရှိဘဲ ဂျိုးအား ပစ်ချ လိုက်ရာ သူ့ကိုယ်သည် တွင်းနံရံနှင့် ရိုက်မိပြီးနောက် ပြာမှုန့်လုံးကြီး တစ်လုံးဖြင့် ရောထွေးကာ အောက်သို့ လျှောကျသွားလေ၏။

တွင်းအောက်ခြေသို့ ဂျိုး မရောက်မီပင် အခြားလူရိုင်းနှစ်ယောက် သည် ပရော်ဖက်ဆာကြီးနှင့်အတူ ယခင်ကနည်းအတိုင်း ရောက်လာကြပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဆရာကြီးအား တိရစ္ဆာန်တစ်ကောင်ကဲ့သို့ ဂျိုးနောက်မှ တွန်းချလိုက်ကြပြန်၏။ ကလေတန်က ဆီး၍ဖမ်းလိုက်သဖြင့်သာ ဂျိုးမှာ သက်သာရာရလေသည်။ ထိခိုက်ခြင်းကား မရှိပေ။

သို့ရှိစဉ် အထက်မှ အသံတစ်သံ ကြားရသဖြင့် မော်ကြည့်လိုက်ရာ သူတို့မျက်စိများကိုပင် မယုံကြည်နိုင်အောင် ရှိတော့၏။ တွင်းနှုတ်ခမ်း၌ ရပ်နေသည့် မားမားသဏ္ဌာန်ကြီးကား ဗဆီဂါပေတည်း။

"ကောင်းသော ညနေခင်းပါ ဆီသော် ကလေတန်။ ကျုပ်ထ ခင်ဗျားတစ်ယောက်တည်း ပျင်းနေမှာစိုးလို့ ခင်ဗျားနဲ့ ဒီည အတူနေ အောင် ခင်ဗျားမိတ်ဆွေတွေကို ခေါ်လာခဲ့တယ်လေ... ကျုပ်က သူတို့ထို စားစရာရော၊ ရေရော ထည့်ပေးလိုက်ပါတယ်။ ခရီးဆုံးဖို့ လမ်းတိုကလေး တစ်ခုပဲ ကျန်ပါတော့တယ်။ ကျုပ်ပြန်လာလို့ရှိရင်တော့ ဒီလမ်းကခဲ ဖြတ်ပြီး ပြန်ခဲ့ပါ့မယ်။ အားလုံး ကျွန်းမာကြပါစေဗျာ"

ကလေတန်က ဗဆီဂါ၏စကားကို ပြန်၍ ချေပမည်ပြုရာ ဂျိုးက—

"မင်းလျှာကို ထိန်းထားလိုက်စမ်းပါကွဲ့"

"မင်းပြောတာလည်း မှန်တာပဲ သူငယ်ချင်း၊ ငါကလည်း ပြော ချင်လွန်းလို့ လျှာကို ယားနေတယ်"

ဗဆီဂါက ဆက်လက်၍ ပြောပြန်လေသည်။

"ခင်ဗျားတို့ရဲ့ လူတွေကိုတော့ ခေတ္တငှားလိုက်ဦးမှပဲ မြို့တော်ကြီး က ပစ္စည်းဘဏ္ဍာတွေကို ပြန်သယ်လာတဲ့အခါ သူတို့က အသုံးကျလိမ့်မယ် ဗျာ...။ ပြီးတော့ ဒီလူတွေဟာလည်း ပထမ ကျုပ်တို့ငှားလာတဲ့ လူတွေပဲ"

ဂျိုးက တားထားသဖြင့် ကလေတန်လည်း အံကြိတ်ကာ ငြိမ်သက် နေလေသည်။ ထိုအခါ ဗဆီဂါလည်း တွင်းအောက်ရှိ လူဖြူများထံမှ စကားပြန်မရသဖြင့် ဒေါသမီး ဟုန်းဟုန်းတောက်လျက် ရှိလေ၏။

"ခွေးတွေ... ငါ့ကို အံတုဝံ့တဲ့ခွေးတွေ... နင်တို့ ဉာဏ်ကောင်း လွန်းလို့ အခု ဘယ်ရောက်နေကြသလဲ သိလား...။ ဒီတွင်းထဲမှာပဲ





တစ်ပတ်စာလောက်ပဲရှိတဲ့ အစားအသောက်ကလေးနဲ့ ဝတ်ပြတ်ပြီး နေရစ် ကြပေတော့။ ဒီအချိန်အတွင်း ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေနဲ့ အနင့်သား ငါ ပြန်လာပြီး နင်တို့မျက်စိရှေ့မှာ တချွင်ချွင် လှုပ်ပြလိုက်ရဦးမယ်။ ဒီအခါမှာ နင်တို့ အသက်နဲ့ ကိုယ်နဲ့ မြဲနေကြသေးရင် နင်တို့ကို ငါ သနတ်စာကျွေးပြီး သနားပြလိုက်မယ်..."

ဗဆီဂါသည် ဒေါသကြီးလွန်းသည်ဖြစ်၍ လက်သီးနှစ်ဖက်ကို ဆုပ်ကာ လေထဲတွင် လက်မောင်းနှစ်ဖက်ကို ဆန့်တန်းကာ ရှိလေ၏။ ဗဆီဂါမှာ စပိန်ဘာသာဖြင့်သာ ပြောနေသဖြင့် ကလေတန်တစ်ယောက်သာ နားလည်လေသည်။

(ဆက်လက်၍) "နင်တို့ကို ငါ အခုမပစ်သေးဘူး... တငွေ့ငွေ့နဲ့ ခံမ်ဆွဲပြီးသေရအောင် ဒီသချိုင်းထဲမှာသာ နေရစ်ပေတော့။ ဒါမှ ငွေနဲ့ ဝယ်လို့ရတဲ့ စည်းစိမ်တွေကို ခံစားရတဲ့ ကမ္ဘာလောကကြီးကို ပြန်သွားမယ့် ငါ့အကြောင်း တနံ့နံ့ စဉ်းစားမိမယ်"

ဗဆီဂါသည် လက်သီးများကိုဆုပ်ကာ မာန်ပါပါ နောက်ဆုံး ဖော့ရမ်းပြပြီးနောက် လူရိုင်းများနှင့်အတူ ထွက်ခွာသွားလေရာ သူတို့၏ ခြေသံများသည် တဖြည်းဖြည်း ဝေး၍ သွားကြလေတော့သတည်း။

○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ဂျိုးက ကလေတန်အား မည်သို့မည်ပုံ ဖြစ်ပျက်ရသည့်အကြောင်းကို မေးမြန်းရာ ကလေတန်လည်း မိမိနှင့် ဒစ်တို့ အလိမ်မိပုံများကို ပြောဆိုလျက် ရှိ၏။ ထို့နောက် ဂျိုးက–

"တွင်းထဲ မင်းတို့ရောက်တော့ မင်းတို့ချည်း ပျင်းနေမှာစိုးလို့ တို့ကို လာဖမ်းတာနဲ့ တူပါတယ်ကွယ်။ လူရိုင်း (၂၀)လောက် ပါလာတယ် ကွဲ့။ ဆရာကြီးရော... ငါရော သေနတ်ကလေးမှ ထပြီးမဆွဲလိုက်ရဘူး... ဖမ်းသွားတာပါဘဲ..."

"ဒါနဲ့ တို့ပစ္စည်းကို သယ်လာတဲ့လူမည်းတွေကော သူတို့ ခေါ်သွားကြပြီလား..."

"အင်း... ခေါ်သွားကြပြီ ထင်ပါရဲ့"

ထိုအခါ ဆရာကြီးက–

"အပေါ်တက်ဖို့ နည်းလမ်းမရှိတော့ဘူးလား... ဒစ်"

"ကျွန်တော်နဲ့ ကလေတန်တော့ ထောင်ချောက်ထဲကျနေတဲ့ ... တွေလို မကြာမကြာ တက်စမ်းကြည့်တာပေါ့ ခင်ဗျာ။ ပြန်ပြီး ကျတာချည်း ပါဘဲ"





"ဒစ်... ကျုပ်တို့ဟာ တကယ့် အကျဉ်းအကျပ်ထဲရောက်နေပြီး သည့်လောက် ဒုက္ခအမျိုးမျိုးတွေ ကျော်လွန်ပြီးတဲ့နောက်မှ ဒီတွင်းထဲမှာ တော့ အသေမခံနိုင်ဘူး၊ ရာဇဝင်ရိုင်းတော့မယ်။ ဒီတော့ တွင်းပေါ်ကို ရောက်နိုင်မယ့်နည်းကို ကျုပ်တို့ရဲ့ဦးနှောက်ရော၊ ဖွဲသတ္တိကိုရော တတ်နိုင် သမျှ အသုံးပြုပြီး ရှာဖွေကြရလိမ့်မယ်"

"ဆရာကြီးပြောတာ မှန်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ဘယ်သူမှ အားမလျှော့ကြပါဘူး"

"ကျုပ်တို့မှာ အစာရေစာ ဘယ်လောက်ရှိသေးသလဲဆိုတာ ကြည့်ကြဦးစို့"

သို့နှင့် အစားအသောက်နှင့် သောက်ရေကို ကြည့်ကြရာ အစား အစာမှာ လူ (၄)ယောက်အတွက် (၄)ရက်စာမျှ ရှိသော်လည်း ရေမှာ လူတစ်ယောက်အတွက်ပင် မလုံလောက်တော့ချေ။ ဆရာကြီး၏ အကြီးဆုံး ရေဘူးကြီးမှာလည်း တွင်းအောက်သို့ ကျလာရာတွင် ဖော့ပိတ် ကျွတ်ထွက် သွား၍ တစ်စက်မျှပင် မကျန်တော့ချေ။

ဆရာကြီးသည် တွင်းဝဆီသို့ မော်ကြည့်လျက်–

"အခုညတော့ မှောင်လွန်းလှတယ်။ ဘယ်နည်းနဲ့မှ ကျုပ်တို့ တက်ဖို့ မကြိုးစားနိုင်ဘူး..."

သို့နှင့် သူတို့သည် အစာအနည်းငယ်မျှကို ဝေငှစားသောက်ကြပြီး လျှင် ရေကိုမူ ဆေးသောက်သောဖန်ခွက်ကလေးနှင့် တစ်ခွက်စီမျှသာ အနိုင်နိုင် သောက်ကြရ၏။ တစ်နေ့လုံး ရေငတ်၍နေသော ကလေတန်နှင့် ဒစ်တို့အတွက်မှာ အနည်းငယ်မျှ မတင်းတိမ်နိုင်ကြပေ။

*ထို့နောက် သူတို့သည် ပြာမှုန့်များထဲ၌ပင် အိပ်ရန် ကြိုးစားကြ၏။* သို့သော် ရက်တရက် အိပ်၍မပျော်ကြဘဲ ကလေတန်မှာ ဂယောင် ချောက်ချား အိပ်မက်များမက်ကာ မေးခန့်ဖြစ်ပြီးနောက် မိုးလင်း၍ သွားရ တော့၏။ သူ့မျက်လုံးများကို ဖွင့်လိုက်သောအခါ အခြားသူများကား



www.burmeseclassic.com

www.burmeseclassic.com



နိုး၍နေနှင့်ကြလေပြီ။ သူတို့အားလုံးပင် မျက်နှာငယ်ငယ်နှင့် ရှိနေကြသည်ကို မြင်ရ၏။

ဒစ်သည် သမ်း၍ ကိုယ်ကိုဆန့်တန်းလိုက်ပြီးနောက်–

“ကဲ… ဆရာကြီး ဘယ်လိုများ အကြံရပါသလဲ”

“ကျုပ် အကြံရတာကတော့ ဒီလိုလေ… ကျုပ်တို့ရဲ့ အဝတ်အစားတချို့ကို ဆုတ်ပြီး ကြိုးကျစ်ကြရမယ်။ ကြိုးတော်တော်ရှည်ရှည်ရတော့ တွင်းနံရံကို တစ်ယောက်က ပထမစမ်းပြီး အရောက်နိုင်ဆုံးတက်၊ ခြေကုပ်ရအောင်ရှာ၊ လိုတယ်ဆိုရင် ကိုယ်ကို တစ်ဝက်လောက် ပြာထဲမှာ မြုပ်သွင်းမြုပ်ထားရမယ်။ နောက်တစ်ယောက် ထပ်တက်၊ ကြိုးစားရင် သူ့အထက်နည်းနည်းတော့ ရောက်ဦးမှာပဲ။ အဲဒီနေရာမှာ ခြေကုပ်ရအောင်ရှာ၊ တတိယလူတစ်ယောက် တက်။ သည့်အတိုင်းကြိုးစားရင် နောက်ဆုံးအပေါ်ရောက်သွားမယ်။ ခြေချော်တာတို့၊ လိမ့်ကျတာတို့တော့ ရှိချင်ရှိမယ်ပေါ့လေ။ ဒါပေမဲ့ ဇွဲကောင်းကောင်းနဲ့ကြိုးစားရင် တစ်ယောက်တည်းကြိုးစားတာထက်တော့ ပိုပြီး အောင်မြင်ရမယ်”

ဒစ်က ဝမ်းမြောက်ဟန်ဆောင်၍ ပြုံးလိုက်ပြီးလျှင် သူ၏အကျီကိုချွတ်လိုက်လေ၏။ သို့ရှိစဉ် ကလေတန်သည် မည်သို့ရသည်မသိ။ ဆ(၃၀)ခန့်ရှိ ကြိုးတစ်ချောင်းကို ယူလာ၏။

နောက်တစ်နာရီခန့်မျှ ကြာလတ်သော် သူတို့သည် အပြင်းအထန်အလုပ်လုပ်လျက် ရှိကြကုန်၏။ သို့သော် တွင်းအောက်၌ပင် ရှိနေသေး၏။ အဘယ့်ကြောင့်ဆိုသော် တစ်ကြိမ်၌ ဒစ်သည် ကြိုးစား၍ ကြိုးနှင့်တက်ရာ တွင်းနံရံ တစ်ဝက်ခန့်မျှ ရောက်သွား၏။ သို့သော် နေရာတစ်ခုကို ခြေကုပ်ယူလျက်ရှိစဉ် အစွန်းထွက်နေသော မြေသည် ရုတ်တရက် ပဲ့ကျသွားပြီးနောက် ဒစ်လည်း ၎င်းနှင့်အတူ ပြာများ, ကျောက်မှုန့်များဖြင့် ထွေးလုံးရစ်ပတ်ကာ ဒလိမ့်ခေါက်ခွေး လိမ့်ကျသွားသောကြောင့်ပေတည်း။

ထိုအချိန်၌ နေလည်း ကောင်းကင်သို့တက်လာခဲ့ပြီဖြစ်ရာ ကလေတန်





မှာ ရေငတ်လှပြီဖြစ်၍ လည်ပင်းတွင် သပ်လျှိုထားသကဲ့သို့ ရှိနေရကား အိပ်မြစ်တွင် နောက်ဆုံးနေ့၌ တွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်၍ အမှတ်ရမိ၏။ ဒစ်ကမူ– “ဒီတစ်ခါမရရင် နောက်တစ်ခါပေါ့ဗျာ၊ ကြိုးစားကြသေးတာပေါ့”ဟု ခပ်ရွှင်ရွှင်ပင် ပြောနိုင်သေး၏။ သို့ပင် ခြားသူများ အားရှိအောင် ပြောရသော်လည်း လည်ပင်း ကွဲအက်နေသဖြင့် အသံမှာ အနိုင်နိုင်ထွက်တော့၏။

ကလေတန်မှာ ရေအနည်းငယ်မျှ သောက်ရ၏။ ထိုအခါ၌ကား ရေမှာ တစ်ပိုင်မျှသာ ကျန်တော့၏။ သူတို့သည် ထပ်၍ ကြိုးစားကြပြန်ရာ ယခင်ကအတိုင်းပင် လျှောကျပြန်၏။ ကြိုးစား ဥဿုံထုတ်တိုင်း အောင်မြင်သည်ဟူ၍ မရှိချေ။ နောက်ဆုံး၌ မောဟိုက်လျက် ရှိကြလေရာ ထိုအခါ၌ အား နေသည် ဦးခေါင်းပေါ်သို့ တည့်တည့်ကြီး ရောက်လာပြီဖြစ်၍ တစ်စုံတစ်ရာ ခိုကိုးရန်မရှိဘဲ ခေါင်းတိုင်ထဲတွင် ထည့်၍ထားသော ကြွက်များကဲ့သို့ ရှိနေကြကုန်၏။ လူအားလုံးတို့မှာ အပေါ်မှ နေပူ၍လာလေလေ ရေငတ်ခြင်းက မခံမရပ်နိုင်အောင် ဖြစ်၍လာလေလေဖြစ်ကာ ရူးသွပ်လု မတတ် ရှိနေကြကုန်၏။

○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ရေကလေးတစ်ပေါက် ပေးပါဗျာ"ဟု ကလေတန်က ပြောလိုက်ရာ ကွဲအက်သောလည်ချောင်းမှ အသံပင် ကောင်းစွာ မထွက်တော့ချေ။ ဒစ်သည် ရေဘူးကိုဖွင့်ကာ လက်ဖက်ရည်ဇွန်းနှင့် (၂)ဇွန်းသာ ပေးနိုင်၏။ ကလေတန်သည် မျက်စိကို မှိတ်ထားရာမှ ပြန်၍ ဖွင့်ကြည့်လိုက်သော အခါ တွင်းကြီးထဲတွင် မည်းမှောင်လျက်ရှိသဖြင့်–

"ညရောက်ပြီလား ဒစ်"

"မဟုတ်ပါဘူး၊ မိုးသားတွေတက်ပြီး မှောင်လာတာပါ၊ မိုးရွာလိမ့်မယ် ထင်တယ်ဗျို့"

တခဏမျှ ငြိမ်သက်လျက်ရှိနေပြီးနောက် မည်းနက်သော တိမ်သားများကို ဖြတ်သွားသော ဝင်းထိန်သောလျှပ်စစ်ကို မြင်လိုက်ရပြီးနောက် ခြိမ်းခနဲခြိမ်းလိုက်သော မိုးကြိုးသံကြီးကို ကြောက်မက်ဖွယ်ရာ ကြားရတော့၏။ လျှပ်စစ်များလည်း ဝင်းခနဲ လက်ခနဲ ဆက်၍ပြက်နေရာ တဂျုံးဂျုံး တဂျိုင်းဂျိုင်း မိုးသံများကိုလည်း ဆက်၍ ကြားရကုန်၏။ ဆရာကြီးသည် ရွေ့လျားလျက်ရှိသော မိုးတိမ်တိုက်ကြီးများကို ဝမ်းမြောက်စွာ စောင့်၍ ကြည့်ရှုလျက်ရှိရာမှ တခဏမျှကြာလတ်သော် သူ မျှော်လင့်သည့်အတိုင်း





မိုးသည် သည်းထန်စွာ ရွာလာတော့၏။ ရွာသွန်းသောမိုးကား အပေါက်လိုက် အစက်လိုက်မဟုတ်ဘဲ ချောင်းရေကဲ့သို့ အထပ်လိုက် အပြင်လိုက် ဒလဟောကျဆင်း၍ လာလေသည်။

သူတို့သည် ပုလင်းများ၊ ဘူးများ၊ ဦးထုပ်များ၊ အင်္ကျီအိတ်များဖြင့် ရေများကို ရသမျှခံယူ၍ သောက်ကြကုန်၏။ သတိမေ့လုမတတ်ဖြစ်နေသော ဂျိုး၏ပါးစပ်ထဲသို့လည်း လောင်းထည့်ကြကုန်၏။ မိုးခြိမ်းကာ လျှပ်ပြက်ကာ ဒလဟော သွန်းချလျက်ရှိသော မိုးသည် ဆက်လက်ရွာသွန်းလျက် ရှိလေ၏။ အောက်ခံမြေမှာ ကျောက်မှုန့်နှင့် ပြာများ ဖြစ်သဖြင့် ရေတရက်မစီးနိုင်ဘဲ မိုးရေသည် စုပ်၍သာ ဝင်သွား၏။ နောက် အလယ်၌ တဖြည်းဖြည်း ခွက်၍လာပြီးလျှင် တွင်းအောက်ခြေသည် ကတော့သဏ္ဌာန် ဖြစ်၍လာပြီးနောက် ထိုအခါမှ ရေသည် တဖြည်းဖြည်း တက်၍ လာတော့၏။

မိုးကား မတိတ်သေးချေ။ ဆက်လက်ရွာသွန်းလျက်ပင် ရှိသေး၏။ ဒစ်သည် ကျောပိုးလွယ်အိတ်နှင့် ပုလင်းများ၊ ရေဘူးဗူးများကို ကောက်ယူပြီးနောက် "ကျုပ်တို့ နေရာရွှေ့ကြမှပဲ ကလေတန်..."

"ဘယ်ကို ရွှေ့ရမှာလဲဗျာ... အပေါ်မှ မတက်နိုင်ပဲဟာ"

"ဘယ်နည်းနဲ့မဆို ကြိုးစားရဦးမှာပဲ"

ဒစ်သည် စမ်းသပ်၍ တက်ကြည့်သော်လည်း ပြန်၍ လျှောကျလာ၏။

ထိုအခါ ကလေတန်က–"အလကားပါပဲ ဒစ်ရယ်... ကံအတိုင်းပဲ ဖြစ်ပါစေတော့၊ ရေငတ်ပြီးသေတာထက်တော့ ရေနစ်သေတာက ကောင်းပါသေးတယ်"

ဒစ်သည် ဒေါသနှင့် ပြန်ပြောမည်ပြုစဉ် ဆရာကြီးသည် သူ၏ပခုံးပေါ်သို့ လက်တင်လိုက်ပြီးနောက်– "ဒေါသမကြီးပါနဲ့လေ...၊ အရေးထဲမှာ ဒီရေဟာ ကျုပ်တို့ကို အန္တရာယ်မပြုပါဘူး။ နေမြဲတိုင်းသာ နေကြပါ"



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် သူတို့သည် မည်သို့မျှမလုပ်ဘဲ ဒလဟောသွန်ဆင်းလျက်ရှိသော မိုးအောက်တွင် ရပ်မြဲရပ်နေကြရ၏။ အပေါ်မှ အလိပ်လိုက်ကျဆင်းလာသော ရေလုံးသည် တွင်း၏နံရံကိုတိုက်ကာ ပြာနှင့်သဲမှုန့်များကို ယူဆောင်လာကြကုန်၏။ သို့နှင့် ကျဉ်းမြောင်းသော တွင်းအောက်ခြေသည် တဖြည်းဖြည်း ရေများဖြင့် ပြည့်လာပြီးနောက် ရေသည်လည်း အပေါ်သို့ တက်၍လာတော့၏။

ပထမတွင် ဒူးဆစ်ခန့်ရှိနေရာမှ နောက် (၁၅)မိနစ်ခန့် ကြာလတ်သော် ရေသည် သူတို့၏ခါးလယ်အထိ ရောက်လာ၍ မကြာမီ ချိုင်းအထိ တက်၍လာတော့၏။ ဂျိုးမှာ အရပ်အနည်းငယ်နိမ့်သဖြင့် ဒစ်က ဆွဲ၍ထားရ၏။ ထိုအခါ ဒစ်က–

"ဘယ့်နှယ့်လဲ ဆရာကြီး... အခုလိုဆိုရင် နောက် (၅)မိနစ်မှ ကျွန်တော်တို့ ခံပါဦးမလား"

"ကိစ္စမရှိပါဘူး... မိုးလည်း ရပ်သွားမှာပဲ... အချိန်လည်းကျပါပြီ။ ကိုင်း... လာကြပေတော့"

ဤမျှသာပြောဆိုပြီးနောက် ဆရာကြီးသည် တွင်းနံရံ၌ အပြေဆုံးသောနေရာကို ရွေးကာ တဖြည်းဖြည်း အပေါ်သို့တက်သွားသဖြင့် သုံးဦးသားတို့လည်း ပထမ အံ့အားသင့်ကာ ရှိနေကြပြီးနောက် ၎င်းနောက်မှ အစဉ်အတိုင်း လိုက်ကြလေ၏။ ဆရာကြီးသည် မြေမာတောင်ကုန်းတစ်ခုကို တက်သွားဘိသကဲ့သို့ တဖြည်းဖြည်း ကုပ်ကပ်တက်သွားလေရာ မြေမှာ ယခင်က ကျွံလျက်ရှိသော ပြာနှင့် ကျောက်မှုန့်များ မရှိတော့ပြီဖြစ်သဖြင့် မြေမာပကတိတဖြစ်ကာ ခြေကုပ်ရပြီဖြစ်ကြောင်း ကောင်းစွာ သိရတော့၏။ မိုးကြီးကား လေးဦးသားတို့၏အသက်ကို ကယ်ဆယ်လိုက်လေ၏။ သို့နှင့် (၅)မိနစ်မျှ မကြာမီ ဆရာကြီးသည် တွင်းနှုတ်ခမ်းသို့ ရောက်သွားပြီဖြစ်ရကား နောက်မှ ကပ်၍လိုက်ပါလာသော ဒစ်ကိုပင် တွင်းနှုတ်ခမ်းမှနေ၍ လက်ကမ်းလိုက်သေး၏။





အပေါ်သို့ရောက်ကြသောအခါ ကလေတန်လည်း မိမိ တွင်းထဲမကျမီက သေနတ်ကို ချုံဖုတ်တစ်ခုအောက်၌ ဝှက်ပစ်ခဲ့သဖြင့်တစ်ကြောင်း၊ အိတ်ထဲတွင် ယမ်းတောင့် တစ်ဒါဇင်ခန့် ရှိနေသေးသဖြင့် အလွန်ကံကောင်းသည်ဟု အောက်မေ့ကြရ၏။ သို့နှင့် ဗဆီဂါနောက်သို့ လိုက်ရန်အချိန်မလှသည်နှင့် သူတို့သည် တဲဟောင်းနေရာတွင် ဗဆီဂါ မယူဘဲထားခဲ့သော စားရေရိက္ခာများ ကျန်,မကျန်ကို သိရန် ထိုနေရာသို့ သွားကြလေ၏။ များစွာ ဆာလောင်မွတ်သိပ်လျက် ရှိကြသော်လည်း မီးတောင်တွင်းဝကြီးအတွင်းမှ အရှင်လတ်လတ် ထွက်လာခဲ့ကြသည့်ကိုပင် ကျေးဇူးတင်လျက် မည်သူမျှ မညည်းညူဘဲ သွားကြလေ၏။ မိုးသက်မုန်တိုင်း ရပ်သွားရာနေလည်း ပြန်၍ထွက်လာပြီဖြစ်၍ သူတို့၏ အဝတ်များမှာ ခရီးသွားရင်းနေပူချိန်နှင့် ခြောက်သွေ့ကြရကုန်၏။

မကြာမီ သူတို့စခန်းချခဲ့သော သစ်ပင်အုပ်စုသို့ ရောက်လာကြ၍ လူရိုင်းများ ရှိ,မရှိ အရိပ်အခြေကိုကြည့်ကာ ကျန်လူများအား သစ်ပင်ကြီးတစ်ပင်အကွယ်တွင် ထားခဲ့ပြီးနောက် ဒစ်သည် ကလေတန်၏ ရိုင်ဖယ်ကိုယူကာ တဲစခန်းဆီသို့ တဖြည်းဖြည်း ချဉ်းကပ်သွားလေ၏။ သို့ ခြေဖျားထောက်၍သွားလေရာ တဲသို့ ရောက်လုရောက်ခင်တွင် ချုံကွယ်တစ်ခုနောက်မှ လူရိုင်းနှစ်ယောက်တို့သည် လှံအပြားကြီးများ ကိုယ်စီကိုင်ကာ ဒစ်၏နောက်ဘက်မှ ချဉ်းကပ်လာလေ၏။ ထိုအခါ ကလေတန်က "ဟေ့ ဒစ်... နောက်ကဗျို့...မြန်မြန်"ဟု သံကုန်ဟစ်အော်လိုက်လေ၏။ ဒစ်မှာ ဦးခေါင်းနောက်တွင် မျက်လုံးများပါသကဲ့သို့ ကလေတန် အော်သံမှမဆုံးမီ ဖျတ်ခနဲလှည့်ကာ သေနတ်ကို နှစ်ချက်ဆင့်၍ ဆွဲလိုက်လေပြီ။ လူရိုင်းနှစ်ယောက်တို့မှာ လက်များကိုမြှောက်ခါ မြေပေါ်သို့ တစ်ပြိုင်နက်လိုပင် လဲကျသွားလေ၏။ ထိုအချိန်၌ မျက်နှာချင်းဆိုင်ရှိ ချုံတစ်ချုံမှ တတိယလူရိုင်းတစ်ယောက်သည် ကွင်းပြင်ဘက်သို့ ပြေးသွားသည်ကို မြင်ရသဖြင့် ကလေတန်က အော်လိုက်ပြန်၏။ ထိုလူရိုင်းလည်း မသက်သာချေ။



www.burmeseclassic.com

www.burmeseclassic.com



တတိယကျည်ဆန်ဖြင့် သေဆုံးရပြန်၏။

တဲသို့ရောက်သောအခါ သူတို့၏ပစ္စည်းများကို အထုပ်ကြီး (၂)ထုပ်ဖြင့်ထုပ်ကာ ထမ်းယူရန် သစ်ကိုင်းတစ်ခုနှင့်တကွ တွေ့ရလေ၏။ ဂျိုး၏ပုဆိန်၊ လက်ဖက်ရေကရား၊ စောင် (၂)ထည်၊ ဂျုံနှင့် ကော်ဖီမှုန့်များ ဒယ်ပြားတစ်လုံးနှင့် ခြင်ထောင် စသော ပစ္စည်းအားလုံးပင် အထုပ်များအတွင်းမှ ပြန်၍ရရှိလေသည်။ ထိုအခါ ဒစ်က–

"ပစ္စည်းတွေပြန်ရတာ သိပ်ကောင်းတာပဲ၊ ဒါထက် ဆရာကြီးကျွန်တော်တို့ ဒီကနေ့ည ဒီမှာပဲ အိပ်ကြဦးမှ ထင်တယ်..."

"ဒါပေါ့ ဒစ်...၊ ဂျိုးလည်း ကောင်းကောင်းအနားယူပြီးမှ ခရီးသွားနိုင်လိမ့်မယ်။ ကျုပ် တွက်ကိန်းအတိုင်းဆိုရင် ကျုပ်တို့ရဲ့ ခရီးလမ်းဆုံးဟာ အများဆုံး (၂)ရက် (၃)ရက်ခရီးပဲ လိုပါတော့တယ်"

ထိုည၌ ကော်ဖီတစ်ခွက်စီမျှနှင့်သာ တင်းတိမ်ရပြီးလျှင် အနီးပတ်ဝန်းကျင်တွင် ဗဆီဂါ၏လူရိုင်းများ ကျန်သေးသည်။ အထင်နှင့်ညဥ့်ကို ဝေပုံကျအချိန်ခွဲ၍ စောင့်ကြရလေ၏။ ဆရာကြီးက လက်ဦး(၃)နာရီကိုယူ၍ နောက်အချိန်ကို ကလေတန်က ယူရ၏။ ဒစ်မှာ ထိုနေ့အဖို့ အထူးပင်ပန်းလှသဖြင့် ကောင်းစွာ မကျန်းမာသေးသော ဂျိုးနှင့်အတူ ၎င်းအား တစ်ညဥ့်လုံး အိပ်စေ၏။ မိမိတို့အား များစွာအကူအညီပေးခဲ့သော ပယ်ဗလိုမှာ သူ၏ ကံကြမ္မာကို မည်သူမျှ မတွေးတောနိုင်ဘဲ ဗဆီဂါ၏လက်တွင်းသို့ မရှုမလှ ကျရောက်ရှာလေပြီဟု အားလုံးပင် တွေးတောမိကြ၏။

ဆရာကြီး၏အလှည့် ပြီးပြီးနောက် ကလေတန်သည် သေနတ်ကိုအသင့်ပြင်ကာ စောင့်လျက်ရှိ၏။ သာယာသောညဥ့်မှာ အလွန်တိတ်ဆိတ်လျက် ရှိသော်လည်း မနီးမဝေးရှိ ချောင်းဆီမှ ရေကျသံကလေးများနှင့်အတူ ဖားအော်သံနှင့် ပုရစ်မြည်သံကလေးများကိုပင် ကြားရ၏။ မကြာမီ သစ်ရွက်ခြောက်များ လှုပ်ရှားသံကဲ့သို့ ကြားရသဖြင့် နားစွင့်လျက်ရှိရာ





မိနစ်အနည်းငယ်မျှ ဆိတ်ငြိမ်နေပြီးနောက် ထပ်မံကြားရပြန်၏။

ကလေတန်သည် အသံကြားရာ ချုံဆီသို့ သေနတ်ဖြင့်ချိန်ရွယ်၍ကြည့်ရှုလျက်ရှိရာ မှောက်လျက်လဲနေသော လူတစ်ယောက်သည် ကုန်း၍ထကာ ရှေ့သို့အနည်းငယ်မျှ တွား၍သွားပြီးနောက် ပြန်၍လဲကျသွားသည်ကို မီးဖိုမှအလင်းရောင်တွင် ထင်ရှားစွာ မြင်လိုက်ရလေ၏။

၀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ပုံသဏ္ဍာန်ကိုမြင်ရုံမျှနှင့် ကလေတန်၏နှုတ်မှ "ဟယ်... ပယ်ဇလို ပါလား"ဟု အော်လိုက်မိ၏။ ဒစ်မှာ အအိပ်ဆတ်သူတစ်ယောက် ဖြစ်သည့် အတိုင်း အိပ်ရာမှထပြီးလျှင် ကလေတန်ရှိရာသို့ ပြေးသွားလေ၏။ ပယ်ဇလို ၏နောက်ကျောတွင် ကြာပွတ်ရိုက်ခံရသော ဒဏ်ရာများသည် ကျောတစ်ခု လုံး ခြင်းခြင်းနီလျက်ရှိသည်ကို တွေ့ကြရ၏။

သို့နှင့် သူတို့နှစ်ယောက်လည်း သတိမေ့လျက်ရှိသော ပယ်ဇလိုအား မီးဖိုရှိရာသို့ ပွေ့ယူချီမ ယူလာကြ၍ မြက်အိပ်ရာတစ်ခု ပြုလုပ်တင်ထား ကာ ဆေးဝါးကုသကြရတော့၏။ ဆရာကြီးမှာ ဘောင်းဘီထဲတွင် ဆေး အိတ်ကို အမြဲဆောင်ထားသူ ဖြစ်၏။ သူ၏ ဆေးဝါးများသည် ပယ်ဇလို အား သတိရစေပြီးနောက် အတော်ပင် သက်သာရာရစေလျက် ကော် တစ်ခွက် တိုက်လိုက်သောအခါ ပယ်ဇလိုမှာ အိပ်ပျော်၍ သွားလေ၏။ ထိုအခါ ဆရာကြီးက–

"အခုလိုပုံတော့ နက်ဖြန်တောင် သူ ခရီးသွားနိုင်ဦးမယ် မဟုတ် ဘူး။ ပြီးတော့ သူ့ကို ကျုပ်တို့ ထားခဲ့လို့လည်း မဖြစ်ဘူး ဒစ်"

ဒစ်သည် ဦးခေါင်းကို ညင်သာစွာ ညိတ်လိုက်၏။ သို့နှင့် ထိုည





ကုန်လွန်ခဲ့ပြီးနောက် နောက်တစ်နေ့သို့ ရောက်လတ်သော် နံနက်စောစော င်းစီးပင် ဒစ်သည် သမင်ပြောက်ကြားတစ်ကောင်ကို တဲစခန်းနှင့် မလှမ်း ကမ်းမှ ပစ်ခတ်ရရှိလေသည်။ ပယ်ဇလို၏ ဒဏ်ရာများကား အင်္ဂလိပ် လူမျိုးတစ်ယောက်သာဖြစ်ပါက သေလောက်သော ဒဏ်ရာများပေတည်း။ ဖြစ်ပုံမှာ ပယ်ဇလိုသည် သူတို့ထင်သည့်အတိုင်း ဗဆီဂါက ဖမ်းမိသွားပြီး လျှင် ကြာပွတ်ဖြင့်ရိုက်နှက်ကာ သေပြီထင်၍ အလောင်းကို ကျားသစ်များ စားစေရန် ချုံတစ်ခုတွင် ချည်နှောင်ထားခဲ့ကြောင်း၊ အခြားလူမည်း (၄) ယောက်ကိုမူ ခိုင်းစေရန် သူနှင့်အတူခေါ်သွားကြောင်း ပြောပြ၏။–သူတို့ လည်း မိမိတို့ဝေပုံကျ အစာများထဲမှ ဖဲ့၍ ပယ်ဇလိုအား ကျွေးမွေးကာ မနားမနေ ပြုစုကြရာ ပယ်ဇလိုမှာ တစ်နာရီထက်တစ်နာရီ သက်သာ၍ လာတော့၏။

နောက်တစ်နေ့ နံနက်လင်းလျှင် ပယ်ဇလိုက မိမိမှာ ခရီးသွားနိုင်ပြီ ဖြစ်ကြောင်း ပြောပြ၍ ဆရာကြီး၏ သဘောတူချက်ကိုလည်း ရရှိသည့် အတိုင်း ခရီးစ၍ ထွက်ကြ၏။ ဝန်ထုပ်ဝန်ပိုးများမှာ များစွာပေါ့ပါးသည့်ပြင် လမ်းဟောင်းကြီးမှာလည်း အလွန်ကောင်းသဖြင့် အတော်ပင် ခရီးပေါက် ကြ၏။ (၁၁)နာရီထိုးလတ်သော် မီးတောင်ဝများရှိသော တောင်ကြားကို ဖြတ်ပြီးလျှင် အခြားဘက်ရှိ တောင်များရှိရာ မြေမြင့်သို့ပင် ရောက်၍ နေကြလေပြီ။ လေသည်လည်း အတော်အေး၍ လာတော့၏။

သို့နှင့် သူတို့သည် မွန်းတည့်ချိန်၌ (၂)နာရီခန့်မျှ စခန်းချ နားနေ ကြ၏။ ဒစ်က "ကျုပ်တို့တော့ စခန်းဆုံးဖို့ နီးလာပြီ ထင်တယ်ဗျာ"ဟု ပြော၏။ ထိုနေရာသို့ရောက်သောအခါ မြေပုံတွင် အတိအကျ အနုစိတ် ရေးသားဖော်ပြခြင်း မရှိပေ။ ထိုညစခန်းချ၍ နောက်တစ်နေ့ ဆက်လက် သွားကြရာ (၂)မိုင်ခန့်သွားမိသော် မီးဖိုနေရာတစ်ခုကို တွေ့ရသဖြင့် မကြာမီကပင် ဗဆီဂါ စခန်းချသွားသည် ထင်ရ၏။ ဆရာကြီးကလည်း လူအားလုံးပင် ပတ်ဝန်းကျင်သို့ အမြဲ သတိနှင့်စောင့်ကြည့်ရန် အတိပေး



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ကလေတန်သည် မိမိတို့ရှေ့မှ တောင်ကြီးများကို ရှုမျှော်လျက်ရှိရာ လူအားလုံးပင် မိမိတို့ လာရင်းကိစ္စကြီးကို ဆောင်ရွက်ရန် နီးကပ်လာပြီဟု စိတ်ထဲတွင် အလိုအလျောက် အောက်မေ့မိကြ၏။

ထို့နောက် တောင်ခါးပန်းများကို တဖြည်းဖြည်း တက်ကြရလေရာ နောက်ဆုံး၌ လမ်းသည် ရှေ့တိုးနောက်ငင် ကွေ့ကောက်ကာ လေသည်လည်း အေး၍ လတ်ဆတ်လှ၏။ သို့နှင့် ရက်ပေါင်းအတော်ကြာ တက်မိကြသောအခါ ဆရာကြီး၏ခန့်မှန်းချက်အရ ပေ (၆၀၀၀)အမြင့်သို့ ရောက်ခဲ့ကြပြီဖြစ်ကြောင်း သိရလေသည်။ ထိုနေရာမှ တောင်ခြေရှိ ကုန်းမြင့်ကလေးများကိုလည်းကောင်း၊ အခိုးအငွေ့များထွက်နေသည့် တောင်ကြား အလယ်မှ ကြောက်မက်ဖွယ်ကောင်းသော နွံအိုင်ကြီးကိုလည်းကောင်း စီး၍ မြင်ကြရကုန်၏။

သို့နှင့် တရွေ့ရွေ့ အထက်သို့ ဆက်လက်တက်ခဲ့ကြရာ ပထမတွေ့ရသော ချုံပုတ်ကလေးများပင် တဖြည်းဖြည်း ပျောက်၍သွားပြီးနောက် လမ်းကို ဖြတ်၍ကျနေသော ရေတံခွန်ကလေးများ၊ လှပသော တောပန်းများ၊ စိမ်းလန်းသော မြက်ကလေးများကို တွေ့မြင်ရ၏။ တောင်ပေါ်သို့ ရှေ့တိုးနောက်ငင် တက်၍သွားသော လမ်း၏လက်ယာဘက်၌ကား တောင်ခါးပန်းများသည် စင်္ကြံများကဲ့သို့ အထပ်ထပ် ဖြစ်နေ၍ အောက် ပေ (၁၀၀)ခန့် အနိမ့်တွင် မြစ်ကြီးတစ်သွယ်သည် တောင်ခြေရှိ မည်းမှောင်သော ဂူဝတစ်ခုမှ ထွက်ပေါ်လာပြီးလျှင် လွင်ပြင်ဘက်သို့ စီးဆင်းနေသည်ကို မြင်ရ၏။

ရှေ့သို့ တစ်နာရီခန့်မျှ တက်မိကြသောအခါ သူတို့သည် တောင်ထိပ်အနီးသို့ ရောက်လာပြီဖြစ်၍ လမ်းသည် ခင်း၍ထားသောလမ်း မဟုတ်တော့ဘဲ ကျောက်များကို ထွင်းဖောက်ထားသော လမ်းဖြစ်၍လာကြောင်း သိရ၏။ သူတို့၏အပေါ်တောင်ထိပ်၌ကား နှန်းဖတ်ကျောက်များသည် အစိုင်လိုက်အခဲလိုက်ဖြစ်ကာ အချို့မြင့်မားသော ရဲတိုက်ကြီးများကဲ့သို့လည်း





ကောင်း၊ အချို့လည်း သစ်,ကျား,သားရဲတို့၏ ဦးခေါင်းများကဲ့သို့လည်းကောင်း၊ အချွန်အတက်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး ရှိနေကြလေသည်။ ထိုကျောက်များမှာ မီးသင့်ကျောက်များဖြစ်ကြောင်းနှင့် ဆရာကြီးက ပြောပြသေး၏။ နောက်ဆုံး ကိုက်(၁၀၀)ခန့် ကျန်သောနေရာကို ဒစ်က သတိပေးသည့်အတိုင်း အသံမကြားအောင် ခြေဖျားထောက်၍ သွားကြရလေရာ သူတို့သည် ကုန်းပြင်မြင့်ကဲ့သို့ ကျယ်ပြန့်သောနေရာတစ်ခုသို့ ရောက်လာကြပြီးလျှင် မျှော်စင်ကဲ့သို့ သုံးထောင့်ပုံတောင်ထိပ်အောက်၌ ရပ်ဆိုင်းနားနေလျက် ရှိကြလေသည်။

ထို့နောက် ဒစ်က ရှေ့မှခေါင်းဆောင်၍သွားရာ နောက်မှ လူ (၄)ယောက်တို့လည်း ကျောက်တုံးတစ်ခုမှတစ်ခုသို့ ကူးကာ ဖြည်းညင်းစွာ သွားကြရ၏။ မိုင်ဝက်ခန့်သွားပြီးနောက် မြေသည် နိမ့်ဆင်းသွားပြန်၏။ ထိုနေရာမှကြည့်လိုက်ရာ မိမိတို့ရှေ့၌ လမ်းကို တစ်ဖန်တွေ့မြင်ရသဖြင့် ဒစ်က–

“ဟိုစပိန်ကောင်ဟာ ဒီနေရာကသွားတာ အမှန်ပဲ”ဟု ပြောကာ တောင်ခါးပန်းအပေါ်သို့ ရှေးဦးစွာ တက်၍ကြည့်ရာ အခြားသူများလည်း လိုက်ပါသွားကြလေ၏။ ပြတ်၍နေသောလမ်း၏ အခြားဘက်၌ကား တောင်ထွဋ်များသည် လှေကားထစ်များသဖွယ် အစဉ်အတိုင်း နိမ့်ဆင့်လျက် ပေ (၁၀၀၀)ခန့် အောက်အနက်တွင် ဘဲဥပုံသဏ္ဍာန် တည်ရှိနေသော ချိုင့်ဝှမ်းကြီးတစ်ခုကို တွေ့မြင်ကြရလေသည်။

၎င်းမှာ အလျား (၅)မိုင်၊ အနံ (၁)မိုင်ခန့် ရှိပြီးလျှင် မြေပြင်မှာ စိမ်းလန်းတောက်ပသော မြက်ခင်းများဖြင့် ဖုံးကာ ချောင်းကြီးတစ်ချောင်းသည်လည်း အလယ်မှဖြတ်၍ စီးဆင်းလျက်ရှိ၏။ ထိုထူးဆန်းလှပသော ရှုမျှော်ခင်းကိုပင် သူတို့လေးယောက်တို့သည် တအံ့တသြ ငေးမောကြည့်ရှုနေမိကြ၏။ ထိုဘဲဥပုံချိုင့်ဝှမ်း၏ အလယ်အကျဆုံးသောနေရာတွင် ထူးဆန်းသော အိမ်ကလေးများသည် အမိုးခုံးကလေးများဖြင့် ပျားအုံသဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြရာ နီကြန့်ကြန့်အရောင်ရှိသော နုန်းဖတ်ကျောက်များဖြင့် ဆော
ထားဟန်ရှိ၏။ တည်နေပုံမှာလည်း မြို့ကြီးများကဲ့သို့ တည့်မတ်စွာ ရှိ
အလယ်တွင် ပုံသဏ္ဌာန်ချင်းတူသော်လည်း အခြားအိမ်များထက်ကြီး
အဆောက်အဦတစ်ခုကို တွေ့မြင်ကြလေရာ လမ်းမှာလည်း ဝါကြန့်ကြ
သတ္တုတစ်မျိုးဖြင့် ဖုံးထား၏။

အရှေ့ဘက်ကိုမျက်နှာမူလျက် မုခ်နှင့် တံခါးတစ်ခု ရှိ၏။ ထို
တွင် ကျောက်ဖြူခင်းထားသည့် ကွက်လပ်တစ်ခုရှိရာ ၎င်းအလယ်
ဘုရားရှိခိုးကျောင်းကဲ့သို့ မြင့်မားသော အဆောက်အဦတစ်ခုကို မြင်ရ
သည်။ မြို့၏ပတ်လည်တွင် မြို့ရိုးဟူ၍ မရှိသော်လည်း ကျုံးတစ်ခု ဝိုင်း
လျက်ရှိရာ ၎င်းကျုံးမှာ ရေမရှိဘဲ ခန်းခြောက်၍နေလေပြီ။

ဆရာကြီးသည် အံ့သြသောမျက်နှာဖြင့် လက်နှစ်ဖက်ကို ပွတ်သ
ကာ "ကမ္ဘာကမတွေ့ရတဲ့ ရှေး အင်ကာလူမျိုးများရဲ့ မြို့တော်ကြီးပဲ"
တစ်လုံးချင်း ပြောလေ၏။ အခြားလူများကား စကားမပြောနိုင်အောင်
ကြက်သေသေလျက် ရှိကြလေသည်။ ထို့နောက် ဆရာကြီးသည် တစ်နေ
ကိုညွှန်ပြသဖြင့် ကြည့်လိုက်ကြရာ မြို့မှ မိုင်ဝက်ခန့်ဝေးသော သစ်ပင်အု
တစ်ခုအနီးတွင် လူမည်းလေးငါးဆယ်ခန့်ကို စုရုံးနေသည်ကို မြင်ရ

(မှန်ပြောင်းဖြင့်ကြည့်လျက်) "သူတို့လူစုပဲ ဒစ်... သူက ကျုပ်
အရင် ရောက်နေတာကိုး"

"ဟုတ်ပါရဲ့ လက်စသတ်တော့ စပိန်ကောင်နဲ့ သူ့လူတွေပဲ ခင်ဗျ
ဒါထက် သူ အရင်ရောက်ရဲ့သားနဲ့ ဘာဖြစ်လို့ မြို့ထဲမဝင်သေးတာ
မပြောတတ်ဘူး"

"မြို့မှာ လူတွေရှိတယ် ဒစ်။ ဒီလူတွေကို သူ အရင်တိုက်ဦးမ
စိတ်ကူးလို့ မဝင်သေးတာနဲ့ တူတယ်"

○



# အခန်း (၂၆)

ဤသည်ကား မိမိတို့ ဆင်းရဲဒုက္ခအမျိုးမျိုးခံကာ လိုက်လံရှာဖွေခဲ့
သော မြို့ကြီးပေတည်း။ ကလေတန်သည် မှန်ပြောင်းကို ယူ၍ကြည့်လျက်–

"မြို့ထဲမှာလည်း လူတွေ မြင်တယ်...၊ သူတို့လည်း အိန္ဒိယလူရိုင်း
မျိုးတွေလိုပါကလား... အသား နည်းနည်းလတ်တယ်၊ အဝတ်လည်း
များများဝတ်တယ်၊ ပြီးတော့ လေးတွေ၊ မြားတွေနဲ့"

"သူတို့ ဘယ်လောက်များသလဲ ဟင်... ကလေတန်"

"လူအားလုံး (၃၀–၄၀)လောက်ပဲ ရှိမယ်... ဒါပေမဲ့ မိန်းမနဲ့
ကလေးတွေတော့ မမြင်ရဘူး ဗျာ"

"အိမ်တွေထဲမှာဖြစ်ဖြစ်၊ ဘုရားရှိခိုးကျောင်းထဲမှာဖြစ်ဖြစ် ရှိမှာပေါ့
ကလေတန်။ ဒါ့ထက် ကျုပ်တို့ အခုလိုပဲ ကြည့်နေကြတော့မလား...၊
ရှေးအင်ကာမျိုးထဲက ကျန်ရစ်ခဲ့သမျှကလေးဟာ အခုလို ကျုပ်တို့မျက်စိ
အောက်မှာ ပြုတ်ပြုတ်ပြုန်းသွားမှာ ကြည့်နေကြရင် ရှက်စရာပဲ"

ဆရာကြီး ပြောသောစကားမှာ မှန်သော်လည်း ဘဲဥပုံသဏ္ဌာန်
ချိုင့်ဝှမ်းသို့ရောက်ရန် ကျောက်တောင်ထွင့်များကို ကွေ့ကောက်ကာ ပေ
၁၀၀၀ ခန့် အောက်သို့ ဆင်းရပေမည်။ အောက်သို့ရောက်သည့်တိုင်အောင်
မြို့ရှိရာသို့ (၂)မိုင်ခန့် သွားရပေဦးမည်။ သို့နှင့် ဒစ်က–

"ဆရာကြီးပြောတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ
အားလုံးမှ လူ(၅)ယောက်ပဲ ရှိတယ်။ ဒီအထဲမှာ တစ်ယောက်က စစ်တိုက်ဖို့
တော်သေးဘူး။ သေနတ်က အားလုံးပေါင်းမှ ရိုင်ဖယ်တစ်လက်နဲ့ ယမ်း



www.burmeseclassic.com

www.burmeseclassic.com



လူကြီးဝတ်ထားသော အဝတ်မှာ ကုလားအုပ်မွေးဖြင့် ယက်လုပ်ထားဟန်ရှိသော အင်္ကျီရှည်ကြီးဖြစ်၍ ရွှေချည်များဖြင့် ကွပ်ထား၏။ ခါး၌ ရွှေခါးပတ်တစ်ခု ပတ်ထားပြီးလျှင် ခြေနင်းကိုလည်း စီးနင်းလျက်ရှိလေသည်။ ဂျိုးမှာ ရှေ့ဆုံးမှ ရပ်လျက်ရှိသဖြင့် လူကြီးနောက်မှ ပါလာသူနှစ်ယောက်အနက် တစ်ယောက်မှာ မိမိတို့ဝန်ထမ်းသမားတစ်ဦးဖြစ်ခဲ့သော ဂျူအန် ဖြစ်ကြောင်း မှတ်မိလေသည်။

"ဂျူအန်…ဒါ ကျုပ်တို့လူ… ဂျူအန်ပဲဗျာ"

ဂျူအန်သည်လည်း ဤသို့ပြောလိုက်သည့်ခဏ၌ သခင်ပျောက်နေသော ခွေးကဲ့သို့ ဂျိုးဆီသို့ ပြေးလာလေပြီ။ သူပြောသော ဘာသာမှာ စပိန်တစ်ပိုင်း လူရိုင်းတစ်ပိုင်းဖြစ်၍ မိမိဆရာ လူဖြူများအား ပြန်၍တွေ့ရသဖြင့် အထူးထမ်းမြောက်ကြောင်း ဝန်ထမ်းလူရိုင်းသည် ယမန်နေ့ညက ဗဆီဂါလက်တွင်းမှ ပြေးခဲ့ကြပြီးလျှင် ဤမြို့တော်ကြီးသို့ ဗဆီဂါ၏အရှင် ရှေးဦးစွာရောက်လာကြောင်း၊ ထို့နောက် အင်ကာများထဲမှ အကြီးအမှူးအား ဗဆီဂါ လာရောက်တိုက်ခိုက်မည့်အကြောင်းကို တင်ကြိုသတိပေးခဲ့ရာ ယခုအခါ မိန်းမနှင့်ကလေးများကို တောင်ကြား၏ အခြားဘက်တွင်ရှိသော ဂူများထဲတွင် ဝှက်၍ထားကြကြောင်း၊ ၎င်းတို့အား မိမိတို့တပည့်နှစ်ယောက်နှင့် အသက်အရွယ်ကြီးရင့်သော လူကြီးများက စောင့်ရှောက်လျက်ရှိကြကြောင်းဖြင့် ပြောပြလေသည်။

အသက်ကြီးသော အဘိုးကြီးအကြောင်းကို မေးမြန်းသည်တွင် ဂျူအန်က– ထိုအဘိုးကြီးမှာ မြို့ကြီးအကြောင်းနှင့်တကွ ပတ်ဝန်းကျင်တောတောင်များအကြောင်းကို ကောင်းစွာနားလည်သော ဘုန်းကြီးအိုကြီးဖြစ်၍ မီးတောင်တွင်းဝကြီးထဲတွင် ကျွန်ုပ်တို့ကျနေသည် ပြောသဖြင့် ကျွန်ုပ်တို့အားကယ်ဆယ်ရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောပြလေ၏။

"ဒစ်… တောင်အောက်က မြင်မယ်နော်… သတိထား"

အဘိုးကြီးမှာ အရွယ်ပင် အလွန်ကြီးသော်လည်း မျက်လုံးများမှာ





တောက်ပ၍ ဉာဏ်ပညာနှင့် အတော်ပြည့်စုံဟန် လက္ခဏာရှိ၏။ မိမိတို့တိုင်းပြည်ကို လာရောက်တိုက်ခိုက်သော ဓားပြများအား ဤလူစုက မောင်းထုတ်ပစ်နိုင်လိမ်မည် မျှော်လင့်ကြောင်း ပြောပြ၏။ ဒစ်က ရှေးဦးစွာ လက်ကိုလှမ်းပေးလိုက်ရာ ဘုန်းကြီးသည် သူ၏ လက်ဆန့်တန်းကာ ဒစ်၏လက်ကို ဖျစ်ညှစ်လိုက်သည်တွင် ဒစ်၏မျက်နှာမှာ တစ်မျိုးတစ်ဖုံ ပြောင်းသွားသကဲ့သို့ မှတ်ထင်ရ၏။ ပယ်ဗလိုက စကားပြန်လုပ်၍ ပြောရလေသည်။ ကလေတန်ကမူ မိမိတို့ဘက်၌ လူနည်းပါးလှသည့်ပြင် လက်နက်ဟူ၍လည်း ရိုင်ဖယ်သေနတ်တစ်လက်နှင့် ယမ်းတောင့်အနည်းငယ်သာရှိကြောင်း၊ သို့ဖြစ်၍ ဂူများဆီသို့သွားပြီးလျှင် ဤအကြောင်းကို အေးဆေးစွာ တိုင်ပင်ရလျှင် ကောင်းမည်ဖြစ်ကြောင်း ပြောပြ၏။

ထိုအခါ ဘုန်းကြီးအိုကြီးက ဦးခေါင်းကိုရမ်းလျက် ဤသို့ မဖြစ်နိုင်ကြောင်း၊ ဂူများမှာ ချိုင့်ဝှမ်း၏အခြားဘက် အဝေးဆုံးနှင့် အမြင့်ဆုံးနေရာများ၌ရှိ၍ ထိုနေရာသို့ရောက်ရန် ချိုင့်ဝှမ်း၏အောက်ပိုင်းကို လှည့်ပတ်ကာ (၆)မိုင်မျှ သွားရမည်ဖြစ်ကြောင်း၊ လမ်းမှာ ရန်သူများမြင်ကွင်းမှ တစ်စိတ်တစ်ဒေသ ဖြတ်၍သွားရမည်ဖြစ်ကြောင်း ပြောပြ၏။ သို့နှင့် သူတို့သည် နောက်သို့ ပြန်ဆုတ်၍ ဘုန်းကြီးအိုကြီးညွှန်ပြသော ကျောက်သားပကတိဂူတစ်ခုတွင် အစာရေစာများ စားပြီးလျှင် ဆက်လက်တိုင်ပင်လျက် ရှိကြလေ၏။ ဒစ်က ကလေတန်အနီးသို့ ကပ်၍ "ဒီဘုန်းကြီးဟာ လက်စသတ်တော့ ဖရီးမေဆင် အသင်းသားတစ်ယောက်ပဲ။ လက်ဆွဲပြီးနှုတ်ဆက်မှ ကျုပ် သိတယ်"

"ဩော်… ဟုတ်လား…"

ဒါထက် ခင်ဗျားက စကားပြန်လုပ်တော့ နေရာတကာ ဆရာကြီး မသိစေနဲ့ဗျာ။ သူက သူလိုချင်တဲ့ ရှေးဟောင်းပစ္စည်းတွေသာ ကြည့်နေတာ"

ဘုန်းကြီးအိုကြီးမှာ သူတို့အား မည်သည့်ဘက်မှမဆို ကူညီရန်



www.burmeseclassic.com

www.burmeseclassic.com



အသင့်ရှိကြောင်း ပြောပြ၏။ သို့သော် အလုပ်မှာ ထင်သလောက် မလွယ် ကူချေ။ ဘုန်းကြီးတွင် လူအိုကြီး (၆)ယောက်ရှိ၍ လူဖြူများဘက်တွင် ဝန်ထမ်းသမား လူမည်းများပါ စုစုပေါင်း (၉)ယောက် ရှိ၏။ အားလုံးတွင် လက်နက်ဟူ၍ ရိုင်ဖယ်တစ်လက်သာ ရှိ၏။ ဇဆီဂါ၏ဘက်၌မူ (၄၀)ခန့်ရှိ၍ လက်နက်များလည်း ပြည့်စုံ၏။

ကလေတန်က ညဥ့်တွင် ချောင်းမြောင်းတိုက်ခိုက်ရန် အကြံပေး၏။ သို့သော် ရန်သူကများသည့်ပြင် မြို့ကလည်း ကျယ်ဝန်းသဖြင့် အကြံ လက်လျှော့လိုက်ကြရ၏။ ဂျိုးက အကြံတစ်ခုခုရသည်နှင့် ဂူများဆီသို့ သွားရန် အခြားလမ်း ရှိ,မရှိကို ဘုန်းကြီးအား မေးမြန်းရာ ဘုန်းကြီး လျှို့ဝှက်သော လမ်းတစ်ခုရှိသေး၍ ၎င်းလမ်းမှာ တောင်ထိပ်သို့ပင် ရောက် နိုင်ကြောင်း၊ သို့သော် ထိုလမ်းမှာ သာမန်သူစိမ်းများ မသိနိုင်ကြောင်း ပြောပြ၏။

ထိုအခါ ဂျိုးက–

"ဒါဖြင့် ဒီလမ်းကို ပိတ်လိုက်ပါလား။ မြေကတုတ်လုပ်ပြီး နောက် ကနေ ခုခံနိုင်တာပေါ့။ ဇဆီဂါ တက်လာရင် ကျောက်တုံးတွေ လှိမ့်ချနိုင် တယ်"

"ဒါပေမဲ့ မြေကတုတ်ကို ဇဆီဂါမြင်ရင် မြို့ထဲ ပြန်ပြေးမှာပေါ့ ဟိုမှာ တစ်နှစ်နေဦးမလား၊ ရိက္ခာကလည်း ပြည့်စုံတာပဲ"

"ကလေတန်ရဲ့၊ ခင်ဗျားဘုန်းကြီးကို မေးစမ်းပါဦးဗျာ။ မြစ် ဘယ်အပေါက်က ထွက်သလဲလို့"

"အင်မတန်နိမ့်တဲ့ ကုန်းပေါက်ကလေးတစ်ခုပဲ ထွက်ပေါက် ရှိ သတဲ့ဗျာ။ မိုးတွင်းမှာ ရေများပြီးလာရင် အဲဒီအပေါက်က မဆန့်လေတော့ ချိုင့်ဝှမ်းကြီးရဲ့အောက်ပိုင်းဟာ ရေလျှံတော့တာပဲတဲ့"

"ဟုတ်လား... ဒါဖြင့် ကျုပ် အကြံရပြီဗျို့"

○



# အခန်း (၂၇)

ထို့နောက် ဒစ်က–

"အားလုံး နားထောင်ကြစမ်းဗျာ... ချိုင့်ဝှမ်းကြီးရဲ့ အောက်ပိုင်းက နေပြီး မြစ်ကို ကျွန်တော်တို့ ပိတ်နိုင်ရင် ဘယ်လိုဖြစ်မလဲ"

လူအားလုံးပင် ဒစ်အား အံ့အားသင့်ကာ ဝိုင်း၍ကြည့်ရှုလျက် ရှိကြ၏။ ဂျိုးက "အကောင်းဆုံးပဲဗျို့"ဟု အော်လိုက်ရာ ဆရာကြီးက လည်း စဉ်းစားသည့်ဟန်ဖြင့် ခပ်အေးအေးပင် ဦးခေါင်းကို ညိတ်လေသည်။ သို့နှင့် ဘုန်းကြီးအား ဤအကြောင်းကို ပယ်ဗလိုမှတစ်ဆင့် ကလေတန်က ပြန်ပြောရာ သူ၏မျက်နှာမှာ နှစ်သိမ့်အားရခြင်းဖြင့် ပြောင်းလဲသွားသည်ကို မြင်ကြရ၏။ အိုမင်းရင့်ရော်ခြင်းပင် အတော်အတန် ပျောက်သွားသကဲ့သို့ ပထမအကြိမ် သူ ပြုံးရယ်သည်ကိုလည်း မြင်ကြရလေသည်။ ထို့နောက် သူက–

"ဤသူသည် ဉာဏ်ရှိလှ၏။ ဤအကြံထက်ကောင်းသော အကြံ မရှိပြီ။ ကျွန်ုပ်တို့ တိုင်းသူပြည်သားများ အတော်အတန် ဒုက္ခရောက်မည် ကား မှန်၏။ သို့သော် ဓားပြများ၏ဒုက္ခနှင့် နှိုင်းစာသော် မဖြစ်လောက် ပြီ"ဟု ဆို၏။ သို့နှင့် အပေါ်မှနေ၍ ပစ်ချရန်ကျောက်တုံးများ ရနိုင်,မရနိုင်



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းသည်တွင် ဘုန်းကြီးအိုကြီးက အများအပြားရနိုင်ကြောင်း သူ အဘိုးကြီးများကလည်း ကူညီမည့်အကြောင်း ဖြေဆိုလေ၏။

"အလုပ်ကို ကျုပ်တို့ ဒီကနေ့ည စကြရလိမ့်မယ်။ ဗဆိဂါ ဘယ်လောက်ကြာနေမှန်း မသိဘူး"

"အနည်းဆုံး (၂)ရက်တော့ မြို့ပေါ်မှာ မွေနှောက်နေဦးမှာပေါ့— ဒါထက် ရွှေတွေ အများအပြားရှိရဲ့လားလို့ ပယ်ဗလိုက ဘုန်းကြီးကြီး မေးစမ်းပါဦး"

ပယ်ဗလိုက မေးသောအခါ ရွှေအများအပြားရှိကြောင်း၊ ဓားပြများ သည် ရွှေကိုအလိုရှိ၍ လာကြလေသလော မပြောတတ်ကြောင်း၊ ရွှေ မိမိတို့တိုင်းပြည်တွင် သံဖြူနှင့် ကြေးနီတို့လောက် အဖိုးမထိုက်တန်ကြောင်း ဖြင့် ပြောပြလေ၏။ ထို့နောက် ဒစ်က—

"ကိုင်းလေ... သူ ဘယ်လောက်ကြာကြာ နေတာ,မနေတာ အသ ထားပြီး အလုပ်ကို အခုည လုပ်ကြရလိမ့်မယ်။ သူ့လူတွေကို မြစ်အရောက် ခေါ်လာဖို့ ဘယ်လောက်ကြာမယ်ဆိုတာ မေးစမ်းပါဦးဗျာ"

ထိုအခါ ဘုန်းကြီးက ဒစ်၏အကြံအစည်ကို ရိပ်မိပြီဖြစ်ကြောင်း သို့သော် နေမဝင်မီ မည်သည့်အလုပ်ကိုမျှ မလုပ်နိုင်သေးကြောင်း၊ တောင် ကြားချိုင့်ဝှမ်းမှာ အဆီးအတားမရှိ မြင်နိုင်သဖြင့် ဗဆိဂါ၏လူများ မြင် သွားမည်ကို စိုးရိမ်ရကြောင်း၊ သို့ဖြစ်၍ မှောင်သည်အထိ စောင့်ဆိုင်းပြီး နောက် ဂျူအန်အား စေလွှတ်သင့်ကြောင်း၊ သူသည် လမ်းကို ကောင်းစွာ သိ၍ တစ်နာရီသာသာနှင့် ပြန်ရောက်နိုင်ကြောင်း ရှင်းလင်း ပြောပြလေ၏။

သို့နှင့် ကျန်လူများကလည်း အားလုံး သဘောတူကြလေသည်။ ဆရာကြီးမှာမူ ရှေးပဝေသဏီက ပန္နည်းယောင်းများနှင့် ရှေးအင်ကာလူမျိုး တို့၏ ယဉ်ကျေးမှုများကို တိုင်းပြည်အား ရေနစ်မြုပ်စေ၍ ဖျက်ဆီးရမည်ကို ပင် မလုပ်ရက်အောင် ရှိတော့၏။ ဤမျှလောက် ဆင်းရဲဒုက္ခအမျိုးမျိုးခံကာ အပင်တပန်း လိုက်လာပြီးနောက် နောက်ဆုံးတွင်မှ ဤနည်းဖြင့် မြင်ထ





ခြင်လိုက်ရဘဲ ဆုံးရှုံးခြင်း ခံလိုက်ရတော့မည်ကို မခံမရပ်နိုင်အောင်ပင် ဖြစ်တော့၏။ သို့သော် အခြားနည်းလမ်းကား မရှိတော့ပြီဖြစ်၍ နောက်ဆုံး၌ သဘောတူရ၏။

ထို့နောက် အစားအစာများ စားသောက်ကြရာ မီးဖိုရန် မဝံ့သဖြင့် ပေါင်မုန့်ကို အေးစက်လျက်ရှိသော အသားဖြင့်သာ စားသောက်ကြရ၏။ ထိုနှင့် ကလေတန်တို့လူစုမှာ သူတို့၏အကြံအစည်ကို တိုင်ပင်လျက်ရှိရာ ဆရာကြီးမှာမူ ဘုန်းကြီးအိုကြီးအား ပယ်ဗလိုကို စကားပြန်စေကာ လျှို့ဝှက် သော မြို့ကြီး၏အကြောင်းကို တတ်နိုင်သမျှ တီးခေါက်စုံစမ်းလျက် ရှိလေ သည်။ နေဝင်ပြီးနောက် အနောက်ဘက်မှ တောင်ရိပ်ကြီးများသည် ချိုင့်ဝှမ်း ပေါ်သို့ တိုး၍လာပြီးလျှင် လေသည်လည်း တဖြည်းဖြည်း အေး၍လာတော့ ၏။

ဝန်ထမ်းသမား ဂျူအန်မှာ ဘုန်းကြီးအိုကြီးထံမှ ညွှန်ကြားချက်များ ကို ယူပြီးနောက် သွားရန် အသင့်ရှိနေ၏။ သို့နှင့် ဘုန်းကြီးအိုကြီးသည် သူ့ခါးတွင်လွယ်ထားသော အိတ်ငယ်ကလေးအတွင်းမှ ငွေဖြင့်ပြုလုပ်ထား သည့် အထိမ်းအမှတ်ပြားကလေးကို ထုတ်ကာ ဂူမှ လူများအားပြရန် ဂျူအန်လက်သို့ ပေးအပ်လေ၏။

ဂျူအန်သွားပြီးနောက် အတန်ကြာလတ်သော် သူတို့လူစုလည်း နောက်မှ လိုက်ကြ၏။ တောင်အောက်သို့ ဆင်းသောလမ်းကား သဘာဝ အတိုင်းဖြစ်နေသည့် လမ်းမဟုတ်ဘဲ ကျောက်သားကို လူတို့လက်ဖြင့် ထွင်းဖောက်ထားသောလမ်းဖြစ်ရာ ရှေးလူများ၏ ဗိသုကာအတတ်မှာ ယခုခေတ်လူများနှင့် နှိုင်းစာလျှင် အလွန် အံ့သြချီးမွမ်းဖွယ် ကောင်းလှပေ ၏။ အချို့နေရာများတွင် စောက်နက်စွာ ထွင်းဖောက်ထားသဖြင့် လူ တစ်ယောက် လျှောက်သွားသည်ကို အောက်မှ မမြင်နိုင်ပေ။ ကွေ့ကောက် သွားသော နေရာတိုင်း၌လည်း အင်ကာမြို့ဟောင်းကြီးကို တိုက်ခိုက်ရန် ဘျူးကျော်လာသည့် ရန်သူများအား 'ကင်း'သမားများက လုံခြုံစွာ ခု



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်နိုင်စေရန် 'ကျောက်ကင်းတဲ'ကလေးများပင် ဆောက်လုပ်ထား သည်ကို တွေ့ရ၏။

တောင်ခြေသို့မရောက်မီပင် နေရောင်များ ပျောက်ကွယ်သွားပြီ ဖြစ်၍ အောက်မှမြင်ရန် စိုးရိမ်ဖို့ မရှိတော့ချေ။ သို့သော် ချိုင့်ဝှမ်းတွင် လာမာခေါ် တောင်ဆိတ်ရိုင်းများရှိသဖြင့် ၎င်းတို့ကို လူရိုင်းများက လိုက်လံ ဖမ်းဆီး နေကောင်းနေလိမ့်မည် ထင်ရသဖြင့် မှောင်သော်လည်း သတိကြီး စွာဖြင့် သွားကြရကုန်၏။ ချိုင့်ဝှမ်းမှာ အတော်ပင်ပူအိုက်သဖြင့် မြစ်နှင့် နီး၍လာသောအခါ တဝေါဝေါ ရေစီးသံများကို ဆိတ်ငြိမ်သော ညဥ့်အချိန် တွင် ယခင်ကထက် ပို၍ကြားကြရကုန်၏။

"တမ်တုပ်ရမဲ့ အလုပ်ဟာ မလွယ်ဘူး... ကလေတန်"

"ဟုတ်တယ်ဗျာ... ပြီးတော့ ကျုပ်တို့မှာ တူရွင်းတို့၊ ပေါက်ပြားတို့ လည်း ရှိကြတာ မဟုတ်ဘူး"

တောင်ခြေမှ ချိုင့်ဝှမ်း၏ အနိမ့်ဆုံးနေရာသို့အရောက် (၂)မိုင်ခန့် ထက်ပင် လျှော့ဦးမည်ဖြစ်ရာ မြေပြင်မှာလည်း အလွန်ညီညာလျက် ချိုင့် ဝှမ်း၏အမြင့်ပိုင်းမှာ အနိမ့်ပိုင်းထက် အလွန်ဆုံး ပေ (၅၀)ခန့်သာ ပို၍ မြင့်ပေမည်။ မြစ်မှာလည်း ပေ (၂၀)ထက် ပို၍မကျယ်သော်လည်း ရေ အတော်နက်ဟန် ရှိ၏။ မတ်စောက်သော ကျောက်တောင်များကြားတွင် ဖြတ်သန်းစီးဆင်းလျက် ရှိရကား ဘုန်းကြီးအိုကြီး ပြောသည့်အတိုင်း အပေါ်မှ ပစ်ချနိုင်သော ကျောက်တုံးကျောက်ခဲ အကြီးအငယ်တို့ဖြင့် ပြည့်လျက်ရှိ၏။ ဖြတ်၍စီးထွက်သွားသော နေရာမှာ အတော်ပင်နိမ့်သော ကျောက်တောင်တန်းတစ်ခုအောက်မှ လိုဏ်ခေါင်းသဖွယ်ဖြစ်လျက် ရေ မျက်နှာပြင်နှင့် ကျောက်တောင်၏ အောက်နှုတ်ခမ်းသားမှာ (၂)ပေထက် ပို၍မကွာကြောင်း တွေ့မြင်ကြရလေသည်။ ဒစ်မှာ အင်ဂျင်နီယာအတတ် တွင် အတော်ခေါက်မိဟန်ရှိ၍ ပတ်ဝန်းကျင်ကို စေ့စပ်စွာ တိုင်းထွာ ကြည့်ရှုလျက် ရှိ၏။ လ,ပင် မရှိသော်လည်း ကြယ်ရောင်ကလေးများဖြင့်





အတော်ပင် မြင်နိုင်လေသည်။

ဒစ်သည် စိတ်ပျက်သောအမူရာဖြင့် ပြန်လာပြီးနောက်–

"ရေက ဒလဟော စီးနေတယ်ဗျာ... ပြီးတော့ အနက်ကလည်း အနည်းဆုံး (၈)ပေ၊ (၁၀)ပေလောက်တော့ နက်တယ်။ သည်တော့ ကျောက်တုံးကျောက်ခဲတွေ အများအပြားရှိတယ်ထားဦး၊ ပစ်ချလိုက်ရင် မျောပါသွားပြီးသားပဲ"

"ဒစ် လိုချင်တာက ကျောက်တုံးကြီးကြီး ဆိုပါတော့"

"ဟိုဘက်ကမ်းက ကျောက်တောင်ကို ကြည့်လိုက်ကြစမ်း။ ဘယ် လောက်ကြီးတဲ့ ကျောက်တုံးကြီးလဲ"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဟိုရောက်အောင် ကျုပ်တို့ ဘယ်လို ကူးသွားမလဲ"

ရေတိမ်သောနေရာ ရှိ,မရှိ ဘုန်းကြီးအား မေးမြန်းကြည့်ရာ ရေတိမ် သောနေရာမှာ မြို့အနီး၌သာရှိကြောင်းဖြင့် သိရလေသည်။ ထိုအခါ ဂျိုးက–

"ဒါဖြင့် ဂူပေါက်ပေါ်က ကုပ်ကပ်ပြီးသွားရင် မရောက်နိုင်ဘူးလား ဗျာ...၊ သည်လောက် အသွားခက်မယ် မထင်ဘူး"

"ကိုင်းလေ... စမ်းကြည့်ကြသေးတာပေါ့"

သို့နှင့် ဒစ်၊ ဂျိုးနှင့် ကလေတန်တို့သည် တောင်ခြေမှစ၍ တက်စ ပြုလေ၏။ အတန်ငယ် တက်မိလတ်သော် ကျောက်တောင်၏နောက်၌ နံဘေးတွင် အက်ကြောင်းကြီးတစ်ခု ဖြစ်နေသည်ကို တွေ့ရ၏။ သို့နှင့် ဒစ်က ခေါင်းဆောင်လျက် သူတို့သည် တောဆိတ်များကဲ့သို့ လေးဖက် ထောက်ကာ တရွေ့ရွေ့တက်ကြပြန်ရာ အမြင့်ပေ (၃၀)ခန့်တွင် ကျောက် တန်းတစ်ခုကို တွေ့ကြရ၏။

"တွေ့ပြီ ဆရာကြီး...၊ ဒီဘက်ခြမ်းက ကျောက်လုံးကြီး လှိမ့်ချနိုင် ရင်..."

"ချတာက ဟုတ်ပါရဲ့၊ တတ်နိုင်ကြပါ့မလား။ လူအားနဲ့ ရွေ့ယ်



www.burmeseclassic.com

www.burmeseclassic.com



မထင်ဘူး။ ဘီလူးအားနဲ့မှ ရလိမ့်မယ် ထင်တယ်"

"ဘာပဲဖြစ်ဖြစ် စမ်းကြည့်မယ်ဗျာ"

ကလေတန်သည် ပခုံးနှင့် တွန်း၍ကြည့်ရာ ကျောက်လုံးကြီးမှာ အတော်ပင် လှုပ်၍သွားသည်ကို တွေ့ရ၏။

"လှုပ်တယ် ဗျို့"

"ဟုတ်လား... ကိုင်း... ဒါဖြင့် လာကြ... ဂျိုး"

သို့နှင့် သုံးဦးသားတို့သည် ရှိသမျှအင်အားကို ညှစ်ထုတ်ကာ ပခုံးဖြင့် တစ်ပြိုင်နက်တွန်းလေရာ (၅)တန်ခန့်မျှလေးသည့် ကျောက်လုံးကြီးသည် နဂိုကပင် အခြေမှ ကျွတ်လွတ်နေပြီးဖြစ်၍ လိုဏ်ခေါင်းဝရှေ့ မြစ်အလယ်သို့ အရှိန်ဖြင့် တစ်ခါတည်း ကျသွားလေသတည်း။

○



## အခန်း (၂၀)

ရေသည် ကျောက်ခဲကျမည့်နေရာမှ တောင်ခါးပန်းအထိ ဖွာခနဲ ခန်းတက်လာလေရာ အားလုံးပင် ရွဲရွဲစိုလျက် ရှိကြကုန်၏။

"ကံကောင်းတာပဲဗျို့။ ကျုပ်ဖြင့် သည်လောက်တောင် လွယ်လိမ့်မယ် မထင်မိဘူး"

"ရေကြောင်း ပိတ်လုသွားပြီဗျာ။ ကြည့်စမ်း... မြစ်ပြင်ပေါ်မှာတောင် ရေတွေ တန့်သွားပြီ"

သို့နှင့် သူတို့သည် တောင်ခါးပန်းမှ တွယ်ကပ်ဆင်းလာကြသောအခါ အောက်တွင် ဆရာကြီး ပယ်ဇလိုနှင့် အခြားလူမည်းများပါ ထွက်ခေါက်အနီးတွင် ကျောက်ခဲများကို လိမ့်ချနေသည်ကို တွေ့ရသဖြင့် သူတို့ပါဝင်၍ စိတ်အားထက်သန်စွာ ကူညီကြလေသည်။ အလွန်ပင်ပန်းသော အလုပ်ဖြစ်၍ လူအားလုံးပင် ချွေးတီးတီးကျလျက် ရှိကြကုန်၏။

သို့ရှိစဉ် ကမ်းစပ်မှ လူတစ်ယောက် ပြေးသွားသည်ကို ကလေတန်က မြင်လိုက်သဖြင့် ၎င်းမှာ ဘုန်းကြီးခိုင်းလိုက်သော ဂျူအန် ပြန်လာသည်ဟု ပထမ ထင်မိကြ၏။ သို့သော် ထိုလူမည်းသည် မြစ်ကမ်းဘေးမှ လျှောက်၍ မြစ်ညာဆီသို့ အတင်းပြေးလေရာ ဒစ်လည်း ၎င်းနောက်မှ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် ကလေတန်မှာ ဒစ်နောက်မှ ပြေး၍ လိုက်သွားရလေ၏။ ကိုက် အနည်းငယ်ခန့်တွင် ဒစ်က မှီသဖြင့် လှမည်းသည် ကိုယ်ကို ပစ်လှဲလိုက်ကာ ဓားထုတ်လိုက်သည်ကို ကြယ်များ၏အလင်းရောင်တွင် မြင်လိုက်ရ၏။ သို့သော် ဒစ်ကား ထိုသူထက်မြန်သဖြင့် ဓားထုတ်သော လက်ကို အသုံးမပြုနိုင်မီ ခြေဖြင့် ကြုံး၍ကန်လိုက်ရကား ထိုသူသည် အရှိန်ဖြင့် မြစ်ထဲသို့ ဒလိမ့်ခေါက်ကွေး ထိုးကျသွားလေရာ မည်းနက်သော ကိုယ်ကြီးမှာ ရေနက်ထဲတွင် ပျောက်ကွယ်၍သွား၏။

"ဧကန္တ ဗဆီဂါ့တပည့်ပဲဗျို့။ ခင်ဗျား မြင်ပေလို့သာ"

"ကျွန်တော်မြင်ပေမယ့် ခင်ဗျားလိုက်လို့ မှီပြီး ကန်ချနိုင်ပေလို့ သာပါဗျာ"

"ကိုင်း... ကျုပ်တို့ အလုပ်ဆက်လုပ်ကြဦးစို့"

နောက်များမကြာမီ ဂျူအန်၏လူစု ရောက်လာကြရာ ၎င်းတို့မှာ အဘိုးကြီးများဖြစ်သောလည်း လူငယ်များကဲ့သို့ပင် ကြံ့ခိုင်တောင့်တင်း၍ ဗဆီဂါအား တိုက်ခိုက်ရန်လည်း စိတ်အားထက်သန်သူများ ဖြစ်လေသည်။ သို့နှင့် အားလုံးစုပေါင်းကာ ဆက်လက် အလုပ်လုပ်ကြပြန်ရာ လူကလည်း များသည့်ပြင် အင်ကာအဘိုးအိုများကလည်း လုံသွားများကို ယူခဲ့ကြသဖြင့် ၎င်းတို့ကို ကုတ်အတွက် အသုံးပြုနိုင်သောကြောင့် ကြီးမားသော ကျောက်ချပ်ကြီးများနှင့် ကျောက်လုံးကြီးများကိုပင် အလွယ်တကူ ပစ်ချနိုင်ကြကုန်၏။ ဤသို့ဖြင့် ရေကြောင်းမှာ ပိတ်၍သွားတော့ရာ မြစ်ရေသည် ထိုနေရာ၌ တဖြည်းဖြည်း အိုင်၍လာကာ ရေပြင်ကြီးသည်လည်း ကြည့်ရင်းပင် ကျယ်ပြန့်ကြီးမားတော့၏။

ထိုအခါ ဒစ်က ကျေနပ်သောအမူအရာဖြင့်–

"ကိုင်း... ကျုပ်တို့ စီမံတဲ့အတိုင်းတော့ ဖြစ်ပြီဗျာ။ သည်တော့ ဂူတွေဆီကို ကျုပ်တို့ အမြန်ဆုံးရောက်ရင် အကောင်းဆုံးပဲ"

သို့နှင့် သူတို့သည် အချိတ်ကဲ့သို့ ရှေ့တိုးနောက်ငင် လမ်းများကို





၍ တက်ကြရပြန်လေ၏။ သို့သော် ထိုအကြိမ်တွင် တောင်ထိပ်သို့ရောက် အောင် မတက်ရဘဲ ဒုတိယအထပ် တောင်ခါးပန်းသို့ ရောက်သောအခါ ဘုန်းကြီးအိုကြီးသည် ထိုသူတို့အား လက်ဝဲဘက်သို့ ခေါ်သွားလေသည်။ လမ်းမှာ တစ်ခါတစ်ရံ လွန်စွာကျဉ်းမြောင်းပြီးလျှင် ကြောက်မက်ဖွယ် ကောင်းလှ၏။ ထိုနေရာမှ အောက်သို့ငုံ့ကြည့်လိုက်သည်တွင် မြစ်၏ ထွက်ပေါက်အနီး၌ ရေအိုင်ကြီးတစ်ခု ရုတ်တရက် ဖြစ်ပေါ်လာသကဲ့သို့ တွေ့မြင်ကြရလေ၏။ သူတို့လျှောက်သွားရသော နေရာမှာ တောင်ခါးပန်း တွင် ကပ်၍ထားသော စင်တစ်ခုကဲ့သို့ ရှိနေ၍ ချိုင့်ဝှမ်းမျက်နှာပြင်မှ ပေ (၃၀၀)ခန့် အမြင့်တွင် ရှိ၏။ ထိုနေရာသို့ရောက်လျှင် ဘုန်းကြီးသည် ကျောက်တုံးကြီးတစ်ခုနောက်သို့ဝင်ကာ ရုတ်တရက် ပျောက်ကွယ်၍ သွား လေ၏။

သူတို့သည် ဘုန်းကြီးကြီးနောက်မှ လိုက်သွားကြရာ ကြောက်မက် ဖွယ်ကောင်းလောက်အောင် အက်၍ကွဲနေသော တောင်ကြားကြီးကို တွေ့ ကြရ၏။ ဖြစ်ပုံမှာ ရှေးနှစ်ပေါင်းများစွာက မြေငလျင်၏အရှိန်ဖြင့် ဆယ်ပေါင်း အတော်နက်မျှ ကျောက်တောင်ထိပ်သည် ကွဲအက်သွားဟန် လက္ခဏာ ရှိ၏။ ကျောက်ကြားကြီး၏တစ်ဖက်တွင် အဆင့်ကဲ့သို့ဖြစ်နေရာ ၎င်းသည် ကား လူတို့ ထွင်းဖောက်ပြုလုပ်ထားဟန် ရှိ၏။ သို့နှင့် ဘုန်းကြီးသည် ထိုအဆင့်မှ လျှောက်ဝင်သွားလေရာ သူတို့လည်း တစ်ယောက်စီ စီတန်း ကာ တစ်ဖက်မှ ချောမွေ့သောကျောက်နံရံကို လက်ဖြင့်ဖေးလျက် တစ်ဖက် မှ နက်လှစွာသော ချောက်ကြီးကို ကျောပေးကာ တစ်လှမ်းချင်း လျှောက်၍ လိုက်ကြရလေသည်။

ကျောက်ဆောင်ကြားကြီးမှာ တဖြည်းဖြည်း ကျဉ်းမြောင်းလာသော် လည်း လျှောက်သွားရသောအဆင့်မှာ ကျယ်ပြန့်၍လာပြီးနောက် နောက် ဆုံးတွင် စင်္ကြံတစ်ခုပေါ်သို့ လျှောက်နေရသကဲ့သို့ ရှိလေ၏။ မကြာမီ ကောင်းကင်မှ ကြယ်ရောင်များလည်း ပျောက်၍သွားလေရာ သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com



မှောင်နှင့်မည်းမည်းထဲတွင် တဖြည်းဖြည်း စမ်းသပ်လျှောက်ကြရလေသည်။

ဘုန်းကြီးသည် ရှေ့ဆုံးမှရပ်လိုက်ပြီးနောက် လက်ခုပ် (၃)ကြိမ် တီးလိုက်သည်တွင် အတော်ခပ်ဝေးဝေးမှ နီရဲသောမီးရောင်တစ်ခု ပေါ်၍လာပြီးနောက် မကြာမီ မီးထုပ်ကိုင်ထားသော လူတစ်ယောက် သူတို့ဆီသို့ လာနေသည်ကို မြင်ရလေ၏။ သူတို့ကား ဂူကြီးတစ်ခု၏အဝတွင် ရောက်နေကြောင်း မီးရောင်တွင် တွေ့မြင်ရလေ၏။ တစ်ဖက်တစ်ချက်တွင် ပေ (၂၀)ကျော်ကျော်ခန့်မြင့်သည့် သုံးမြှောင့်ပုံ ကျောက်တိုင်ကြီးများသည် အပေါ်မှတုတ်ကို ထောက်ခံလျက်ရှိ၏။ ၎င်းတို့မှာ သဘာဝအလျောက် ဖြစ်၍နေခြင်းလော၊ သို့မဟုတ် လူတို့ပြုလုပ်ထားခြင်းလော ပြောနိုင်ရန် ခဲယဉ်းလှ၏။ အလွန်ရှည်လျားသော လိုဏ်ခေါင်းကြီးသည် ကျောက်တောင်ထိပ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ ရှိလေ၏။ မကြာမီ မီးထုပ်များသည် များလာလျက် မီးရောင်တွင် အစုလိုက် အစုလိုက်ထိုင်ကာ ရှိနေကြသော မိန်းမများ၊ ကလေးသူငယ်များကို တွေ့မြင်ကြရ၏။ ၎င်းတို့ အနီး၌ကား အထုပ်အပိုး ဝန်စည်စလယ်များရှိနေ၍ မြို့မှ ဗဆီဂါ၏ ဘေးရန်ကြောင့် အဆောတလျင် ပြေးလာကြရဟန် လက္ခဏာ ရှိလေသည်။ ဒစ်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် "သိပ်သနားစရာ ကောင်းတာတွေပဲဗျာ"ဟု ညည်းညူလိုက်လေ၏။

ဘုန်းကြီးအိုကြီးသည် ဧည့်သည်များအား ဂူမကြီး၏ နံဘေးဘက်ရှိ ဂူငယ်တစ်ခုအတွင်းသို့ ခေါ်သွား၏။ ထိုဂူဝမှာ တိရစ္ဆာန်၏သားရေများဖြင့် ကွယ်ထားလေသည်။ ၎င်းမှာ သူတို့အိပ်ရမည့် အခန်းဖြစ်၍ ညစာကိုလည်း မကြာမီ စားရမည့်အကြောင်း ပယ်ဗလိုမှတစ်ဆင့် စကားပြန်၍ ပြောပြ၏။ ညတွင် သူ့လူများက စောင့်ရှောက်မည်ဖြစ်၍ စိတ်ချ၍အိပ်ရန် အကြောင်းကိုပင် ပြောပြသေး၏။

မကြာမီ အိုးများဖြင့် အစားအသောက်များ ရောက်လာရာ ၎င်းတို့မှာ ပြောင်းဖူးဆန်ပြုတ်နှင့် ဟင်းရွက်ဟင်းသီးအချို့ကို ကြိုချက်ထားသော





အိုးများ ဖြစ်လေသည်။ ထိုအစားအသောက်များကား ဧည့်သည်များအတွက် ရွှေထက်ပင် အဖိုးထိုက်တန်လှပေ၏။ သူတို့သည် စကားမပြောဘဲ စားသောက်ကြရာ စိတ်ထဲ၌မူ ဗဆီဂါနှင့် သူ၏လူစုအား ရေဖြင့် နှစ်သတ်ရန် အကြံမှာ ရန်သူတို့ကိုသာ ပျက်စီးစေမည်မဟုတ်ဘဲ မိမိတို့ စွန့်စားရှာဖွေခဲ့ရသည့် ရှေးအင်ကာတို့ ယဉ်ကျေးမှုများ၊ အထူးအဆန်းများရှိရာ မြို့တော်ကြီးပါ ရေလွှမ်းမိုး ပျက်စီးရတော့မည်ဟူသော အကြောင်းကိုလည်း တွေးတောမိကြဟန် တူ၏။ သို့သော် လူအားလုံးတို့မှာ မဆန့်မတန် ခရီးပမ်းလာကြသည်ဖြစ်၍ မကြာမီ အိပ်ပျော်၍ သွားကြလေ၏။

နေရောင်ကိုပင် မမြင်ရသော်လည်း နိုးနေကြအချိန်တွင် အိပ်ရာမှ နိုးကြ၏။ ပယ်ဗလိုသည် သူ့ဆရာ ကလေတန်အား နိုးကာ ပြုံးရွှင်သော မျက်နှာဖြင့် နံနက်စာ အသင့်ရှိနေပြီဖြစ်ကြောင်း ပြောပြလေသည်။

ကလေတန်သည် အိပ်ရာမှ ဖျတ်ခနဲ ထလိုက်ပြီးနောက်–

"ရေ ဘယ့်နှယ့်နေသေးသလဲ"

"မြို့ကို ဝိုင်းလုနေပြီ သခင်၊ ဒီကလူတွေ စောင့်ကြည့်နေကြတယ်"

ပယ်ဗလိုလည်း ကလေတန်အား ကိုယ်တိုင်ကြည့်နိုင်စေရန် လိုဏ်ခေါင်းတစ်လျှောက်မှ လမ်းပြခေါ်သွားရာ ဂူမကြီးမှာ မှောင်လျက် မီးထုပ်များပင် ထွန်းညှိထားရသေး၏။ ကျောက်လမ်းကြားမှ ထွက်ခဲ့ကြ၍ ဂူဝသို့ ရောက်သောအခါ နေရောင်များပင်ထိုးလျက် ရှိနေလေပြီ။ စင်္ကြံသမံတလင်း ပေါ်၌ကား တိုက်ပွဲတွင် အသက်မသေဘဲ ကျန်ရစ်သူများနှင့် ဒဏ်ရာရသူ အချို့ ရှိနေ၏။ ချိုင့်ဝှမ်းကိုကြည့်လိုက်ရာ ယမန်နေ့က တွေ့မြင်ရသည့် စိမ်းလန်းသော ယာခင်း၊ မြက်ခင်းများကို မမြင်ရတော့ဘဲ ဖြူဖွေးသော ရေပြင်ကြီးကိုသာ တွေ့ရတော့၏။ အင်ကာတို့၏ လျှို့ဝှက်သော ရွှေမြို့တော်ကြီးသာ အတော်အတန်မြင့်သော ကုန်းကလေးပေါ်၌ တည်ရှိသဖြင့် ကျွန်းကလေးတစ်ကျွန်းသဖွယ် အလယ်တွင် ထီးထည်းကျန်ရှိလျက် ကြည်လင်သော မှန်ချပ်ကြီးကဲ့သို့ရှိနေသည့် ရေပြင်တွင် အရောင်ဟပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေလေသည်။ ထိုအခိုက်တွင် "ဘယ့်နှယ့်လဲဗျို့ ကလေတန်"ဟု နောက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ ဂူမှထွက်လာသော ဒစ်နှင့်အတူ သူ၏နောက်မှ ဆရာကြီးနှင့် ဂျိုးတို့ကို တွေ့မြင်ကြရလေ၏။

"ဒါပေမဲ့ ဗဆီဂါက ဘယ်ရောက်နေသလဲ"

"ရွှေတွေရလို့ အေးအေးအိပ်နေဦးမှာပေါ့ဗျာ... အလို ဟိုမှာ ကြည့်လိုက်စမ်းဗျို့။ လူရိုင်းတစ်ယောက် သူတို့အထဲကနေ့ တူတယ်"

လူရိုင်းသည် မြို့ကို ဝိုင်း၍တက်လာသော ရေပြင်ကြီးကို မြင်ရသော အခါ အံ့အားသင့်သကဲ့သို့ တခဏမျှ ကြည့်နေပြီးနောက် မကြာမီ မြို့ထဲသို့ ဝင်ကာ ပျောက်ကွယ်၍သွား၏။

"ပျော်စရာကြီးပဲဗျို့၊ စောင့်ကြရအောင်"

ဒစ် ပြောသည့်အတိုင်း ထိုလူ ပျောက်သွားပြီးနောက် မကြာမီ မြို့ထဲရှိ အိမ်အသီးသီးမှ လူရိုင်းများသည် ပျားအုံတွင်းမှ ပျားများကဲ့သို့ ထွက်လာကြကုန်၏။ မကြာမီ ဗဆီဂါရောက်လာ၍ သူတို့၏ အဖြစ်အပျက်ကို တွေ့မြင်ရသောအခါ ဒေါသအမျက် ချောင်းချောင်းထွက်လျက် ရှိသည်ကို အဝေးမှပင် အကဲခတ်နိုင်လေသည်။ တောင်ပေါ်မှ စောင့်ကြည့်နေသော အင်ကာမိန်းမများကား ဗဆီဂါရှိရာသို့ အံကြိတ်ကာ လက်သီးများကို ဆုပ်၍ပြနေသည်ကို မြင်ရ၏။

ဆရာကြီးသည် အစဉ်းစားကြီးသည့်ဟန်ဖြင့်–

"ဒစ် ဟိုဖြတ်ဖို့ ရေဘယ်လောက်နက်မယ် ထင်သလဲ"

"ကျွန်တော် မမှန်းတတ်ပါဘူး ခင်ဗျာ"

"(၃)ပေထက် နက်မယ်မထင်ဘူး။ သူတို့ ဖြတ်လျှောက်နိုင်မှာ ပေါ့"

"သွားနိုင်မယ် မထင်ပါဘူး ဆရာကြီး၊ လမ်းကို သူတို့ရောက်ဖို့ ခက်ပါတယ်"

"ဂူဝဆီကိုတက်လာတဲ့ လမ်းအကြောင်း ဘုန်းကြီးအိုကြီး မေးပါဦး"





"လျှို့ဝှက်တဲ့လမ်းဖြစ်လို့ ဘယ်သူမှ မသိနိုင်ဘူးလို့ ပြောပါတယ်။ သို့ပေမဲ့ ဘာပဲဖြစ်ဖြစ်လေ သေနတ်ကို ကျွန်တော့် ပေးထားပါ"

ဆရာကြီးသည် စိတ်မချနိုင်သေးသည်နှင့် ဂူဆီသို့ တက်သောလမ်းကို သူတို့ ရောက်နိုင်,မရောက်နိုင် ဘုန်းကြီးအား မေးမြန်းစေပြန်၏။ သို့နှင့် ကလေတန်လည်း ပယ်ဗလိုမှတစ်ဆင့် မေးမြန်းရပြန်လေသည်။ ဘုန်းကြီးအိုကြီးသည် ဆရာကြီး သိလိုသောအချက်ကို ရိပ်မိသဖြင့် ဦးခေါင်းကို ရမ်း၍ပြပြီးလျှင် ရန်သူများသည် ဤလမ်းကို သိရန်ခဲယဉ်းကြောင်း၊ ရှေးအစဉ်အဆက်ပေါင်းများစွာက နေ၏သားတော်များဖြစ်ကြသော အင်ကာလူမျိုးများ ဤနေရာသို့ ရောက်လာစဉ် အထူးလျှို့ဝှက်၍ ပြုလုပ်ခဲ့သော လမ်းဖြစ်ကြောင်း၊ အောက်အဝင်ဝမှာ လိုဏ်ခေါင်းဖြင့်သွား၍ ကျောက်လုံးကြီးတစ်ခုဖြင့် ပိတ်ဆို့ထားရာ ၎င်း၏လျှို့ဝှက်ချက်ကို သိသူများသာလျှင် ဖွင့်နိုင်ကြောင်းဖြင့် ရှင်းလင်းပြောပြလေ၏။ ထိုအခါ ဒစ်က–

"ဒီလိုဆိုရင်တော့ စိတ်ချဖို့ပဲ ဆရာကြီး...၊ သူတို့အရိပ်အကဲ ကြည့်ပါဦး"

ဤသို့ပြောနေစဉ် ဗဆီဂါသည် သူ၏လူများကို ခေါင်းဆောင်ကာ ရေပြင်ကို ဖြတ်သန်းစပြုတော့၏။ ဆရာကြီး ထင်မြင်သည့်အတိုင်း ရေမှာ (၃)ပေခန့်သာနက်၍ ကူးရန်မလိုချေ။ သူတို့တပ်ဖွဲ့တစ်ခုလုံးသည် မြို့ထက် ကိုက် (၃၀၀)ခန့်မြင့်သည့် ကုန်းဆီသို့ သွားလျက်ရှိလေ၏။

"ရေတက်လာတာကတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ ကုန်းမြင့်တွေက တက်နေနိုင်တာ အများကြီးရှိတယ်"

"ဒီလိုဆိုရင်လည်း အစာငတ် သေကြမှပါဗျာ"

"မထင်နဲ့ဦး ကိုယ့်လူ...၊ တောဆိတ်တွေ အောင်းတွေ အင်မတန် ပေါတယ်ဗျာ။ သူတို့လိုချင်သလောက် ပစ်စားနိုင်တယ်။ ဒါထက် ကျုပ်တို့ ရိက္ခာအကြောင်း ဘုန်းကြီးကို မေးပါဦး" (ကလေတန်က မေးပြီးနောက်)



www.burmeseclassic.com

www.burmeseclassic.com



"အနည်းဆုံး ဂူထဲမှာ တစ်လလောက် နေနိုင်သတဲ့ဗျာ"

ထိုအခါ ဆရာကြီးလည်း ဗဆီဂါ၏လူများကို ကြည့်ရှုနေရာမှ—

"ကိုင်း… ရိက္ခာအကြောင်း နောက်မှ စဉ်းစားကြတာပေါ့လေ။ ဟိုမှာ ကြည့်ကြစမ်း၊ ဗဆီဂါဟာ သူ့လူတွေနဲ့ မြစ်ကို ဖြတ်ကူးထားတဲ့ ကျောက်တံတားကလေးဆီကို သွားနေတယ် မဟုတ်လား။ ကေနွ ကျုပ်တို့ကို မြင်ပြီဗျာ။ မယုံရင်ကြည့်နေ။ ကျုပ်တို့ကို တိုက်ဖို့ပြင်တာနဲ့တူတယ်"

○



# အခန်း (၂၉)

ဆရာကြီး ထင်သည့်အတိုင်းပင် ဖြစ်တော့၏။ ဗဆီဂါသည် မြစ်ကို ဖြတ်ထားသည့် ကျောက်တံတားလေး (၃)ခု ရှိသည့်အနက် အထက်အကျ ဆုံး တံတားဆီသို့ ရှေ့ရှုလာလျက် ရှိ၏။ ၎င်း၌ တက်ရန်လည်း ကုန်း ဘောင်ထိုးထားရာ တံတားများမှာ ရေမမြုပ်သေးချေ။ ဗဆီဂါသည် ရေစပ်မှ ...ကာ ကျောက်တောင်ကြားအဝဆီသို့ ချီတက်လျက်ရှိရာ ထိုနေရာမှာ ...သည်း နာရီပေါင်းအတော်ကြာအတွင်း နစ်မြုပ်မည် မဟုတ်သေးချေ။

ကလေတန်က မှန်ပြောင်းနှင့် ကြည့်နေသဖြင့် ဗဆီဂါ၏မျက်နှာကို ...ည်းကောင်း၊ သူ့နောက်မှ ကြောက်မက်ဖွယ်ကောင်းသော လူရိုင်းများကို ...ည်းကောင်း ကောင်းစွာ မြင်ရ၏။ ထိုအခါ ဒစ်က—

"ဒီအကောင် ဘာများ လိုက်ရှာနေတယ် မပြောတတ်ပါဘူး၊ ...ိုင်း… ဒီမှာဗျို့ ဒီအကောင်ကို တစ်ခါတည်း ပစ်ချလိုက်မယ်။ သူသေရင် ...ားလုံး ကိစ္စပြီးတာပဲ။ ဘယ့်နှယ့်လဲ… ဘယ်လိုသဘောရသလဲ ဆရာ ...ီး…"

(လေးနက်သောလေသံဖြင့်) "ပစ်ချလိုက်လေ… ဒီဓားပြကောင် ...သွားရင် ကျုပ်တို့အတွက်ရော၊ ဒီကမ္ဘာကြီးအတွက်ရော ငြိမ်းချမ်းသွား



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့”

သို့နှင့် ဒစ်သည် ကုမ္ပပြန့်ကလေးတစ်ခုပေါ်၌ အလျားမှောက်လိုက်ကာ သေနတ်ဒင်ကို ပခုံးဖြင့်ထောက်ထားလေ၏။ ထိုအခါ ကလေတန်က–

“ခဏကလေးနေဦး…ဒစ်၊ သူ ဒီထက် ပိုပြီး နီးချင် နီးလာလိမ့်ဦးမယ်။ ကျုပ်တို့ ဒီမှာရှိတယ်ဆိုတာ သိချင်မှသိမယ်ဗျာ့။ ပြီးတော့ မြစ်ကြောင်းကို ပိတ်လိုက်တာလဲ ဘုန်းကြီးလက်ချက်လို့ ထင်ကောင်း ထင်ပေလိမ့်မယ်”

“ခင်ဗျားပြောတာ မှန်တယ်ဗျို့… ဒါဖြင့် ကျုပ် ခဏစောင့်ဦးမယ်။ အခုပစ်ရမယ်ဆိုရင်လည်း သိပ်ဝေးတာပဲ”

ထို့နောက် တိတ်ဆိတ်၍ သွားပြန်၏။ သူတို့ ရောက်ရှိနေသော နေရာမှာ အမြင့်အားဖြင့် တောင့်၏ထက်ဝက်မျှသာ ရှိပြီးလျှင် တောင်ကြီး၏ အတွင်းဘက်လည်းကျသဖြင့် ဗဆီဂါ မမြင်နိုင်ချေ။ သို့သော် သူ၏ အသွားအလာ၊ အပြုအမူကို ထောက်သဖြင့် သူသည် မသေဘဲ ကျန်ရှိသော အင်ကာလူမျိုး အကြွင်းအကျန်များ၊ မိန်းမများနှင့် ကလေးများ မည်သည့်နေရာ၌ ပုန်းအောင်းနေသည်ကို မတွေ့သဖြင့် ရှာဖွေနေဟန် လက္ခဏာ ရှိလေသည်။

ဗဆီဂါသည် တောင်ထိပ်ဆီသို့ မကြာခဏ မော်၍ကြည့်ရှုနေသည်ကို မှန်ပြောင်းဖြင့်ကြည့်သောအခါ မြင်ရ၏။ သို့ရှိစဉ် သူ့အနီးသို့ လူရိုင်းထဲမှ အကြီးအမှူးတစ်ယောက် ရောက်လာပြီးလျှင် တစ်စုံတစ်ရာ တီးတိုး ပြောလေရာ ဗဆီဂါလည်း သူ၏လူများကို လက်ဝဲဘက်သို့ ချက်ချင်း လှည့်၍ ချီတက်စေ၏။

“ကိုင်း… ဒစ်”

တခဏမျှ ဆိတ်ငြိမ်လျက်ရှိရာ ကလေတန်သည် အသက်မျှ ပြင်းစွာ မရှူဝံ့ချေ။ ထိုခဏ၌ ဒစ်၏ ဝင်ချက်စတာသေနတ်မှ ‘ဒိုင်း’ခနဲ အသံထွက်သွားရာ ကျောက်တောင်များနှင့်တကွ ချိုင့်ဝှမ်းတစ်ခုလုံးသည်





သေနတ်သံဖြင့် ပဲ့တင်ထပ်၍ သွားလေ၏။

ဗဆီဂါသည် နောက်သို့ အတန်ငယ် ယိမ်းယိုင်သွားသည်ကို မြင်ရလေသည်။

“ထိသလား ဟင်”

“မထိပါဘူးဗျာ… ပွတ်ရုံ ပွတ်သွားတာနဲ့ တူတယ်။ ဟောပြေးပြီဗျို့”

ဗဆီဂါသည် ယုန်ကဲ့သို့ လျင်မြန်စွာ ပြေးသွားလေရာ သူ၏လူများသည်း နောက်မှကပ်၍ ပြေးသွားလေ၏။ မကြာမီ တောင်ကြားချိုင့်ဝှမ်း အဆုံးသို့ ရောက်သွား၍ သေနတ် မမီတော့ချေ။ ထိုနေရာ၌ တောင်ခြေသည် အက်ကြောင်းများဖြစ်နေသဖြင့် ဗဆီဂါသည် အက်ကြောင်းတစ်ခု အတွင်းသို့ ပုန်းလိုက်ကာ မျက်စိအောက်မှ ပျောက်ကွယ်၍ သွားလေတော့၏။ ထိုအခါ ဆရာကြီးက–

“ဒီအကောင် သေနတ်ပြီးဆေး ရှိတယ်ထင်တယ်။ နို့ပေမယ့် သည့်ထက်ဆိုးတဲ့ အသေဆိုးနဲ့ သေချင်လို့လား မပြောတတ်ဘူး”

ဒစ်သည် အလျားမှောက်နေရာမှ ထလိုက်ပြီးနောက်–

“ဒီအကောင် တစ်နေ့လုံး အခုပုန်းနေတဲ့နေရာက ထွက်မယ် မဟုတ်ဘူး။ ကိုင်း… ဂူထဲသွားပြီး ကျုပ်တို့ အစားအစာကလေး နည်းနည်း သွတ်လိုက်ကြဦးစို့”

သို့နှင့် သူတို့သည် ဂူတွင်းသို့ဝင်ကာ အစားအစာ စားသောက်ကြပြီးနောက် ကျောက်တောင်အတွင်းတွင် ထွင်းဖောက်ပြုလုပ်ထားသော ဂူကြီးသို့ တအံ့တဩ ငေးမောကြည့်ရှုလျက် ရှိကြ၏။ အပြင်တောင်ခါးပန်းသို့ ရောက်လာသောအခါလည်း တရွှေ့ရွှေ့ တိုး၍လာသော ရေများကို တွေ့မြင်ရ၏။ ချိုင့်ဝှမ်းမှာ ကျယ်ဝန်းလှသဖြင့် ရေမှာ တရွေ့ရွေ့သာ တက်နိုင်၏။ ဗဆီဂါ၏လူများမှာ ချိုင့်ဝှမ်း၏အခြားဘက်ရှိ တောင်ခြေမှ တောင်များကို တက်ရန် ကြိုးစားလျက်ရှိသည်ကို မြင်ရ၏။ ဘုန်းကြီးကမူ တောင်ထိပ်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရန် လမ်းမကြီးနှင့် လျှို့ဝှက်သောလမ်းမှတပါး အခြားတက်ရန် လမ်း,မရှိကြောင်း ပြောကြားလေ၏။

(၁၂)နာရီလောက်၌ သူတို့သည် နံနက်စာ စားသောက်နေစဉ် ကလေတန်က မိမိတို့နေသော တောင်ကြီးသည် အောက်မှ တုန်၍သွားသည်ကို သိလိုက်ရကြောင်းပြောရာ အခြားသူများလည်း စားသောက်ခြင်းကို ခေတ္တရပ်ဆိုင်းလိုက်ကြလေသည်။

"ဟော့ ဂျိုး... မင်းကော မသိလိုက်ဘူးလား"

"ငါလည်း လှုပ်တယ်လို့ အောက်မေ့လိုက်တာပ...၊ ဒါပေမဲ့ စိတ်က ထင်လို့များလား မပြောတတ်ဘူး"

ထိုအခါ ဆရာကြီးက–

"စိတ်ထင်တာ မဟုတ်ဘူးကွဲ့၊ ငြိမ့်ခနဲ ငလျင်လှုပ်လိုက်တာ အမှန်ပဲ။ ကျုပ်တို့ ပတ်ဝန်းကျင်မှာရှိတဲ့ တောင်တွေဟာ မီးတောင်ဟောင်းတွေ ဖြစ်လေတော့ ကျုပ်ဖြင့် မအံ့ဩမိဘူး"

ထိုအခါ ဘုန်းကြီးက ၎င်းမှာ အမှန်ပင် မြေငလျင်အနည်းငယ် တုန်လှုပ်ခြင်းဖြစ်ကြောင်း၊ သို့သော် ဤသို့ မကြာမကြာ လှုပ်တတ်သဖြင့် မည်သူမျှ ဂရုမစိုက်ကြောင်း၊ အကြီးအကျယ် ကြောက်မက်ဖွယ် မလှုပ်သည်မှာ နှစ်ပေါင်းများစွာ ကြာရှိပြီဖြစ်ကြောင်းနှင့် ပြောပြလေ၏။

တစ်ကြိမ်မျှ ငြိမ့်ခနဲလှုပ်ပြီးနောက် နောက်ထပ် မလှုပ်တော့ချေ။ ထို့နောက် သူတို့သည် စားလက်စ အစားအစာများကို ပြီးစီးအောင် စားသောက်ကြလေသည်။

ကလေတန်တို့လူစုမှာ စောင့်ဆိုင်းနေရုံမှတစ်ပါး အခြားအလုပ် မရှိချေ။ စောင့်ဆိုင်းရခြင်းသည်ကား တစ်စုံတစ်ရာ ပြုလုပ်နေရခြင်းထက် ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှပေ၏။ သို့ရှိစဉ် ဆရာကြီးသည် ပယ်ဗလိုကို အသုံးပြုကာ ဘုန်းကြီးအိုကြီးအား ရှေးအင်ကာလူမျိုးတို့၏ ရာဇဝင်နှင့်တကွ လျှို့ဝှက်သောမြို့တော်ကြီး အကြောင်းကိုပါ မေးမြန်းကာ ရေးမှတ်လျက်





ရှိလေသည်။ အင်ကာဘုန်းကြီးအိုကြီး အမည်မှာ 'ဇိုက်တယ်'ဟူ၍ ခေါ်ကြောင်း သိရ၏။ ဒစ်မှာ ပျင်းရိလာပြီဖြစ်၍ ပယ်ဗလိုမှတစ်ဆင့် ဘုန်းကြီးအိုကြီးအား ကျောက်တောင်အတွင်း လျှို့ဝှက်စွာဖောက်လုပ်ထားသည့် လမ်းကိုပြရန် တိုက်တွန်းမေးမြန်းလျက် ရှိလေသည်။

ဘုန်းကြီးအိုကြီးလည်း များစွာ စိတ်မပါလှဘဲ ထ၍သွားလေရာ ဒစ်လည်း ဂျိုးနှင့် ကလေတန်တို့အား မျက်ရိပ်ပြလိုက်သဖြင့် သူတို့လည်း ထ၍ လိုက်လာကြလေသည်။

ဘုန်းကြီးအိုကြီးသည် မီးထုပ်တစ်ခုကို ထွန်းညှိပြီးနောက် သူတို့အား ဂူမကြီးမှတစ်ဆင့် ယမန်နေ့ညက သူတို့အိပ်ခဲ့သည့် ဂူကလေးနှင့် မျက်နှာချင်းဆိုင်၌ရှိသော လိုဏ်ခေါင်းတစ်ခုအတွင်းသို့ ခေါ်သွားလေ၏။ အမိုးမှာ အတော်ပင်မြင့်၍ ခပ်ခုံးခုံးရှိနေပြီးလျှင် ကြမ်းပြင်မှကျောက်များမှာမူ ညီညာပြန့်ပြူးလှပေ၏။ မကြာမီ လိုဏ်ခေါင်း လက်ဝဲဘက်သို့ ကွေ့သွားသဖြင့် ဘုန်းကြီးသည် ရုတ်တရက်ရပ်ပြီးလျှင် မီးထုပ်ကို မြှောက်လိုက်လေ၏။ သူတို့ရှေ့၌ကား အနက်ကိုပင် မမြင်နိုင်သော ချောက်ကြီး တစ်ခု ဆီး၍နေသည်ကို မြင်ကြရလေ၏။ ချောက်ကမ်းပါး၏ နှုတ်ခမ်းမှနေ၍ ဘုန်းကြီးညွှန်ပြရာသို့ ကြည့်လိုက်သည်တွင် နံရံကိုကပ်ကာ ကျောက်ကို ဆစ်၍ထားသော လှေကားထစ်များမှာ မည်မျှလောက်များသည် မသိ။ မီးရောင်၏အဆုံးတွင် ပျောက်ကွယ်၍သွားသည်ကို အံ့ဩစွာ တွေ့မြင်ကြရလေ၏။

"လှေကားထစ်တွေကဖြင့် များပါ့ဗျာ။ ဘယ်လောက်အနက်ရောက်မှ ဆုံးမယ်မသိဘူး။ ဘယ့်နှယ့်လဲ အရှင်ဇိုက်တယ်... ကျုပ်တို့ အောက်ကို ဆင်းနိုင်သလား"

ဒစ်၏စကားကို ဘုန်းကြီးအိုကြီး နားလည်သောအခါ များစွာ ပြောလိုဟန်မရှိသော အမူအရာဖြင့်–

"ဘာဖြစ်လို့ ဆင်းကြည့်ချင်ကြရတာလဲ၊ ဒါပေမဲ့ အောက်မှာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝှက်ကိုတော့ မဖွင့်ရဘူးနော်”

“ဒီဟာ မဖွင့်လိုပါဘူး။ ကျုပ်တို့က ဘာတွေရှိသလဲဆိုတာ လျှောက်ကြည့်ချင်တာပါပဲ”

ဘုန်းကြီးအိုကြီး ‘ဇိုက်တယ်’သည် တခဏမျှ စဉ်းစားနေပြီးနောက် ကျောက်လှေကားထစ်များမှ အောက်သို့ ခေါ်သွားလေ၏။ လှေကားထစ်များမှာ မဆုံးနိုင်ဘဲ များပြားလှပေရာ ကျောက်တောင်အောက်တွင် အပြန့်ကျယ်၍ ထုထည်ကြီးမားလှသော ကျောက်လှေကားကြီး ဆောက်လုပ်ထားပုံမှာ ယခုခေတ် အင်ဂျင်နီယာများပင် အံ့သြ ငေးမောလောက်သည့် အကြောင်းကို ကလေတန် စဉ်းစားမိ၏။ လှေကားထစ်များမှာ ထောင်ပေါင်းများစွာသော ခြေတို့ဖြင့် နှစ်ပေါင်း ရာ,ထောင်မက ဆင်းချည်တက်ချည် ပြုလုပ်ဖန်များသဖြင့် အလယ်၌ အတန်ငယ်ပင် ခွက်ဝင်လျက်ရှိနေလေပြီ။ ဂူကြီးမှာ ရှေးပဝေသဏီအခါများက တိုင်းပြည်၏ စားရေရိက္ခာများ သိုလှောင်ရန် ဂိုဒေါင်များသဖွယ် အသုံးပြုဟန် ရှိ၏။

နောက်ဆုံးတွင် အောက်သို့ ရောက်ကြလေ၏။ မီးထုပ်၏ အလင်းရောင်သည် ပေ (၅၀)ခန့်ကွာသော အားတစ်ဖက်တစ်ချက်မှ နံရံများပေါ်သို့ မှေးမှိန်စွာ ကျရောက်လျက်ရှိ၏။ ထိုအခါ ဆရာကြီးက--

“ကျုပ်တို့ အောက်ကို ရောက်နေကြပြီ။ ဒါပေမဲ့ ကျုပ် တစ်ခုအံ့သြတာက ဘာ့ကြောင့် ဒီနေရာကို ရေ မရောက်သလဲဆိုတဲ့ အချက်ပဲ။ ရေကို အခုပဲ ကျုပ်ကြည့်ခဲ့တော့ ဒီနေရာကို လွန်နေပြီ”

သို့သော် ရှေ့သို့ ခြေလှမ်းအနည်းငယ်မျှ သွားမိသောအခါ ထိုပြဿနာ ပြေ၍သွားလေသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ကျောက်နံရံကြီးတစ်ခုနှင့် ရင်ဆိုင်တွေ့ရသောကြောင့်ပေတည်း။ ကျောက်နံရံမှာ ကျောက်တုံးကြီးကို ကျနစွာ ဖြတ်တောက်ဆက်စပ်ထားရာ တစ်တုံးလျှင် တစ်တန်ခန့်မျှ လေးမည်ဖြစ်၍ ဆက်စပ်ရာများကိုလည်း ကောင်းစွာ မမြင်ရချေ။ ကျောက်နံရံကြီးအလယ်၌ တံခါးပေါက်တစ်ခုရှိ၍ ၎င်းမှာ





အမြင့် (၁၀)ပေ၊ အနံ (၈)ပေခန့်ရှိသည့် တစ်ချပ်တည်းသော ကျောက်ဖျာကြီးဖြင့် ပြုလုပ်ထား၏။ အောက်နှင့် နံဘေးတွင်လည်း မြောင်းကြောင်းရာများကဲ့သို့ အစင်းများ ရှိလေသည်။ ဆရာကြီးသည် ၎င်းကို တအံ့တသြကြည့်ရှုပြီးလျှင်... “ကျောက်တံခါးကြီးကတော့ အံ့သြစရာပါပေပဲဗျာ။ အမေရိကန်တွေတောင် လုပ်နိုင်မယ်မထင်”ဟု ပြောကာ တိုင်းတာကြည့်ရှုရင်း စာအုပ်တွင် ရေးမှတ်လျက် ရှိလေ၏။

ကျောက်တံခါးကြီး၏ လက်ယာဘက်၌ကား ကြမ်းပြင်မှ အမြင့် (၃)ပေလောက်တွင် အရောင်တင် ပွတ်တိုက်ထားသဖြင့် ပြောင်လက်နေသော လေးထောင့် ကျောက်တုံးတစ်တုံးသည် နံရံမှ ထိုးထွက်လျက် ရှိလေသည်။ ကုလားထိုင်ကဲ့သို့ ထိုင်ရန်ကောင်းလှသည်နှင့် ဂျိုးသည် ကျောက်တုံးပေါ်သို့ ပေါ့ပါးစွာ ခုန်၍ တက်လိုက်လေ၏။

“အား...” ဟု အော်လိုက်သော ဘုန်းကြီးအသံနှင့်အတူ “ကြိ... ရိ...ရိ...မိ...” ဟူသော အသံများကို ကြားလိုက်ရပြီးလျှင် ကျောက်တံခါးမှ ကျောက်ဖျာကြီးမှာ တရွေ့ရွေ့ အပေါ်သို့တက်သွားပြီးလျှင် အပြင်မှ ရေများသည် ဂူတွင်းသို့ ပြင်းထန်သောအဟုန်ဖြင့် ဒလဟော စီးဝင်လာလေ၏။ ဂျိုးသည် လန့်၍ ကျောက်တုံးပေါ်မှ ခုန်ချလိုက်ရာ ထိုအခါမှ ကျောက်ဖျာကြီးသည် အောက်သို့ ပြန်၍ကျကာ ရေတံခါး ပိတ်သွားလေသည်။ ရန်သူများ မြင်သွားမည်ကို ဘုန်းကြီးလည်း စိုးရိမ်လျက် ရှိလေသည်။ ဆရာကြီးကမူ ကျောက်ဖျာ၏ဒုမှာ တစ်ပေခန့်ရှိသဖြင့် အကယ်၍ ဗဆိဂါ မြင်သွားစေကာမူ တစ်စုံတစ်ရာ စိုးရိမ်ရန်မရှိကြောင်း ပြောပြပြီးလျှင် ပြုံး၍နေလေသည်။ ဆရာကြီးလည်း ရေတံခါးနှင့် ကျောက်တုံးဆက်သွယ်ထားပုံများကိုသာ ကြည့်ရှု ချီးမွမ်းကာ ဘုန်းကြီးအား အမျိုးမျိုးမေးမြန်းလျက် ရှိ၏။ သို့သော် ဘုန်းကြီးအိုကြီးကား စက်အကြောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောမပြနိုင်ချေ။ ကျောက်တံခါးကြီးကို အပြင်မှဖွင့်ရန် တစ်စုံတစ်ရာ မောင်းလက် မရှိကြောင်း၊ သို့သော် လျှို့ဝှက်သော



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးကလေးတစ်တုံးရှိ၍ ၎င်းကို ညင်သာစွာဖိနှိပ်ရုံမျှနှင့် ကျောက်[illegible] ကို ပြန်၍ပိတ်နိုင်ကြောင်း၊ ထိုလျှို့ဝှက်သည့် နည်းများကို သူ၏[illegible] တစ်ဆင့် ပြသခဲ့သဖြင့်သာ သိရကြောင်း ပြောပြလေသည်။

ဆရာကြီးလည်း ကျောက်တုံးကြီးကို မောင်းလက်သဖွယ် ပြု[illegible] ဆက်သွယ်ထားပုံများကို မှတ်ချက်များ ရေးသားခြင်း၊ ပုံကြမ်းများ ရေး[illegible] ခြင်းများ ပြုလုပ်လျက်ရှိစဉ် သူတို့နောက်ဆီမှ ပြေး၍လာသော ခြေသံများ[illegible] ကြားရပြီးလျှင် ဂျူအန်သည် အူယားဖားယား ရောက်၍လာလေ၏။

(တုန်လှုပ်သောအသံဖြင့်) "အပေါ်ဂူကို ဗဆီဂါနဲ့ သူ့လူ[illegible] ရောက်နေပြီ သခင်တို့"

○

## အခန်း (၃၀)

သူတို့လူစုလည်း ဂျူအန်အား အံ့အားသင့်ကာ ကြည့်ရှုလျက် ရှိလေသည်။ ဒစ်က "ဒီအကောင် ရူးလာမှတ်တယ်" စကားပြော၍မဆုံးမီ ကျောက်လှေကားဆီမှ နောက်ထပ် ခြေသံအမြောက်အများ ကြားရပြီးလျှင် လူအိုကြီးများ အင်ကာမိန်းမများနှင့် ကလေးများသည် ကျောက်လှေကားမှ ဒရောသောပါး ဆင်းလာသည်ကို မီးထုပ်၏ မထင်ရှားသော အလင်းရောင်တွင် တွေ့မြင်ရလေ၏။ သို့သော် သူတို့ကား အသံပင်မပြုဘဲ ငြိမ်သက်နိုင်သမျှ ငြိမ်သက်စွာ ဆင်းသက်ပြေးလွှား လာကြလေသည်။ ၎င်းတို့အနက်မှ လူကြီးတစ်ယောက်သည် ဘုန်းကြီးအိုကြီးအနီးသို့ ချဉ်းကပ်ကာ အထက်ဂူသို့ ရန်သူများ ဝင်ရောက်လာပြီဖြစ်ကြောင်းဖြင့် ပြောကြားရာ ၎င်းကို ပယ်ဗလိုမှတစ်ဆင့် ဆရာကြီးအား ပြန်ပြောသဖြင့် သိရ၏။

"နေပါဦး... ဗဆီဂါဟာ အောက်ကိုဆင်းတဲ့လမ်းကော သိလို့လား..."

"ဒီဟာတော့ မသိဘူးသခင်။ သို့ပေမဲ့ ချက်ချင်း သူတွေ့မှာပဲ။ ကျွန်တော်တို့ တံခါးပေါက်က လွတ်အောင်သာ ပြေးကြပါစို့"

"ဒီတစ်နည်းပဲ ရှိတော့တာပဲ၊ ဘယ်လိုသဘောရသလဲ ဆရာကြီး"

သို့သော် ဒစ်ကား မည်သူ့အပြောကိုမျှ မစောင့်ချေ။ ဗဆီဂါသည် အထက်ဂူသို့ ရောက်နေပြီဖြစ်ကြောင်း သိသည်နှင့်တစ်ပြိုင်နက် ကျောက်တုံး




www.burmeseclassic.com

www.burmeseclassic.com



မောင်းပေါ်သို့ ခုန်၍ တက်လိုက်လေ၏။ ထိုအခါ ကျောက်ဖျာကြီးသည် အပေါ်သို့ တက်သွားလေရာ ရေများလည်း ဂူတွင်းသို့ ဒလဟော စီးဝင်လာလေ၏။ သို့သော် ရေမှာ မများလှချေ။ ကျောက်တောင်ကြားအတွင်းသို့ (၂)ပေခန့်မျှ ပြည့်သည်နှင့်တစ်ပြိုင်နက် ရပ်၍သွားလေသည်။

ထိုအခါ ဘုန်းကြီးအိုကြီးလည်း သူ့လူများအား တစ်စုံတစ်ရာ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ သူ့နောက်မှ အိန္ဒြေရစွာလိုက်ပါရန် ပြောကြားလေ၏။

ဆရာကြီးက ကြားဖြတ်၍–

"ကျုပ်တို့ အပြင်ထွက်လို့ စိတ်ချရပါ့မလား။ သူတို့ မြင်ရင်၊ အပေါ်က ကျောက်တုံးတွေနဲ့ လှိမ့်ချမှာလည်း ကြောက်ရသေးတယ်"

ထိုအကြောင်း ပယ်ဗလိုက စကားပြန်၍ ဘုန်းကြီးအား ပြောသောအခါ ဘုန်းကြီးက စိုးရိမ်ရန်မရှိကြောင်းနှင့် ပြန်ပြောလေသည်။

ထိုအချိန်၌ အထက်ဂူဆီမှ ဗဆီဂါ၏ သူ့လူများအား ဟစ်အော်ခေါ်သံကိုပင် ကြားရပြီဖြစ်ရာ အောက်၌ရှိသူများလည်း တစ်စုံတစ်ရာ စောင့်ဆိုင်းမနေတော့ဘဲ စီတန်းကာ ခါးစောင်းခန့်နက်သောရေတွင် အပြင်သို့ ရန်းထွက်ကြလေ၏။ ဘုန်းကြီးအိုကြီးနှင့် မျက်နှာဖြူများမှာ အခြားသူများ ထွက်သည်ကို စောင့်ဆိုင်းနေကာ နောက်ဆုံးမှ ထွက်ကြ၏။ ထိုအခါ၌ လှေကားထစ်များမှ ဆူညံစွာဆင်းလာသော ရန်သူများအသံကိုပင် ကြားရလေပြီ။

"တံခါးကို မြန်မြန်ပိတ်ပါတော့ အရှင်ဘုန်းတော်ကြီး ဗိုက်တယ်"

စကားပင် ပြန်၍မပြောရသော်လည်း ဒစ် မည်သို့ ဆိုလိုသည်ကို ဘုန်းကြီးအိုကြီး သိလေပြီ။ သို့နှင့် ဗိုက်တယ်သည် အပြင်ကျောက်နံရံ၌ရှိသော အခြားကျောက်တုံးများကဲ့သို့ပင် ရှိနေသည့် ကျောက်တုံးတစ်တုံးကို လက်နှင့် ဖိနှိပ်လိုက်ရာ ကျောက်ဖျာကြီးသည် တရွေ့ရွေ့ အောက်သို့ လျှောကျလာကာ တံခါးပိတ်သွားလေ၏။ ထိုအခါ၌ အတွင်းမှ ရေကို





ဖြတ်၍လာသည့် တဝုန်းဝုန်း အသံကိုပင် ကြားရ၏။

"အထဲကနေပြီး တံခါးကို သူတို့ ဖွင့်နိုင်တယ်ဗျာ့ ကလေတန်...၊ ခင်ဗျာ့ဘုန်းကြီးကို မေးစမ်းပါဦး။ ဘာလုပ်တာ အကောင်းဆုံးလဲလို့"

ထိုအခါ ဗိုက်တယ်က ပြုံးရယ်ကာ ထိုတံခါး၏အနီးမှ အခြားကျောက်တုံးတစ်တုံးကို နောက်သို့ အတန်ငယ်တွန်း၍ ရွှေ့လိုက်ပြီးလျှင် အတွင်းမှ တပ်ဆင်ထားသော မောင်းတံတစ်ခုကို တအား ဆွဲလိုက်လေ၏။ ထို့နောက် ယခင်ကျောက်တုံးကို နေသားတကျ ပြန်၍ထားပြီးသော် တံခါးကို ဖွင့်၍မရအောင် သော့ခတ်ထားလိုက်ပြီဖြစ်ကြောင်း ပြန်ပြောလေ၏။ ထိုအခါမှ ဒစ်မှာ အသက်ရှူနိုင်တော့၏။

"ကျုပ်တို့ ဒီကျောက်ကြားဂူကြီးအောက် ရှိတယ်ဆိုတာ ဘယ်လိုလုပ် သိပါလိမ့်ဗျာ"

"ကိုင်း... ဒစ်၊ ကျုပ်တို့ တွေးတောနေဖို့ အချိန်မဟုတ်ဘူး။ အခု ရေတွေထဲက ဘယ်လို ထွက်ကြရမလဲဆိုတာသာ စိတ်ကူးပေတော့။ ဟိုမှာ အချို့ကလေးတွေ လည်ပင်း ရေရောက်နေပြီဗျာ့"

"ခင်ဗျားပြောတာ ဟုတ်ပါတယ်။ ကျုပ်တို့ ချိုင့်ဝှမ်းရဲ့ အစွန်းထိပ်ဆီကိုသွားရင် လွတ်တာပေါ့။ ဒါပေမဲ့ ဗဆီဂါရဲ့ အကောင်တွေနဲ့ တွေ့နေမလား မပြောတတ်ဘူး"

"ဒါလောက်တော့ စွန့်ကြရမယ်ပေါ့လေ... ဘယ်တတ်နိုင်မလဲ"

"ကိုင်း... လာကြ၊ ကျုပ်တော့ ရေထဲမှာနေနေ...၊ ကုန်းပေါ်မှာနေနေ မထူးပါဘူး...၊ ဒါထက် ကြည့်လိုက်စမ်းဗျို့၊ မိုးရွာလိမ့်မယ် ထင်တယ်"

ဒစ် ပြောသည့်အတိုင်း မှန်လောက်ပေ၏။ နံနက်ခင်းက နေရောင်ပြင့် အလွန် သာယာကြည်လင်လျက် ရှိသော်လည်း မိုးသားမိုးတိမ်တို့သည် ပတ်ဝန်းကျင်မှ တိုးတက်လာကာ ရှေ့တူရူရှိ ကျောက်တောင်ထွတ်အချို့ပင် တိမ်သားများနှင့် ရောနှောကာ ပျောက်ကွယ်လျက် ရှိနေခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် လူစုလည်း တောင်ခြေသို့ ကပ်နိုင်သမျှ ကပ်ကာ ရှေ့[...] သည်အထိ တရွေ့ရွေ့ သွားကြရကုန်၏။ မိန်းမများသည်လည်း ငိုယို[...] ပြုသော ကလေးများကို ချော့မော့ချီပိုးကာ လိုက်ပါလာကြလေ၏။ [...] ခြေတစ်လျှောက်၌ကား အချို့နေရာများတွင် ဂူကလေးများသဖွယ် [...] ကြီးများဖြစ်နေ၍ ဘုန်းကြီးအိုကြီးသည် ဂူကလေးတစ်ခုအတွင်းသို့ [...] သွားလေ၏။ ထိုအခါ ယောက်ျားများက အနီးရှိကျောက်တုံးများ[...] ဂူ၏အဝကို တတ်နိုင်သမျှ ပိတ်ဆို့ကြရ၏။

လေသည် ငြိမ်သက်လျက်ရှိရာ ကောင်းကင်တစ်ခုလုံးသည်[...] ယခင်ကထက် အုံ့မှိုင်း၍လာလေ၏။ သို့သော် မိုးကား မရွာသေး[...] ထိုအချိန်၌ သူတို့လည်း ဂူဝ၌ အရုံအတားကို ပြုလုပ်ပြီးကြလေပြီ။

"ဂူကို ဒီအကောင်တွေ ဘယ်လိုများ ရောက်လာကြသလဲဆို[...] ကျုပ်တော့ နားမလည်နိုင်ဘူး။ ဘုန်းကြီးအပြောတော့ တက်ဖို့လမ်း မ[...] တဲ့ဗျာ့"

"သူတို့ ရောက်လာတာဟာ လမ်းတွေ့ကြောင်း ထင်ရှား[...] ပေါ့ဗျာ"

"ကျုပ် စိတ်ထင်တော့ ဒီအကောင်ဟာ ဖောင်လုပ်ပြီး ကူးလာတယ် ထင်တယ်"

ထိုအခါ ဆရာကြီးက ဂျိုး၏ထင်မြင်ချက်မှာ မှန်ကန်လိမ့်မည် ဖြစ်ကြောင်း ပြောပြလေ၏။

"မြစ်ကို ရေပိတ်ရတာ လက်စသတ်တော့ သူတို့ကိုမိတာထ[...] ကျုပ်တို့ကိုမိတာက ပိုဆိုးနေပြီကော"

"ဟုတ်ပါရဲ့ဗျာ... မီးတောင်တွင်းကြီးထဲ ကျတာထက်တော[...] ဆိုးသေးတယ်"

"ဒါပေါ့ဗျာ၊ အရင်ကတော့ ကျုပ်တို့ချည်းမို့ အရေးမကြီး[...] အခုတော့ လူမည်းမတွေ၊ ကလေးတွေ ပါနေလို့ ခက်တာပေါ့။ ကျုပ်[...]





[...]ကြာသာလိုက်ပြီးရှာရရင် တောင်ပေါ်တက်နိုင်တဲ့ နေရာတော့ တွေ့လိမ့် [...]ယ် ထင်တာပဲ။ ဒါထက် ဒီလူမည်းမတွေနဲ့ ကလေးတွေလည်း ဘာတစ်ခု [...]မျိုးရတာ ဆိုးလှသဗျာ။ ရေကလည်း ကြည့်ရင်းကြည့်ရင်း ကျုပ်တို့နဲ့ [...]လာပြီဗျာ"

ဒစ် ပြောသည့်အတိုင်း ရေသည် တဖြည်းဖြည်း တက်လာလျက် [...]တို့ရှိရာသို့ တရွေ့ရွေ့ နီးကပ်လာရာ (၁၀)နာရီ (၁၂)နာရီအတွင်း [...]တို့အားလုံး နစ်မြုပ်ရပေတော့မည်။ မိုးသည် ခါတိုင်းထက် မှောင်၍ [...]ပြန်၏။ ထိုအခါ အင်ကာအဘိုးအိုများ၊ မိန်းမများနှင့် ကလေးများမှာ [...]အချို့ကျောက်နံရံကို မှီလျက်၊ အချို့လည်း ကျောက်လုံးများပေါ်တွင် [ထိုင်]လျက် ရှိကြကုန်ရာ လူနှင့်မတူ ကျောက်ကိုထု၍ထားသော အရုပ်များ [...]သို့ ရှိနေကြကုန်၏။ ကလေတန်သည် ဂူအပြင်သို့ထွက်၍ တောင်ပေါ်သို့ [မော့]ကြည့်ရာ ရန်သူအစအနဟူ၍ မမြင်ရဘဲ မတ်စောက်သော တောင် [...]ပါးများတွင် ကျက်စားနေသည့် တောဆိတ်များကိုသာ မြင်ရလေ၏။

"ဒါထက် ဗဆီဂါ ဘာဖြစ်နေသလဲ မပြောတတ်ဘူး"

"ဘာဖြစ်ရမှာလဲ သူငယ်ချင်း၊ တို့ကျန်ရစ်ခဲ့တဲ့ အစားအစာတွေ [စ]ားနေမှာပေါ့"

ထိုအချိန်၌ ဆရာကြီးမှာ မြို့သို့ သွားရောက်ကြည့်ရှုလိုသော စိတ်သာ ရှိနေလျက် မြို့အနေအထားနှင့်တကွ အိမ်များ တည်ဆောက်ပုံမှာ ဗိုင်ရာဇဝင်ဆရာကြီးများ ရေးသားထားသော ရှေးအင်ကာတို့ မြို့ကြီး အတိုင်းဖြစ်ကြောင်း ပြောဆိုလျက် ရှိလေ၏။

"သိပ်ပြီး နှမြောစရာကောင်းတယ်ဗျာ။ တစ်ပတ်အတွင်းမှာ ဒီ ရှေးဟောင်းမြို့တော်ကြီးဟာ လူများရဲ့ မျက်စေ့အောက်က ရေအောက်မှာ တစ်ခါတည်း ပျောက်သွားရတော့မယ်"

ထိုခဏ၌ ရုတ်တရက် မိုးချိန်းသံကဲ့သို့ ပြင်းစွာမြည်ဟည်းသော အသံကြီးတစ်ခုကို ကြားရလေရာ အသံမှာ မိုးချိန်းသံလည်းမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည်ထက်ကြီးကာ တုန်သည်ထက် တုန်၍လာ၏။ သူတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ရှုလျက်ရှိစဉ် ပယ်ဇလိုသည် ကျောက်တုံးများစီ၍ထားသော အဆီးအတားကို ခုန်ပေါက်၍ ထွက်သွားလေ၏။

"လျှင်ကြီး လှုပ်လာပြီ သခင်...၊ လာကြ... မြန်မြန်လာကြ၊ အားလုံး အပြင်ထွက်ကြ"

အဘိုးအိုများ၊ အင်ကာလူမည်းမများ၊ ကလေးများသည် အလန့်တကြား ဟစ်အော်ပြေးလွှားကာ ဂူကလေးအတွင်းမှ အပြင်သို့ ဒရောသောပါး ထွက်လာကြကုန်၏။ မြေကြီးသည် လှိုင်းထသကဲ့သို့ ဒုတိယအကြိမ် ပြင်းစွာအရှိန်ဖြင့် တဝုန်းဝုန်း တဂျုန်းဂျုန်း ဟုန်လှုပ်လျက် ရှိတော့၏။ ကျောက်တောင်ကြီးများသည် သွက်သွက်ခါမျှရှိလေရာ တန်ချိန်ထောင်ပေါင်းများစွာ လေးလံသည့် ကျောက်အစိုင်အခဲကြီးများသည် အတုံးလိုက် အထစ်လိုက် ကွဲပြိုကာ ပြင်းစွာသောအရှိန်ဖြင့် ကျဆင်းလျက် ရှိကြကုန်၏။ ကျောက်မှုန့်၊ မြေမှုန့်များသည် နှင်းများဝေ၍ လာဘိသကဲ့သို့ ကောင်းကင်တစ်ခုလုံးကို ဖုံးအုပ်၍ သွားလေ၏။ လူမည်းများကား ရှေ့ကွင်းပြင်ထဲတွင် လဲလိုက် ကွဲလိုက် ပြေးလိုက် လွှားလိုက် ရှိနေကြကုန်၏။

အိမ်တစ်လုံးစာခန့် အခန်းတစ်ခန်းစာခန့် ကျောက်တုံးကြီးများသည် ယခင် သူတို့နေရာဟောင်းများမှ လိမ့်၍လာကာ ချိုင့်ဝှမ်းအတွင်းရှိ ရေအိုင်ကြီးထဲသို့ ကျကြကုန်၏။ ထိုထက်ငယ်သော ကျောက်လုံးကလေးများကား တောင်ခါးပန်းကို အရှိန်ပြင်းစွာဖြင့်တိုက်ကာ ပြိုကွဲလွင့်စင်၍ သွားကြကုန်၏။ ထို့နောက် အပြင်းထန်ဆုံးသော မြေလျှင်ကြီးသည် တောင်ဘက်ဆီသို့ တရွေ့ရွေ့ ရောက်၍သွားလေရာ မြေကြီးသည်လည်း ထိုအခါမှ ဝါဖြည်းဖြည်း ငြိမ်၍သွားတော့၏။ ကျောက်တုံးကျောက်ခဲများကား တောင်ထိပ်များမှ အတောမသတ်နိုင်သေးဘဲ တဝုန်းဝုန်း တဒိုင်းဒိုင်း ကျဆင်းလျက်ပင် ရှိသေး၏။





ကလေးတန်မှာ မြက်ခင်းတစ်ခုပေါ်၌ လဲလျက်ရှိရာ ဒစ်သည် သူ့နောက်မှ ကပ်လျက်ရှိ၏။

"ကျုပ်တော့ တစ်ခါတည်း ကမ္ဘာကြီး ပျက်သွားတယ် အောက်မေ့တာ"

"ဂျူး ဘယ်မှာလဲ...၊ ဆရာကြီးကော..."

ထိုအခါ ဂျူး၏အသံဖြင့်- "သူငယ်ချင်း ငါ ဒီမှာလေ..."ဟု ပြောသံ ကြားရပြီးနောက် ဆက်လက်၍ "ဘာမှမဖြစ်တာ ဘုရားမ,တာပဲ သူငယ်ချင်း။ ဟော... ဆရာကြီး ဟိုမှာ သူလည်း ဘာမှမဖြစ်ဘူး"

ထိုအချိန်၌ကား မြေတုန်ခြင်းသည်လည်း လုံးဝ ရပ်စဲသွားပြီဖြစ်၍ လူမမည်းများသည် တစ်ဦးနှင့်တစ်ဦး ဆူညံစွာခေါ်ငင်လျက်၊ အချို့လည်း ဟစ်အော်ငိုကြွေးလျက်၊ ကလေးများသည်လည်း မိခင်နှင့်ကွဲလျက်၊ မိခင်များသည်လည်း ကလေးများနှင့်ကွဲလျက် ကစင့်ကရဲ ရှိနေကြကုန်၏။ သို့သော်နောက်ဆုံး သူတို့အချင်းချင်း လူများကို တွက်စစ်လိုက်သောအခါ မိန်းမတစ်ယောက်နှင့် ကလေးနှစ်ယောက်ကိုသာ ရှာမတွေ့ရသဖြင့် ဤမျှသာက် ဆုံးရှုံးရခြင်းကိုပင် တော်သေး၏ဟု အောက်မေ့ကြရ၏။

မြေလျှင်ကြီးကား ပတ်ဝန်းကျင်တစ်ခုလုံးကိုပင် ပြောင်းလဲလိုက်လေပြီ။ ချိုင့်ဝှမ်းကြီးမှာ ကေပေါင်းများစွာ ကျောက်တုံးကျောက်ခဲများဖြင့် ဖုံးအုပ်လျက် ရှိတော့၏။

"ဟိုမှာ ကြည့်လိုက်ကြပါဦးဗျို့။ ရေတွေ ပြန်ထွက်နေကုန်ပြီကော"

ဒစ် ပြောသည့်အတိုင်းလည်း မှန်ပေ၏။ ကျုံး၏ အပြင်ကျောက်နံရံကြီးမှာ အလည်မှ ထက်ခြမ်းကွဲသွားပြီဖြစ်၍ ချိုင့်ဝှမ်းအတွင်းမှ ရေပြင်ကြီးသည် ရေချိုးကြွေဇလုံ၏ အောက်ဖော့ဆို့ကို ဖြုတ်လိုက်သကဲ့သို့ ထိုထက်ခြမ်းကွဲကြီးထဲမှ အပြင်သို့ စီးထွက်လျက် ရှိနေကြလေပြီ။

○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၁)

ဆရာကြီးက မြို့ဘက်သို့ လှည့်၍ကြည့်ကာ– "ဘုရားရှိခိုးကျောင်းကတော့ သည်အတိုင်း ကျန်တာပဲနော်"

"ဒီဟာ ထားပါဦး ဆရာကြီး။ ကျွန်တော်တို့သိဖို့က ဗဆိဂါ ဘယ်မှာလဲဆိုတာ အရေးကြီးပါတယ်"

"ဟုတ်ပါရဲ့ဗျာ၊ ဗဆိဂါအကြောင်းတောင် ကျုပ် သတိမေ့သွားတယ်။ သူ ဂူထဲမှာ မဟုတ်လား...၊ ဒီလိုဆိုရင် သေပြီပေါ့"

"သေတယ်ပဲ ထားကြပါဦး...၊ နာရီဝက်အတွင်းမှာ ရေတစ်စက်မှ ရှိမှာ မဟုတ်တော့ဘူး။ ဒီတော့ ကျုပ်တို့လည်း သေရအောင်သာ ပြင်ပေတော့ဆိုသလို ဖြစ်နေပြီ"

"ကိုင်းလေ... လာကြ၊ မြို့ဘက်ကို ဖြတ်ကူးကြရုံပဲ။ ဒီညတော့ ဘုရားရှိခိုးကျောင်းထဲမှာပဲ စတည်းချရလိမ့်မယ် ထင်တယ်"

မြို့ကို ဖြတ်၍ကူးသော တံတား (၃)ခုအနက် တစ်ခု ကျန်ရှိသေးရာ သူတို့လူစုလည်း ရေကျသွား၍ နုန်းနှစ်များကျန်ရစ်သော ချိုင့်ဝှမ်း၏ မျက်နှာပြင်ကိုဖြတ်ကာ ခပ်သုတ်သုတ်လာခဲ့ကြရာ မကြာမီ မြို့သို့ ရောက်ရှိလာကြ၏။ လူနေအိမ်များမှာ ကျောက်ကို အမှုန့်ပြုလုပ်ကာ အင်္ဂတေ





တစ်မျိုးဖြင့် ပျားအုံကဲ့သို့ ခပ်ခုံးခုံး ဆောက်လုပ်ထား၏။ ဘုရားရှိခိုးကျောင်းကြီးမှာလည်း ထိုအတူပင်ဖြစ်ရာ ပေ (၅၀)ခန့် မြင့်ပြီးလျှင် ရွှေကို အပြားလိုက်ခတ်ကာ ခြူးပန်းခြူးနွယ်တို့ဖြင့် လှပစွာ မွမ်းမံထားရှိ၏။ အလယ်၌ ရွှေပန်းခက်တို့ဖြင့် စီခြယ်ထားသော ခုံးတံခါးတစ်ခုရှိရာ တစ်ဖက်တစ်ချက်တွင် ကြောက်မက်ဖွယ်ကောင်းသော ရုပ်ထုကြီးများရှိ၍ ၎င်းတို့မှာ အဆက်အစပ်မရှိဘဲ ကျောက်တုံးတစ်တုံးတည်းမှ ထုလုပ်ထား၏။ ၎င်းတို့သည်လည်း ပြိုပျက်ခြင်း မရှိချေ။

ဘုန်းကြီးအိုကြီးသည် ရုပ်ထုများ မပျက်စီးသည်ကို တွေ့ရသောအခါ ရွှင်ပျသောမျက်နှာဖြင့် သူ့လူများအား တစ်စုံတစ်ရာ ပြောလိုက်လေ၏။ ဆရာကြီးသည် ရုပ်ထုများအား တအံ့တသြ ကြည့်ရှုမှတ်သားလျက် ရှိလေသည်။ ထို့နောက် သူတို့သည် ဗဆိဂါအား အရေးအကြောင်းရှိက ခုခံနိုင်ရန် အတွင်းသို့ ဝင်ကြလေ၏။

ကျောင်းအတွင်း၌လည်း ထူးခြားစွာ ပြုလုပ်ထား၏။ ကြမ်းပြင်မှာ ကျယ်ဝန်းပြန့်ပြူးပြီးလျှင် အရောင်တင်၍ထားသော လေးထောင့်ကျောက်ချပ်များ ခင်းထား၏။ နံရံများမှာ ရွှေနှင့် ငွေကို အရုပ်များ၊ ပန်းနွယ်ပန်းခက်များ ထုလုပ်၍ ကပ်ထား၏။ ခန်းမဆောင်၏ အရှေ့ဘက်အစွန်းတွင် အုတ်ခုံမြင့်တစ်ခုပေါ်၌ ပလ္လင်တစ်ခုရှိရာ ပလ္လင်ပေါ်တွင် ရွှေစင်ပကတိဖြင့် ပြုလုပ်ထားသော နေနတ်သား ရုပ်ပွားတစ်ဆူသည် မားမားမတ်မတ်တည်ရှိလေသည်။ ထိုနေရာအားလုံးမှာ ကြမ်းပြင်မှ (၁၂)ပေခန့် အမြင့်တွင် အလျားလိုက်ဖောက်ထားသည့် အပေါက်ရှည်တစ်ခုမှ အလင်းရောင်ရလျက် ရှိလေသည်။ အဝင်ပေါက်ကြီးမှာ ကျောက်ဖျာတံခါးချပ်ကြီးများဖြင့် အောက်ဂူလိုဏ်ဝတွင် တွေ့ခဲ့ရသော တံခါးပေါက်ကဲ့သို့ ပိတ်နိုင်ဖွင့်နိုင်လေသည်။

"ခံတပ်ကလေးတစ်ခုလောက် ခိုင်လုံတာပဲဗျို့။ ရိက္ခာသာ လုံလောက်အောင်ရှိရင် အထဲကနေပြီး တစ်လ ခုခံနေနိုင်တယ်။ ဒီဟာ–



www.burmeseclassic.com

www.burmeseclassic.com



နံနက်လင်းသောအခါ ကလေတန်နှင့် ဒစ်တို့မှာ တောင်ကိုတက်ရန် သူတို့နှစ်ယောက်သာလျှင် သင့်လျော်သည့်အတိုင်း တောင်ခါးပန်းကို ကြိုးစား၍ တက်ကြလေ၏။ အချို့နေရာများတွင် ကျောက်တောင်မှာ ကွဲအက်လျက်ရှိနေသော်လည်း သစ်ပင်များကို တံတားသဖွယ် ပြုလုပ်ကာ ထိုအက်ကြောင်းကြီးများကို ဖြတ်သန်းကူးကြရ၏။

အချိန်မှာ (၁၀)နာရီခွဲခန့် ရှိပြီဖြစ်၍ သူတို့လည်း မြစ်နှင့် မျက်နှာချင်းဆိုင်ဘက်ရှိ တောင်ထိပ်ကို တက်နေကြခြင်း ဖြစ်လေသည်။ နံနက် (၇)နာရီ အချိန်ကပင် တက်ခဲ့ကြရာ သူတို့သည် ကျောက်လုံးအကြီးများကို ကျော်ဖြတ်၍လည်းကောင်း၊ အငယ်များကို ဖယ်ရှား၍လည်းကောင်း၊ အက်ကြောင်းအကြီးများကို ပေါင်းကူး၍လည်းကောင်း၊ အငယ်များကို ကျော်လွှား၍လည်းကောင်း ပင်ပန်းကြီးစွာဖြင့် တက်ခဲ့ကြရာ (၃)နာရီလုံးလုံး ကြာသောအခါ အထက်ဂူ၏အနီးသို့ ရောက်ခဲ့ကြလေ၏။ ဤသို့ စွန့်စွန့်စားစား တက်ရသည်ကိုပင် သူတို့မှာ ပင်ပန်းသည်မထင်ဘဲ ပျော်ရွှင်လျက် ရှိကြလေသည်။ ဂူနှင့် နီးကပ်လာသော်လည်း ဗဆီဂါနှင့် သူ့လူများအား အရိပ်အငွေ့မျှ မတွေ့မမြင်ရချေ။

ထို့နောက် သူတို့သည် ကျောက်ကြားရှိ တောင်ကမ်းပါးကိုကပ်၍ လျှောက်သွားရသော လမ်းဝသို့ ရောက်လာကြ၏။ ထိုနေရာ၌ကား ပြိုကျသောနေရာမှာ အတော်ကျယ်သည့်ပြင် အကွေ့လည်းဖြစ်သဖြင့် သစ်လုံးဖြင့်သော်လည်းကောင်း၊ ပျဉ်ချပ်ဖြင့်သော်လည်းကောင်း ကူး၍ မရနိုင်ချေ။ ထိုအခါ ဒစ်က–

"ကိုင်း… ကလေတန်၊ တံတားထိုးပြီး ကူးလို့တော့ ကျုပ်တို့ ဘယ်နည်းနဲ့မှ မရဘူးဗျာ"

"ဒါဖြင့် ဘယ့်နှယ့်လုပ်မလဲ"

"တစ်ခုတော့ ရှိတယ်…၊ ဟိုဘက်မှာ အပေါ်နားဆီက ကျောက်စွန်းကလေး ထွက်နေတာကို ခင်ဗျား မြင်တယ်မဟုတ်လား။ အဲဒီ ကျောက်





စွန်းကို ကြိုးကွင်းနဲ့စွပ်ပြီး လွဲကူးနိုင်ရင် ရမယ်"

"ကိုင်း… ပစ်လေဗျာ…၊ ကျုပ် အရင်ကူးပါ့မယ်"

ဒစ်သည် သူ၏ခါးတွင် ပတ်၍ယူခဲ့သော ကျစ်ထားသည့် သားရေကြိုးကို တုပ်ကာ ကျောက်စွန်း၏အဖျားကို ထွင်းလျှောလုပ်၍ ပစ်လိုက်လေ၏။ ထို့နောက် ကွင်းကို တင်းကြပ်စွာဆွဲလိုက်သောအခါ စိတ်ချရသည်နှင့် ကလေတန်သည် ရှေးဦးစွာ ကြိုးဖြင့် လွဲ၍ကူးလေရာ ဒစ်လည်း ၎င်းနောက်မှ ကူးမြောက်ကာ အခြားဘက်သို့ ရောက်သွားကြလေ၏။ ကံကောင်းထောက်မသဖြင့် ကျောက်နံရံကို လက်ဖြင့်ဖေးကာ ဘေးတိုက် လျှောက်သွားရသည်မှတစ်ပါး အခြားနေရာများတွင် လမ်းကလေးမှာ ပျက်စီးခြင်း မရှိချေ။ ဒစ်သည် လွယ်၍ထားသော ရိုင်ဖယ်သေနတ်ကို အသင့် ယမ်းတောင့်ထိုးထား၏။

သို့နှင့် သူတို့သည် ကျယ်ပြန့်သောနေရာမှ ဂူဝအထိ ရောက်သည့်တိုင်အောင် တိတ်ဆိတ်သော ပတ်ဝန်းကျင်ကိုဖြတ်ကာ တဖြည်းဖြည်းသွားကြလေ၏။ ဂူဝသို့ရောက်သောအခါ အောက်သို့ငုံ့၍ ကြည့်ကြလေ၏။ ဒစ်က လေသံဖြင့်– "ဒီအကောင်က အင်မတန် ဉာဏ်များတာနော်… စိတ်ချရတာ မဟုတ်ဘူး။ ချောင်ကောင်းကောင်းက ပုန်းချင် ပုန်းနေမှာ… သတိထား… ကလေတန်"

ဂူတွင်းသို့ ဝင်သောလမ်း၌ ဒစ်သည် ရှေ့မှ ခြေဖျားထောက်၍ သွားလေရာ ကလေတန်လည်း နောက်မှ လိုက်ပါသွားလေ၏။ အချို့နေရာတွင် အမိုးမှ ကျောက်တုံးအချို့ ပြိုကျနေသည်မှတစ်ပါး ငလျင်ကြီး မလှုပ်မီ ကအတိုင်းပင် ရှိနေလေသည်။ အတွင်းခန်းသို့ ဝင်မိသောအခါ ရှေးကထက် သတိကြီးစွာထား၍ သွားကြရ၏။ အတွင်းသို့ ဝင်လေလေ မှောင်လေလေ ဖြစ်ရကား အသွားအလာမှာ လွန်စွာခဲယဉ်းလျက် ရန်သူများ မြင်မည်စိုးသဖြင့်လည်း မိမိတို့ယူခဲ့သော လက်နှိပ်ဓာတ်မီးကို အသုံးမပြုဝံ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



အလယ်ခန်းမကြီးသို့ ဝင်ရာ လမ်းကွေ့တွင် အလွန်ကြီးမားသော ကျောက်တုံးကြီးတစ်တုံး ရှိနေ၍ သူတို့သည် ကျောက်တုံးကြီးနောက်မှ ကွယ်ပြီးလျှင် အတွင်းသို့ ချောင်းမြောင်းကြည့်ရှုလေ၏။ သို့သော် မည်သည့် အသံမှ မကြားရ၊ မည်သည့်အရိပ်အရောင်ကိုမျှလည်း မမြင်ရချေ။ သူတို့ ယခင်အိပ်ခဲ့ဖူးသော အခန်းတွင်းသို့ ကြည့်ကြပြန်၏။ မည်သူမျှ မရှိချေ။ ထိုအခါ ဒစ်က လေသံဖြင့် ကလေတန်၏ နားနားသို့ ကပ်ပြီးလျှင်–

"ကျောက်တံခါးကြီး ဖွင့်ဖို့ အားလုံး အောက်ဂူထဲ ဆင်းနေကြတယ် ထင်တယ်"

BURMESE CLASSIC .com

"အားလုံး အောက်မှာချည်းနေမယ် မဟုတ်ပါဘူးဗျာ"

"ကိုင်းလေ... ကြည့်ကြသေးတာပေါ့"

သို့နှင့် သူတို့သည် အလယ်ခန်းမကြီးမှ ဖြတ်၍ လိုဏ်ခေါင်းလမ်း အတိုင်း သွားကြလေ၏။ ထိုနေရာမှာ အလွန်မှောင်သဖြင့် ရှေ့တွင် တစ်စုံတစ်ရာ မမြင်ရသည်နှင့် ဒစ်သည် အရဲစွန့်ကာ လက်နှိပ်ဓာတ်မီးကို ခပ်အုပ်အုပ် ထိုးလိုက်လေ၏။ မည်သို့မျှမဖြစ်။ မည်သည့်အရာဝတ္ထုကိုမျှ လည်း မမြင်ရချေ။ ထိုအချိန်၌ကား သူတို့သည် အက်ကြောင်းကြီး၏အစွန်း သို့ ရောက်ခဲ့ကြပြီဖြစ်၍ ကလေတန်သည် ဒစ် အကြံပေးသည့်အတိုင်း ကျောက်ခဲကြီးကြီးတစ်လုံးကို ယူပြီးလျှင် လှေကားထစ်ထိပ်မှ လိုဏ်ခေါင်း အတွင်းသို့ ပစ်ချလိုက်လေ၏။ ကျောက်တုံးသည် ကျောက်လှေကားတစ် လျှောက် လိမ့်ဆင်းကျသွားပြီးလျှင် အောက်ကြမ်းပြင်နှင့် ထိခိုက်မိသော အသံကို ကြားရပြီးနောက် ပဲ့တင်သံသည် လိုဏ်ခေါင်းအတွင်း၌ပင် ပျောက် ကွယ်၍ သွားလေ၏။ ထို့နောက် မည်သည့်အသံမျှ မကြားရတော့ချေ။

သူတို့ကား လိုဏ်ခေါင်းအတွင်းသို့ ဆင်း၍ မကြည့်သမျှ အကျိုး အကြောင်းကို သိရမည်မဟုတ်သည့်ပြင် မိမိတို့အတွက်သာမက ရွှေ အင်ကာ အဆက်အနွယ်များအတွက်ပါ စိတ်မချရပေ။

သူတို့ကား ဘုန်းကြီးအိုကြီး လမ်းပြ၍သွားစဉ်က အလွန် မတ်





စောက်ရှည်လျားစွာ ဆင်းခဲ့ရသော–ကျောက်လှေကားကြီးကို ကောင်းစွာ မှတ်မိကြ၏။ သို့နှင့် တစ်ယောက်ကိုတစ်ယောက် ဖေးမကာ ကျောက်လှေ ကားထစ်များကို တစ်လှမ်းချင်း စမ်းသပ်ကာ တဖြည်းဖြည်း သတိကြီးစွာ ဖြင့် ဆင်းကြလေ၏။ အောက်သို့ ရောက်လုနီးပါး ရှိသောအခါ ဒစ်သည် ကျောက်သားကြမ်းပြင်ပေါ်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ကြည့်လိုက်ရာ သူတို့မျက်စိများကိုပင် မယုံကြည်နိုင်လောက်အောင် ရှိကြလေသည်။ အချို့ နေရာတွင် စုပုံလျက်လည်းကောင်း၊ အချို့နေရာ၌ တစ်ယောက်စီ ပြန့်ကြဲ လျက်လည်းကောင်း ဗဆိဂါ၏ နောက်လိုက်လူမည်းများသည် အတုံးအရုံး လဲကျသေဆုံးနေသည်ကို တွေ့ကြရလေ၏။

ပထမသော် နှစ်ယောက်စလုံးပင် ကြက်သေသေလျက် ရှိကြလေ သည်။

"အပေါ်က ကျောက်လုံးပြုတ်ကျလို့ ကျောက်လှေကားမှာ အောက် ဆုံးထစ် အားလုံး ပျက်ကျနေတာပဲ ကလေတန်..."

"ဒါပေမဲ့ ဒီအကောင်တွေ သေရတာ ဒါ့ကြောင့် ဟုတ်သေးမယ် မထင်ပါဘူး ဒစ်ရယ်...။ ပြီးတော့ နာရီ (၂၀)လောက်အတွင်းမှာ အစာ ငတ်လို့လည်း ဘယ်နည်းနဲ့မှ မသေနိုင်ပါဘူး"

"ခင်ဗျားပြောတာ မှန်တယ်ဗျာ။ အတော်တော့ ထူးဆန်းတာပဲ"

သို့နှင့် ဒစ်သည် လက်နှိပ်ဓာတ်မီးဖြင့် လျှောက်ထိုးကြည့်ရာ ကျောက်လှေကားရင်း၌ သုံးထောင့်ပုံအက်ကြောင်းတစ်ခုကို မြင်ရ၏။ ၎င်းအနီး၌ကား အချို့ ပက်လက်လန်လျက်၊ အချို့ မှောက်လျက်ရှိသော အလောင်းများသည် ထိုမှဤမှ ပြန့်ကြဲလျက် ရှိနေလေသည်။ အောက်ဆုံး လှေကားထစ် တစ်ခု နှစ်ခုကား မပျက်မစီး ရှိနေ၏။ ဒစ်သည် လက်နှိပ် ဓာတ်မီးဖြင့်ထိုးကာ အောက်သို့ တစ်ထစ် ဆင်းလိုက်ပြန်လေ၏။ သို့ရာတွင် တစ်စုံတစ်ယောက်က သူ့အား ဆီး၍တွန်းလိုက်သကဲ့သို့ ဒစ်သည် သူ့အား လည်ပင်းကို လက်နှင့်ဖျစ်ကာ ဒယိမ်းဒယိုင် နောက်သို့ ဘုတ်လဲပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်ပေါ်တွင် နောက်ပြန် လဲကျသွားလေ၏။

"အလို... ကျုပ် ဘာဖြစ်ပါလိမ့်။ အသက်မရှူနိုင်သလို ဖြစ်သွားတယ်"

"အပေါ်တက်ဗျို့... မြန်မြန်..."

ကလေတန်သည် ဒစ်အား အပေါ်လှေကားထစ်များပေါ်သို့ အတင်းဆွဲ၍ တင်လေ၏။ ထို့နောက် ကလေတန်က–

"ဒီအကောင်တွေ ကေ့ဗ် ဓာတ်ငွေ့မိသွားတာပဲဗျို့"

"ဟင်... ဟုတ်လား။ ဒီဘက်မှာ ခင်ဗျားက ကျုပ်ထက် နားလည်ပါတယ်ဗျာ။ သူတို့ဖြစ်ပုံ ပြောစမ်းပါဦး"

"ခင်ဗျား အောက်ကို တစ်ထစ်ထပ်ပြီး ဆင်းရင် သေပြီးသားပဲ။ အောက်ဆုံးလှေကားထစ်အောက်က တွင်းကြီးဖြစ်နေတာ ဓာတ်ငွေ့တွင်းပဲဗျ။ အဲဒီက အဆိပ်ငွေ့ ထွက်နေတာပဲ။ လျှင်လှုပ်လိုက်တော့ မြေအောက်မှာရှိတဲ့ ကာဗွန်နစ်အက်ဆစ် အဆိပ်တွင်းဟာ ကွဲသွားပြီး ပွင့်မိပွင့်ရာ ပွင့်ထွက်လာတာပဲ ကလေတန်"

ဒစ်သည် ဦးခေါင်းကိုညိတ်လျက် လက်နှိပ်ဓာတ်မီးဖြင့် ရှေ့သို့ ထိုးကြည့်လိုက်ရာ သေနတ်ကို နံဘေးသို့ချလျက် လူရိုင်းတစ်ယောက် အလောင်းပေါ်တွင် ကန့်လန့်ဖြတ် လဲကျသေဆုံးနေသော ဗဆီဂါကို မြင်ကြရလေ၏။

"ဟိုမှာ ကြည့်လိုက်စမ်း ကလေတန်...၊ ခွေးတီရစ္ဆာန်တော့ အစတုံးသွားပြီ။ နောက်ဆုံး အသေဆိုးနဲ့ သေရမယ်လို့ ဆရာကြီးပြောတာ မှန်တာပဲ"

"ကိုင်း... ကျုပ်တို့ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ ပြန်ကြမယ်..."

ထိုညဉ့် သူတို့လူစုသည် ဘုရားရှိခိုးကျောင်း လှေကားပေါ်တွင် ထိုင်၍နေကြ၏။ အားရန်လည်း မရှိတော့ပြီဖြစ်၍ ညစာ စားသောက်ပြီး





နောက် တစိမ့်စိမ့် တိုက်ခတ်လျက်ရှိသော လေညင်းကလေးကို ခံယူကာ အေးချမ်းသာယာစွာ စကားပြောဆိုနေကြခြင်း ဖြစ်လေသည်။

သူတို့ စကားပြောဆိုနေကြစဉ် မြို့ထဲရှိ အိမ်ကလေးများမှ မီးတလက်လက်စီ တွေ့မြင်ရသဖြင့် ဘုန်းကြီးအိုကြီး ဇိုက်တယ်၏ မသေမပျောက် ကျန်ရှိသောလူများသည် သူတို့၏နေအိမ်များသို့ ပြန်လည်၍ ရောက်ရှိနေကြပြီဖြစ်ကြောင်းကို ကောင်းစွာ သိရ၏။ ထိုအခါ ဆရာကြီးက ပြုံးရွှင်သောမျက်နှာနှင့်–

"ကိုင်း... မောင်တို့ကသာ သဘောတူမယ်ဆိုရင် တနင်္ဂနွေ တစ်ပတ်လောက် ကျုပ်နေပြီး ကျုပ် မှတ်သားစရာကလေးတွေကို မှတ်သားချင်တယ်။ ဘုရားရှိခိုးကျောင်းအတွင်းမှာ တွေ့ရတဲ့ ဒူးဂဏန်း၊ ကျေးဂဏန်း၊ စာဝှက်တွေဟာ တကယ် အံ့သြစရာကောင်း၏။ အဖိုးထိုက် အဖိုးတန်တွေပဲ။ ကျုပ် ဒီဟာတွေကို အစီအစဉ်ကူးယူပြီး ကမ္ဘာကို တင်ပြမယ်"

"တနင်္ဂနွေတစ်ပတ်၊ ဟုတ်လား ဆရာကြီး...၊ တစ်ပတ် မဟုတ်ပါဘူး ခင်ဗျာ။ တစ်လ...ခြောက်လ...အို... ဆရာကြီး နေချင်သလောက် နေနိုင်ပါတယ်။ ဘယ့်နှယ်လဲ ဂျိုး"

"ကျုပ်တော့ တစ်သက်လုံးနေနေဗျာ အရေးမကြီးပါဘူး။ သာယာက သာယာသနဲ့။ ပထမတန်း ကောင်းတဲ့ နေရာကလေးပါပဲ"

ထိုအခါ ဒစ်က–

"ဒါပေမဲ့ တစ်သက်လုံးဆိုတာက ခဲယဉ်းပါတယ်ဗျာ။ လူဆိုတာ (၂)လ (၃)လ ကြာရင် ငြီးငွေ့လာတာပဲ။ ဒါပေမဲ့ ဂျူအန်တို့လူစုတော့ ဒီရွာက မုဆိုးမတွေနဲ့ရမှာ ကျုပ် မြင်ယောင်သေးသဗျာ။ ဒီလူတွေကိုပဲ ကျုပ်တို့ ဝန်စည်စလယ်တွေသယ်ဖို့ ပြန်ခေါ်သွားရဦးမှာဗျာ"

"ဟုတ်တယ်လေ... ပြီးတော့ ရွှေလည်း တစ်တန် နှစ်တန်လောက် ကျုပ်တို့ သယ်သွားကြရဦးမှာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"နည်းတောင် နည်းသေးတယ်။ တစ်သက်လုံး စားလောက်အောင် ယူရမယ်"

(ရယ်မောလျက်) "ရွှေကို ဘာလုပ်ဖို့လဲဗျာ... ဟောဒါတွေက သာပြီး အယူရ မလွယ်ပေဘူးလား"

သို့ ပြောဆိုပြီးနောက် ကလေတန်သည် အိတ်ထဲမှ ခပ်ညိုညို ကျောက်ခဲကလေးတစ်ဆုပ်ကို သွန်ချလိုက်လေ၏။ သို့နှင့် သူတို့အားလုံး ဝိုင်း၍ ကြည့်ကြလေသည်။

"ဘာလုပ်ဖို့လဲဗျာ... ကျောက်ခဲတွေကို"

"ဒါရေတွ ဘာလဲလို့ ဆရာကြီးကိုပဲ မေးစမ်းပါဦးဗျာ"

ဆရာကြီးသည် ကျောက်ခဲညိုကလေးတစ်လုံးကို လက်ညှိုးနှင့် လက်မကြားတွင် ညှပ်ကာ အခြားဘက်မှ လက်နှိပ်ဓာတ်မီးရောင်ဖြင့် ခံ၍ ကြည့်၏။

"စိန်တွေပဲ ဒစ်ရဲ့၊ ဖိုက်တယ့်လည်ပင်းမှာ ဆွဲထားတာတွေထက် တောင် ကောင်းပြီးအဖိုးတန်သေးတယ်။ ဘယ်မှာရှိသေးသလဲ ကလေတန်"

"သံပုံးနဲ့ တစ်ပုံးလောက် ရှိပါတယ်"

"ရှိတိုင်းလည်း မယူကြပါနဲ့လေ...။ တော်တော်ကြာ မြို့ရောက်ရင် စိန်ဈေးတွေ ကျကုန်ပါဦးမယ်။ တစ်ယောက်ကို လက်တစ်ဆုပ်လောက်ဆို ဆိုရင် တော်လောက်ပါပြီ။ အခု ကလေတန်ယူလာတဲ့ စိန်မျိုးဆိုရင် လက်တစ်ဆုပ်စာကိုပဲ ရွှေဒင်္ဂါး ပေါင် (၁၀၀၀၀၀)လောက် အနည်းဆုံး အဖိုးထိုက်တန်ပါတယ်"

ဒစ်သည် နေရာမှ ခုန်၍ ထလိုက်၏။

"ဒီပစ္စည်းတွေ ဘယ်မှာလဲ ကလေတန် ပြောစမ်းပါဦး...။ ညကို စိတ်ကူးပြီး အိပ်မက် မက်နေချင်လို့ပါ"

ထိုအချိန်ထိ စကားတစ်စုံတစ်ရာ မပြောဘဲနေသော ဘုန်းကြီးအို ကြီး ဖိုက်တယ်သည် အိန္ဒြေကြီးစွာနှင့် သူတို့လူစုအား သူ့နောက်သို့



BURMESE CLASSIC .com



လိုက်ခဲ့ရန် ခေါ်သွားလေ၏။ သူတို့အား ဘုရားရှိခိုးကျောင်း အတွင်းဆောင် သို့ ခေါ်သွားပြီးလျှင် တံခါးကို ပိတ်လိုက်လေ၏။ နံရံကိုကပ်၍ အတော် ဆေးဝေး လျှောက်သွားမိသော် ဘုန်းကြီးအိုကြီးသည် ကျောက်ဖျာတစ်ချပ်ကို တွန်းလိုက်ရာ... ကျောက်ဖျာသည် ရွှေ့၍သွားပြီးနောက် အောက်သို့ဆင်း သော လှေကားထစ်များကို တွေ့ရ၏။ ဘုန်းကြီးအိုကြီးလည်း ထိုလှေကား ထစ်များမှ ဆင်းသွားရာ သူတို့လည်း ၎င်းနောက်မှ လိုက်ပါသွားရလေ၏။ အောက်၌ကား အတော်ပင်ကျယ်ပြန့်သော ကျောက်လိုဏ်ခေါင်းတစ်ခု ရှိလေသည်။

လိုဏ်ခေါင်းဂူမှာ အဖိုးတန်ရတနာများထားရာ ကျောက်ဂူဖြစ်၍ ပစ္စည်းများကို တွေ့မြင်ရသောအခါ သူတို့လူစုသည် တအံ့တသြဖြစ်ကာ ကြက်သေသေလျက် ရှိကြကုန်၏။ နံရံတွင်ကပ်လျက် (၄)လက်မပတ်လည် ရှိ တစ်ချောင်းလျှင် အလျား ပေ (၂၀)ခန့်ရှိသော အညီများတက်နေသည့် အချောင်းများကို စုပုံထားရာ အမြင့်မှာ လူတစ်ရပ်ခန့်မြင့်၍ အပုံ၏အရှည် မှာ ပေ (၃၀)ခန့် ရှိ၏။ ၎င်းတို့ကား ရွှေသားစင်စစ် ဖြစ်လေသည်။

ဆရာကြီးသည် ကြက်သေသေလျက် ကြည့်နေရာမှ သတိရလာပြီး တုန်လှုပ်ခြောက်ချားသော အသံဖြင့် "အင်း... အနည်းဆုံး ရွှေဒင်္ဂါး သိန်း (၇၀)ဖိုးလောက် ရှိတယ်"ဟု ပြောကြားလေ၏။

၎င်းအပုံကြီးနောက်၌ကား သစ်သားနက်တစ်မျိုးဖြင့် ပြုလုပ်ထား သော သေတ္တာကြီး (၂)လုံး ရှိ၏။ ဘုန်းကြီးအိုကြီးသည် တစ်လုံး၏အဖုံး ကို မ,၍ ဖွင့်လိုက်သဖြင့် ဒစ်သည် အတွင်းသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးလိုက်ရာ အစိမ်း၊ အနီ၊ အဝါ၊ အပြာ၊ အမောင်း၊ အဖြူ၊ အညို စသည့် အရောင် (၇)မျိုးတို့ဖြင့် တဝင်းဝင်း တလက်လက် တောက်ပနေ သည့် ကျောက်မျက်ရွဲများ၏အရောင်သည် ဓာတ်မီးရောင်တွင် ကွန့်မြူးကာ တဖိတ်ဖိတ် ရှိနေကြကုန်၏။ သူတို့သည် ဤမျှအရောင်စုံသော ကျောက် မျက်ရွဲများ၊ ဤမျှလောက် များပြားသော ကျောက်မျက်ရွဲများကို မြင်သည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင်မျှ မတွေ့မမြင်ဖူးချေ။ ၎င်းတို့မှာ ကျောက်ရိုင်းများမဟုတ်ဘဲ သွေးပြီး အရောင်တင်ပြီး ကျောက်မျက်ရွဲရတနာများ ဖြစ်လေသည်။

၎င်းတို့မှာ အများအားဖြင့် စိန်နှင့် မြများဖြစ်၍ အကွက်အလက်တို့မှာလည်း အလွန် သေသပ်ကောင်းမွန်ပြီးလျှင် အကြီးဆုံးမြများမှာ တစ်လက်မပတ်လည်ခန့်ပင် ရှိလေသည်။ မမြင်ဖူးလောက်အောင် အံ့သြဖွယ်ကောင်းလှသည့် ရတနာများပါပေတည်း။

စကားပြန်နှင့် ပြန်ပြောပြီးနောက် ဘုန်းကြီးအိုကြီးက "ဤသည့်တို့က ရှေးအင်ကာမင်းဆက်မှ နန်းစဉ်ကျောက်မျက်ရွဲများ ဖြစ်၏။ သင်တို့အလိုရှိက လူတစ်ယောက်လျှင် မြတစ်လုံးကျစီ ကောက်ယူရန် ကျုပ်တို့နေနတ်သားက အခွင့်ပြု၏"ဟု ဆို၏။

သို့နှင့် သူတို့သည် မြတစ်လုံးစီ ကောက်ယူကြလေသည်။ ဘုန်းကြီးအိုကြီးသည် သူတို့၏ အပြုအမူကို ပြုံး၍ကြည့်ပြီးနောက် အခြားသေတ္တာကြီးတစ်လုံးကို ဖွင့်ပြန်လေသည်။ ၎င်းအတွင်း၌ကား မသွေးရသေးသော ကျောက်များရှိ၍ ဘုန်းကြီးအိုကြီးသည် လူတစ်ယောက်လျှင် လက်တစ်ဆုပ်စာမျှစီ ဝေငှပေးလေသည်။ (၁၀)မိနစ်ခန့် ကြာလတ်သော် သူတို့အားလုံးပင် ယခင်ကထိုင်နေသည့် နေရာသို့ ပြန်၍ရောက်ရှိကြလေ၏။

မည်သူမျှ စကားမပြောဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် တိတ်ဆိတ်လျက်ရှိနေရာမှ ဒစ်က စ၍ ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။ ထိုအခါ ကလေတန်က–

"ဘာဖြစ်တာလဲ ဒစ်"

"မြို့ပြန်ရောက်ရင် မီလျံနာ သူဌေးကြီးတွေ ဖြစ်ကြမှာ စဉ်းစားမိလို့ပါ"

"ခင်ဗျားငွေတွေကို ဘာလုပ်မယ်ကြံသလဲ ဒစ်"

"ခင်ဗျားကော..."

"အိမ်ကိုပြန်... လျှောက်လည်... ပြီးတော့ ဖော်လီဗီးယားကိုပဲ





ပြန်နေမှာပေါ့"

"ဂျိုးကော..."

"ကျုပ်လည်း ကလေတန်လိုပေါ့ဗျာ"

ထိုအခါ ဒစ်က အားပါးတရ လက်ဝါးကြီးနှစ်ဖက်ကို ဆုပ်ကာ "ကျုပ်တို့အားလုံး အစုစပ်ထည့်ပြီး ခြံကြီးတစ်ခြံဝယ်၊ မြင်းတွေ၊ နွားတွေမွေး၊ မိန်းမချောချောတွေ ယူကြ၊ မကောင်းဘူးလား..."

"ကျုပ်ကို မေ့နေကြပြီလား မောင်တို့"ဟု သူတို့စကားကို ဖြတ်၍ ရယ်မောပြောဆိုလိုက်သော ဆရာကြီးအသံကို ကြားရလေ၏။ ထိုအခါမှ ဒစ်က–

"မမေ့ပါဘူး ခင်ဗျာ... ကျွန်တော်တို့အားလုံးက ဆရာတင်ထားပြီး နောက်သိုက်တွေလိုက်ဖို့ ဆရာကြီးအတွက် လေယာဉ်ပျံတစ်စင်းတောင် ကျွန်တော်တို့က စုဝယ်ပေးဦးမှာပဲ"

"ဒါပေမဲ့ လမ်းမှာ ဓာတ်ဆီကုန်လို့ ဆင်းရတဲ့အဖြစ်မျိုးတော့ မရောက်ပါရစေနဲ့ ဒစ်ရယ်..."

သူတို့၏ အပြန်ခရီးကား တစ်စုံတစ်ရာ ဘေးအန္တရာယ် ရှိတော့မည် မဟုတ်ချေ။

●

ဒဝုန်ရွှေများ



www.burmeseclassic.com